# ဝိပဿနာရှုနည်းညွှန့်ပေါင်း

နိုင်ငံကျော်ဆရာတော်ကြီး (၁၀) ပါး၏

# ဝိပဿနာရှုနည်း ညွှန့်ပေါင်း

ဓမ္မာစရိယဆရာကြီးဦးတင်မြင့်

စီစဉ်ရေးသားသည်

ဘုရားရှိခိုးအမျိုးမျိုးနှင့် သံဝေဂလင်္ကာများ

ထည့်သွင်းထားသည်။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၉၇၅၁)

ပထမအကြိမ်
၁၉၇၇-ခု၊ × ဇူလိုင်လ
အုပ်ရေ × ၂၀၀၀
တန်ဖိုး × ၁၂ ကျပ်

●

ပန်းချီ × တက်သစ်
ဘလောက် × သောင်းလှ
မျက်နှာဖုံးရိုက် × စကားဝါ

●

ထုတ်ဝေသူ
ဦးတင်မြင့် (၀၁၄၄၄)
ကမ္ဘာကျော်စာပေ အမှတ် ၁၄၊
အနောက် ဗဟိုလမ်း၊ ဂွတ္တာလစ် ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးဘိုးကြွယ် (၀၂၀၂၃-မြဲ) စန္ဒာပပဝင်းပုံနှိပ်တိုက်၊
အမှတ်(၂၂) ၁၅၇လမ်း။ တာမွေ၊ ရန်ကုန်မြို့။
ဖုန်း ၅၀၇၅၇။

ဥုံဆရဿတိနမး

ပြည်လုံးကျွတ်ဖြန့်ချိရေး

# သန့်ဇင်ခိုင် စာပေ

အမှတ် ၁၉၊ စမ်းချောင်းလမ်း၊
စမ်းချောင်းစာတိုက်၊
ရန်ကုန်မြို့။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ကျမ်းပြုဆရာ၏ အမှာစာတမ်း | |
| ၂။ | တရားအားထုတ်ရခြင်း၏ အကြောင်းပြနိဒါန်း စာတမ်း | ၁၇ |
| ၃။ | လယ်တီဆရာတော်ဘုရားကြီး၏ တရားရှုနည်း (စကားပလ္လင်) | ၃၀ |
| ၄။ | အဋ္ဌကထာနည်း | ၃၉ |
| ၅။ | စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း [illegible]ကိစ္စများ | ၄၈ |
| ၆။ | ဝိပဿနာတရားတော်ကြီး | ၆၄ |
| ၇။ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း (စကားပလ္လင်) | ၇၂ |

## မာတိကာ


၈။ မင်းကွန်းတရားရှုနည်း နိဒ္ဒေသ ၇၆
၉။ အနှောက်အယှက်တရားသုံးပါး ၈၅
၁၀။ မဟာစည်ဆရာတော်ဘုရား၏ ဝိပဿနာရှုနည်း
(စကားပလ္လင်) ၉၀
၁၁။ တရားအစစ်ခံပုံ ၉၅
၁၂။ မဟာစည်ဆရာတော်၏ သစ္စာလေးပါးတရား ၁၀၇
၁၃။ ဥာဏစာရီဆရာတော်၏ဝိပဿနာရှုနည်း
(စကားပလ္လင်) ၁၁၇
၁၄။ ဝိပဿနာတရားတော် ၁၂၀
၁၅။ တရားအားထုတ်ပုံနည်းလမ်း ၁၃၃
၁၆။ အရှင်အနုရုဒ္ဓါနှင့် အရှင်သာရိပုတ္တရာ ၁၃၇
၁၇။ သဲအင်းဂူဆရာတော်၏ ဝိပဿနာရှုနည်း
(အရှူးနဲ့ အကန်း) ၁၄၀
၁၈။ ဝိပဿနာတရား အားထုတ်ရသည့်အကျိုး ၁၄၇
၁၉။ တရားအားထုတ်ပုံနည်းလမ်းများ ၁၅၂
၂၀။ ကြောက်သင့်တာမကြောက် ၁၅၉
၂၁။ ကသစ်ဝိုင်ဆရာတော်၏ ဝိပဿနာရှုနည်း
(စကားပလ္လင်) ၁၆၆
၂၂။ ဝိပဿနာရှုပုံရှုနည်း ၁၆၉
၂၃။ ဝိပဿနာ၏ အညစ်အကြေး ၁၀ ပါး ၁၇၇
၂၄။ ရွှေဘိုဆရာတော်၏ဝိပဿနာရှုနည်း(စကားပလ္လင်) ၁၈၉
၂၅။ အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏ
တရားဆွေးနွေးခန်း ၁၉၂

# မာတိကာ


၂၆။ အရိယာအစစ် ဖြစ်မဖြစ် ၂၀၄
၂၇။ တနည်းစစ်ဆေးကြည့်ရန် ၂၀၇
၂၈။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားရှုနည်း
(စကားပလ္လင်) ၂၀၉
၂၉။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ၂၁၆
၃၀။ ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော်ကြီး၏
ဝိပဿနာရှုနည်း (စကားပလ္လင်) ၂၃၈
၃၁။ ဆရာတော်ဘုရားကြီး၏ဝိပဿနာရှုနည်းတရားတော် ၂၄၈
၃၂။ ဘုရားရှိခိုးအမျိုးမျိုးနှင့် ရှိခိုးရခြင်းအကျိုး ၂၇၆
၃၃။ ရှေးနှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးကြီး ၂၉၀
၃၄။ ဓမ္မသံဝေဂ လင်္ကာများ ၂၉၆
၃၅။ ရှေးသံဝေဂလင်္ကာကြီးများ ၃၀၇
၃၆။ စာရေးသူ၏ အတ္တုပ္ပတ္တိအကျဉ်း ၃၁၄
၃၇။ ဆုတောင်းပတ္ထနာ ၃၁၉

နိုင်ငံကျော်

ကျေးဇူးရှင် ဆရာတော်ကြီး (၁၀)ပါး၏

# ဝိပဿနာ ရှုနည်းညွှန့်ပေါင်း

တွင်

ကျေးဇူးရှင်

၁။ လယ်တီဆရာတော်ဘုရားကြီး

၂။ စွန်းလွန်း ဆရာတော်ဘုရားကြီး

၃။ မင်းကွန်း ဆရာတော်ဘုရားကြီး

၄။ မဟာစည် ဆရာတော်ဘုရားကြီး

၅။ ဥဘာဏာစာရိ ဆရာတော်ဘုရားကြီး

၆။ သဲအင်းဂူ ဆရာတော်ဘုရားကြီး

၇။ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး

၈။ မိုးကုတ် ရွှေဘို ဆရာတော်ဘုရားကြီး

၉။ မိုးကုတ် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီး

၁၀။ ဟံသာဝတီ ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီး

တို့၏ တရားရှုနည်းများ ပါဝင်သည်။

မဓ္မာစရိယ ဦးတင်မြင့်

စီစဉ်ရေးသားသည်။

## ဓမ္မာစရိယ ဆရာကြီး ဦးတင်မြင့်၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ နန်းမတော်မယ်နု ဖလံခံရာဇဝင်
၂။ သာသနာတော်နှင့် ရဟန်းကိစ္စ
၃။ ပရိတ်ကြီးပါဠိ မြန်မာပြန်
၄။ ဗုဒ္ဓမန္တန်ပေါင်းချုပ် ပရိတ်တော် (၃၁)သုတ်
၅။ အခြေခံ ဗုဒ္ဓယဉ်ကျေးမှု
၆။ မြန်မာ့ရိုးရာ လူမှုရေး ပဒေသာညွှန့်ပေါင်း (ပထမတွဲ)
၇။ ၎င်း (ဒုတိယတွဲ)
၈။ နိုင်ငံကျော် ကျေးဇူးရှင် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်း ညွှန့်ပေါင်း
၉။ ပိဋကတ်တော် မြန်မာပြန်များ
၁၀။ ဓမ္မစကြာ ပါဠိမြန်မာပြန်
၁၁။ ဝိပဿနာအလင်း

## ရေးသားပြီး ပုံမနှိပ်ရသေးသော ကျမ်းစာများ

၁၂။ ဘာသာရေး ဝတ္ထုညွှန့်ပေါင်း
၁၃။ လူမှုရေးဋီကာ
၁၄။ ပိဋကတ်တော်အကျဉ်းချုပ် ပရိတ်တော် (၃၇)သုတ်
၁၅။ ဦးစာရိန္ဒာ ဘိဝံသ အတ္ထုပ္ပတ္တိ

## မကြာမီရေးမည့် ကျမ်းစာများ

၁၆။ မဟာသမယသုတ် မြန်မာပြန်
၁၇။ မဟာသတိပဋ္ဌာန်သုတ် မြန်မာပြန်
၁၈။ ပရိတ်ကြီး မြန်မာဋီကာ
၁၉။ ဓမ္မစကြာ မြန်မာ ဋီကာ
၂၀။ ရူပသိဒ္ဓိ မြန်မာဋီကာ
၂၁။ ဗုဒ္ဓဒေသနာ ဒါန သီလ ဘာဝနာ
၂၂။ အလင်္ကာ မြန်မာ ဋီကာ

## ၁။ ကျမ်းဆရာ၏ အမှာစာတမ်း

ကျွန်ုပ်သည် အရင်တခါက နိုင်ငံကျော် ဆရာတော်ကြီး (၈)ပါး၏ "ဝိပဿနာ ရှုနည်းညွှန့်ပေါင်းကျမ်း"ကို ကြိုးပမ်း ရေးသားခဲ့ရာတွင် ဗုဒ္ဓဘာသာဝင် သူတော်စင် စာဖတ်ပရိသတ် များနှင့် သံဃာတော် အရှင်မြတ်များက "အလွန်တရာ ဖတ်ရှု မှတ်သားစရာကောင်းပါပေတယ်"ဟု နှစ်ထောင်းအားရ၍ ချီး ကျူးစကား ပြောကြားကြသည်ကို ခံယူရရှိပါသည်။ နောက် ထပ်တဖန် ထပ်မံ၍ ကျန်ရှိနေသေးသော အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာ ဉာဝါအကျော် ကျေးဇူးရှင် မိုးကုတ် ဆရာတော် ဘုရားကြီး ဦးဝိမလ၏ ဝိပဿနာရှုနည်းနှင့် ရန်ကုန်မြို့ ဟံသာ ဝတီ ကမ္ဘဌာန်းတိုက် "ဗုဒ္ဓသာသနာ့ ပဋိပတ္တိ သာသနာပြုအဖွဲ့ ချုပ်" ကြီး၏ မဟာနာယက ဆရာတော် ဖြစ်တော်မူသော

# ကျမ်းဆရာ၏အမှာစာတမ်း

ကျေးဇူးရှင် "ရှမ်းရွာ စင်ပြွမ်းကုန်း ဆရာတော်ကြီး"၏ ဝိပဿနာရှုနည်းများကို ဖြည့်စွက်ပြီး အသစ်တခါ ရိုက်နှိပ်ထုတ်ဝေပါရန် မိုးကုတ်မြို့ အဂ္ဂမဟာ ဓမ္မကထိက နိုင်ငံကျော် ရွှေဘိုဆရာတော် ဘုရားနှင့် ဓမ္မမိတ်ဆွေများ၏ တိုက်တွန်းတောင်းပန်မှုကို အလေးဂရုပြု၍ ယခုအခါတွင် ကျေးဇူးရှင် ဆရာတော်(၁၀)ပါး၏ "ဝိပဿနာရှုနည်းညွှန့်ပေါင်း" ကျမ်းကို ကြိုးပမ်းတကုပ် အားထုတ်ရေးသား၍ ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

အထူးတင်ပြလိုသည်မှာ ဝိပဿနာဆိုတာ တနည်းနဲ့သဘောမပေါက်လျှင် တနည်းနဲ့ သဘောပေါက်အောင် နည်းအမျိုးမျိုး အစားစားထား၍ ရှုကြည့်မှ သဘောမိတဲ့ အလုပ်မျိုးဖြစ်ပါတယ်၊ တနည်းပြောမယ်ဆိုလျှင် ဝိပဿနာဆိုတာ စိတ်ကိုနိုင်နင်းလာအောင် အဆင့်အတန်းမြင့်လာအောင် ဖြစ်ရိုးဖြစ်စဉ်လက် ထူးခြားလာအောင် နည်းအစားစားနဲ့ ပွားများအားထုတ်ရတဲ့ အလုပ်မျိုးဖြစ်ပါတယ်၊ ပေါဋ္ဌိလ ရဟန်းကြီးမှာ စာပေကျမ်းဂန်တို့ကို လမ်းမှန်အောင် ပြောင်မြောက်စွာ တတ်တော်မူသည့် စာပေပါရဂူကြီး တပါးဖြစ်ငြားသော်လည်း ဝိပဿနာ ရှုနည်းမကျသဖြင့် တရားမရ ဖြစ်နေရှာပါတယ်။

တိပိဋကက စူဠနာဂ မထေရ်တပါးလဲ စာတတ်ငြားသော်လည်း ဝိပဿနာ ရှုနည်းတရားအားထုတ်ပုံ အားထုတ်နည်းမကျွမ်းကျင်၍ မဟာဓမ္မရက္ခိတ အရှင်ထံသို့သွား၍ ဝိပဿနာတရားအားထုတ်ပုံ အားထုတ်နည်း နိဿယည်းခံယူရကြောင်း

ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ ကျွန်ုပ်ကိုယ်တိုင်လည်း မဟာစည် ဆရာတော်ထံ တရားအားထုတ်စဉ်က "ပိန်ဖေါင်း" ရှုရ၍ သမာဓိမရနိုင် ဖြစ်နေသည့်အတွက် ပိန်ဖေါင်းကို ဖျက်ပြီး "ဝင်တယ်၊ ထွက်တယ်၊ ထိတယ်၊ သိတယ်"ဟု ပြင်၍ ရှုမှ သမာဓိကောင်းကောင်း ရလာသည်မှာ ကိုယ်တွေ့ပင်ဖြစ်ပါတယ်။

ထိုစကားကို သင်ရှားအောင်ပြပါမယ်၊ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက ပါဠိတော်လာ ဝိပဿနာရှုနည်း အမျိုးမျိုး အဋ္ဌကထာလာ ဝိပဿနာရှုနည်း အမျိုးမျိုးခွဲ ခြားဖေါ်ပြထားပါတယ်၊ မြတ်စွာဘုရား ကိုယ်တိုင်လဲ ဝေနေယျကြာ သတ္တဝါတို့၏ အလိုစရိုက်ကိုလိုက်၍ သတိတရား တပါးကည်းသာဖြစ်သော သတိပဋ္ဌာန်ကို ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာအားဖြင့် ရှုပုံရှုနည်း လေးပါးခွဲခြား၍ ဟောကြားထားတော်မူခဲ့ပါတယ်၊ ထို့အပြင် ပရမတ္ထတရားလေးပါးကိုလည်း ခန္ဓာအားဖြင့် ငါးပါး အာယတနအားဖြင့် တဆယ့်နှစ်ပါး ဓာတ်အားဖြင့် တဆယ့်ရှစ်ပါး ခွဲခြား၍ ဟောကြားတော်မူခြင်းသည်လည်း ဤသို့သော သဘောမျိုးပင် ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တို့၏ သူတော်ကောင်းတရားဟာ အပြောလွယ်ပြီး အလုပ်ကျတော့ ခက်တတ်ပါတယ်၊ ယုံကြည်ချက် ခံယူချက် အလွန်ပြင်းထန်၍ ထက်သန်သော ဆန္ဒရှိမှသာလျှင် လိုရာပန်းတိုင်သို့ ရောက်နိုင်ကြပါတယ်၊ ယုံကြည်တယ်ဆိုတာလဲ အပြောကောင်းတိုင်း အဟောကောင်းတိုင်း ယုံကြည်လို့မဖြစ်

ဘူး၊ အာဂမယုတ္တိ၊ သာဘါဝယုတ္တိ၊ သာမကယုတ္တိ ဤသုံးချက် ညှိပြီး အကြောင်းအကျိုး ဆက်စပ်ကြည့်၍ ဟပ်မိမှ ယုံကြည် သင့်ပါတယ်။

ဒီတော့ ဘုရားကိုယုံကြည်ယင် ဘုရားစကားနားထောင်ကြ၊ တရားကိုယုံကြည်ယင် တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ကြ၊ သံဃာတော်များကို ယုံကြည်ယင် သံဃာတော်များ ဟောကြားသည့်အတိုင်း လိုက်နာကြ၊ ဟိုဟိုဒီဒီ သွေးမဖီချင်ကြပါနဲ့၊ "မကွေ့ မယိမ်းထာက်၊ ဖြောင့်ဖြောင့်တရား၊ အရှိသားနဲ့၊ မှားသည့်အရာ၊ မဟုတ်တာကို လိုက်နာမှူးမှူး၊ နှင်မရှူးနှင့်၊ ထူးသည့်မြတ်စွာ၊ ရတနာကို၊ ကောင်းစွာလိုက်စား၊ သတိထားလော" ဆိုသလို ရတနာသုံးပါးကို ပတ္တမြားဥသျှောင်ကဲ့သို့ အမြဲဆောင် ထားဘို့ အရေးကြီးပါတယ်။

သို့ဖြစ်၍ အကျွန်ုပ်တို့သည် အစမထင် သံသရာတခွင်တွင် အစဉ်မပြတ်၊ ဒလစပ်ဖြစ်လာခဲ့ရသော ဘုံဘဝတွေမှာ ကြုံခဲ့ရလေသမျှ ဘယ်ဘုံဘယ်ဘဝ ဘယ်အမျိုးဘယ်အနွယ် ဘယ်အစားစား ဖြစ်ရဖြစ်ရ၊ မွေးလိုက်ကြ သေလိုက်ကြ မွေးလိုက်ကြ သေလိုက်ကြနဲ့၊ မွေးလို့ သေလို့မဆုံးနိုင်တဲ့ မွေးသေဘဝလုံးလုံးကြီး ဖြစ်လာခဲ့ရတာချည်းဘဲ၊ ယခုဘဝလဲ လူ့ဘုံလူ့ဘဝကို ကိုယ့်အခြေအနေအရ လူအဖြစ်တော့ ရလာပြန်ပြီ၊ ဘာကျန်သေးသလဲ၊ တွေးလဲကြည့်ကြ သေဘို့ဘဲ ကျန်တော့တယ်မဟုတ်လား၊ ဒီတော့ "မသေခင်ကကြိုတင်ကောင်းမှု ကြိုးစားပြုလော" ဆိုသလို အသက်ကလေးမသေခင် နေရသေးသည့်အခါတွင် လူဖြစ်ကျိုးနပ်အောင်၊ သေရကျိုးမြတ်အောင် "ဒီအလုပ်လုပ်

လျှင် ဟုတ်မည်၊ ဒီအကြံကြံလျှင် မှန်မည်၊ ဒီအကျင့်ကျင့်လျှင် သင့်မည်” ဟု လူ့ဘဝ၏ တန်ဘိုးကို အမျိုးမျိုးအဖန်ဖန် ဝေဖန်ကြည့်ဘို့ မလိုဘူးလား စဉ်းစားကြပါ တွေးတောကြပါ။

ယခုဒိဋ္ဌ တွေ့မြင်ရသမျှ လောကကြီးတခုလုံး သိမ်းကြုံးကြည့်လျှင် ထိုထိုသက်မဲ့ သက်ရှိဖြစ်သည့် အရာအဖြာဖြာသောဝတ္ထု အစုစုမှန်သမျှ ပျက်စီးကျရတာချည်းဘဲ၊ “ကောက်ရိုးသင်္ခါရနှင့် သံသင်္ခါရ” ဆိုသလို မြန်မြန်ပျက်တာနဲ့ နှေးနှေးပျက်တာ ဘဲကွာတယ်- ပျက်တော့ ပျက်မှာချည်းဘဲ၊ ဒီတော့ ပျက်တာရှိလျှင် မပျက်တဲ့ အရာဝတ္ထုလဲ ရှိရမယ်ဆိုတာ မယုံကြည်သင့်ဘူးလား၊ ယုံကြည်လျှင် ငါတို့ ဘုရားရှင်က “အသင်္ခါရိုနိဗ္ဗာနံ” ဟု မပျက်တဲ့အရာဝတ္ထုမှာ နိဗ္ဗာန်သာ ရှိတယ်လို့ ဟောကြားထားတော်မူခဲ့ပါတယ်၊ မပျက်တဲ့ အရာဝတ္ထုသာ တကယ်ချမ်းသာတာ၊ အဘိုးတန်တာ၊ ပျက်စီးပျက်စီးနေယင် အဘယ်မှာ ချမ်းသာအစစ်လို့ ခေါ်ဆိုလို့ ဖြစ်ပါမလဲ၊ လူချမ်းသာလဲ အလကားဘဲ၊ ဒုက္ခတွေနဲ့ ရောနှောနေတာဘဲ၊ သေရတာဘဲ။ နတ်ချမ်းသာလဲ အလကားဘဲ၊ ဒုက္ခတွေနဲ့ ရောနှောနေတာဘဲ၊ သေရတာဘဲ။ ဗြဟ္မာ့ချမ်းသာလဲ အလကားဘဲ၊ ဒုက္ခတွေနဲ့ ရောနှောနေတာဘဲ၊ သေရတာဘဲ။ ပျက်စီးကြတဲ့ သင်္ခါရမှန်သမျှ ဒုက္ခရောက်လို့ မဆုံးနိုင်ဘူး။ သေရကြေရလို့ မဆုံးနိုင်ဘူး။ စဉ်းစားကြည့်ကြ။

ဒုက္ခရောက်လို့ သေရကြေရပေမယ်လို့ ကောင်းကောင်းနေရတဲ့ သုဂတိဘုံမှာ ကြုံနေရလျှင် တော်ပါသေးရဲ့၊ အပါယ်ဘေးနဲ့ သွားတွေ့ရင်တော့ ကိုယ်ကျိုးနဲလိမ့်မယ်၊ သို့အတွက်

မပျက်မစီး တခါတည်း အမြဲချမ်းသာနေတဲ့ နိဗ္ဗာန်ကြီးသို့ ရောက်အောင် ကြိုးစားကြ၊ ချမ်းသာအစစ်ကို တကယ်နှစ်နှစ် ကာကာသိတဲ့ အရှင်သာရိပုတ္တရာစသော သူတော်ကောင်းကြီး တွေကလဲ "သုခမိဒံ အာဝုသောသာနိဗ္ဗာနံ၊ သုခမိဒံ အာဝုသော နိဗ္ဗာနံ" ငါ့ရှင်တို့- ဤတကယ်မပျက်မစီးတဲ့ နိဗ္ဗာန်ကြီးသည် သာလျှင် ချမ်းသာ အစစ်ကေန် ဖြစ်ပါပေ၏ တကား ငါ့ရှင် တို့ ဤမပျက်မစီးတဲ့ နိဗ္ဗာန်ကြီး သည်သာလျှင် ချမ်းသာတာ အစစ်ကေန်ဖြစ်ပါပေ၏ တကားဟုနှုတ်တော်က စကားမြွက် ဟ၍ ချီးကျူးထားတော်မူကြတယ်။

သို့အတွက် လောကတရပ်လုံးထက် အမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်သို့ ရောက်နိုင်ရန် အမှန်ရခဲတဲ့ လူ့ဘဝကြီးကို ရလာတဲ့ အခါ သာသနာ့အရိပ်ကြီးကို ကြုံထောက်ကြုံခဲ ကြုံရဆဲအခါ ဝိပဿနာတရားကို အားထုတ်ကြဘို့လိုတယ်။

ဘဝပေါင်းအသင်္ချေ မရေတွက်နိုင်တဲ့ သံသရာကြီးထဲမှာ ကျင်လည်နေရတာဟာ နှစ်နှစ်ကာကာ သေသေချာချာ စဉ်း စားကြည့်မယ်ဆိုလျှင် အလွန်တရာ ပူပြင်းလှစွာသော မဟာ သံကန္တာရကြီးထဲမှာ အထက်ကနေကပူ၊ အောက်ကနေက ပူနဲ့ အပူနှစ်ထပ်ညှပ်ထောက်ပြီး လမ်းလျှောက်နေရတဲ့ သူနဲ့တူတယ်၊ လူတွေဟာ စိတ်ကပူ၊ လူကပူနဲ့ အပူကောင်လုံးလုံး အပူတုံး ကြီး ဖြစ်နေကြတယ်။

ဒါကြောင့် ထိုအပူတုံးကြီး အေးသွားအောင် ဝိပဿနာ အမြိုက်ဆေးကို တိုက်ကျွေးကြ၊ ဒါနကား နိဗ္ဗာန်ရောက်နိုင် သည့် ဘဝကို ပို့ပေးတယ်၊ သီလကား သူတော်ကောင်းဖြစ်-

ကျမ်းဆရာ၏အမှာစာတမ်း

အောင် လုပ်ပေးတယ်၊ သမထကား ဘဝဘဝါက ပါလာတဲ့ ကိလေသာတကျာကို မထနိုင်အောင် ချိုနှိမ်ပေးတယ်၊ အဲဒီ ဒါန-သီလ-သမထကို အရင်းခံ၍ ပြင်းထန်သော ဆန္ဒဖြင့် ဝိပဿနာတရား ကြိုးစားအားထုတ်ကြမည်ဆိုလျှင် အမြတ်ဆုံး ချမ်းအသာအစစ် ဧကန်ဖြစ်သည့် နိဗ္ဗာန်သို့ မုချဧကန်ရောက်နိုင် ကြောင်း ထပ်လောင်း၍ တိုက်တွန်းစကား ရေးသားလိုက်ရ ပေသတည်း။

ဓမ္မာစရိယ ဦးတင်မြင့်

# ၂။ အကြောင်းပြနိဒါနစာတန်း

ပုဗ္ဗါဒိစ္စေအနုပ္ပန္နေ၊ ပုဗ္ဗစန္ဒေအနုဂ္ဂတေ။
တေသံ သဘာဝ ဓမ္မာနံ၊ နာမ မတ္တ နနာယတိ။

ပုဗ္ဗါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းသည်။ အနုပ္ပန္နေ၊ အရောင်ရှိန်ပြင်း အမှောင်ခွင်း၍ ထွန်းလင်းပေါ်ပေါက်ပြီး မလာသည်ရှိသော်။ ပုဗ္ဗစန္ဒေ၊ ဘုရားတည်းဟူသော လမင်းသည်။ အနာဂတေ၊ အရောင်ကြည်ဝင်းညစ်မျိုးကင်း၍ ထွန်းလင်းထွက်ပေါ်ပြီး မလာသည်ရှိသော်။ တေသံသဘာဝဓမ္မာနံ၊ ထိုထို သက်မဲ့သက်ရှိဖြစ်သည့်အရာ အဖြာဖြာသော ဝတ္ထုအစုစုတို့၌ တခုမကျန် အမှန်ဖြစ်ပျက်နေကြသော သဘောတရားတို့၏။ နာမမတ္တံ၊ အဖြစ်အပျက်တရား သိဘို့မဆိုထားဘိ ရုပ်ဝေဒနာ သညာသင်္ခါရဝိညာဉ် ဟူသော အမည်မျှကိုပင်။ နနာယတိ၊ ဉာဏ်အားပိုင်ပိုင် ပိုင်းခြား၍ မသိနိုင်ချေ။

ဟူသော ဒေသနာတော်အရ၊ သံသရာဘဝ အစဉ်အစ မမြင်ရသော ကာလမှစ၍ အလျင်အဆက်ဆက် ဖြစ်ပျက်လာခဲ့သော

ပုဂ္ဂိုလ်သတ္တဝါများသူငါတို့သည်၊ ကိုယ်တွင်း အဇ္ဈတ္တ၌ မပြတ် ကိန်းဝပ်လျက်ရှိသော၊ အဝိဇ္ဇာမှောင်းတုံးကြီး ပိန်းဖုံးပြီး လုံးလုံး ကြီးအုပ်မောကျနေကြသဖြင့် အလင်းရောင်မရ၍ အမှန်ကို မသိ မြင်ကြခြင်းကြောင့် မိမိတို့ ထင်ရာမြင်ရာကို အမှန်ဟု ယူဆလျက် ဆင်ကောင်ကို စမ်းကြသည့် မျက်ကန်း ဗြဟ္မဏပုဏ္ဏား ခြောက် ယောက်ပမာ၊ လက်လှမ်းမှီရာ ထောက်ဆပြီး ကမေက်ကမ ပြော ချင်ရာပြော၊ ယူချင်ရာယူ၊ မိမိကိုယ်ကိုမူ စိတ်မချဘဲ၊ အတိတ်က ငါတကယ်ဖြစ်လာခဲ့သလား၊ မဖြစ်ခဲ့ဘူးလား၊ ဘယ်ကလာသလဲ၊ အမိဝမ်းထဲသဘဲ လာသလား၊ ယခု ငါသေသွားရင် ဘယ်ရောက် သွားမလဲ၊ ပျောက်သွားမှာလား၊ တခုခုဖြစ်အုန်းမှာလား စသဖြင့် လား (၁၆၀) ဖြစ်နေကြတယ်။

အဝိဇ္ဇာမှောင်တုံးက ဝှက်ဖုံးထားသဖြင့် အမှန်တရားကို လုံးဝမသိကြဘဲ 'ဆင်ကန်းတောတိုး' သဘောမျိုးဖြင့် ထိုထို၌ကြ၌ ဒဲလီလီသောအရာ အဖြာဖြာသောဝတ္ထု၊ အစုစုသော ကိစ္စ တို့၌ တိတိကျကျ၊ မိမိရရ မသိကြသဖြင့် သံသရာ ရေယာဉ် ကြောမှာ မျောချင်သလို မျော၊ ဒုက္ခည့ံတွင်းမှာ ဆင်းချင် သလိုဆင်း၊ တောတွင်း ချောက်ကမ္ဘားမှာ ရှောက်သွားချင် သလိုရှောက်သွား တဏှာ၏ နောက်သို့ တကောက်ကောက် လိုက်၍ ကြောက်မက်ဖွယ်ဘေးတွေကို တွေးမှိုင်ပြီး ငေးငိုင် နေကြတယ်၊ အဲလေ ငါအတိအကျ မသိရတဲ့ အတူတူတော့ မထူးပါဘူး ဒီဘဝ ဒီကိုယ်စံမယ်၊ နောက်ဘဝရှိလျှင်လဲ နောက်ကိုယ်ခံလိမ့်မပေါ့ဟု ယူဆကာ ဒီဘဝကောင်းစားရေး

ကို အလေးပေးနေကြတယ်၊ တဘဝကောင်း၊ တကိုယ်ကောင်း ကို ကြည့်ကြတယ်။

အမှန်မှာ လူ့ဘဝဆိုတာ ဘဝပဒေသာပင်ကြီး ဖြစ်တယ်၊ လိုရာကို ဆွတ်ငင်ယူနိုင်ပါတယ်၊ တနည်းအားဖြင့်လဲ လူ့ဘဝ ရလာတာဟာ၊ ဝေဘူလတောင် ရောက်နေတာနှင့် တူတယ်၊ အဘိုးမဖြတ်နိုင်သည့် ကျောက်ကောင်း ရတနာကောင်း များကို ကောက်ယူနိုင်တယ်၊ ဒီတော့ အဘိုးထိုက်တန်တဲ့ ရတနာများ ကောက်ယူနိုင်ပါလျက် မယူဘဲ၊ ကျောက်ခဲ သလဲကိုသာ ယူမယ်ဆိုလျှင်"အဘိုးထိုက်တန်လျက် မနှိုက်ယူလျှင် အမိုက် နှင့်ပြင်ရှိအုံးမှာတဲ့လား ဆိုသလိုဖြစ်နေမယ်၊ အဘိုး ထိုက်တယ်ဆိုတာ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်များရှိနေ တာကို ဆိုလိုတယ်၊ ယင်းရတနာများသည်။ မိမိရှေ့မှောက်သို့ ရောက်နေသည့် အချိန်၊ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကြီးနှင့် ဆုံခိုက် အချိန်၊ ဘဝ၏အနှစ်သာရကို မရှာကြလျှင်၊ ဘဝသံသရာ တလျှောက်မှာ ငါးပါးမက သံဃာစင်ပါမှောက်လိမ့်မယ်" "ကုန်ရှုံးတခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံးမှောက်၊ သာ သနာရှုံးတော့ တသံသရာလုံးမှောက်တယ်" ဘုရားသာသနာ တော်ကြီးရှိနေသည့် ဗုဒ္ဓုပ္ပါဒနဝမခေတ်ကြီးနှင့် တွေ့ကြုံနေ ရတာဟာ သက်တော်ထင်ရှား ဘုရားပွင့်နေတာနဲ့ ကြုံရ သလောက် ခရီးရောက်တယ်၊ မိမိကိုယ်ကို မိမိစိစစ်ကြပါ၊ တွေးတောကြပါ၊ ဝေဖန်ကြပါ။

မြတ်စွာဘုရားကလဲ၊ တရားတော်၏ ဂုဏ်တော်ခြောက်ပါး တို့တွင် "ဧဟိပဿိက" ဂုဏ်တော်ဖြင့် သံသရာ ဝဲဂရက်ထဲ နစ်

မွန်းနေတဲ့သူတွေကို ဆွဲယူချင်လွန်းလို့ တောကြီးမျက်မဲ အမှောင်ထဲ အမိုက်ထဲရောတ်နေတဲ့သူတွေကို ကူညီချင်လွန်းလို့ လာကြစမ်းပါ၊ တရားအားထုတ်ကြည့် ကြစမ်းပါ၊ အလင်းရောက်လျှင် ထွင်းပေါက်၍ အမြင်မှန်ရလာပါလိမ့်မည်ဟု ဆွဲခေါ်နေသည့် တရားဂုဏ်ကို အထင်အရှားဟောကြားထားပါတယ်။ ထို့ပြင် ဘုရားဟောကျမ်းဂန်တို့တွင်လဲ ကဿပမြတ်စွာဘုရားလက်ထက် ဇောတိပါလလုလင်ကို ဃဋိကာရ အိုးထိန်းသည်က အတန်တန်တောင်းပန်းပြီး ဘုရားထံခေါ်တာ မလိုက်လို့ ဆံပင်ကိုပင်ဆွဲပြီး အတင်းဘဲခေါ်တယ်၊ အနာထပိဏ်သူဌေးကြီးလဲ သူ၏သားကို ဘုရားထံသွား၍ တရားနာရန် ပိုက်ဆံပေးပြီး အတင်းလွှတ်တယ်၊ မြတ်စွာဘုရားကိုယ်တိုင်လဲဘဲ သူ၏ညီ နန္ဒမင်းသားကို နတ်သမီးများပြပြီး တရားအားထုတ်ခိုင်းတာတွေ အထင်အရှားရှိပါတယ်။

ယခုခေတ် ဖြစ်နေကြတာကတော့၊ ဘုရားသွား ကျောင်းတက် တရားနာ၊ တရားအားထုတ်ဘို့ ခေါ်ရင် အလုပ်ပိုတယ် မအားဘူးလို့ ပြောလွှတ်လိုက်ကြတယ်၊ ပရိတ်ရွတ်ရင်၊ တရားထိုင်ရင်၊ ဘုန်းကြီးလုပ်တော့မှာလား ဒို့အလုပ်မဟုတ်ပါဘူးဟု ပြောကြတယ်၊ ပွဲကြည့်ခေါ်ရင်၊ ဘိုင်စကုတ်ကြည့်ခေါ်ရင်၊ အရက်သောက်ခေါ်ရင်၊ ဒါမှ၊မိတ်ဆွေကောင်းလို့ပြောပြီး မင်းလိုချင်တာ တောင်းပါ ငါအစွမ်းကုန် ကူညီမယ်ဟု ပြောကြတယ်။

မိတ်ဆွေပေါင်း မှားနေကြတယ်၊ မြတ်စွာဘုရားလက်ထက်တော်က နေလိုလလိုထင်ရှားသည့် ဝိသာခါကျောင်းအမကြီး

ဟာ သူ၏ ယောက်ခမ မိဂါရသူဌေးကြီးကို တဖြေးဖြေးနားချ ပြီး တရားဓမ္မ အနာခိုင်းတယ်၊ ပထမတော့ ငြင်းပယ်နေသေး သော်လည်း၊ နောက်တရားရတော့ အထူးကျေးဇူးတင်ကာ၊ ချွေးမတော်မကပါဘူး၊ အမေပါဘဲဟု စိတ်စွဲပြီး အမိအရာ ကိုးကွယ်ထားတယ်၊ ထို့ကြောင့် ဝိသာခါကို မိဂါရမာတာ လို့ ခေါ်ကြတယ်။

လောကကြီးထဲရှိတဲ့ လူတွေဟာ အမှားကို အမှန်ထင်၊အမှန် ကို အမှားထင်၍ အမြင်မှန်မရကြသည်မှာ သညာဝိပလ္လာသ တရားက လှည့်စားထားသောကြောင့် ဖြစ်တယ်၊ ထို့ကြောင့် စွန်းလွန်းဂူဆရာတော်ဘုရားကြီးက "မြင်တာကို သညာဖုံး တော့ သညာကိုသက်ာချင်းမှ ပညာဆိုတဲ့ အလင်းရောင် ရနိုင် တယ်" လို့ မိန့်ဆိုထားပါတယ်။ ဒုက္ခတုံးကြီးကို သညာဖုံး ထားတော့ သုခလုံးလုံး ထင်မှတ်နေကြတယ်။ "ဒုက္ခသအနန္တရုံ သုခံ" ဆိုသည့်အတိုင်း ဒုက္ခကို ဉာဏ်ဖြင့်ဆင်ခြင်ပွားများ၍ သုံး သပ်နိုင်မှ ရင်ဆိုင်နိုင်မှ သူ့ကို မြင်အောင်ရှုနိုင်မှ ခုတ်ခွဲ ကြည့်နိုင်မှ ဒုက္ခသစ္စာဆိုတဲ့ ဒုက္ခအမှန်တရားကို မြင်နိုင်တယ်။ လောက၌ သုခဟူ၍ အမှန်မရှိ၊ အစစ်မရှိ။ အမှန်စင်စစ်ကား သုခတု၊ သုခယောင် (ဝိပရိဏာမသုခ)များသာရှိနေတယ်။

ဒုက္ခကို ဒုက္ခဖြင့် ရင်းနှီးပြီး ထင်အောင် မြင်အောင်ရှုနိုင်မှ သုခ၏လမ်းစကို မှန်းဆ၍ မြင်နိုင်တယ်၊ ဒုက္ခသစ္စာလို့ခေါ်သည့် အတိုင်း ဒုက္ခကိုအမှန်ရှိသည်ဟု ဝန်ခံကတိသစ္စာသဘောဖြင့် ပြောနိုင်မြင်နိုင်လျှင် တရားကို မြင်ပြီဟုမှတ်ပါ။ "ရေကြောင့် ဖြစ်သော ရွှံ့ညွှံကို ရေဖြင့်သာလျှင် ဆေးကြောမှ စင်ကြယ်

စေသကဲ့သို့”၊ ဒုက္ခကို လွန်မြောက်အောင် ဒုက္ခဖြင့်သာ အချင်းတည်၍ သုခကို ရအောင် ရှာရပါမည်။ ဗုဒ္ဓဘာသာတရားကား အချောင်သမားများ ရေသာခိုသမားများ ကျက်စားရာမဟုတ်၊ တကယ်တန်းအလုပ်လုပ်တဲ့ အလုပ်သမားတို့၏ ကျက်စားရာသာဖြစ်တယ်။ “အာတာပိနိပကောဘိက္ခု” ဆိုသည့်အတိုင်း အရိုးကြေ၍ အသားအရေတွေ ခမ်းခြောက်ပြီး အကြောလောက်သာ ကြွင်းပစေ၊ မဖြစ်မနေဆိုတဲ့ ဇွဲလုံးလ၊ ဝီရိယဖြင့် အားထုတ်နိုင်မှ ချမ်းသာစစ်၊ နိဗ္ဗာန်အနှစ်ကိုတွေ့မယ်၊ သိကြားမင်းက သုဝီရနတ်သားကိုပြောတယ်၊ လုံးလဝီရိယမကြိုးစားဘဲနှင့် ချမ်းသာသောအရပ်ရှိလျှင် သင်လည်း သွားဖြစ်အောင်သွားပါ။ ငါ့ကိုလည်း လိုက်ပို့ပါဟုပြောတယ်(မရှိလို့နိုင်ပေါ့)။

နိဗ္ဗာန်ဆိုတာ ဝေးတာမဟုတ်၊ အမြဲမပြတ် ဒလစပ်ဖြစ်ပျက်နေသည့် ဗိမိခန္ဓာကိုယ်ဆိုတဲ့ သံသရာအဆုံးနားမှာ ရှိတယ်။ ထို့ကြောင့် အဋ္ဌကထာဆရာကြီးများက– “နိဗ္ဗာန်သံသာရပရိယန္တေ ဌိတော” ဟူ၍၎င်း၊ “ခန္ဓသိသံ နိဗ္ဗာနံ” ဟူ၍၎င်း ဖွင့်ဆိုထားကြပါတယ်။ ဖြစ်သဘောရှိသည့် ခန္ဓာနှင့် မဖြစ်သဘောရှိသည့် နိဗ္ဗာန်ဟာ အမြဲမပြတ် ဆက်စပ်နေပါတယ်။

သို့အတွက် ဖြစ်ပျက်သဘောရှိတဲ့ ဒုက္ခကို ရှုတာနှင့် မဖြစ်မပျက်သဘောရှိတဲ့ နိဗ္ဗာန်ကို မြင်လာခြင်းဖြစ်ကယ်၊ ဒုက္ခတရားကား ဖြစ်ခြင်း - ဥပ္ပါဒလက္ခဏာရှိတယ်၊ နိဗ္ဗာန်တရားကား မဖြစ်ခြင်း အနုပ္ပါဒလက္ခဏာရှိတယ်။ လူတကာအမြင်မှားပြီး အထင်အရှားရှိသည်ဟု မှတ်ထင်နေကြသည့် ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည်

စသည့် ပညတ်တရားကား ဖြစ်ခြင်း၊ ဥပ္ပါဒ လက္ခဏာလည်း မရှိ၊ မဖြစ်ခြင်း အနုပ္ပါဒလက္ခဏာလည်းမရှိ နဝတ္တဗ္ဗမျှသာ ဖြစ်တယ်။

နိဗ္ဗာန်သည် ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ မျိုးမဟုတ်၊ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားလည်း မဟုတ်၊ အကျိုးကိုဖြစ်စေတတ်သော အကြောင်းတရားလည်း မဟုတ်၊ မနောဝိညေယျတရားမျှသာဖြစ်တယ်။ အသာရကဋ္ဌေနအနတ္တာ ပုဒ်ကို ဗျတိရေကနည်းကြံ၍ သာရကဋ္ဌေနအတ္တာဟုကြံဆပြီး ပြန်ရလျှင် နိဗ္ဗာန်မှာ အနှစ်သာရရှိသည့်တရားဖြစ်သော်လည်း အတ္တရှိသည်ဟုကား မယူရချေ။ အတ္တရယ်၊ ခန္ဓာရယ်၊ နိဗ္ဗာန် ရယ် ဤသုံးတန်သည် အမှန်အားဖြင့် အချင်းချင်း သဘော မတူကြသော်လည်း ခွဲခွာလို့ကား မရချေ။ အတ္တကို ထုချေ ဖောက်ခွဲကြည့်လျှင် ခန္ဓာကိုမြင်တယ်၊ ခန္ဓာကို ထုချေဖောက်ခွဲ ကြည့်လျှင် နိဗ္ဗာန်ကိုမြင်တယ်။ နိဗ္ဗာန်သည် မဖြစ်သဘောရှိ၍ တည်ရာမှီရာမရှိ၊ "ကောင်းကင်ဘယ်နေရာမှာ တည်သလဲ မေး ရင် မရသလို" မဖြစ်လို့ မပျက်လို့ တည်ရာမှီရာမရှိနိုင်။

နိဗ္ဗာန်က မရောက်သေး မရသေးဘဲနှင့် ဘယ်လိုနိဗ္ဗာန်ကို သိနိုင်သလဲဆိုလျှင် မိလိန္ဒပညှာမှာ ရှင်နာဂသိန်ဟောထားသလို မိမိမှာ လက်ဖြတ်မခံရသေးသော်လည်း လက်ဖြတ်ခံရသူတွေ အော်တာကို မြင်နေတော့ နာကျင်သည်ဟုသိရသလို နိဗ္ဗာန်ကို မရောက်သေးသော်လည်း မရသေးသော်လည်း တကယ်ယုံကြည် ထိုက်သည့် ဘုရား ရဟန္တာပုဂ္ဂိုလ်တွေက ဟောထားလို့ သိနိုင် ပါတယ်။ နိဗ္ဗာန်ကိုသိတာ ကိုယ်တွေလား ဉာဏ်တွေလား

မေးလျှင် ကိုယ်တွေ့ ဉာဏ်တွေ့ နှစ်ပါးလုံးပါဟု လယ်တီဆရာတော်နှင့် ဉာဏစာရီ ဆရာတော်တို့က အမိန့်ရှိတယ်။ နိဗ္ဗာန်ဟာ တကယ်ရှိသလားဆိုရင် တကယ်ရှိ အဟုတ်ရှိအမှန်ရှိ၊ ကောန်ရှိတယ်၊ ပရမတ္ထသဘောတရားတို့တွင် တပါးအပါအဝင်ဖြစ်၍ တကယ်ရှိပါတယ်။ စိတ်ကသိမြင်တဲ့ သဘောအနေအားဖြင့်ထင်ရှားရှိတယ်။ စေတသိက်တို့တွင် လောဘစသည်တို့ကား လိုချင်ခြင်းသဘော စသောအားဖြင့် ထင်ရှားရှိတယ်။ ရုပ်တို့တွင် ပထဝီ စသည်ကား နူးညံ့မာကြောခြင်းသဘော စသောအားဖြင့် ထင်ရှားရှိတယ်။

နိဗ္ဗာန်ကား၊ ငြိမ်းအေးခြင်း သဘောအားဖြင့် ထင်ရှားရှိတယ်၊ သို့ဖြစ်၍ တကယ်ရှိသည့်တရားဟု မှတ်ရပါမည်။ သို့ပေမဲ့ စိတ်စေတသိက်ရုပ်တို့ကား သင်္ခတ အနိစ္စတရားဖြစ်တယ်။ အဲဒါတော့ ထူးတယ်။

ဒါဖြင့် နိဗ္ဗာန်ရောက်အောင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်အောင် သံသရာဝဋ်ကြီးထဲမှ ဖဲခွာချင်လာအောင် လူနတ်ပြဟ္မာစည်းစိမ်တွေကို ရွံမုန်းလာအောင် ဘယ်လိုကြံဆောင်ရပါမလဲ၊ ဘယ်လိုဝေဖန် ဘယ်လိုစဉ်းစားရပါမလဲ ဆိုလျှင် ဤလောကကြီးထဲ၌ အပါယ်သတ္တဝါ လူသတ္တဝါ နတ်သတ္တဝါ ဗြဟ္မာသတ္တဝါ ဟူသမျှတို့သည် ငါ သူတပါး ယောကျ်ားမိန်းမ အဟုတ်အမှန်ဟု သမုတ်ခံနေကြသော ရုပ်နာမ်တို့သာ ဖြစ်၏၊ အမြဲမရှိ၊ တဖွဲဖွဲတမြိုမြို တရိရိ ကုန်ဆုံးပျက်ပြုံးနေသည့် ဒုက္ခဘုံကြီးသာဖြစ်၏၊ ထွက်သက် ဝင်သက်ကလေး ကင်းသွားလျှင် ထင်းတုံးပမာ ဘာမျှ အနှစ်သာရ မရှိ၊ စက်ဆုတ်ရွံ့ရှာဘွယ်

လိလ်သာဖြစ်၏။ အကုသိုလ်စက်လှည့်လို့ ပျက်ဟဲ့ဆိုတဲ့ ဒုဂ္ဂတိသို့ ရောက်သွားလျှင် ထောက်ထား မှီခိုစရာမရှိ၊ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ အကုသိုလ်ဟာ အလွန် ကြောက်စရာ ကောင်းတယ်၊သာမန်လူမဆိုထားဘိ၊မြတ်စွာဘုရား လက်ဝဲသား တော်ရံ အရှင်မောဂ္ဂလန်တို့လို တန်ခိုးဣဒ္ဓိပါဒ်စျာန်အရာဘက် စေတဒဂ်ရသည့် ပုဂ္ဂိုလ်ကြီးတောင်မှ နိဗ္ဗာန်ဝင်သည့် ဘဝကိုပင် လိုက်ပြီး နှိပ်စက်သေးတယ်။

လောက၌ ဘဝပဒေသာ ခေါ်သည့် လူ့ဘဝသို့ ရောက် နေတဲ့ပုဂ္ဂိုလ်တွေဟာ မိမိဘဝကို ပြန်၍ ဆန်းစစ်မကြည့်ကြ လို့သာ လောကကြီးထဲမှာ နေလို့ ထိုင်လို့ ဖြစ်နေတာဟာ အဝိဇ္ဇာက ဖုံးလွှမ်း၍ တဏှာက ဆွဲငင်ထားလို့သာ ဖြစ်တယ်၊ သေသေချာချာ ကျကျနန ကြည့်မယ်ဆိုလျှင် လူမသိတဲ့ ချောက် ကမ္ဘားကြီးမှာ တယောက်တည်း ထွက်ပေါက်မတွေ့၊ ထွက်၍ မရ၊ ကယ်မသူမမြင်၊ ကူချင်သူမရှိ၊ ကြောက်ဘွယ်လိလိလို့ ဖြစ် နေကြတယ်၊ ဇနီးမယား၊ သမီးသားနှင့် စီးပွားဥစ္စာရတနာ တို့သည် အပါယ်ရောက်ရန် ငရဲပို့ရန် မျှားခေါ်မည့် ကူးတို့ သမားများသာ ဖြစ်ကြတယ်၊ လောက၌ မိမိအရင် သေသွားကြ သည့် အထက်တန်းကျကျ မျက်နှာပန်းလှလှ နေကြရတဲ့ မင်းစိုး မဟာ ရာဇာပဂေး သူဌေးသူကြွယ်တို့မှာလည်း တဏှာ၏နောက် သို့ တကောက်ကောက် လိုက်ရင်း သေမင်း၏ ခံတွင်းသို့သာ ရောက်သွားကြတယ်။

မိမိ ချစ်လှပါသည်ဆိုတဲ့ ဇနီးမယားသမီးသားတို့ကလည်း

သေသွားလျှင် အမယ်လေး၊ အလိုလေးနှင့် ငိုကြွေးမြည်တမ်းကာ သုသာန်သို့သာ ပို့ကြတယ်။

အပတ်တထည် ကိုယ်တခုနဲ့ လူတွေစုပြီး လိုက်ပို့ကြကာ မြေကြီးတွင်း၊ မီးပုံတွင်းသို့သာ ဆင်းကြရတယ်၊ မည်သူ တဦးတယောက်မျှ အထူးထောက်မလို့ ကယ်တင်ပေးလို့ သေမဲ့ဘေးမှ လွတ်သွားသူမရှိချေ၊ တန်ခိုးဥစ္စာ အာဏာကြောင့် မနာအောင် မသေအောင် လုပ်လို့လဲမရချေ၊ ထမင်းနှင့် သရေစာတွေကို စားသောက်ပြီး ပြတင်းပေါက်က သေမင်းနောက်သို့ လိုက်ရန် စောင့်နေကြတယ်။ တချို့လူတွေ မစောင့်နိုင်လို့ သေမင်းကို သွားခေါ်နေကြတဲ့ လူတွေလဲ အတော်များတယ်၊ ဘယ်သူတွေလဲဆိုတော့ အချင်းချင်း ရန်ဖြစ်၍ စစ်ဖြစ်၍ သူပုန်ထ၍ သတ်နေကြသူတွေ၊ မခံမရပ်နိုင်အောင် စိတ်ဆင်းရဲလို့ ရေထဲခုန်ချသေသူတွေ ဆွဲကြိုးချသေသူတွေဟာ အလိုလို အသေမစောင့်နိုင်လို့ သေမင်းကို သွားခေါ်ပြီး သေနေကြတာဘဲ မဟုတ်ပါလား၊ ဤမျှလောက် ကြောက်စရာ ကောင်းသည်ကို ကြံစည်တွေးတောကြရမယ်။

ဤမျှလောက် ကြောက်စရာကောင်းသည့် အိုမင်း နာမင်း သေမင်းဘေးတွေမှ ကင်းဝေးသွားအောင် ဝိပဿနာတရားကို အမြန် အားထုတ်ကြဘို့ဘဲ ရှိတယ်၊ ယင်းတရားကို အားထုတ်နိုင်အောင် ဒါန၊ သီလ၊ သမထတို့လဲ မမေ့ကြနှင့်။ ဒါနကား "ဒါနံသဗ္ဗသမ္ပတ္တိသာဓကံ" ဆိုသည့်အတိုင်း အလုံးစုံသောစည်းစိမ်ချမ်းသာကို ပေးစွမ်းနိုင်တယ်၊ သီလကား၊ အသက်ရှည်အောင် ချမ်းသာအောင် ပေးစွမ်းနိုင်တယ်၊ သမထကား

ကာယကံ၊ ဝစီကံဒုစရိုက်တွေသာမက မနောကံဒုစရိုက်ပါ၊ ပယ်သတ်နိုင်သောကြောင့် ဗြဟ္မာပြည်ထိ အကျိုးပေးနိုင်တယ်၊ ဝိပဿနာကတော့ နိဗ္ဗာန်ထိ အကျိုးပေးနိုင်တယ်။

ဤသို့ အကျဉ်းအားဖြင့် စဉ်းစား၍ တရားအားထုတ်ရန် ရည်ရွယ်ပြီး သံဝေဂရဘွယ်အကြောင်း ဒါန သီလ တာဝနာမှုကို ပြုဘို့ အကြောင်းအရာကို ကောင်းစွာ နှစ်လုံးသွင်းရတယ်၊ တဖက်ရန်သူ ဝိုင်းလျက်နေသော သူသည် ရန်သူလက်အောက်မှ ထွက်ပေါက်ရှာသကဲ့သို့ရင်း၊ မီးဝိုင်းခံ၍နေသောသူသည် မီးတွင်းမှလွတ်ကင်းရန်ရှာကြံသကဲ့သို့ရင်း၊ ကြိုးမိန့်ကျထားသောရာဇဝတ်ကောင်သည် ကြိုးမိန့်မှလွတ်အောင် တဖန် စီမံသကဲ့သို့ရင်း၊ မှတ်ရမယ်။ ဤဥပမာအရ ထိုသူတွေဟာ မအိပ်နိုင်၊ မစားနိုင်၊ မသွားနိုင်၊ မထိုင်နိုင်ဖြစ်နေကြမည်မဟုတ်လား။ ကမ္ဘာ့ကမ္ဘာ သံသရာ့သံသရာ လဆန်းတရက်က အစဉ်အဆက် အလျင်မပျက် ဆက်ဆက်လာခဲ့တဲ့ အကုသိုလ် အပရာပရိယကံ ဟောင်းတွေနှင့် နောင်ဖြစ်လတံ့သော အကုသိုလ်ကံသစ် တွေကြားမှာ နှစ်ဖက်သွား အပိတ်ခံနေရမည့်ကို ကြံဆ၍ အမှန်ဘဝကို မြင်ကြပြီး သံသရာခန္ဓာကြီးကို ရှုံ့မုန်းကာ ကြောက်ရှုံ့ကာ ငြီးငွေ့ကာ၊ မအိပ်နိုင်၊ မစားနိုင်၊ မသွားနိုင်၊ မထိုင်နိုင် တမှိုင်မှိုင်တဝေဝေ ဖြစ်နေသည့် ယောဂီကောင်း သူတော် သူမြတ်လောင်းတွေ ဖြစ်နေဘို့ လိုပေတယ်။

ထို့ကြောင့် ရှေးဆရာမြတ်တို့က "ရန်သူဝိုင်းထား၊ ထိုယောကျ်ားအား၊ ပြေးသွားဘို့ရာ၊ လမ်း ပေါက် သာ လျက် ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ"ဟူ၍ရင်း၊ "မစင်လူးလျှင်၊

ထူးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ရေတွက်မဟုတ်ချေ”ဟူ၍ရင်း မိန့်ဆိုကြ၏။

ကျွန်ုပ်စာရေးသူသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထားသော ဝိပဿနာဆိုင်ရာ ကျမ်းများကို လေ့လာကြည့်ရှု၍ ကိုယ်တိုင်လည်း မင်းကွန်းရိပ်သာ၊ မဟာစည်ရိပ်သာ၊ စွန်းလွန်းရိပ်သာ၊ ရတနာပုံရိပ်သာ၊ သဲအင်းဂူ ရိပ်သာ၊ ဥာဏစာဂီရိပ်သာများသို့ သွားရောက်ကာ တတ်နိုင်သမျှ တရားထိုင်ခဲ့သဖြင့် မိမိအမြင် အကြား တရားထင်မြင်ချက်တို့ကို နှုတ်အားဖြင့်လည်း ဟောကြားနိုင်သမျှ ဟောကြားခဲ့ဘူး၏။ နောင်လာနောင်သားများ လိုက်နာရန်အတွက် ရည်ရွယ်ချက်ကို အဓိကထားလျက် ဤ “**ဝိပဿနာရှုနည်း ညွှန့်ပေါင်းကျမ်း**”စာအုပ်ကို ရေးသားထုတ်ဝေ ဖြန့်ဖြူးလိုက်ရခြင်း ဖြစ်ပါသည်။

အထူး သတိပေးလိုသည်မှာ ဝိပဿနာတရား အားထုတ်သည့် အခါ ဘယ်ဆရာတော် နည်းမှန်သည်၊ ဘယ်လိုအားထုတ်မှ မှန်သည်။ ကျန်းဂန်နှင့် ညီသည် စသည်ဖြင့် ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ နည်းစွဲမထားဘဲ မိမိစိတ်ထဲတွင် ထင်လွယ်၊ မြင်လွယ်သည့်နည်း သမာဓိ မြန်မြန်ရနိုင်သော နည်းကို ရှာကြံပြီး အားထုတ်ဘို့ လိုပါသည်။ တချို့ကား အာနာပါန အားထုတ်မှ ထင်လွယ် မြင်လွယ်ပါသည်၊ သမာဓိ မြန်မြန်ရနိုင်သည်၊ အာနာပါနမှာလဲ အချို့ကား ပြင်းပြင်းရှူမှ ထင်လွယ် မြင်လွယ်သည်၊ အချို့ကား သွားခြင်း၊ ထိုင်ခြင်း စသော ဣရိယာပုတ်ဖြင့် အားထုတ်မှ လက္ခဏာရေးသုံးပါး ထင်မြင် လွယ်သည်။

သမာဓိ မြန်မြန် ရနိုင်သည်၊ အချို့ကား အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းမှု ထင်လွယ် မြင်လွယ်သည် စသည်ဖြင့် ရှိပါသည်။ သို့အတွက် မိမိတို့ကြိုက်ရာ စရိုက်အားလျော်စွာ ကြည့်၍ အားထုတ်မှုပြုပါရန် တိုက်တွန်း တောင်းပန်လိုက်ပါသတည်း။

တင်မြင့်။

(အစိုးရ) သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
(စေတိယင်္ဂဏ)ပရိယတ္တိဓမ္မာစရိယ၊ ဂဏဝါစက
(အမျိုးသား) ပရိယတ္တိသာသနာလင်္ကာရကောဝိဒ
ပဌမကျော်။

၁၃၃၇ ခု၊ ဝါဆိုလပြည့်နေ့၊
(၂၂-၇-၇၅)

# ၃။ လယ်တီဆရာတော်ဘုရားကြီး၏

# တရားရှုနည်း စကားပုလ္လင်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့တွင် အချို့သော ပုဂ္ဂိုလ်တို့သည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ကြသည်ဟု ဆိုရသော်လည်း၊ မိမိတို့ အဇ္ဈတ္တသန္တာန်မှာ၊ အနိစ္စဉာဏ်၊ အနတ္တဉာဏ်ကို တရံတဆစ်မျှ မရဘူးကြချေ၊ ထိုသူတို့သည် မမြဲသော အနိယတ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြ၏။ အဘယ်ကြောင့် ဆိုသော် ယနေ့ ဂေါတမဗုဒ္ဓ၏တပည့်၊ နက်ဖြန် အခြားသော ဘုရားများ၏ တပည့်ဖြစ်နိုင်၍ မိမိတို့ မိရိုးဖလာ ကိုးကွယ်လာခဲ့သော ဂေါတမဗုဒ္ဓကို အပြစ်မြင်၍ ကဲ့ရဲ ရှုတ်ချနိုင်သော ကြောင့် ဖြစ်ပေသည်။ ယခုဘဝ၊ ယခုအခါ ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ စသည် ပြောင်း၍ ဗုဒ္ဓဘာသာ မကောင်းကြောင်း ပြောနေကြသူတွေ အများကြီး ရှိပေသည်။ နောက်ဘဝမှာတော့ ဆိုဘွယ်ရာမရှိ၊ အသချေင်္နှင့်အနန္တပင်ရှိပေလိမ့်မည်၊ သို့အတွက် မမြဲသော အနိယတ ဗုဒ္ဓဘာသာဝင်များဟု ဆိုရသည်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်ကြီး မှာ "နာနာသတ္တာရာနံမုခံဥလ္လောကေန္တိတိ ပုထုဇ္ဇနာ" ဟု ဖွင့်ပြထားလေသည်၊ နာနာသတ္တာရာနံ၊ အထူးထူးသော ဆရာ အထူးထူးသော ဘုရားတို့၏၊ မုခံ၊ မျက်နှာကို၊ ဥလ္လောကေန္တိ၊ အားထားဟန်ကြော့ တမော့မော့ဖြင့် မျှော်ကာတိတိ မော်သာကြည့်ကြကုန်၏၊ ဣတိ၊ ထိုကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ မည်ကုန်၏တဲ့။

ပုထုဇဉ်သတ္တဝါ အနန္တမှန်သမျှတို့သည် အနတဂ္ဂမသံသရာ၌ ကိုးကွယ်ရာဌာန မမြဲသောကြောင့် သည်နေ့ တမျိုး၊ နက်ဖန် တမျိုး၊ သည်လ တမျိုး၊ နောက်လ တမျိုး၊ သည်နှစ် တမျိုး၊ နောက်နှစ် တမျိုး၊ သည်ဘဝ တမျိုး၊ နောက်ဘဝ တမျိုး၊ အမျိုးမျိုးအဖုံဖုံ ကိုးကွယ်ရာ ဘုရား အစားစား ရှိကြကုန်၏။ ပြောင်းလွဲနိုင်ကြကုန်၏။ ဘုရားစစ်၊ ဘုရားမှန်ကို ကိုးကွယ်ရသောဘဝကား အလွန်နည်းပါးလှ၏။ အယူမှား အမြင်မှား အထင်မှား ဘဝနှင့်သာ အချိန် ကုန်ခဲ့ကြ၏။ သက္ကာယဒိဋ္ဌိ အမှောက်အမှားကြီးက လှည့်စားထားသောကြောင့် ကြပ်တွေ့ သရဲတွေ့ ဖန်ဆင်း ထားအပ်သော ရွာ၊ ဘီလူး သဘက်တွေ့ ဖန်ဆင်းထားအပ်သောရွာများမှာ ရောက်သွားသော ခရီးသည် ကဲ့သို့ အလွန် ကြောက်မက်ဖွယ်၊ ထိတ်လန့်ဘွယ်၊ အံ့ဘွယ် ကောင်းလေစွ။

ကိုးကွယ်ရာ ဘုရား ပြောင်းလျှင် ကိုးကွယ်ရာ တရားလဲ ပြောင်းလွဲသွားတော့တာဘဲ၊ ရံခါ ဂေါတမဗုဒ္ဓ ပဉာတ်တော်မူအပ်သော အဝိသီလတရားကို ကိုးကွယ်ကြရ၏။ ရံခါ နွားတို့၏ အလေ့ အကျင့် ဂေါသီလ၊ ရံခါ ခွေးတို့၏အလေ့အကျင့်

ကုက္ကုရသီလဇသည်ဖြင့် သီလတရားသည် အလွန်များပြားလှ၏။

သမ္မာဒိဋ္ဌိ တရားကို ကိုးကွယ်ရသော ဘ၀ကား အလွန်နည်းပါးလှ၏။ အလွန် ယုတ်မာသော မိစ္ဆာဒိဋ္ဌိတရားတို့သာ များပြားကုန်၏။ ထို့ကြောင့် ဘ၀တိုင်း ဘ၀တိုင်း ကမ္ဘာ့ တန်ဆာ၊ မြေစောင့်မျှသာ ဖြစ်ကြ၍ အချိန်တွေ ကုန်ခဲ့ကြ၏။ အပါယ်လေးပါးသားတွေ ဖြစ်ကြ၍ ဘုရားအသချေ်ချတ်သော်လည်း မကုန်နိုင်ကြချေ၊ မကျွတ်နိုင်ကြချေ၊ ကိုးကွယ်ရာ ဘုရား၊ မှောက်မှား သွားလျှင် အလုံးစုံသော ကိုးကွယ်ရာ ကိုယ်ကျင့်တရားလည်း မှောက်မှားကြကုန်၏။ လူ့ဘ၀ဆိုတဲ့ ဘ၀ ပဒေသာပင်ကြီးမှာလည်း ငရဲပဒေသာပင်ကြီး ဖြစ်ကြရတော့၏။

အချို့ပုဂ္ဂိုလ်တို့သည်ကား မိမိတို့အဇ္ဈတ္တသန္တာန်၌ အနိစ္စဉာဏ် အနတ္တဉာဏ်တို့ ကောင်းစွာထင်ကုန်၏။ ထိုပုဂ္ဂိုလ်တို့ကား သက္ကာယ ဒိဋ္ဌိတရားကြီးကင်းလွတ်၍ အပါယ်ဝဋ်မှကျွတ်ကြကုန်၏။ ဤနေရာ၌ အထူးမှတ်သားရန်မှာ အနိစ္စထင်လျှင် ဒုက္ခ၊ အနတ္တထင်တော့သည်သာဆိုသောစကားနှင့် သာသနာပအခါများ၌ အနိစ္စ ရှိပါလျက် အနတ္တတရားကား မရှိဟူသော စကား မဆန့်ကျင်ပါလားဟုလို့ မေးစရာရှိတယ်။ ဒါပေမဲ့အမှန်စင်စစ်မှာ သာသနာပ အခါ၌အနိစ္စတရားရှိသည်ဆိုသောစကားသည် သာသနာတွင်း၌ တရားနှစ်လုံးသွင်း၍ ပေါ်လာသော ပရမတ္ထအနိစ္စမျိုး မဟုတ်၊ လူသေသွားပြီ၊ သစ်ပင်သေသွားပြီ စသည်ဖြင့် ခေါ်ဝေါ်သော ဝေါဟာရအနိစ္စမျိုး ပညတ် အနိစ္စမျိုးမျှသာ ဖြစ်၍ အနတ္တ မထင်နိုင်ချေ။ သက္ကာယဒိဋ္ဌိ ကင်းလွတ် နိုင်လောက်အောင်

ထင်သော ပရမတ္တအနိစ္စမျိုးကား သာသနာတွင်းမှသာရှိသည်။ သို့အတွက် အနိစ္စခြင်းကွာခြား၍ မှဆန့်ကျင်ပါဟု ဆိုလိုသည်။ သက္ကာယဒိဋ္ဌိကင်းလွတ်အောင် ထင်သောအနိစ္စဉာဏ် အနတ္တဉာဏ်ရသူတို့ကား ဘဝများစွာသံသရာ၌ ကျင်လည်ကျက်စား၍ နေရငြားသော်လည်း ဗုဒ္ဓဘုရား၏ သားတော်အစစ် သမီးတော်အစစ် အမြဲဖြစ်ကုန်၏။ တဘဝထက် တဘဝ၊ တစထက် တစ၊ သီလ၊ သမာဓိ၊ ပညာတရားပွားစည်း၍ သာသနာတော်ကြီး၏ အမွေကိုခံယူရရှိကြလေ၏။ ထိုသူတို့သန္တာန်မှာ တရားမှန် လမ်းမှန်သော သီလ၊ သမာဓိ ပညာ သိက္ခာသုံးပါးတို့သည် ခါးဝတ်ပုဆိုးကဲ့သို့ အမြဲခိုင်ကြည်၍ တည်နေကြကုန်၏။ သံသရာဝဋ်လုပ်၌ နစ်မြုပ်သမားအဖြစ်မှရင်း၊ တောကြီးမျက်မဲအမိုက်မှောင်ထဲ၌ လမ်းလွဲသော မျက်စိလည်သမား အဖြစ်မှရင်း၊ ချောက်ကမ္ဘား၌ ကျရောက်သွားသောသူသည် ကယ်သူမမြင် ကယ်သူမနီး တယောက်တည်းတည်း အကြောက်ကြီး ကြောက်နေရသောဘဝမှရင်း လွတ်မြောက်သွားလေပြီ။ ဘုံစဉ်စံသဉပါဒိသေသဘဝမှ အနုပါဒိသေသနိဗ္ဗာန်သို့ တသန်တည်း ဆန်တက်သော သူများ ဖြစ်ကြရကုန်၏။

ထို့ကြောင့် နိယတ ဗုဒ္ဓဘာသာဝင်ဖြစ်လိုသော အကျွန်ုပ်တို့သည် ဒါနသီလဘာဝနာ ကုသိုလ် ပြုတိုင်းပြုတိုင်း နောင်သံသရာ ဘုရားမြတ်စွာ ပွင့်သောအခါ၌ ကောင်းစွာ ဖူးမြင်ကျွတ်တန်းဝင်ရပါလို၏ ဟူ၍ရင်း၊ ဘုရားရှိခိုးတိုင်း ရှိခိုးတိုင်း မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ ဟူ၍ရင်း နိယတအမွေ နိယတ ဗုဒ္ဓဘာသာဝင် ဖြစ်ချင်ကြ၍

ဆုတောင်းကြခြင်းဖြစ်ပေတယ်၊ နိယတဗျာဒိတ်သာသနာဝင်ပီပြင်စွာ ယခုဘဝမှာလဲ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ဆောက်တည်ပြီးလျှင် အာဇီဝဋ္ဌမကသီလ၌လည်း ကောင်းစွာ တည်ကြပြီး ဆိုလတံ့သော ကာယဂတာ သတိကမ္မဋ္ဌာန်းကို စီးဖြန်းကြ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လက္ခဏာရေး သုံးပါးကို ဉာဏ်မျက်စိဖြင့် ကြည့်နိုင်အောင် မြင်နိုင်အောင် ထင်နိုင်အောင် တနေ့လျှင် ယုတ်စွအဆုံး သုံးနာရီမျှ အချိန် ထား၍ ကြိုးစားအားထုတ်ကြကုန်ရာ၏။

ကာယဂတာ သတိဆိုသည်မှာ ခန္ဓာကိုယ်ကြီး၌ ကာလ မပြတ် အထပ်ထပ် ဖြစ်ပျက်နေသော ရုပ်နာမ်တို့၏ အဟုတ် အမှန်အားဖြင့် ဖြစ်ပျက်နေသော အစဉ်ကို မြင်လာအောင်၊ ထင်လာအောင် ရှုမှတ်နေသော သတိတရား ဖြစ်ပါသည်။ ထိုကာယဂတာသတိ၌ ကာယာနုပဿနာ (၁၄) ပိုင်း ရှိပါသည် (၁) အာနာပါနတပိုင်း၊ (၂) ဣရိယာပထတပိုင်း၊ (၃) သမ္ပဇညတပိုင်း၊ (၄) ပဋိကူလတပိုင်း၊ (၅) စတုဓာတု ဝတ္ထာနတပိုင်း၊ (၆) သီဝထိကကိုးပိုင်းဟူ၍ (၁၄) ပိုင်း ရှိပါသည်။ ထိုတွင် အာနာပါန အလုပ်တခုကပင် ဝိပဿနာ ကိစ္စ၊ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စတို့သည် အပြီးတိုင် ရောက်နိုင်ပါသည်။ ခပ်သိမ်းသော ဘုရားရှင်တို့သည်လည်း အာနာပါနသတိ၌ တည်၍ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်ကြပါသည်။ ဘုရား အဖြစ်သို့ ရောက်ပြီးသောအခါ၌လည်း အာနာပါနသတိကို မစွန့်ကြကုန်ပြီ။

သတိပဋ္ဌာန်သည် ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ဟူ၍လေးပါးရှိသည်။ ထိုတွင်ကာယာ နုပဿနာသတိပဋ္ဌာန်သည် ကျန်သုံးပါးတို့ထက် ပို၍ ထင် လွယ်သည်၊ မြင်လွယ်သည်။ ကာယဂတာသတိ (၁၄) ပိုင်း တို့တွင်လည်း အာနာပါနသတိသည်သာ ပို၍ ထင်မြင်လွယ် သောကြောင့် အာနာပါနသတိဆိုတဲ့ ထွက်သက် ဝင်သက် ရှုမှတ်ပုံကို အဓိကထား၍ ပြဆိုပါမည်။ ကမ္မဋ္ဌာန်း ရှုမှတ်လို သော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းဆရာထံ နည်းခံ၍ တော အရပ်မှာ ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ၊ ဆိတ်ငြိမ်သော နေရာတနေရာမှာ ဖြစ်စေ နေ၍ ထက်ဝယ်ဖွဲ့ခွေ ကိုယ်နေ ဖြောင့်ဖြောင့် ကြောင့်ကျ မရှိ သတိတရားဖြင့် ဝင်သက် ထွက်သက်ကို မပျက်မပြတ် ရှုမှတ်ရမည်။ အထူးဖော်ပြလိုသည် မှာ ဤနေရာ၌ အဋ္ဌကထာ ဆရာမြတ်တို့ကား "ပလ္လင်္ကံ အာဘုဇိတွာ" ဟု ဆိုထားသောကြောင့်သာလျှင် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေမှုကို ရေးသားထားခြင်း ဖြစ်ပါသည်။ အမှန်မှာ သွားလျက်သော်၎င်း၊ ရပ်လျက်သော်၎င်း၊ လျောင်းလျက် သော်၎င်း၊ ဣရိယာပုထ်လေးပါးတို့တွင် တပါးပါးဖြင့် တရား အားထုတ်နိုင်ပါသည်။

ထို့အပြင် အထူးမှတ်သားဘို့ရာမှာ သမထအလုပ်ကို ရည် စူး၍ ဆိတ်ငြိမ်ရာအရပ်ကို ဆိုထားသည်။ ဝိပဿနာအလုပ် ကတော့ ဆိတ်ငြိမ်ရာရမှ ပေါက်ရောက် ပြီးစီးနိုင်သည်မဟုတ်၊ ပါရမီဉာဏ်သာ အဓိက ဖြစ်သည်။ ထို့ကြောင့် လူထဲသူထဲ

တရားနာရင်း တရားပေါက်သွားတဲ့ သူတွေ အများကြီး ရှိသည်။ တခါတခါ အိမ်မှာနေရင်း ထမင်းချက်ရင်းနှင့်ပင် တရားပေါက်သွားသော ပုဂ္ဂိုလ်များ ကျမ်းဂန်တို့တွင် အထင် အရှား တွေ့မြင်ရပါသည်။

ရှုမှတ်ပုံ ပါဠိတော်နည်းလာ၊ အပိုင်းလေးပိုင်းကို ရှေးဦး စွာ ပြပါမည်။

"သတိမြဲရာ၊ ပထမာ ဒုမာရှည်တိုသိ၊ လုံးစုံလင်းရာ တဒ္ဒ သာ၊စမှာ ငြိမ်းစေတိ" ဟူသော ဆောင်ပုဒ်အရ ပထမ ရှုမှတ် ခါစမှာ ထွက်သက်ဝင်သက်တို့၏ အရှည်အတိုကို နှလုံးမသွင်း သေးဘဲ စိတ်ကို နှာသီးဖျားဥ္စဖြစ်စေ အထက်နှုတ်ခမ်းဖျားဥ္စ ဖြစ်စေ ခိုင်မြဲစွာထား၍ ဝင်လေထွက်လေတို့၏ ထိမှုခိုက်မှုတို့ ကို အာရုံစိုက်၍ဝင်လာပြီ၊ ထွက်သွားပြီဟု နှုတ်က ဆိုစရာမလို၊ စိတ်ထဲမှာသာ မှတ်သားပြီး ဝင်တိုင်း ဝင်တိုင်း၊ ထွက်တိုင်း ထွက်တိုင်း သတိမလွတ်စေဘဲ သိအောင် အားထုတ်ရပါမည်၊ တနာရီ၊ နှစ်နာရီ စသည်ဖြင့် တတ်စွမ်းသမျှ ကာလပတ်လုံး မနားဘဲ၊ တစပ်တည်းအားထုတ်ပါ၊ ညောင်းရင်လဲ မပြင်နှင့်၊ ယားရင်လဲ မကုတ်နှင့်၊ ဝင်သမျှ ထွက်သမျှ တခုမှ မလွတ်ရ အောင် သတိဆောင်၍ သိအောင် ရှုမှတ်ရမည်၊စိတ်ကို နှာသီး ဖျားဥ္စ ထား၍ ရှုမှတ်လိုလွယ်လျှင် နှာသီးဖျားဥ္စ ထားပါ၊ သို့မ ဟုတ် အထက်နှုတ်ခမ်းဖျားဥ္စထား၍ ရှုမှတ်လိုလွယ်လျှင် အထက် နှုတ်ခမ်းဖျားမှာ ထားပါ၊ အချို့ကား ရင်ထဲမှာလည်း ထား၍ ရှုမှတ်ကြသေး၏။

ဒုတိယအချက် တက်၍ ရှုမှတ်ရမည်မှာ ပထမ ရှုမှတ်လို့ နှာသီးဖျား နှုတ်ခမ်းဖျား၌ ဝင်လေ ထွက်လေများ ဝင်တိုင်း ထွက်တိုင်း သတိပြုမှုအားကောင်း၍ မလွတ်စတမ်း ပိုင်အောင် နိုင်အောင် ရှုမှတ်နိုင်မည်ဆိုလျှင် မိမိရှုသော ဝင်သက် ထွက်သက်ကို ရှည်လျှင် ရှည်မှန်းသိအောင် သတိထားပြီး ရှည်တယ်လို့ ရှုမှတ်ရမည်။

တိုလျှင် တိုမှန်းသိအောင် သတိထားပြီး တိုတယ်လို့ ရှုမှတ်ရမည်၊ ရှုနေသော ယောဂီပုဂ္ဂိုလ်၏ စိတ်ထဲမှာ ရှည်သော အလှည့် တိုသောအလှည့်ကို သိနေရမည်၊ ရှည်မှု တိုမှုကို တခုမျှ မလွတ်အောင် ရှုမှတ်ရမည်၊ ရှည်သည် တိုသည်ဆိုသည်မှာ ထွက်သက် ဝင်သက် အထွက်နှေးသည်ကို ရှည်သည်ဟုဆိုသည်၊ အထွက်မြန်သည်ကို တိုသည်ဟုဆိုသည်။

အချို့ ပုဂ္ဂိုလ်များမှာ ပင်ကိုယ်အတိုင်း တမိနစ်လျှင် အကြိမ်ပေါင်း (၃၀) စက္ကန့်လောက် ရှုသည်၊ အချို့မှာ (၄၀) လောက်ရှုသည်၊ အရှည်အတို မညီကြ။

တတိယအချက်၊ ထိုထက်တက်၍ ရှုမှတ်ရန်မှာ အရှည် အတိုကို ပိုင်ပိုင်နိုင်နိုင် ရှုမှတ်လို့ နိုင်ပြီးနောက် နှာသီးဖျား နှုတ်ခမ်းဖျားမှ ချက်သို့ ကျအောင် ကိုယ်ကာယအတွင်း၌ ဝင်သက်ဆိုလျှင် နှာသီးဖျား နှုတ်ခမ်းဖျားအစ၊ လည်ချောင်း အလယ်ချက်အဆုံး သုံးပါးလုံး၌ ထင်လင်းစွာစိတ်ထဲမှာမြင်လာ အောင်ရှုမှတ်ရမည်၊ ထွက်သက်ဆိုလျှင် ချက်အစ၊ လည်ချောင်း အလယ်၊ နှာသီးဖျား နှုတ်ခမ်းဖျားအဆုံး သုံးပါးလုံး၌ ထင်လင်းစွာစိတ်ထဲမှာ မြင်လာအောင် ရှုမှတ်ရမည်။ စတုတ္ထ

အချက်မှာ ထိုသို့ အစ အလယ် အဆုံး သုံးပါးလုံးထင်ရှားအောင် ပိုင်ပိုင်နိုင်နိုင် ရှုမှတ်ပြီးပါ ရှုမှတ်ပြီးဖန်များလျှင် ထွက်သက်ဝင်သက်တို့သည် တဖြေးဖြေး တစစသိမ်မွေ့၍ လာကြလိမ့်မည် အချို့လဲ၊ လူက သိမ်မွေ့အောင် အားထုတ်ရသည်၊ အချို့မှာတော့ လူက အထူးလုပ်မနေရ၊ သူ့အလိုလို သိမ်မွေ့လာပြီး ထွက်သက်ဝင်သက်မှ ရှိသေးရဲ့လား၊ ရှူခြင်း ရှိုက်ခြင်းမှ ရှိသေးရဲ့လားလို့ ကိုယ့်ကိုယ်ကို အထင်မှားလောက်အောင် ပျောက်၍ သွားပြီဟု ထင်ရလောက်အောင်ဖြစ်လာတတ်သည်၊ ထိုသို့ ထင်သောအခါ စိတ်သည်အလွန်ပေါ့ပါး၍သွားပြီး ခန္ဓာကိုယ်ကြီးလည်း လေထဲတွင် ပျံလွင့်သကဲ့သို့ထင်ရသည်။ ဤကား ပါဠိတော်နည်းတည်း။

## ၄။ အဋ္ဌကထာနည်း။

တဖန် အဋ္ဌကထာအလို၊ ပထမဂဏနာနည်းမှာ "အနှေး အမြန် အစဉ်မှန်နှစ်တန် ရေတွက်နည်း" ဆိုသည့်အတိုင်း အနှေးရေတွက်နည်း အမြန်ရေတွက်နည်းဟု နှစ်မျိုးရှိသည်၊ ထိုနှစ်မျိုးတို့တွင် နှာသီးဖျားမှ ဖြစ်စေ နှုတ်ခမ်းဖျားမှာ ဖြစ်စေ စိတ်ကို စိုက်ထား၍ ထွက်သက်ဝင်သက် နှစ်ပါးကို ထွက်တယ်၊ ဝင်တယ်ဟု နှလုံးသွင်းသောအခါ အစဦး စိတ်မငြိမ်မသက် ဖြစ်နေသေး၍ ဝင်တိုင်းထွက်တိုင်း မထင်ရှားနိုင် မမှတ်မိနိုင်သေးပါသဖြင့် မထင်ရှားသော ထွက်သက်ဝင်သက်ကို မရေတွက်ဘဲ ထင်မှားသော ထွက်သက်ဝင်သက်ကိုသာ ရေတွက်၍ ရှုသောနည်းသည် အနှေးရေတွက်နည်းဟု ဆိုရသည်၊ ရေတွက်ပုံမှာ တစ်၊နှစ်၊သုံး၊လေး၊ငါးဟု ငါးတွင် အဆုံးထား၍ ရေတွက်နည်း တဝါရ၊ တစ်မှစ၍ ခြောက်ဘွင် တဝါရ၊ တစ်မှစ၍ ခုနှစ်တွင် တဝါရ၊ တစ်မှစ၍ ရှစ်တွင်တဝါရ၊ တစ်မှစ၍ ကိုးတွင်တဝါရ၊ တစ်မှစ၍ တဆယ်တွင် တဝါရဟူ၍ ခြောက်ဝါရတို့ဖြင့် ရေတွက်ရာ၏။

ထိုသို့ ခြောက်ဝါရသည့်တိုင်အောင် ရေတွက်ပြီးလျှင် တဖန်ပြန်၍ ပထမဝါရသို့ ပြန်ရှုပါ၊ ထိုတို့ ခဏ ခဏ ရှုမှတ်ပြီး နေသားကျလာသော် စိတ်ကို ရှေးဦးစွာ နှာခေါင်းဝသို့ စိုက်ထား၍ ထွက်သက် ဝင်သက်နှစ်ပါးတို့တွင် ထင်ရှားရာ တခုခုကို တစ်ဟုရေတွက်ရာ၏ နှစ်ခုလုံးထင်ရှားသည် ချည်းဖြစ်လာလျှင် အစဉ်အတိုင်း နှစ် သုံး လေး ငါးဟု ရေတွက်ရာ၏ မ ထင် ရှား သည် ချည်း ဖြစ် လာ လျှင် တန့် ရပ် ၍ ထင်ရှားသော အချက်ပေါ်လာမှ နှစ်စသည်တက်၍ ငါးသို့ ကျလျှင် တစ်က ပြန်စရ၏၊ ထိုနည်းအတူ တဆယ်ဝါရတိုင်အောင် ထင် ရှား သော ထွက် သက် ဝင် သက် တို့ ကို သာ ကောက်၍ ရေတွက်သောကြောင့် နှေးသော ရေတွက်နည်းဟု ဆိုရသည်။

အမြန်ရေတွက်နည်းကား ထိုသို့ ဆိုအပ်ခဲ့ပြီးသည့် အတိုင်း ရေတွက်၍ ရှုမှတ်ဖန်များလတ်သော် ထင်ထင်ရှားရှား ရေတွက်ရသော အချက်တို့သည် များ၍များ၍လာလိမ့်မည်၊ တစ်နှစ်စသော မှတ်ချက်တို့လည်း အမြဲမပြတ် အလပ်မရှိဘဲ၊ အမြဲမှတ်နိုင်လာလိမ့်မည်၊ တခု ခုကိုမူ အမှတ်မလွတ်ဘဲ ဖြစ်နေလိမ့်မည်၊ ထွက်သက် ဝင်သက်အစဉ်နှင့် တစ် နှစ်စသော ဂဏန်းအစဉ်သည် မခုန်မကျော် အချော်အလပ်မရှိ၊ တခါတည်း ထပ်ကနဲ ချပ်ကနဲ တိတိကျကျ မိမိရရ အသားကျသွားသလို ဖြစ်လာလိမ့်မည်။

တစ် နှစ်စသော ဂဏန်းများ နှုတ်က ရွတ်စရာမလို စိတ်ထဲကသာ ရေတတ်လျှင် ပြီးပါသည်။ အာရုံ မြန်မြန်ထင်သလောက်

သတိက တိကနဲ ချပ်ကနဲ လိုက်မှတ်ဘို့သာ အရေးကြီးပါသည်။ ဤကား အမြန် ရေတွက်နည်းတည်း။

ထို့နောက် မရေတွက်သော်လည်း ရေတွက်သည့်နည်းတူ နှာခေါင်းဝ၌ ထွက်သက်ဝင်သက်တို့ထိတိုင်း ထိတိုင်း အသိနှင့် သတိသည် မြဲပြီး စွဲပြီးနေသဖြင့် နှလုံးသွင်း၍ နေသမျှကာလပတ်လုံး ထွက်သက်ဝင်သက်တချက်မျှ အသိနှင့် သတိကင်း၍ လွတ်သွားခြင်းမရှိပေ၊ထိုအခါ ဂဏနာနည်းဖြင့် ရေတွက်၍ ရှုမှတ်ရန်မလိုတော့ချေ။

ဒုတိယအချက် အနုဗန္ဓနာနည်းမှာ "အမြဲအမြန်၊ အတွယ်သန်၊ တဖန်ဖွဲ့ထားနည်း" ဆိုသည့်အတိုင်း ရေတွက်၍ ထိရာဌာန၊ နှာသီးဝ၌ စိတ်ကို စိုက်ထားပြီး ထွက်လေ ဝင်လေကို အစဉ်အတိုင်း တကြိမ်မျှ မလွတ်စေရဘဲ၊ အစဉ်မပြတ် သတိချပ်လျက် ဖွဲ့စပ်ထားသဖြင့် အစဉ်တွယ်ကပ်နေအောင် အားထုတ်ရသည့် နည်းဖြစ်သည်။

ရေတွက်မှုမရှိဘဲလျက် ထိမှု သိမှု အစဉ်မှန်၍နေအောင် အဖန်ဖန် အထပ်ထပ် ဝင်နေတယ် ထွက်နေတယ်ဟု အမှတ်မပြတ်စေရဘဲ၊ ပဋိဘာဂနိမိတ်ပေါ်၍ လာသည့်တိုင်အောင် ရှုမှတ်၍ နေရမည်ဟု ဆိုလိုသည် ဤသို့ဆိုအပ်ခဲ့ပြီးသော ဂဏနာနည်းနှင့် အနုဗန္ဓနာနည်းနှစ် နှစ်ခုလုံးထိရာ ဌာနကို မလွတ်ရသေးပါ။

ပဋိဘာဂနိမိတ် ထင်ပြီးသည့်နောက်မှာ အဋ္ဌကထာနောက်ဆုံးနည်းဖြစ်သည့် ထပနာနည်းဖြင့် အားထုတ်ရမည် အားထုတ်ပုံမှာ ဆိုအပ်ပြီးသည်အတိုင်း ထင်မြင်လာလော ပဋိဘာဂ

နိမိတ်ကို မကွယ်မပျောက်စေမူ၍ ထင်ထင်ရှားရှား ပွင့်လင်း၍ သွားအောင် အာရုံ၌ စူးစူး စိုက်စိုက် အင်တိုက် အားတိုက် ဖိဖိစီးစီး စိတ်ကို ထား၍ အားထုတ်ခြင်းကို ထပနာနည်းဟု ခေါ်သည်။

ထပနာနည်းသို့ ရောက်သောအခါ ဆုတ် ယုတ်ကြောင်း နေရာ ဌာနစသော အသပ္ပါယ (၇) ပါးကို ရှောင်ကြဉ်၍ တိုးပွားကြောင်း နေရာဌာနစသော သပ္ပါယ (၇) ပါးကို မှီဝဲကာ အသုံးအဆောင် ဝတ္ထုသန့်ရှင်းခြင်းစသော အပ္ပနာ ကောသလ္လ (၁၀) ပါးနှင့် ပြည့်စုံစေရာ၏၊ ဤကား သမထ စခန်းဖြစ်သည့် သမာဓိရအောင် အားထုတ်သော နည်းတည်း။

ဤကဲ့သို့ အားထုတ်၍ သမာဓိ ကောင်းလာသောအခါ သမာဓိစခန်းမှ ဝိပဿနာလမ်းသို့ တက်နည်းမှာ ရေပွက်ကဲ့သို့ ခဏခဏမပြတ် မစဲ တဖွဲဖွဲ ဖြစ်ပျက်နေသော ထွက်သက် ဝင် သက်ဖြစ်မှုကို သိနေသော စိတ်တို့သည်၊ အမြဲမရှိ ကင်း ပျောက်ချုပ်ကွယ်၍ သွားကြ၏၊ ချမ်းသာမရှိ ဆင်းရဲဘိ၏ အနှစ် သာရ ဘာမျှမရှိ အတ္တသတိရ အနိစ္စ ဒုက္ခ အနတ္တသဘော လက္ခဏာရေးသုံးပါး ရှေ့သွားပြု၍ ရှုရမည်။

ဤနေရာ၌ ရုပ်နှင့်နာမ် နှစ်တန်တို့တွင် အဘယ်ကို အစ ပြု၍ ရှုရမည်နည်းဟု မေးစရာရှိသည်။ ရုပ်သည် နာမ်ထက် ဝိပဿနာရှုရာမှာ ဥာဏ်၌ ထင်ရှားလွယ်သောကြောင့် ရုပ်ကို အစပြု၍ ရှုခြင်းသည် ပေါက်ရောက်လွယ်သည်။

ရုပ်ကိုရှုရာ၌လည်း "ဘူတံဘူတ တောဝိပဿတိ" ဆိုသည့် ဒေသနာတော်အရ၊ ထွက်သက်၊ဝင်သက် ကာယဂတာ အာနာ

ပါနုဿတိသည် သမာဓိရလွယ်သောကြောင့်၎င်း၊ ထင်လွယ် မြင်လွယ် သောကြောင့်၎င်း၊ ယခုအခါ ရိပ်သာများ၌ အာနာပါနဿတိကိုသာ အားထုတ်ကြသည်များ၏။

ကာယကတာသတိဟု ဆိုအပ်သော ထွက်သက် ဝင်သက်ကို ရှုမှတ်လို့ အညောင်းအညာဟု ဆိုအပ်သော ဝေဒနာ ပေါ်လာသောအခါ ထိုဝေဒနာသို့ လိုက်၍ ရှုမှတ်လျှင် ဝေဒနာနုပဿနာဖြစ်လာပါသည်။

ရှုမှတ်ရင်း ကြံစည်တွေးတောသော စိတ်ကို လိုက်၍ ရှုမှတ်လျှင် စိတ္တာနုဿနာဖြစ်လာပါသည်။

ကာမဝိတက်စသော ဆန့်ကျင်ဘက် နီဝရဏတရားများ ဖြစ်ပေါ်လာလျှင်လဲ၊ ထိုတရားတို့သို့လိုက်၍ ရှုမှတ်လျှင် ဓမ္မာနုပဿနာဖြစ်ပေါ်လာပါသည်။

သို့ဖြစ်၍ ကာယာနုပဿနာကို အားထုတ်လျှင် ကျန်ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတို့ကိုလည်း ရှုမှတ်သည်ဟု ခေါ်ရတော့သည်။

ထို့ပြင် ထိုသတိပဋ္ဌာန်လေးပါးကို ပွားများရှုမှတ်နေသည် ဆိုလျှင် အတူတကွ သဟဇာတဖြစ်ကြသော သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ တရားတို့ကိုလည်း ပွားများ အားထုတ်နေသည်ဟု ဆိုရတော့သည်။

အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်လေးပါး ထူထောင်၍ အားထုတ်နေသောသူသည်၊ တွန့်တိုဆုတ်နစ်ခြင်းမရှိသော၊ ဝီရိယ

ဖြစ်နေသဖြင့် သမ္မပ္ပဓာန်လေးပါး ပြည့်စုံနေတော့သည် သာတည်း။

အားထုတ်လိုသော ဆန္ဒ, ကြိုးစားသောဝီရိယ, ကြံစည်သောစိတ်, အလင်းရောင်ရနေသော ပညာတို့နှင့်တကွ ပြီးစီးပေါက်ရောက်နေသောကြောင့် ဣဒ္ဓိပါဒ်လေးပါး ပွားများနေသည်ဟု ဆိုရတော့သည်။

ထို့အတူ စိတ်ကိုအစိုးရနေသောကြောင့် ဣန္ဒြေငါးပါးနှင့်လည်းပြည့်စုံတယ်၊နိဝရဏတရားတို့ မတုန်လှုပ်နိုင်သောကြောင့် ဗိုလ်ငါးပါးတို့နှင့်လည်း ပြည့်စုံတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးပွားများနေသည်ဟူ၍လည်းဆိုနိုင်တယ်။ သို့အတွက် ထွက်သက် ဝင်သက်ဟု ဆိုအပ်သော အာနာပါနသတိကို ထူထောင်၍ အားထုတ်ရှုမှတ်နေလျှင် ယောဂီပုဂ္ဂိုလ်၏ ပါရမီအလျောက် (၁)ရက် (၂)ရက်၊ တလ၊ နှစ်လ တနှစ်၊ နှစ်နှစ်နှင့် မဂ်ဖိုလ်သို့ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။ သည်ဘဝ မျက်မှောက်မပြုနိုင်စေကာမူ....

(၁) ရတနာသုံးပါးကို အရင်ကထက်ပို၍ ကြည်ညိုခြင်း၊ ကြည်ညိုတတ်ခြင်း။

(၂) သေရမည့်ဘေးကို တရားအားမထုတ်ခင်ကလောက် မကြောက်ခြင်း။

(၃) မတရားသောဝိသမလောဘ အဓမ္မရာဂ မဖြစ်တော့ခြင်း။

(၄) ရသမျှနှင့် ရောင့်ရဲနိုင်ခြင်း။

(၅) ကုသိုလ်၌ မွေ့လျော်ခြင်း စသော အကျိုးတရား များကတော့ တရားအားထုတ်သူတိုင်း ခံစားရ ပါမည်။

နိဗ္ဗာန်သို့ သွားရန်လက်မှတ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့ သည်လည်း၊ သတိပဋ္ဌာန်လေးပါးကို အဟာရပြုလျက် နေကြ ကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားကလည်း....

"သဗ္ဗတ္ထဉ္စာဟံဘိက္ခဝေ သတိထပေတဗ္ဗာ"

"ဘိက္ခဝေ၊ ငါ၏ ချစ်သားတို့။ အခါခပ်သိမ်း သတိတရား ဆိုတဲ့ရှုမှတ်မှုကို ထားရမည်"ဟု ဟောကြားတော် မူခဲ့ပါတယ်၊

အမှန်သို့ရောက်ကြောင်းလမ်းက တလမ်းသာ အမှားသို့ ရောက်ကြောင်းလမ်းများက များပါဘိ၏ဟု ဆိုလိုပါသည်။

ကောဓမွှောဆိုတာလဲ သတိပါဘဲ၊ မြန်မာလူမျိုးများလဲ သတိဆိုတာ ပိုသည်မရှိဘူး လိုသည်သာရှိတယ်ဟု ပြောကြား ပါတယ်။

"စတုန္နံဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ
အဒဿနာ၊ အနနုဗောဓာ အပဋိဝေဒါ ဝေမိဒ်ဒီဃဉ္စ
မဒ္ဒါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ"

ငါ၏ချစ်သားတို့၊ အရိယာသစ္စာတရားလေးပါးတို့ကို သင် ကြားသိမသိခြင်းကြောင့်၊ ကျင့်ကြံသိမသိခြင်းကြောင့်၊ ထိုး

ထွင်းသိမသိခြင်းကြောင့် ငါးဘုရားအားရင်း၊ သင်တို့ကရင်း၊ ဤသို့ရှည်မြင့်စွာသော ကာလပတ်လုံး သံသရာ ခရီးကြီးကွာ ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ကျက်စားခဲ့ရလေပြီ။

ဒီတော့ လမ်းမှန်ကို သိလိုလျှင် ငါဘယ်က လာသလဲ၊ ငါဘယ်သွားရအုန်းမှာလဲ၊ ငါသေလျှင် ဘာဖြစ်မလဲ၊ ဘာမှမဖြစ်၊ပြတ်သွားမှာလားဟု တွေးတောယုံမှားနေလျှင် ဘာမှအကျိုးမရှိ၊ သိချင်လျှင် သစ္စာလေးပါးကို သိအောင်သာလုပ်ကြပေတော့၊ တရားအားထုတ်နေလျှင် အာစာရအရိယာဖြစ်တော့သည်။

ရုပ်နာမ်မြင်လျှင် ဒဿန အရိယာဖြစ်တော့သည်၊ စူဠသောတာပန်ဟု ခေါ်ရသည်၊ စိတ်ဓာတ်အသိဉာဏ် ပြောင်း၍ အသွင်းပြောင်းသွားလျှင် လိင်္ဂအရိယာဖြစ်တော့သည်။ မဇ္ဈိမသောတာပန်ဟု ခေါ်ရသည်။ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ပြီး အချုပ်နိဗ္ဗာန်ကိုမြင်လျှင် ပဋိဝေဓအရိယာ မဟာသောတာပန်ဟု ခေါ်ရတော့သည်။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက—

(၁) လိုချင်ဖြစ်ချင် စွဲနေလျှင် ဖြစ်အင်သမုဒယ၊
(၂) ရလာဖြစ်လာ၊ ဒုက္ခသာ၊ မှတ်ပါဆင်းရဲပ၊
(၃) မလိုမချင်၊ မြတ်မဂ္ဂင်၊ အစဉ်ပွားများကြ၊
(၄) မလိုချင်မှ၊ မဖြစ်ရ၊ နိဗ္ဗာန်ဟုမှတ်၊

(၅) အာသာမပြေ၊ အာရုံတွေ၊ လိုလေမဆုံးပ၊
(၆) တဖြစ်မစဲ၊ တသက်လဲ၊ ဝဋ္ဋထဲနစ်မည်မှတ်၊
(၇) ဘဝများစွာ အခါခါ၊ စားတတ်ဘယ်သူပ၊
(၈) နှတ်ဆေး စက္ခု ကွင်ရှု၊ မြင်မှုဘီလူးမှတ်။
ဟူ၍ မိန့်ဆိုထားခဲ့ပါသည်။

# ၅။ စွန်းလွန်း ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

## ပုဗ္ဗကိစ္စများ

ကျွန်ုပ်စာရေးသူသည် အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေ ဒေါ်လှခင်နှင့် အတူ ရန်ကုန်မြို့စွန်းလွန်းဂူရိပ်သာသို့ ရောက်၍ ဆရာတော်ကြီး၏ နိသျှည်းကို ခံယူရင်း တရားအားထုတ်ခဲ့သဖြင့် ရရှိခဲ့ သိရှိခဲ့သမျှ ရေးသားဖော်ပြပါသည်။

တရားအားမထုတ်မီ၊ ပုဗ္ဗကိစ္စများ ပြုလုပ်ရန်မှာ အကျွန်ုပ်သည် ရတနာသုံးပါး၊ ဆရာမိဘတို့နှင့်တကွ အနန္တသတ္တဝါ အပေါင်းတို့၏ အပေါ်၌ သံသရာဘဝအဆက်ဆက်မှ ယနေ့ ကျအောင်၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သော် ထိုအပြစ်များကို သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်ပါ၏။ မိမိအပေါ်ပြစ်မှားမိခဲ့ကြသော အပြစ်များကိုလည်း သည်းခံပါ၏။

ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို တရားအားထုတ်တဲ့အခါ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား၊ ကမ္မဋ္ဌာနစရိယ ဆရာတော်ကြီးအားလည်း လှူဒါန်းပါ၏ ဆို၍ ကျွန်ုပ် အားထုတ်ကျင့်ကြံရသော ကုသိုလ်အဘို့ကို သုံးဆယ့်တဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏ သူတော်ကောင်း သူမြတ်လောင်းတို့ ပို့သသော မေတ္တာ၏ ကုသိုလ်အဘို့ကိုလည်း အကျွန်ုပ်က ခံယူ၍ အကျွန်ုပ်ပေးဝေအပ်သော ကုသိုလ်အဘို့ကိုလည်း သာဓု အနုမောဒနာပြုကြပါရန် အမျှပေးဝေပါ၏၊ အမျှ၊အမျှ၊အမျှ ယူတော်မူကြပါကုန်လော။

ဤသို့ ပုဗ္ဗကိစ္စများကို ပြောဆိုပြုလုပ်ပြီးလျှင် မိမိကြိုက်နှစ်သက်သော ဣရိယာပုတ်ဖြင့် ထိုင်ပါ၊ ကြာကြာထိုင်နိုင်သော ဣရိယာပုတ်ဖြင့် ထိုင်ပါ။

"ဥဇုကာယံ" ဆိုသည့်အတိုင်း ခါးကို မတ်မတ်ထားပါ လက်နှစ်ဖက်ကို တောင့်တောင့်ထားလျက်၊ လက်ဝဲလက်ဝါး ပေါ်မှာ လကျာလက်ဝါးထည့်ပါ၊ လက်ချင်းတော့ ယှက်မထားပါနှင့် အားယူရန်လိုအပ်က ဆုတ်ကိုင်နိုင်အောင်ထားရပေမည်။

လက်မောင်းများကို ကိုယ်နှင့် တပ်၍ ခပ်ကျယ်ကျယ်ခပ် တင်းတင်းထားပါ၊ ဦးခေါင်းကို နောက်သို့ မလန်ပါစေနှင့် အသင့်ဖြစ်ပြီဆိုလျှင် မျက်စိမှိတ်၍ ပါးစပ်ပိတ်ပြီး ဝင်သက်က

စ၍ ပြင်းပြင်းရှုပါ တတ်နိုင်ပါက ဆိတ်ငြိမ်၍ လေလုံသော နေရာ၌ ထိုင်လျှင် ပို၍ကောင်းသည်။ တဦးတည်းထိုင်လျှင် ပို၍ကောင်းသည်။

မည်သည့်အခါမဆို မိမိနှင့် သင့်လျော်သောအခါ အားထုတ်ပါ ကြိုက်နှစ်သက်သော ကြာကြာထိုင်နိုင်သော ဣရိယာပုထ်နှင့် ထိုင်ပြီးနောက် "ညောင်းရင် မပြင်နှင့် ယားရင် မကုတ်နှင့် နေရာမရွေ့နှင့်" လုပ်ငန်းပြီးသည်အထိ တဆက်တည်း အားထုတ်ရမည်။

အားထုတ်ပုံမှာ ထွက်သက်ဝင်သက် နှစ်မျိုးတို့တွင် ဝင်သက်က စ၍ ရှုရပါမည်၊ ရှုသည့်အခါ နှာသီးဖျား နှုတ်ခမ်းဖျား သို့မဟုတ် တနေရာရာ၊ ဝင်လေထွက်လေတို့ ထိသွားသောအခါ သိလာပါလိမ့်မည်။

သိသည့် အပေါ်၌ သတိကြပ်ကြပ် ရှုမှတ်လျက် ခပ်ပြင်းပြင်းခပ်တင်းတင်း ခပ်မြန်မြန်ရှုပါ။

ခပ်ပြင်းပြင်းခပ်တင်းတင်းရှုရခြင်းမှာ ပြင်ပကအသံများ မကြားရအောင် စိတ်အာရုံ အခြားသို့ မရောက်မသွားအောင် သမာဓိမြန်မြန်ရအောင် ပေါ်လာသည့် ဝေဒနာ နိုင်နင်းစွာ သတိပြုနိုင်အောင် ပြင်းပြင်းတင်းတင်း ရှုရှိုက်ခြင်း ဖြစ်ပါသည်။

"ထိမှ သိမှ၊ ထိနှစ်ခု၊ သတိကြပ်ကြပ်ပြု" လို့ ဆရာတော်ဘုရားကြီး အမိန့်ရှိသည့်အတိုင်း နှာသီးဖျား နှုတ်ခမ်းဖျားမှာ ဝင်လေ ထွက်လေတို့၏ ထိသွားသည်ကို သိလိမ့်မည်။

ထိုသိသည့် အပေါ်၌ သတိကို ကြပ်ကြပ်ပြုရမည်၊ ဝီရိယ စိုက်၍ စိတ်ကို တင်းတင်းထား၍ အားပြုရမည်၊ ဘခြား အာရုံမရောက်ပါစေနှင့် ဖြစ်သလို ချောင်ချောင်နေမည်ဟု အားမလျော့ပါနှင့်ဟု ဆိုလိုပါသည်။

သတိပြုသည့်အခါ ဝင်လေ ထွက်လေ နောက်သို့ လိုက် မသွားပါနှင့် လေလုံးသဏ္ဍာန်သို့လည်း လိုက်မသွားပါနှင့် ထိ မှုသက်သက်ကိုသာ သတိပြုပါ။

ရှုသည့်အခါ ရေကို စုတ်တံဖြင့် ဆွဲငင်ယူလိုက်သကဲ့သို့ ရှိုက်လေများများ ပါအောင် ဝင်သက်ကိုသာ ဂရုစိုက်ပြီး ကပ်ဆွဲပါ၊ ထွက်လေကတော့ သူ့အလိုလို ထွက်လာလိမ့်မည် ဝင်သက်ကိုသာ ဂရုစိုက်ပြီး ကပ်ဆွဲရခြင်းမှာ သမာဓိရင့်သန် လာယ်ပါသည်။

ဝေဒနာလည်းကောင်းစွာ တက်စေပါသည်၊ ဝင်သက်ကို ဂရုစိုက်၍ ရှုမှ ဝင်သက်နှင့် ထွက်သက်မျှသွားပါသည်။

ဤနေရာတွင် ကျမ်းဂန်များ၌ လွှဆွဲသကဲ့သို့ အဆက်မပြတ် ထိ၍ ထိ၍ "ရှူးရှဲ ရှူးရှဲ မြည်မြည်သွားကြောင်း" ဆိုပါသည်။ ခြေလက်၊ ဦးခေါင်းနှင့် ကိုယ်ကို မလှုပ်ဘဲ ငြိမ်ငြိမ်ရှုပါ သို့မှ သာလျှင် သမာဓိအဖြစ်မြန်ပြီး ဝေဒနာကောင်းစွာ တက် လိမ့်မည်။

ခပ်သန်သန် ခပ်ပြင်းပြင်း ရှုနေသည့်အခိုက်အစတွင် ရင်ထဲ၌ မောကြပ်ကြပ် ဖြစ်လာတတ်သည်။ ထိုသို့ဖြစ်လာလျှင် အရှု မရပ်ပါနှင့် အရှုမလျော့ပါနှင့် ထွက်သက်ကို လွန်စွာမှုတ်ထုတ် နေခြင်းကြောင့် ဝင်သက်ကို အလွန်တိုစွာ ရှုနေခြင်းကြောင့်

ဝင်သက်ထွက်သက် မမျှ၍ မောကြုပ်ကြုပ်ဖြစ်သည်ဟု မှတ်ပါ။ အမောနှင့် အညောင်းအားကို ပြေပျောက်နိုင်သော ဆေးမှာ ခပ်သန်သန် ခပ်ပြင်းပြင်း ခပ်တင်းတင်း ရှူလိုက်ခြင်းပင် ဖြစ်ပါသည်။

နှာသီးဖျား၊ နှုတ်ခမ်းဖျားကို လေတိုးထိသည့် အပေါ်၌သာ သတိပြုပါ၊ ရှူမှတ်ပါ၊ ဘဝင်၊ ရင်ညွန့်စသော အခြားဌာနများ၌ သတိစိုက်ရန် မလိုပါ။ ရှူရန်အချိန်ကို မပိုင်းဖြတ်ပါနှင့် ခပ်ပြင်းပြင်း ရှူသည့်အခါ ကိုက်ခဲမှု ဝေဒနာ၊ ပူအေးမှု ဝေဒနာများ တက်လာပေလိမ့်မည်။

ထိုဝေဒနာများကို သတိကပ်လိုက်ပါ။ အရှူမရပ်ပါနှင့် အရှူရပ်လိုက်မည်ဆိုလျှင် ဝေဒနာများသည် လျှော့ဆင်းသွားတတ်သည်။ ရှူနေခိုက် တက်လာသော ဝေဒနာ၏ သုံးပုံနှစ်ပုံလောက်ထိ လျှော့ဆင်းသွားတတ်သည်။

ဝေဒနာသည် လုံလောက်ပြီဟု ယူဆလျှင် အရှူရပ်လိုက်ပါ အရှူရပ်ပြီး နာရီဝက်လောက်၊ လေးဆယ့်ငါးမိနစ်လောက်၊ တနာရီလောက် သတ်မှတ်ပြီး အချိန်စေ့လျှင် အခြားတဦးက လာ၍ အသိပေးရန် စီစဉ်ထားနိုင်ပါသည်။

အရှူရပ်ရန် ပန်းဝင်ခါနီးတွင် အချက် လေးငါးဆယ်ခန့်လောက် သန်သန်မြန်မြန် ပြင်းပြင်းတင်းတင်း ရှူလိုက်ပါ။

ထိုနောက်မှ ဝင်သက်နှင့် ဆတ်ကနဲအောင့်ပြီး ခန္ဓာကိုယ်တခုလုံးခြုံပြီး သတိပြုပါ၊ သတိထားပြီးမှ ခေတ္တအနားယူပါ။

အရှုကို ဝင်သက်နှင့် ဆက်ကာနဲရပ်၊ အသက်ကို အောင့်ထား၊ ကိုယ်ရောစိတ်ပါ ကြုံ့ကြုံ့ငြိမ်ငြိမ်ထားပြီး ရှုလိုက်ရှိက်လိုက်လုပ်ပါ။ ထိုအခါ နာကျင်ကိုက်ခဲပြီး စူးရှပူအေးခြင်း စသော ဝေဒနာများ ပေါ်ပေါက်လာလိမ့်မည်။

ထိုသို့ ပေါ်ပေါက်လာသောအခါ အထင်ရှားဆုံး ဝေဒနာကို ကြပ်ကြပ် သတိပြုနေခြင်းသည် ကျမ်းဂန်တို့၌လာသော ကပ်၍ရှုခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီးက "သာသာထိတော့ သာသာသိ၊ နာနာထိတော့ နာနာသိသည်"ဟု မိန့်ဆိုပါသည်။

ပို၍လည်း မသိပါနှင့် လို၍လည်း မသိပါနှင့် အစစ်အမှန်ကိုသာ သိပါစေ၊ ဖြစ်ပေါ်သမျှကို ဖြစ်ပေါ်သည့်အတိုင်းသာ သိပါစေ၊ ဖြစ်ကာမျှ မတ္တသာဟူ၍ သိပါ။

ငါ့ခြေ ငါ့လက် ငါ့ကိုယ် ငါနာသည်ဟု ငါမပါပါစေနှင့် မဆိုင်ချင်ပါနှင့်၊ မပိုင်ချင်ပါနှင့်၊ ဤကားရုပ်၊ ဤကား နာမ်၊ ဤကား အနိစ္စ၊ ဤကားဒုက္ခ၊ ဤကား အနတ္တဟူ၍လည်း ပါးစပ်ကလည်း မရွတ်ဆိုပါနှင့် စိတ်ကလည်း မတွေးတောပါနှင့်၊ အမည်တပ်၍ ဝေဖန်ခန့်ခွဲ တွေးတောခြင်းသည် ပညတ်သာ ဖြစ်ပါသည်။

ဝေဒနာကား ဝိပဿနာ လမ်းပေါ်မှာ ရင်ဆိုင်ရသည့် မရှောင်သာသော သတိပဋ္ဌာန်ဖြစ်လေသည်။ ထိုဝေဒနာကို အောင်မြင်နိုင်အောင် မလျှော့သော လုံ့လဥဿာဟဖြင့် အားထုတ်ရသည်။

ဝေဒနာသည် အနိစ္စသဘောဖြစ်၍ တနေ့ကုန်ခြင်း၊ တနေ့ဆုံးခြင်း၊ ချုပ်ခြင်း၊ ပြတ်ခြင်း၊ ရပ်ခြင်းသို့ ရောက်ပေလိမ့်မည်။

ကုန်ခြင်းဆိုသည်မှာ တဖြေးဖြေးယုတ်လျော့ပြီး ပျောက်ကွယ်သွားခြင်းကို ဆိုသည်။

ဆုံးခြင်းဆိုသည်မှာ ကြိုးစကို အစမှအဆုံးထိ လိုက်သည်ရှိသော် ဆုံးသွားသကဲ့သို့ ဖြစ်သည်ကိုဆိုသည်။ ချုပ်ခြင်းဆိုသည်မှာ ဆီကုန်ခန်းသော မီးလျှံမှာ ချုပ်ငြိမ်းသွားသကဲ့သို့ ဖြစ်သည်ကိုဆိုသည်။

ပြတ်ခြင်းဆိုသည်မှာ ကြိုးကို ဓားဖြင့် ခုတ်ဖြတ်လိုက်သကဲ့သို့ တမဟုတ်ခြင်း ပျောက်သွားသည်ကို ဆိုသည်။

ရပ်ခြင်းဆိုသည်မှာ ချားရဟတ်ကို လှည့်လိုက်တဲ့အခါ အရှိန်ကုန်တော့ရပ်သွားသကဲ့သို့ ဖြစ်သွားသည်ကို ဆိုသည်။

ဝေဒနာနှင့် ရင်ဆိုင်ရသော ယောဂီသည် ဝေဒနာကို တပိုင်းတစ ချန်လှပ်မထားသင့်ပေ။ ဝေဒနာ ကုန်အောင် ဆုံးအောင် ချုပ်အောင် ပြတ်အောင်၊ ရပ်အောင် လိုက်ရပေမည်။

ဝေဒနာ ကုန်ဆုံး ချုပ်ပြတ်ရပ်သွားသောအခါ အလွန်ချမ်းသာသော ငြိမ်းအေးမှုကို ရရှိသည်။

ထို့ကြောင့် မြတ်စွာဘုရားက "ဝေဒနာနံခယာဘိက္ခုနိစ္ဆာတော ပရိနိဗ္ဗုတော"ဟု ဟောတော်မူ၏။ ဘိက္ခု၊ ဝိပဿနာရှု၍ နေသော ယောဂီပုဂ္ဂိုလ်သည်။ ဝေဒနာနံ၊ ဝေဒနာတို့၏။

ခယာ၊ ကုန်ခြင်း ဆုံးခြင်း ချုပ်ခြင်း ပြတ်ခြင်း ရပ်ခြင်းကြောင့်။ နိစ္စတော၊ တောင့်တဆာလောင်ခြင်း ကင်းပြောက်သွားသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ခန္ဓာဝဋ်ကိန်း သံသရာအပြတ်ငြိမ်းသဖြင့် ဇာတ်သိမ်းသွားရလေတော့သတည်း။

ဝေဒနာချုပ်ငြိမ်းသွားလျှင် တောင့်တ အာသာ ကင်းသွားသည်ဖြစ်၍ စိတ်အလွန်သန့်ရှင်းသွား၏။ အစစ အရာရာ တဏှာအာသာမတောင့်တဘဲ ရောင့်ရဲသွား၏၊ ရောင့်ရဲခြင်း "သန္တုဋ္ဌိပရမံဓနံ" ဆိုသည့်အတိုင်း အလွန်မွန်မြတ် ချမ်းသာသော အဖြစ်သို့ ရောက်သွား၏။

ဤနေရာ၌ "ပရိနိဗ္ဗုတော"အရ သာမန် ယောဂီပုဂ္ဂိုလ်တို့မှာတော့ ခန္ဓာဇာတ်သိမ်း အပြတ်ငြိမ်းသည့် ပရိနိဗ္ဗာန်ကို မယူရ၊ တောင့်တမှုတွေ ကြောင့်ကြမှုတွေ၊ ဆင်းရဲမှုတွေ၊ နှလုံးမသာယာမှုတွေ၊ ပူဆွေးမှုတွေ၊ ငိုကြွေးမှုတွေတို့မှ အေးငြိမ်းမှုတို့ကိုသာ ယူပါ။ ဘုရားရဟန္တာများမှာတော့ အဆုံးစွန် ပရိနိဗ္ဗာန်စံဝင်တော်မူသည်ကို ယူရသည်။

ဒုက္ခဝေဒနာကို ပိုင်အောင်၊ နိုင်အောင်၊ ကိုင်ရသည်၊ ဒုက္ခဝေဒနာပိုင်မှ သုခဝေဒနာကို နိုင်မည်။ ထို့ကြောင့် လောကဓံတရားရှစ်ပါးတွင် ဆင်းရဲတာကို ခံနိုင်ရည်ရှိကြသည်။ ချမ်းသာတာကိုတော့ မခံနိုင်ကြဘူးဆိုတာပါဘဲ။

ဒုက္ခဝေဒနာမှာ လေးမျိုး လေးစားရှိသည်၊ ပူပြင်းစီရင်တဲ့ သင်္ခါရဒုက္ခ၊ ဖေါက်ပြန်တဲ့ ဝိပရိဏာမဒုက္ခ၊ ကပ်၍နှိပ်စက်တဲ့ သံတာပနဒုက္ခ၊စိတ်ဆင်းရဲကိုယ်ဆင်းရဲတဲ့ဒုက္ခ၊ဒုက္ခတာဟူ၍လေးမျိုး ရှိသည်။

ညောင်းခြင်း၊ ညာခြင်း၊ နာခြင်း၊ ကိုက်ခြင်း၊ ပူခြင်း၊ အေးခြင်းသည်ဒုက္ခတဲ့၊ တရားအားထုတ်၍ အချိန်ကြာလာသော အခါ ထိုညောင်းခြင်း၊ ညာခြင်း၊ နာခြင်း၊ ကိုက်ခဲခြင်း ဖြစ်လာ၍ မခံသာအောင်ဖြစ်နေတော့၊ ကိုယ်ခန္ဓာကိုပြင်ချင်သည့်စိတ်ကို အာရုံငါးပါးသို့ လွှတ်သည်၊ သို့သော် ထိုသို့ ပြုလိုက်လျှင် အဘယ်မှာ သမာဓိ ရင့်သန်နိုင်တော့မည်နည်း။

သမာဓိမရင့်သန်လျှင် အဘယ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တော့မည်နည်း။

ထို့ကြောင့် စွန်းလွန်းဆရာတော်ကြီးက"မခံသာ၊ မှန်ပါဘိ၊ သည့်တရား၊ ခံသာလျှင်၊ သံသရာကြောမှာ မျောလိမ့်အများ" ဟူ၍ မိန့်ကြားတော်မူပါသည်။

ဝေဒနာပြင်းစွာတတ်၍ သတိမကပ်နိုင် ဖြစ်သည့် အခါ ကိုယ်နှင့်စိတ်ကို ကြုံ့ကြုံ့ထား၊ ငြိမ်ငြိမ်နေပြီး အောင့်၍ လိုက်ရာ၏။ အောင့်၍လိုက်သည်ဆိုသည်မှာ အသက်ကို အောင့် ထားခြင်းကိုဆိုသည်။

အသက်ကို အောင့်ထားလိုက်ဆိုသဖြင့် လုံးဝအသက်မရှူရ မဆိုလိုပါ၊ အပ်ပေါက်ကဲ့သို့ အပ်ကိုထိုးသည့်အခါ လွယ်ကူစွာ ဝင်ရန်၊ အသက်အောင့်ပြီး ထိုးရသကဲ့သို့ သဘောမျိုးကို ဆိုပါသည်။

ဝေဒနာပေါ်၌ သတိနှင့်ဝေဒနာကပ်သွားအောင် ချပ်ကနဲ နေအောင် အသက်ကိုအောင့်ပြီး ကပ်ထားလိုက်ပါဟု ဆိုလို သည်။

အသက်အောင့်၍ လိုက်သော်လည်း မခံနိုင်လျှင် နောက်ထပ်တဆင့် တောင့်၍လိုက်ပါ၊ ကိုယ် လက် ခေါင်း ခြေတို့ကို လျော့လျော့ပေါ့ပေါ့မထားဘဲ၊ ကြပ်ကြပ် မတ်မတ် ထား၍ တောင့်လိုက်ပါဟု ဆို လို သည်။ အလုပ်ကိစ္စ တခုကို အားခွန်စိုက်၍ လုပ်ရသည့်အခါ ကိုယ်ကိုတောင့်၍ အားခဲ၍ လုပ်ရသကဲ့သို့ လက်ချင်းလှဲသူ၊ နဘန်းလုံးသူတို့သည် တောင့်ထားရသကဲ့သို့ တောင့်ထားလိုက်ပါဟု ဆိုလိုပါသည်။

အောင့်လိုက်၊ တောင့်လိုက်၊ အောင့်လိုက်၊ တောင့်လိုက်လို့မှ မရရင်၊ တင်းလိုက်ရာ၏၊ တင်းလိုက်ရာ၏ ဆိုသည်မှာ စိတ်ကို တင်းထားလိုက်ရမည်ဟု ဆိုလိုသည်။

တရားထိုင်တုံးမှာ ထချင်စိတ်များ၊ တော်ချင် စိတ်များ ပေါ်လာမည်၊ ထိုစိတ်များကို မထချင် မတော်ချင်အောင် တင်းထားရမည်၊ ကြံ့ခိုင်သောစိတ်ဓာတ်နှင့် ဝေဒနာ ပေါ်အောင်သတိကပ်ရမည်၊ ခပ်သန်သန် ခပ်တင်းတင်း ခပ်ပြင်းပြင်း ဝေဒနာကိုလိုက်ရမည်။

အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်လို့မှ ဝေဒနာ ပြင်းထန်နေသေးလျှင် ဝေဒနာကုန်အောင်၊ ဆုံးအောင်၊ ချုပ်အောင်၊ ပြတ်အောင်၊ ရပ်အောင်၊ မလိုက်နိုင်သေးလျှင် နောက်ထပ်တဆင့် မြှင့်ပြီး အားထုတ်ရမည်။

ဘယ်လို မြှင့်ရမလဲ ဆိုသော် ကိုယ်ရော စိတ်ရောကြံ့ပြီး၊ ဝေဒနာကို သတိကပ်ကာ တွန်းလိုက်ရမည်။ တွန်းလိုက်ရမည် ဆိုသည်မှာ ကိုယ်ဘိရင်ဘိစိတ်ကို အားမာန်တင်းပြီး ဇောနှင့် တွန်းလိုက်ရန်ဆိုလိုသည်။

ဝေဒနာ၏ ဖိအားကို သတိတရားဖြင့် ပြန်လှန်တွန်းကန်လိုက်ရမည်ဟု ဆိုလိုသည်။ ဤကဲ့သို့ အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်၊ တွန်းလိုက်ခြင်းဖြင့် ဝေဒနာကုန်ဆုံးချုပ်ပြတ်ရပ်အောင် လုပ်လိုက်ခြင်းပင်ဖြစ်သည်။

ဝေဒနာလိုက်သည့်အခါတွင် အထက်၌ ဆိုအပ်ခဲ့ပြီးသော နည်းများဖြင့် အားထုတ်စေကာမူ၊ ဇောကို အသုံးမချရလျှင်လဲ၊ လျှော့ရဲရဲဖြစ်နေတတ်သည်၊ ဇောကို အသုံးချဘို့ ဆိုသည်မှာ မဆုတ်မနစ်သောလုလ္လဖြင့် ဝေဒနာ၌ သတိကပ်ထား ဇောတင်းထားရမည်။

ဇောကို အေးမနေစေရ၊ဇောအေးလျှင် ရောထွေးတတ်သည်၊ ဇောတင်းမှ သဘောရှင်းသည်၊ သမ္ပဇဉ်၊ ဉာဏ်ယှဉ်၍ သတိကြပ်ကြပ်ရှိလျှင် အဘိဇ္ဈာဒေါမနဿကင်း၍ ပြင်းထန်သောဝေဒနာကို ငါနာသည်၊ ငါညောင်းသည်၊ ငါကိုက်ခဲသည်၊ ဟု ငါမပါသော ပညာသားပါသော ဝေဒနာဖြစ်လာအောင် သည်းခံနိုင်လေအောင် ကြိုးစားရပါမည်။

ဝေဒနာနုပဿနာဖြစ်သည့်စေတသိကဝေဒနာကား လွန်စွာသိမ်မွေ့လှသောကြောင့် ကာယိကဒုက္ခကဲ့သို့ အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်၊ တွန်းလိုက်လို့မဖြစ်ချေ၊ သတိအမှတ်ဖြင့်သာ ကပ်ထားရမည်၊ ပြင်းထန်သော လုလ္လဖြင့် ကြိုးပမ်းရမည်၊ကာယိကဒုက္ခကဲ့သို့ ခပ်သန်သန် ခပ်တင်းတင်းလိုက်ရမည်၊ နာမ်တရားဖြစ်၍ ရုပ်တရားကဲ့သို့ မလွယ်သော်လည်း ယောဂီမှာ

ကာယိကဒုက္ခကို အသားကျအောင် အားထုတ်ခဲ့သော အရှိန်ကြောင့် စေတသိကဝေဒနာကိုလည်း ကောင်းစွာ သတိဖြင့် ရှုမှတ်နိုင်ကြသည်။

စေတသိက ဝေဒနာပေါ်ပေါက်သည့်အခါ စေတသိက်ချည်း သက်သက်မပေါ်ဘဲ၊ ကာယိကဒုက္ခဖြစ်သည့် ဝေဒနာနှင့် တွဲဘက်ပေါ်လာတတ်သည်၊ ဤနေရာ၌ ကာယိကဒုက္ခ၊ ကာယိကဝေဒနာဆိုသည်မှာ ရုပ်ဆင်းရဲသည်ကို ဆိုလိုသည်၊ စေတသိကဒုက္ခ၊ စေတသိက ဝေဒနာဆိုသည်မှာ စိတ်ဆင်းရဲသည်ကိုဆိုသည်၊ ထိုဝေဒနာနှစ်ပါးလုံးကုန်အောင်၊ဆုံးအောင် ချုပ်အောင်၊ပြတ်အောင်၊ ရပ်အောင်၊ လိုက်နိုင်ဘို့ လိုပေသည်။

ရှုရင်း မှတ်ရင်း ဝေဒနာလိုက်ရင်းနှင့် အရောင်အဆင်း အလင်းနိမိတ်များ ပေါ်လာလျှင် ထိုအာရုံများ နောက်သို့ မလိုက်ဘဲ၊ စိတ်မဝင်စားဘဲ၊ ပင်ကိုယ်ထက်ပို၍သာ ခပ်တင်းတင်း ခပ်ပြင်းပြင်း ရှုပြီး ထိမှု၊ သိမှုကို သတိ ကြပ်ကြပ်ပြုပါ။

ဝေဒနာလိုက်လာလျှင် ဝေဒနာထဲသို့ စိတ်စွဲအောင် အားထုတ်ပါ။ တခါတရံ ဝေဒနာကို ရှုမှတ်နေရင်းပင် ဝေဒနာတွင်းမှ ထိုးဖောက်၍ ကြည်ကြည်လင်လင် ထင်ထင်ရှားရှား ပေါ်လာတတ်တယ်။

ထိုအခါ မြင်သည့်နိမိတ်ကို မြင်ကာမျှမတ္တပင်ထားရမည်။ မည်သို့ပင်ဖြစ်စေ မဂ်ဖိုလ်ကို ရလိုသော ယောဂီပုဂ္ဂိုလ်သည် အခြား အာရုံများကို လှစ်လျူရှု၍ ထိမှု၊ သိမှု၌သာ သတိ ကြပ်ကြပ်ပြု အားထုတ်ရပေမည်။

ထို့ကြောင့် စွန်းလွန်းဆရာတော်ကြီးက "ထိမှု သိမှု ထို နှစ်ခု သတိကြပ်ကြပ်ပြု" ဟူ၍ မိန့်ဆိုလေသည်။

ဝေဒနာလိုက်ပုံမှာ ယုန်လိုက်သော ဥပမာနှင့် တူသည်။ အထက်အညာဒေသတွင် ယုန်လိုက်ကြသောအခါ ယုန် တကောင်တွေ့ပြီဆိုပါတော့ တွေ့လျှင် ယုန်ကို မျက်ခြေမပြတ် တချုံမှ တချုံသို့ သူပြေးရင် သူ့နောက်က လိုက်ကြရတယ်၊ လိုက်တဲ့အခါ နောက်ဆုံး ဝပ်ကျင်းတွင် ပြန်ဝင်သည်အထိ လိုက်ပြီးလျှင် ဝပ်ကျင်းကျမှ မောမှ ဖမ်းယူသကဲ့သို့ ဝေဒနာ လိုက်သော မယောဂီပုဂ္ဂိုလ်လည်း ထိုနည်းအတူ ဝေဒနာ တခုပေါ်ရာ ဖြစ်ပျက်ရာသို့ အစဉ်အတိုင်း ကုန်ခြင်း၊ ဆုံးခြင်း၊ ချုပ်ခြင်း၊ ပြတ်ခြင်း၊ ရပ်ခြင်းတိုင်အောင် လိုက်ရသည်။

ခန္ဓာကိုယ်တခုလုံးရှိ ဝေဒနာများသည် သမာဓိအား ကောင်းလာသော ယောဂီပုဂ္ဂိုလ်အား သတိထားလိုက်တိုင်း ထားလိုက်တိုင်း ပျောက်ပျက် ကုန်ဆုံးသွားသောအခါ သူ့ အလိုအလျောက်ဟာဒယဝတ္ထုပေါ်တွင် ငါးကျင်းမြီး စပ်သကဲ့ သို့ တဖျတ်ဖျတ်ဝေဒနာတခု ပေါ်လာသည်။

ထိုသို့ ပေါ်လာသောအခါ ခန္ဓာကိုယ်တွင် အခြားဝေဒနာ များ မပေါ်တော့ဘဲ တကိုယ်လုံးချုံ၍ အကြီးဆုံး အဆင်းရဲဆုံး ဒုက္ခဝေဒနာအဖြစ်ဖြင့် ရပ်တည်လာသည်။

ထိုအခါကျမှ ရုပ်နာမ်တို့၏ ဥပဒ္ဒဘင်အဖြစ် ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နှင့် အလွန်ဆင်းရဲစွာ ဖြစ်ပေါ် နေသည်ကို တွေ့ရသည်၊ ရင်ဆိုင်နေရသည်။ ထိုရုပ်နာမ်တို့၏

ဖြစ်ပျက်မှုသည် နိုင်သောသူက ရှုံးသောသူကို တနည်းအားဖြင့် ပါးကွက်အာဏာသားတို့က ရာဇဝတ်ကောင်ကို နိုင်ချင်တိုင်း နိုင်နေသလို၊ နှိပ်စက်ချင်တိုင်း နှိပ်စက်ကြသလို၊ ခန္ဓာကိုယ်ကြီး၏ ဒုက္ခကို မချိပိုင်ပိုင် ဆင်းရဲတုံးကြီးအဖြစ် နှိပ်စက်ခံနေရတဲ့ ရာဇဝတ်ကောင်ကြီးအဖြစ်ကို သိလာသည်။

ဝေဒနာကို ကုန်ဆုံး ချုပ်ပြတ်ရပ်သည့်တိုင်အောင် လိုက်ရသကဲ့သို့ လိုက်သည့်အခါ စိတ္တာနုပဿနာစခန်းသို့ ရောက်တတ်သည်။ အေးငြိမ်းကြည်လင် စင်ကြယ်နေသည့် မေတ္တာစိတ် အစစ်ကို ရသည်၊ ပါးစပ်မှ မရွတ်ဆိုရဘဲ စိတ်ထဲကသာ သတ္တဝါအပေါင်း ချမ်းသာစေကြောင်း မေတ္တာထားရသည်။

ဤမေတ္တာကို ခံယူရသော သတ္တဝါတို့သည် အလွန်တရာမှ အကျိုးသက်ရောက်သွားသည်။ အဘယ်ကြောင့် ဆိုသော် ထို မေတ္တာစိတ်သည် တဏှာကင်း၍ သန့်ရှင်းသောကြောင့် ဖြစ်သည်။

ဤ စိတ္တာနုပဿနာသည် စိတ်ကို အခြေခံပြီး ကမ္မဋ္ဌာန်း အာရုံ သတ်မှတ်၍ လုပ်ရသောကြောင့် စိတ္တာနုပဿနာဟု ခေါ်သည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် သူ့သဘောကို သူဆောင်၍ သုခဒုက္ခကို လျစ်လျူရှုနေသည်။ ဝေဒနာနုပဿနာ စိတ္တာနုပဿနာတို့၏ နောက်ပိုင်း၌ ပေါ်လာတတ်သော တရားဖြစ်သည်။

အလွန်သိမ်မွေ့သည်၊ ၎င်းသည် နိဝရဏာများနှင့် ခန္ဓာငါးပါး၊ အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတန ခြောက်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ သစ္စာလေးပါးတို့ကို အာရုံပြုသော ကမ္မဋ္ဌာန်းဖြစ်သည်။

ဥပမာ– ဝိရိယသမ္ဗောဇ္ဈင်သော်၎င်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သော်၎င်း၊ ပေါ်လာသည့်အခါ ဝိရိယ၏ အားသဘော ပဿဒ္ဓိ၏ ငြိမ်းချမ်းသော သဘောများကိုသာ သိနေသည်။

ဓမ္မာနုပဿနာသည် မဂ်ရရန်အကြောင်း သတိပဋ္ဌာန်ဖြစ်သည့်အားလျော်စွာ ဝေဒနာနုပဿနာကို ပြင်းထန်စွာ အားထုတ်ထားသော ယောဂီအတွက် ဝေဒနာနုပဿနာကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဟု ဆိုရသည်။

အမှန်မှာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာတို့မှာ သီးခြားစီ ပေါ်ကြသော တရားမဟုတ်ကြ။ တပြိုင်တည်း ပေါ်ကြ၍ တပြိုင်တည်း အားထုတ်ရသော တရားများ ဖြစ်ကြသည်။

သို့သော် ကိုယ်ကာယ ကဲသည့်အခါ ကာယာနုပဿနာဟု ခေါ်ရသည်၊ ဝေဒနာကဲသည့်အခါ ဝေဒနာနုပဿနာဟု ခေါ်ရသည်၊ စိတ်ကဲသည့်အခါ စိတ္တာနုပဿနာဟု ခေါ်ရသည်။

ဥပမာ အဖျော်ရည်တွင် သံပုရာကဲသည့်အခါ ချဉ်သည်၊ ဆားကဲသည့်အခါ ငန်သည်၊ သကြားကဲသည့်အခါ ချိုသည်ဟု ခေါ်ရသကဲ့သို့ပင်တည်း။

သတိပဋ္ဌာန်လေးပါးနှင့်ပြည့်စုံလျှင် သမ္မပ္ပဓာန် လေးပါး ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနှစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့နှင့် ပြည့်စုံကြတော့သည်သာတည်း။

ပြည့်စုံပုံ အကြောင်းအရာကို ဆရာတော်ကြီး ကိုယ်တိုင် ဟောသော တရားတော်ထဲမှာ ကြည့်ကြပေတော့၊ တရား အားထုတ်သည့်အခါ လျော့လျော့၊ ပျော့ပျော့ အားမထုတ် ပါနှင့်၊ ပြင်းပြင်းထန်ထန် ဇွဲသန်သန်ဖြင့် အားထုတ်ရန် လိုသည်။ အရိုးအကြော၊ အရေကြွင်းပစေ၊ အသွေးအသား တွေ ခြောက်ခန်းပါစေ၊ ရအပ်သော တရားကို မရမချင်း မထဟု နှလုံးပိုက်ကာ အားထုတ်ပါ။

ဗုဒ္ဓဘာသာတရားသည် အချောင်သမား ရေသာခိုသမား တို့၏ အရာမဟုတ်၊ တကယ် လုလ္လကြိုးကုတ် အားထုတ်ရသော အလုပ်ဖြစ်၍ တကယ်အဖိုးတန်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ရ ခံစားရမည့် အလုပ်ကြီး ဖြစ်ပါသည်။ ဤကား အားထုတ်ပုံအကျဉ်းမျှ ဖေါ်ပြလိုက်ပါသတည်း။

## ၆ ။ ဝိပဿနာ တရားတော်ကြီး

စွန်းလွန်း ဆရာတော်ဘုရားကြီး ဟောကြားတော် မူအပ်သော တရားတော်များအနက် တရားအားထုတ်ပုံနှင့် ပတ်သက်သော အချက် အလက်များကို အကျဉ်းချုပ်အားဖြင့် ယောဂီများ မှတ်သားရန် ဆက်လက် ဖော်ပြပါမည်။

လောကကြီးအတွင်း မှီတင်းနေထိုင်ကြသော သတ္တဝါတွေဟာ ကာမဂုဏ် ငါးပါး အာရုံများ၏ နောက်သို့ တကောက်ကောက် လိုက်နေကြတာတွေကို တွေ့မြင်ပြီး မနေနိုင်တော့၊ အတုန်လှုပ်ကြီး တုန်လှုပ်ပြီး လူတွေကြားထဲမှာ မနေချင်အောင် မနေနိုင်အောင် ဖြစ်လာတယ်။ မနေချင်ယင် ဘာလုပ်မလဲလို့ စဉ်းစားပြီး မိမိ၏ ရန်သူအစစ်ကို စနစ်တကျ ဆန်းစစ်ပြီး လိုက်ကြည့်လိုက်တော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနဒိဋ္ဌိဆိုသည့် တရားတွေကို မြင်လာတယ်။

ဒီတရားတွေဟာ သံသရာ ဘဝအဆက်ဆက်မှာ မပျက်နှိပ်စက်နေတဲ့ တရားတွေဘဲ၊ ဒီအထဲမှာ တခါပြန်ပြီး စစ်လိုက်ပြန်တော့ လောဘတရားဟာ အဓိကရန်သူကြီးဘဲလို့ တဖန်မြင်လာပြန်တယ်။ အဲဒီ လောဘ တဏှာကို မသတ်လျှင်နောက်ထပ်လဲထပ်ခါထပ်ခါ နှိပ်စက်နေအုံးမှာဘဲလို့ သိတယ်၊ ဒီလောဘဟာ အိုဘေး၊ နာဘေး၊ သေဘေးကြီး၏ အရင်းခံဘဲ။ ဒီတဏှာလောဘကို ဘယ်လို သတ်ရမလဲလို့ ကြံစည်မိတယ်။

အဲဒီလို ကြောက်စရာ လန့်စရာကောင်းတဲ့ ဘေးကြီးတွေဟာ အကျိုးတရားဘဲ။ သူ၏အကြောင်းကို ရှာသတ်မှ ဖြစ်မယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေဆိုတာလဲ တခဏဘဲ၊ သခ်ိတနယ်မှာသာ ချမ်းသာတယ်လို့ ထင်နေကြတယ်။ ပရမတ် သဘောနဲ့ အမှန် ကြည့်မယ်ဆိုလျှင် ဘာမျှ နှစ်သက်စရာ ခင်မင်စရာမရှိဘူး၊ တနေ့ကျ ပြန်၍ အပါယ်သို့ ကျအုံးမှာဘဲ။

ကုသိုလ်ကံအကျိုးပေးတော့ အလိုပြည့်ပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ပျော်၍မဆုံး ဖြစ်နေကြတယ်။ အကုသိုလ်ကံ စက်လှည့်လိုက်တော့ ရှုံမဲ့ရှုံ့မဲ့နဲ့ ပျက်ဟဲ့ ကုန်ဟဲ့လို့ အတုံ့အလှည့် ခံကြရတယ်။

ဒီဘဝမှာပင် အထင်အရှား တွေ့နေကြတဲ့သူတွေ များပါတယ်။ ကံကျိုးလျှင် ကံဆယ်ဘို့၊ ကံပေါက်လျှင် ကံဖာဘို့ အရေးကြီးတယ်။ ဒါမှ ကံဆင့်ပြီး အမှန်မြင့်လာမယ်။

ကံကျိုးလျှင် ကံဆယ်၊ ကံပေါက်လျှင် ကံဖာတယ်ဆိုတာ လူ့ဘဝကြီးကို ရလာတဲ့အခါ ဒါန၊ သီလ၊ ဘာဝနာမှုတို့ ပြုလုပ်တာကို ဆိုတာဘဲ၊အပါယ်ငရဲသို့ ကျသွားလျှင် အဘယ်မှာ ပြုနိုင်တော့မှာလဲ စဉ်းစားကြည့်ကြပါ၊ ဝေဘန္တိက ပြုကြပါ။ ဒီကုသိုလ်တရားတွေကို မေ့ပစ်ပြီး ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာ တို့ကိုသာ အားကိုးနေလျှင် ငါးပေါက်များပြီး ငါးပါးမှောက်လိမ့်မယ်၊ အားကိုးများနေကြတယ်နော်၊ စီးပွားဥစ္စာ အဆင်ပြေလာပြန်တော့ ငါလယ်လို့၊ ငါပါးလို့၊ ငါနပ်လို့ဟု အထင်ကြီးပြီး အမြင်နည်းနေကြတယ်။

ဘာပြုလို့ အထင်များနေကြသလဲဆိုလျှင် အမှန် တရားကို မသိကြလို့ဖြစ်တယ်၊ အဲ့ဒါကြောင့် ဆရာတော် ဘုရားကြီးက "မသိလို့ လိုချင်၊ လိုချင်လို့စွဲလန်း၊ စွဲလန်းလို့ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ရရှိတော့ခံကြရတာဘဲ" လို့ ဟောကြားတော်မူတယ်။

မသိတာကအဝိဇ္ဇာ လိုချင်တာက တဏှာ၊ စွဲလန်းတာက ဥပါဒါန် ပြုလုပ်တာက သင်္ခါရ၊ ၎င်းတို့ပေါင်းမိတော့ ဇာတိတရားကြီးပေါ်လာတယ်၊ ပေါ်လာမှာပေါ့၊ သညာဝိပလ္လာသတရားက လိမ်ထားတာကိုး, လှည့်စားတာကိုး, လိမ်ထားတာ လှည့်စားထားတာကိုဘဲ အဟုတ်ထင်ပြီး လုပ်ချင်နေကြတယ်၊ စဉ်းစားကြပါ၊ဝေဖန်ကြည့်ကြပါ၊ ရှိတာကိုကြဉ်၊ မရှိတာကို မြင်တတ်တဲ့ ပုထုဇဉ်အကမ်းတွေနော်။

မြတ်စွာဘုရားက အနိစ္စလို့ဟောတယ်၊ သညာကနိစ္စလို့ လိမ်ထားတယ် မြတ်စွာဘုရားက ဒုက္ခလို့ဟောတယ်၊ သညာက

သုခလို့ လိမ်ထားတယ်၊ မြတ်စွာဘုရားက အနတ္တလို့ဟောတယ်၊ သညာကအတ္တလို့ လိမ်ထားတယ်၊ မြတ်စွာဘုရားက အသုဘလို့ ဟောတယ်၊ သညာကသုဘလို့လိမ်ထားတယ်၊ အဲ့ဒီလို သညာ တရားက၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘလို့ လိမ်ထားတာကို မြတ်စွာ ဘုရားက သတိပဋ္ဌာန်လေးပါးဖြင့် သက်ကင်းအောင် ရှင်း ထားတော်မူတယ်။

ကာယာနုပဿနာဖြင့် သုဘထင်တာကို အသုဘ အစစ်ပါဟု ရှင်းထားတယ်၊ ဝေဒနာနုပဿနာဖြင့် သုခထင်တာကို ဒုက္ခ အစစ်ပါဟု ရှင်းထားတယ်၊ စိတ္တာနုပဿနာဖြင့် နိစ္စထင်တာကို အနိစ္စအစစ်ပါဟု ရှင်းထားတယ်၊ ဓမ္မာနုပဿနာဖြင့် အတ္တ ထင်တာကို အနတ္တအစစ်ပါဟု ရှင်းထားတယ်။

ထို့ကြောင့် သံသရာဝဋ်ကောင်မှ လွတ်သွားအောင် အသိ ဉာဏ်ဖြင့် သတိပဋ္ဌာန်တရားကို အားထုတ်ကြပါလို့ ဆိုလိုတယ်၊ သတိပဋ္ဌာန်တရားဖြင့် ဘယ်လိုရှင်းထားသလဲဆိုတော့....

ထိမှုသဘောကို၊သတိပြုနေတာက ကာယာနုပဿနာလို့ခေါ် တယ်။

ခံစားမှုကို လိုက်လျော သတိပြုနေတာက ဝေဒနာနုပဿနာ လို့ခေါ်တယ်။

အာရုံသို့ လိုက်သိမှုသဘောကိုလိုက်လျော သတိပြုနေတာက စိတ္တာနုပဿနာလို့ခေါ်တယ်။

နှောင့်ယှက်နေသည့် နီဝရဏတွေကို သတိ ပြုနေတာက ဓမ္မာနုပဿနာလို့ခေါ်တယ်၊ အဲ့ဒီလိုသတိဆိုတဲ့အမှတ်တရားက

ရှင်းပေးလိုက်တော့ ထင်းကနဲ လင်းကနဲ အမှန်တရား ပေါ် လာဘယ်၊ သက်ကင်းသွားတယ်၊ အနိစ္စကို အနိစ္စမှန်း၊ ဒုက္ခကို ဒုက္ခမှန်း အနတ္တကို အနတ္တမှန်း သိလာတယ်၊ သိတော့ သမ္မာ သနညာဏ် ဖြစ်ပေါ်တော့တာဘဲ။

သမ္မာသနညာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့ကို ဆင်ခြင် သုံးသပ် လို့တော့ အဖြစ်အပျက်ကို ရှုတဲ့ဥဒယဗ္ဗယဉာဏ် အပျက်ကိုသာ ရှုတဲ့ ဘင်္ဂဉာဏ် ကြောက်မက်ဖွယ်ဟု ရှုတဲ့ ဘယဉာဏ် အပြစ်ကို ရှုတဲ့အာဒီနဝဉာဏ် တေဘုမ္မကသင်္ခါရတရား တို့ကို ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဝဋ္ဋဒုက္ခမှ အလျင် အမြန် လွတ်လိုတဲ့ မုဉ္စိတုကမျတာဉာဏ် နောက်သို့တဖန်ပြန်၍ ရှုသော ပဋိသင်္ခါ ဉာဏ် သင်္ခါရတရားတို့ကို တွယ်တာမှုမရှိဘဲ လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပြီးတော့ ဝိပဿနာဉာဏ်နှင့်ဖြစ်လတံ့ သောမဂ်ဉာဏ် ဖိုလ်ဉာဏ်အားလျော်သော အနုလောမဉာဏ်စဉ် တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်သွားတော့တာဘဲ။

တရားအားထုတ်တဲ့အခါ ဝိသုဒ္ဓိ (၇) ပါး ဖြစ်ပုံကတော့ တောင်ကြည့် မြောက်ကြည့် မကြည့်လို့ ဣန္ဒြေလုံလျှင် သီလ ဝိသုဒ္ဓိပါဘဲ၊ ဝေဒနာ ဖြစ်ပေါ်လာတော့ စိတ်ကဝေဒနာ အပေါ် စိုက်ပြီး ကြည်လင်နေတာ၊ စိတ္တဝိသုဒ္ဓိ၊ သီလကလဲ လုံခြုံ စိတ်ကလဲကြည်လင် စင်ကြယ်နေတော့ အမြင်မှန်ရလာ တာဟာ ဒိဋ္ဌိဝိသုဒ္ဓိလို့ခေါ်တယ်၊ တရားကိုအမှန်မြင်လာပြန် တော့ ငါသည် ရှေးကတခုခုဖြစ်ဘူးခဲ့သလား၊ နောက်ကော ဖြစ်အုန်းမှာလား ဆိုတဲ့ ယုံမှားမှုတွေ ကင်းသွားတာကို ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ခေါ်တယ်။

ဤဝိသုဒ္ဓိစခန်းသို့ ရောက်သောအခါ စိတ်ဓာတ် ကြည်လင်သောကြောင့် သြဘာသဆိုတဲ့ အရောင်အဝါ ထွက်လာတယ်၊ အလွန်ကြည်အိတဲ့ ပီတိဖြစ်လာတယ်၊ ငြိမ်းချမ်းတဲ့ ပဿဒ္ဓိဖြစ်လာတယ်၊ သက်ဝင်ယုံကြည်တဲ့ အဓိမောက္ခဖြစ်လာတယ်၊ အားပေးတဲ့ ဝီရိယဖြစ်လာတယ်၊ တကိုယ်လုံး အေးမြချမ်းသာသောသုခဖြစ်လာတယ်။ ဝရဇိန်လက်နက်၊ မိုးကြိုးစက်ကဲ့သို့ ထက်မြတ်သော ဝိပဿနာဉာဏ်ဖြစ်လာတယ်၊ အာရုံ၌စွဲမြဲစွာတည်သော သတိဆိုတဲ့ ဥပဋ္ဌာနလဲ ဖြစ်လာတယ်၊ ဖြစ်ပျက်မှုတရားတွေ အလွန်ထင်နေရကား အသင့်အားဖြင့်ရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာခေါ်သည့် ဥပေက္ခာလဲ ဖြစ်လာတယ်၊ ဝိပဿနာဉာဏ်ကို နှစ်သက်နေတဲ့ နိကန္တိခေါ်သည့် တဏှာလဲ ဖြစ်ပေါ်လာတယ်။

ဤလိုနှစ်သက် ဝမ်းမြောက်နေတာဟာ လမ်းမဟုတ်ဘူး၊ မဂ်မဟုတ်ဘူး၊ ဝိပဿနာကိုညစ်ငြူးစေတတ်သော ဘေးရန်တွေဘဲဟု စိတ်ထဲက ခန္ဓာပေါ်မှာ အာရုံပြန်ပြီး သိမ်းလိုက်တော့၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိဖြစ်ပေါ်လာတာဘဲ။

ထိုနောက် အာရုံက အထက်သို့သွားလိုက် အောက်သို့ကျလိုက်ဖြစ်နေတော့ ဇောကိုဘင်းလိုက်တာဟာ မဂ်သို့ရောက်ကြောင်း ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိခေါ်တာဘဲ၊ အဲ့ဒီနောက်မဂ်ဉာဏ်ဟာ ဉာဏဒဿနဝိသုဒ္ဓိခေါ်တာဘဲ၊ အဲ့ ဒီဉာဏ်ဖြစ်လာတော့ ပရိကံဥပစာအနုလုံခေါ်သည့် စိတ်သုံးပါးက ကိလေသာကင်းအောင် ဖယ်ရှားလိုက်တော့ နိဗ္ဗာန်ကိုမြင်တဲ့စိတ်ဖြစ်ပေါ်လာတာပါဘဲ။

သံသရာစက်ကြီး ပြတ်ချင်ကြယင် သံသရာဝဋ်မှ လွတ်ချင်ကြယင် မိမိကိုယ်လဲ မချစ်ကြနှင့် သူတပါးကိုလဲ မချစ်ကြနှင့် ချစ်ယင် ငါးပေါက်မှားပြီး ငါးပါးမှောက်လိမ့်မယ်။

ငါးပေါက်ဆိုတာ ကာယတံခါးတပေါက် စက္ခုတံခါးတပေါက်၊ သောတတံခါးတပေါက်၊ ဃာနတံခါးတပေါက်၊ ဇိဝှာတံခါးတပေါက်၊ အဲ့ဒါငါးပေါက်ဘဲ။

ဒီငါးပေါက်ထဲမှာ ကာယတံခါး ပေါက်သည်၊ စက္ခုတံခါးစသော တံခါးလေးပါးတို့ထက် ဝိပဿနာ ရှုရာတွင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်တွင်ထင်လွယ် မြင်လွယ်သည်၊ သမာဓိရလွယ်သည်၊ နာမရူပ ပရစ္ဆေဒဉာဏ်ကို ရင့်သန်စေသည်။

ထို့ကြောင့် ကာယတံခါးပေါက်က စောင့်ပြီး သံသရာစက်ကြီးကို ဖြတ်ရတယ်၊ ဘယ်လိုဖြတ်ရသလဲဆိုတော့ ခန္ဓာပေါ်မှာ သမာဓိတရားကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို သတိနှင့်လိုက်ပြီး သုံးသပ်ရတယ်၊ သုံးသပ်တော့ ဖဿ ဖြစ်လာတယ်၊ ဖဿဖြစ်တော့ ဝေဒနာဖြစ်လာတာဘဲ၊ ဝေဒနာဖြစ်လာရင် တဏှာဥပါဒါန် စသည် မဖြစ်ရအောင် သတိနှင့်ကပ်၍ ရှုရပါတယ်၊ ကပ်၍ရှုလိုက်တဲ့အခါ ဝေဒနာပညာဖြစ်လာပြီး တခါတည်း ဥဒယဗ္ဗယဉာဏ် ရင့်သန်လာတော့တာဘဲ။

ထိုဉာဏ်ရင့်သန်လာပြီ ဆိုလျှင် သင်္ခါရုပေက္ခာဉာဏ်ထိ တက်လာပါတယ်။ ထို့နောက် ပရိကံဥပစာအနုလုံခေါ်သည့် စိတ်သုံးပါးက ကိလေသာ တရားစင်သွားအောင် လုပ်လိုက်

တော့ ဂေါတြဘူကနိဗ္ဗာန်သို့ ညွတ်ပြီး ထိုနိဗ္ဗာန်ကို အမှီသဟဲ ပြုကာ မဂ်က သံသရာဝဋ်ထဲက မထွက်ချင်တဲ့ တဏှာစသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်လိုက်တဲ့အခါ နိဗ္ဗာန်သို့ ဆိုက်ပြီး သံသရာစက်ကြီး ပြတ်သွားတာပါဘဲ။

သောတာပန်က အပါယ်သံသရာမှ ပြတ်တယ်၊ သကဒါဂါမ်က ကာမဘုံ တစိတ်တဒေသ သံသရာမှပြတ်တယ်၊ အနာဂါမ်က အလုံးစုံသော ကာမဘုံ သံသရာမှ ပြတ်တယ်။ ရဟန္တာက အလုံးစုံ သုံးဆယ့်တဘုံ သံသရာမှ ပြတ်တယ်လို့ ဟောတော်မူပါတယ်။

ဤသည်ကား စွန်းလွန်းဆရာတော်၏ ဝိပဿနာရှုနည်း အကျဉ်းတည်း။

## ၇။ မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

(စကားပလ္လင်)

ကျွန်ုပ်သည် လွန်ခဲ့သော အနှစ် (၃၀) ကျော်လောက်က နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဘာသာပြန် အယ်ဒီတာအဖြစ်နှင့် အစိုးရအမှုထမ်းစဉ် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ် (၇၅)နေ၊ သီလဝတီတိုက်၊ ကျောင်းအမကြီးများ ဖြစ်ကြသော ဒေါ်သီလ၊ ဒေါ်စောတို့က မိမိအပေါ် မောင်အရင်း အချာနှင့်မခြား ယခုဘဝ၊ နောင်ဘဝတို့၌ ကောင်းစားရေးကို လိုလားကြသဖြင့် မောင်တင်မြင့်ကို တိုက်တွန်းလိုပါတယ်၊ အမတို့ ညီအမနှစ်ယောက်လည်း မကြာခင်က မင်းကွန်း ရိပ်သာသို့ သွား၍ တရားအားထုတ်ခဲ့သဖြင့် အလွန်တရာမှ ကျေးဇူးများ ခဲ့ကြပါတယ်။ မောင်တင်မြင့်လဲ မင်းကွန်း ရိပ်သာမှာ တတ်နိုင်သလောက် သွားရောက်၍ တရားအား ထုတ်စေချင်ပါတယ်၊ မင်းကွန်း ဝိပဿနာကျောင်းမှာ စား

စရိတ်လဲ အသင်းက ထောက်ပံ့တယ်၊ အခြားကုန်ကျမည့် စရိတ်များလဲ ဘယ်လောက်ကုန်ကုန် အမတို့က ကုသိုလ်ပြုပါ့မယ်”ဟု သူတို့တိုက်သို့ ရောက်တိုင်း ရောက်တိုင်း တိုက်တွန်း တောင်းပန်ကြတယ်။

ထိုသို့ တိုက်တွန်းဖန်များတော့ စဉ်းစားမိတယ်၊ ငါဟာ ပိဋကတ် ကျမ်းဂန်များကိုတော့ သူများထက်မသာတောင် တတ်သင့်သလောက် တတ်မြောက်အောင် သင်ကြား ပို့ချခဲ့တယ်၊ ဒါနကုသိုလ်များလဲ မိမိစွမ်းအားအလျောက် ပြုလုပ်ခဲ့တယ်၊ သီလကုသိုလ်လဲ အမြဲ မစောင့်နိုင်ပေမဲ့ တတ်နိုင်သလောက် ဆောက်တည်ခဲ့တယ်။

သို့သော် ဘာဝနာကုသိုလ်တော့ တခါမျှ အားမထုတ်ရသေးဘူး၊ ရဟန်းအဖြစ်မှ လူ့ဘောင်သို့ သတ်ဆင်းပြီး မကြာခင် ခန်ကုန်မှ မိမိရပ်ရွာ ဖလံခုံသို့ ပြန်ရင်း ရွှေဘို၊ လိပ်ခြင်းရွာသို့ ရောက်သောအခါ နောင်တော်အရင်း ဖြစ်သော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပိဋကတ်ကျောင်း ဆရာတော် သကျသီဟ ဓမ္မာစရိယ ဦးစာရိန္ဒနှင့် တွေ့ခဲ့တယ်။

ထိုအခါမှာလဲ နောင်တော်ဖြစ်သော ဦးစာရိန္ဒက ‘ငါ့ညီ မောင်တင်မြင့်ကို တိုက်တွန်းရအုံးမည်၊ ငါဟာ အစကတော့ ယခုခေတ်မှာ ဝိပဿနာ တရားပြနေကြတာတွေဟာ လိမ်စား၊ ညာစားနေကြတာတွေဘဲလို့ ထင်မိတယ်၊ ရဟန်းအမကြီးက တိုက်တွန်းလို့ မကြာမီက ဆိပ်ခွံရွာတွင် တရားပြနေသော ဦးသောဘဏထံ နည်းခံပြီး သွား၍ အားထုတ်တယ်၊ အလွန်

အကျိုးများပါတယ်၊ စာထဲက သိနေတာဟာ စာသိဘဲရှိတယ်၊ မပိုင်ဘူး၊ ကိုယ်တွေ့သိမဟုတ်ဘူး၊ တရား အားထုတ်ကြည့်မှ အသိမှန် အမြင်မှန်ပေါ်လာတယ်၊ သင်ထားတဲ့ စာများလဲ တနေ့တခြား သဘာဝကျကျ သိလာတယ်၊ ဒီတော့ မင်းလဲ တရားအားထုတ်ဘို့ ကောင်းတယ်ဟု တိုက်တွန်းခဲ့ဘူးတယ်၊ (ဟိုစဉ်က ဆရာတော် ဦးသောဘဏမှာ ဆိပ်ခွံရွာမှာပင် ရှိသေးသည်။)

မိမိအပေါ် ပစ္စုပ္ပန်အကျိုး သံသရာအကျိုးကို လိုလားကြသော ပုဂ္ဂိုလ်တို့၏ တိုက်တွန်းချက်များကို စဉ်းစားပြီး "လသာတုံး ဗိုင်းငင်" ဆိုသလို ဒီတခါမှ အားမထုတ် ဖြစ်ခဲ့လျှင် နောင်တွင် လွယ်ချင်မှလွယ်မည်၊ သေဘေးကလဲ စိတ်ချရတာမဟုတ်ဖူး၊ ဖြုတ်ခနဲ သေချင်သေနိုင်တယ်၊ သေခါနီးကျမှ ဘာဝနာတရား အားမထုတ်ခဲ့ရပါသေးလားဟု နောင်တတရားရနေလို့ အပိုဘဲ၊ လူဖြစ်ရှုံးသွားလိမ့်မည်ဟု မိမိကိုယ်ကို ဆုံးမပြီးစိတ်တုံးတုံးချကာ တရားအားထုတ်ရန် အဓိဋ္ဌာန်ပြုလိုက်ပါသည်။

အဓိဋ္ဌာန်ဆုံးဖြတ်ချက်ချပြီးနောက် မကြာမီ ကျောင်းအမကြီး ဒေါ်သီလ၊ ဒေါ်စောတို့ထံသွားပြီးကာ ဝန်ခံလိုက်ပါတယ်။

ထိုအခါ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် အစိုးရရုံးတွင် အလုပ်လုပ်နေကြသော အရာထမ်း အမှုထမ်းများအား တရား

အားထုတ်ချင်လျှင် သက်ဆိုင်ရာဌာန အကြီးအမှူးတို့က အချိန်ရသလောက် ခွင့်ပေးနိုင်သလောက် ပေးကြပါဟု တိုက်တွန်းပြောဆိုထားသဖြင့် ခွင့်ယူရာတွင် အလွယ်တကူပင် အရက် (၂၀) ခွင့်ရပါသည်။

ခွင့်ရတယ်ဆိုလျှင်ဘဲ၊ ချက်ချင်း ကျောင်းအမကြီးတို့ထံ သွားပြီး ပြောရာ၊ခြင်ထောင်စောင်မှစ၍ စားစရာ သောက်စရာအပြည့်အစုံနှင့် ညီအမနှစ်ယောက်လုံး မင်းကွန်းငုပ်သာသို့ လိုက်ပို့ကြပါတယ်၊ ရောက်သည့်နေ့မှာပင် တိုက်အုပ်ဆရာတော် ဦးဝါယမိန္ဒထံတွင် နည်းခံပြီး တရားအားထုတ်ခဲ့ပါတယ်။

## ၈။ မင်းကွန်းတရားရှုနည်းနိသျည်း

တရားကတော့ သထုံပထမ မင်းကွန်းဆရာတော်ဘုရားကြီး နည်းအတိုင်း ထိုင်လျှင် ထိုင်တယ်၊ အိပ်လျှင်အိပ်တယ်၊ သွား လျှင်သွားတယ်၊ စားလျှင်စားတယ်၊ အမြဲမပြတ် သတိကပ်ပြီး ရှုမှတ်ရတာပါဘဲ။

ရန်ကုန်မဟာစည်ဆရာတော်နည်းနှင့် မင်းကွန်းဆရာတော် နည်းမှာ သိပ်မထူးခြားလှချေ၊ သထုံမင်းကွန်းဆရာတော်ကြီး၏ တပည့်ချည်းဖြစ်၍ အတူတူလိုပင်ဖြစ်ပါသည်။

ထိုင်တယ်၊ အိပ်တယ်၊ သွားတယ်၊ စားတယ်လို့ အားထုတ် ရသောနည်းမှာ ကာယာနုပဿနာ၊ ဣရိယာပထနည်းဘဲ ဖြစ် ပါတယ်၊ သွားတဲ့အခါ ကြွတယ် လှမ်းတယ်၊ ချတယ်လို့ မှတ်ရပါတယ်၊ သွားတုံးလာတုံး၊ အခိုက်အတန့်မှာ အာရုံ တခုခုမြင်ပြန်ယင်လဲမြင်တယ်၊ မြင်တယ်လို့မှတ်၊ ကြားပြန်ယင်လဲ ကြားတယ်ကြားတယ်လို့မှတ်၊ နံပြန်ယင်လဲ နံတယ်နံတယ်လို့မှတ် အစားတခုခုစားပြန်တော့လဲ စားတယ်လို့မှတ်။

ထို့ထက်အမှတ်စိတ်ပြီး စားမယ်လို့ ဇွန်းကိုကိုင်လျှင် ကိုင်တယ် ကိုင်တယ်လို့မှတ်၊ ဟင်းကို ခတ်လိုက်တဲ့အခါ ခပ်တယ်လို့ မှတ်ရှုရပါတယ်၊ အားထုတ်သည်မှစ၍ (၁၀)ရက်လောက်အထိ ဟိုဟိုဒီဒီအာရုံတွေများပြီးလျှင် တခါတခါလဲ အိမ်သို့ရောက်ပြီး ထင်သလောက် အမှတ်မစိတ်နိုင်ဘူး၊ သမာဓိ မရနိုင်ဘူး။

“စက္ခုံ စပဋိစ္စ ရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ”ဟု ဆဆက္ကသုတ်ဒေသနာတော် လာသည့် အတိုင်း ကောင်းသည့် အာရုံတွေတွေ့၊ မကောင်းသည့် အာရုံတွေတွေ့၊ ကောင်းမကောင်းသည့် အာရုံတွေတွေ့၊ မြင်တယ်မြင်တယ်လို့ မှတ်ဖန် များတော့ ကမ္မဋ္ဌာန်းအာရုံစိတ်စိတ်ပြီးလာတော့ မြင်သိပျက်၊ မြင်သိပျက်တွေပေါ်လာတယ်။

မြင်တဲ့ အဆင်းကရုပ်၊ သိတာက နာမ်ဘဲဟု ရုပ်နှင့်နာမ် ခွဲခြားသိလာတယ်၊ ရှုတဲ့အခါ မြင်တဲ့ အဆင်းဘဲ ရှုရှု၊ သိတဲ့ နာမ်ဘဲ ရှုရှု တခုခုသိအောင် မိအောင်ရှုရတယ်၊ မရှုမိလျှင် ဖဿကြောင့်ဝေဒနာ၊ ဝေဒနာကြောင့် တဏှာဖြစ်လာတယ်။

တဏှာမဖြစ်အောင် အသိအမှတ်နှင့် မပြတ် ရှုတော့ တခုနဲ့တခု တသဘောနဲ့ တသဘော ပြောင်းလဲသွားတာလေးတွေ တွေ့ရတယ်၊ တဏှာဖြစ်ယင် ဥပါဒါန်ကံ သင်္ခါရတွေ ဖြစ်လာလိမ့်မယ်၊ သတိကြပ်ကြပ်ထားရှုပါ၊ ဝေဒနာ ပညာဖြစ်အောင် အားထုတ်ပါ။

ပရမတ္ထတရားသဘောတို့၏ တခုနဲ့တခု သူ့အလိုလိုပြောင်းလဲသွားတာလေးတွေတွေ့တော့ ဝေဒနာတဏှာမဖြစ်ဘဲ တဏှာရပ်စဲသွားမယ်၊ တဏှာချုပ်တော့ နောင်ဘဝပေါင်းအသင်္ချေဖြစ်နေမည့် ဥပါဒါန်ကံတွေလဲ ချုပ်သွားတော့တာဘဲ။

သို့အတွက် ကောင်းတဲ့အာရုံ တွေ့သော်လည်း တဏှာမဖြစ်တော့ဘူး၊ မကောင်းတဲ့အာရုံ တွေ့သော်လည်း ဒေါသမဖြစ်တော့ဘူး၊ ကောင်းမကောင်းတဲ့ အာရုံတွေ့သော်လည်း ရှုမှတ် မောဟမဖြစ်တော့ဘူး၊ အဲ့ဒီလို သတိနှင့် မပြတ်ရှုလိုက်တော့ မြင်တာလဲ မြင်ကာမျှမတ္တဘဲ၊ ဒါကြောင့် "ဒိဋ္ဌေဒိဋ္ဌမတ္တံ"ဟု ဟောကြားထားပါတယ်။

ချုပ်ရုံတွင်မကဘူး၊ တရားအထူးတွေတောင် ပေါ်လာတယ်၊ အဘယ်လိုပေါ်တတ်သလဲဆိုတော့ မြင်တယ်မြင်တယ် မြင်သိပျက်၊ မြင်သိပျက်လို့ အမှတ်နဲ့ ရှုလိုက်တော့ ဒီအမှတ်အတွင်းမှာ မဂ္ဂင်ရှစ်ပါး ပါလာတယ်၊ ပါလာပုံမှာ နာမ်ရုပ်တို့၏ ဖြစ်ပျက်နေတာကို အမှန်သိ အမှန်မြင်လာတာက သမ္မာဒိဋ္ဌိ မဂ္ဂင် ဖြစ်တယ်၊ ဖြစ်ပျက်အပေါ် စိတ်ကလေး တင်ထားလိုက်တော့ သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်လာတယ်၊ အဲ့ဒီမဂ္ဂင်နှစ်ပါးဟာ ပညာမဂ္ဂင်လို့ ခေါ်ရတယ်၊ စိတ်ကတည်လို့ ကမ္မဋ္ဌာန်းအာရုံကို မှတ်လို့ရတာ စိတ်မတည်ယင် မှတ်လို့မရဘူး၊ အဲ့ဒီစိတ်တည်လာတာဟာ သမ္မာသမာဓိမဂ္ဂင်ဘဲ။

စိတ်ကလေး တခြား မသွားအောင် တည်နေအောင် ဆွဲဆောင်တဲ့ လုလ္လကသမ္မာဝါယာမမဂ္ဂင်ဘဲ၊ မှတ်လို့ ရနေတာက

သမ္မာသတိမဂ္ဂင်ဘဲ၊ အဲ့ဒီ မဂ္ဂင်သုံးပါးကို သမာဓိ မဂ္ဂင်လို့ ခေါ်ရတယ်။

သတိကပ်ပြီး ရှုမှတ်နေတဲ့အခါမှာ မကောင်းတဲ့ ဝစီကံ ဒုစရိုက်တွေ မလွန်ကျူးဘူး၊ အဲ့ဒါ သမ္မာဝါစာ မဂ္ဂင်ဘဲ။ မကောင်းတဲ့ ကာယကံ ဒုစရိုက်တွေမကျူးလွန်ဘူး၊ အဲ့ဒါ သမ္မာကမ္မန္တမဂ္ဂင်ဘဲ။

တရားထဲအာရုံစွဲပြီး မှတ်နေတော့ အဘယ်မှာ အသက်မွေး ဝမ်းကြောင်း ကာယကံ ဒုစရိုက်တွေ ဝစီကံ ဒုစရိုက်တွေ ပြုလုပ် နိုင်တော့မှာလဲ၊ အဲ့ဒါ ဒုစရိုက်တွေရှောင်ကြဉ်နေရတယ်လို့ဆိုရ တာဘဲ၊ ရှောင်ကြဉ်နေတော့ သမ္မာအာဇီဝမဂ္ဂင်ဘဲ၊ အဲ့ဒီ သုံးပါးကို သီလမဂ္ဂင်သုံးပါးလို့ ခေါ်ရတယ်၊ အားလုံးပေါင်း လိုက်တော့ မဂ္ဂင်ရှစ်ပါးဖြစ်ပြီး ပွားများနေတယ်လို့ ဆိုရ တယ်။

အဲ့ဒီလို မပြတ်မှတ်ရင်းမှတ်ရင်း ဝိပဿနာဉာဏ်တွေလဲ ဖြစ် ပေါ်လာတာဘဲ၊ ဘယ်လိုဖြစ်လာသလဲဆိုယင် မြင်တယ်မြင်တယ် လို့ မှတ်ရင်းမှတ်ရင်း မြင်တဲ့အဆင်းက ရုပ်၊ မြင်တာက ရုပ်၊ သိတာကနာမ်လို့ ခွဲခြမ်းလိုက်နိုင်ယင် နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပြီလို့ ဆိုနိုင်တယ်။

ထိုနာမရူပ ပရိစ္ဆေဒဉာဏ်က သက္ကာယဒိဋ္ဌိကို ပယ်တယ်၊ မြင်သိစိတ်ကလေး ဖြစ်ပေါ်ဘို့ရာမှာ စက္ခု အကြည့်ဓာတ်ရယ်၊ မြင်တဲ့အဆင်းရုပ်ရယ်၊ အလင်းရောင်ရယ်၊ နှစ်လုံးသွင်းရယ် ဤလေးပါးအကြောင်းများကြောင့် စက္ခုဝိဉာဉ် စိတ်ကလေး

ဖြစ်ပေါ်လာတယ်လို့ သိလိုက်ယင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်နေပြီလို့ ဆိုနိုင်တယ်။

အဲ့ ဒီ ပစ္စယပရိဂ္ဂဟဉာဏ်က ဝိစိကိစ္ဆာကိုပယ်တယ်၊ ပယ်တယ် ဆိုပေမဲ့ ပုတုဇဉ်ဖြစ်နေသေးတော့ အကြွင်းမဲ့တော့ မပယ်နိုင်သေးဘူးပေါ့၊ ဒါပေမဲ့ တဒင်္ဂအားဖြင့် ပယ်နိုင်တယ်ဆိုတော့ သောတာပန်စခန်း ရောက်နေပြီလို့ ဆိုနိုင်တယ်။

ဖြစ်ပေါ်လာပြီးတော့ ပျက်ပျက်သွားလို့ မမြဲတဲ့ အနိစ္စလက္ခဏာ မပျက်မစီးအောင် အောင့်အီးလို့မရလို့ ပျက်ပျက်သွားတဲ့ ဒုက္ခလက္ခဏာ ပျက်ပျက်နေလို့ ကိုယ့်အလို မကျတဲ့ အနတ္တလက္ခဏာတွေ မြင်လာယင်၊ သမ္မသနဉာဏ် ဖြစ်နေပြီလို့ ဆိုရတယ်။

ထိုသမ္မသနဉာဏ် ဖြစ်ပေါ်လာတော့ တဏှာမာနဒိဋ္ဌိဆိုတဲ့ ငါစွဲဂါဟသုံးပါးကွာတော့တာဘဲ။ "ကိုယ်မှာ မတတ် စာမှာ တတ် ဂါဟတ်ကိုက်တတ်သည်" ဆိုသည်မှာ ဒီဂါဟတွေဘဲ၊ အနိစ္စလက္ခဏာဖြင့် မာနစွဲပြုတ်သွားတယ်၊ ဒုက္ခလက္ခဏာဖြင့် တဏှာစွဲပြုတ်သွားတယ်၊ အနတ္တလက္ခဏာဖြင့် ဒိဋ္ဌိစွဲပြုတ်သွားတယ်။ ရုပ်နာမ်တို့၏ ရေပွက်ပမာဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲတဲ့အနိစ္စလက္ခဏာ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ အစိုးမရ အလိုမကျတဲ့ အနတ္တလက္ခဏာတို့ကို သာမညလက္ခဏာလို့ ခေါ်ရတယ်။

ဖြစ်ပျက်ဖြစ်ပျက်နေတာကိုတော့ သခ်ီတလက္ခဏာလို့ ခေါ်တယ်။ ရုပ်ခန္ဓာအစုအဝေးကြီးတခုလုံး၏ အချမ်းအပူ စသော အကြောင်းတို့ကြောင့် ဖောက်ပြန်တဲ့သဘောကိုတော့ ရုပ္ပနလက္ခဏာ၊ နာမ်ခန္ဓာအစုအဝေးကြီးတခုလုံး၏အာရုံသို့ညွတ်ညွတ်သွားတဲ့ နမန လက္ခဏာတို့ကိုတော့ သဘာဝ လက္ခဏာလို့ ခေါ်တယ်။

ရုပ်တို့တွင် ပထဝီစသည်တို့၏ ကက္ခဋလက္ခဏာများ၊ နာမ်တို့တွင် စိတ်၏ အာရမ္မဏ ဝိဇာနန လက္ခဏာ ဖဿစသည်တို့၏ ဖုသနလက္ခဏာ စသည်တို့ကို ဝိသေသလက္ခဏာလို့ ခေါ်ချတယ်။ လက္ခဏာကိုသိမှ သဘောကို သိတယ်၊ သဘောသိမှ ပရမတ် ပေါ်တယ်၊ ပရမတ် ပေါ်မှ ပညတ် ငုတ်သွားမယ်။ ဒါ့ကြောင့် လက္ခဏာများ သိဘို့လဲ အရေးကြီးပါတယ်။

ဝိပဿနာဉာဏ်စဉ် ဖြစ်ပွားပုံကို ကြည့်မယ်ဆိုလျှင်လဲ ထိုသို့ ဆိုအပ်ခဲ့ပြီးသော သမ္မသနဉာဏ်ဖြစ်ပြီး နောက်အဖြစ်အပျက်ကိုရှုတဲ့ ဉဒယဗ္ဗယဉာဏ် ဖြစ်လာတယ်။ ဤနေရာတွင် အထူးမှတ်ဘို့လိုသည်မှာ ကာလသုံးပါးဖြင့် ဖြစ်ပျက်ကို မြင်တာက သမ္မသနဉာဏ်၊ ပစ္စုပ္ပန်ကာလဖြင့် ဖြစ်ပျက်ကို မြင်တာက ဉဒယဗ္ဗယဉာဏ်ဟု ခွဲခြားမှတ်ပါ။

ထို့အပြင် သောတာပန် ဖြစ်ပြီးနောက် သကဒါဂါမ် ဖြစ်အောင် သကဒါဂါမ် ဖြစ်ပြီးနောက် အနာဂါမ် ဖြစ်အောင် အနာဂါမ်ဖြစ်ပြီးနောက် ရဟန္တာဖြစ်အောင်ဟာ ဤဉဒယဗ္ဗယဉာဏ်ကစပြီး အားထုတ်ရပါတယ်။

ဤဥဒယဗ္ဗယဉာဏ် ဖြစ်ပြီးသည့်နောက် အပျက်သာ ထင်သည့် ဘင်္ဂဉာဏ်၊ ကြောက်စရာထင်သည့် ဘယဉာဏ်၊ သံသရာဝဋ္ဋ၏ အပြစ်တွေကို တရေးရေး ထင်သည့် အာဒီနဝဉာဏ်၊ သံသရာဝဋ္ဋကို ငြီးငွေ့လာသည့် နိဗ္ဗိန္ဒဉာဏ် ဤနိဗ္ဗိန္ဒဉာဏ် ဖြစ်လာပြီဆိုလျှင် ပုထုဇဉ်သာ ရှိသေးသော်လည်း အရိယာတို့၏ စိတ်လိုဖြစ်စင်သွားလို့ အရိယာလို ဖြစ်နေလို့ လိင်္ဂအရိယာလို့ ခေါ်တယ်။

ဤနေရာမှာ အရိယာလေးမျိုး ခွဲခြားသိဘို့လိုတယ်။

(၁) ဝိပဿနာ တရားစပြီး အားထုတ်နေတယ် ဆိုလျှင် အာစာရအရိယာလို့ ခေါ်တယ်။

(၂) အားထုတ်လို့ ရုပ်နာမ် ကွဲသွားပြီပလား ဆိုလျှင် ဒဿနအရိယာလို့ ခေါ်တယ်။

(၃) သံသရာဝဋ္ဋကို ငြီးငွေ့လာသည့် နိဗ္ဗိန္ဒဉာဏ်ဖြစ်လာပြီ ဆိုလျှင် လိင်္ဂအရိယာလို့ ခေါ်တယ်။

(၄) မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်၍ သောတာပန် ဖြစ်သွားတော့ ပဋိဝေဓအရိယာလို့ ခေါ်တယ်။ (ကိဉ္စိဘာဝံနာဘိဝဒိံ) တဲ့။ ကိဉ္စိဘာဝံ၊ ဘယ်လိုချမ်းသာတဲ့ ဘဝမျိုးကိုမှ၊ နာဘိဝဒိံ ။ လိုချင်ဇောဖြင့် မမက်မောတော့ပြီလို့ ဆိုထားတယ်။

ထို့နောက် သံသရာဘဝတွေကို ရှုမုန်းလာပြီး သံသရာဝဋ္ဋမှ လွတ်ချင်တဲ့ မုစ္စိတုကမျတာဉာဏ် ဖြစ်လာတယ်။ နောက်တော့ ဝိပဿနာတွေ၏ အာရုံတွေကို ထပ်ရှုမှ လွတ်မည်ထင်၍ ထပ်ရှု

ချင်တဲ့ ပဋိသင်္ခါဉာဏ်တွေဟာ အစဉ်အတိုင်း ပေါ်လာကြတယ်။

ထို့နောက် သူ့အလိုလို၊ သူ့သဘောအလျောက် ကုန်ကျပျက်ကျတဲ့ သင်္ခါရတရားတွေကို လျစ်လျူရှုတဲ့ သင်္ခါရုပေက္ခာဉာဏ်၊ ရှေ့ဝိပဿနာဉာဏ်နှင့် နောက် ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့အား လျော်တဲ့ အနုလောမဉာဏ်တွေ ဖြစ်ပြီး၊ ဂေါတြဘူဉာဏ်က ညွှတ်ပေးလိုက်တော့ မဂ်ဉာဏ်က ကိလေသာတွေကို အကြွင်းမဲ့ သတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာဘဲ။

အထူးမှတ်သားရန်မှာ ဝိပဿနာဉာဏ် (၁၆)ပါးတို့တွင်—

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်၊
(၂) ပစ္စယပရိဂ္ဂဟဉာဏ်၊
(၃) သမ္မသနဉာဏ်၊
(၄) ဥဒယဗ္ဗယဉာဏ်၊
(၅) ဘင်္ဂဉာဏ်၊
(၆) ဘယဉာဏ်၊
(၇) အာဒီနဝဉာဏ်တို့ကို တရုဏ ဝိပဿနာလို့ ခေါ်တယ်။ ၎င်းဉာဏ်ကိုပင် ယထာဘူတဉာဏ်လို့လဲ ခေါ်ရသည်။ ကျန်သော—

(၁) နိဗ္ဗိဒါဉာဏ်
(၂) မုစ္စိတုကမျတာဉာဏ်
(၃) ပဋိသင်္ခါဉာဏ်

(၄) သင်္ခါရုပေက္ခာဉာဏ်
(၅) အနုလောမဉာဏ်
(၆) ဂေါတြဘူဉာဏ်
(၇) မဂ်ဉာဏ်
(၈) ဖိုလ်ဉာဏ်
(၉) ပစ္စဝေက္ခဏာဉာဏ် တို့ကို ဗလဝ ဝိပဿနာလို့ ခေါ်တယ်။

ဝိပဿနာဆိုတာ ရုပ်တရားတွေက ရှေ့ပြေးအဖြစ် နာမ်တရားတွေက နောက်လိုက်အဖြစ်ဖြင့် ရှေ့သွား နောက်လိုက် အနေပြုလုပ်ပြီး မပြတ်ရှုမှတ်နေတာဘဲ ဖြစ်တယ်။

အထူးအားဖြင့် မည်သည့် ဝိပဿနာ ဆရာတော်ကြီး၏ နည်းပင်ဖြစ်စေ၊ သမာဓိရအောင် အရင် လုပ်ရတာချည်းဘဲ၊ သတိခိုင်လျှင် သမာဓိ ပိုင်သည်၊ သမာဓိ ပိုင်လျှင် ဝိပဿနာ နိုင်ပါသည်။

ဝိပဿနာပညာ နိုင်နိုင်နင်းနင်းဖြစ်လာလျှင် ဝိဇ္ဇာအလင်းဓာတ် ပေါ်လာမည်သာ ဖြစ်သည်၊ " ပရမတ္တ ဓမ္မေဒိဋ္ဌေ ပညတ္တိနိရောဓော နာမရူပေဒိဋ္ဌေ ဒိဋ္ဌိနိရောဓော " ဆိုသည့်အတိုင်း ပရမတ်ပေါ်လျှင် ပညတ်ချုပ်တယ်၊ နာမ်ရုပ်မြင်လျှင် ဒိဋ္ဌိချုပ်တယ်၊ အဖြစ်ကိုမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိချုပ်တယ်၊ အပျက်ကို မြင်လျှင် သဿတဒိဋ္ဌိချုပ်တယ်။

## ၉။ အနှောက်အယှက်တရားသုံးပါး

တရားအားထုတ်သည့်အခါ အနှောက်အယှက်ဖြစ်တဲ့ တရားတွေကို သတိထားရမယ်၊ ဘယ်တရားတွေလဲ ဆိုလျှင်

“ငါ အားထုတ်နေတာ ဟုတ်မှဟုတ်ရဲ့လား၊ စာပေတွေကတော့ ဒီလိုဆိုထားတယ်၊ စာပေကျမ်းဂန်နှင့်ကော ညီရဲ့လား ဟု တွေးတောခြင်း ဥဒ္ဓစ္စ၊ သို့လော သို့လော ယုံမှားဖြစ်ပြီး ပူပန်နဲ့ “နိဝရဏကုက္ကုစ္စ” ငါဟာ ဉာဏ်ရှိသူ၊ ကံရှိသူ၊ ဇွဲလုံ့လရှိသူဖြစ်လျက် အဘယ်ကြောင့် မရဘဲရှိရမည်နည်း” ဟု မာန်မာနထားခြင်း၊ ဤတရားတွေဟာ တရား အထင်အမြင် နှောက်ယှက်စေတဲ့ တရားတွေဘဲ၊ ဒါတွေကို မဖြစ်အောင် သတိထားရမယ်။

ပိဋကတ်သုံးပုံဆောင် မဟာသီဝမထေရ်ကြီးဟာ သူ စာချပေးလို့ တတ်မြောက်သွားတဲ့ တပည့်တွေ သုံးသောင်းတောင် ရှိတယ်၊ ထိုတပည့်တွေဟာ တရား အားထုတ်ကြတော့ အားလုံး ရဟန္တာတွေ ဖြစ်ကုန်ကြတယ်၊ ငါ စာချပေးတဲ့ ငါ့တပည့်တွေတောင် အာသဝေါကုန်ခန်း ရဟန္တာတွေ ဖြစ်

သေးတာဘဲ၊ ငါ အားထုတ်ရလျှင် (၃) ရက်ထဲနှင့် ရဟန္တာဖြစ်စေမည်ဟု မာန်မာနကြီး ထားပြီး အားထုတ်ရာတွင် နှစ်ပေါင်း (၃၀) ကြာသည့် တိုင်အောင် မရဘဲ ဖြစ်နေ၍ ငိုနေတယ်။

ဒီတော့ အနီးရှိ နတ်သမီးက တရားအားထုတ်တာ ငိုနေရသလား၊ ငိုနေလို့ တရားရမယ်ဆိုလျှင် တပည့်တော်မတို့လဲ နေ့တိုင်း ငိုနေမှာဘဲလို့ ပြောင်သလို လှောင်သလို ပြောမှ သတိရပြီး တရား ဆက်လက် အားထုတ်လို့ အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်သွားပါတယ်၊ အဲဒီဝတ္ထုမှာ မာနက တရားကို မရနိုင်အောင် တားဆီးနေတယ် သတိထားကြ။

တရား အားထုတ်တယ်ဆိုတာ သံသရာချဲ့ထွင်နေတဲ့ တဏှာ မာန ဒိဋ္ဌိ တရားတွေကို သတ်ဘို့ဘဲ၊ ၎င်းတရားတွေဟာ သံသရာကို ရှည်အောင် ချဲ့ထွင်နေတဲ့ ပပဉ္စတရားလို့ခေါ်တယ်။

ဒီတရားသုံးပါး ဖြစ်လာအောင် ဘယ်သူတွေက လုပ်ပေးနေသလဲ ဆိုလျှင်—

(၁) အမှန်ကိုမသိအောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာ

(၂) လမ်းမှန်မဟုတ်သည်ကို စဉ်းစား ကြံစည်အားပေးနေတဲ့ အယောနိသောမနသိကာရ

(၃) ရုပ်နာမ်တို့ကို အဟုတ် အမှန်အတိုင်းမသိဘဲ ငါဟု သင်မှတ်နေတဲ့ အသ္မိမာန

(၄) ဒုစရိုက်သုံးပါးကို ပြုလုပ်ရန် မရှက်ကဲ့ အဟိရိက

(၅) ဒုစရိုက် သုံးပါးကို ပြုလုပ်ရန် မကြောက်တဲ့ အနောတ္တပ္ပ

(၆) စိတ်မငြိမ်သက် ဟိုရောက် ဒီရောက် ပြန့်လွင့်နေတဲ့ ဥဒ္ဓစ္စ–ဤတရား ခြောက်ပါးက မြှောက်စား ပင့်ကော်လုပ် ထားတယ်။

အဲဒီတရားတွေကို နာကြားပြီး ကျွန်တော်လဲ တရားဆက် အားထုတ်နေတာ (၁၅) ရက်လောက် ကြာသွားတယ်၊ ဘာမှ တော့ အကြောင်းထူး တရားထူး မတွေ့သေးဘူး၊ သမာဓိ တော့ တရက်ထက်တရက် ရင့်သန်ပြီး တရားထိုင်လိုက်တယ် ဆိုလျှင် တခါထဲ ကမ္ဗဌာန်းအာရုံထဲ စိုက်သွားတာဘဲရှိတယ်၊ အစကလို ဟိုရောက် ဒီရောက် ကမောက်ကမတွေတော့ မတွေး နိုင်တော့ဘူး။

မြင်လာတဲ့ အာရုံတွေလဲ မြင်ကာမျှမတ္တနှင့်ပင် ချုပ်သွား တယ်၊ ကြားလာရတဲ့အာရုံတွေလဲ ကြားကာမျှမတ္တ ချုပ်သွား တာဘဲ၊ မြင်တာဟာ မည်သူမည်ဝါ ယောကျ်ား၊ မိန်းမ ရယ်လို့ အမှတ်အသားတော့ မရှိတော့ဘူး၊ ကြားလာတဲ့အသံ တွေလဲ မည်သူ့အသံ၊ ယောကျ်ားအသံ၊ မိန်းမအသံရယ်လို့ တော့ အမှတ်အသား မထားတော့ဘူး၊ မရှိတော့ဘူး၊ ဒီလောက်ဘဲရှိသေးတယ်။

(၁၅)ရက် လွန်မြောက်၍ (၁၆) ရက်နေ့ ရောက်သော အခါ စကြိန်လျှောက်ရင်း ကြွတယ်၊ လှုမ်းတယ်၊ ချတယ် ဟူသော အမှတ်က တဖြေးဖြေး စိပ်လာပြီး တခြားအာရုံတွေ လုံးဝ မရောက်တော့ဘဲ ။

ကမ္မဋ္ဌာန်းအာရုံသာ စိတ်က စွဲနေတယ်၊ ဒီလိုစွဲရင်းနှင့် မိမိခန္ဓာကိုယ်ထဲမှာ ရှိတဲ့ အူတွေ အသဲတွေ မြင်ရသလို ဖြစ်လာတယ်၊ ဒါပေမဲ့ စိတ်ကမလျော့ဘဲ ဇွဲနဘဲဖြင့် ထပ်ပြီး တော့သာ အမှတ်ကို သတိပြုတယ်၊ သတိပြု အမှတ်ပြုနေတုန်း ပင် ပြုန်းကနဲဆို မတ်တတ်ရပ်ရင်း သတိလစ်ပြီး မေ့သွား သလို ဖြစ်သွားတယ်၊ ခန္ဓာကိုယ်ကြီးလဲ မရှိတော့ဘူး၊ ပျောက်သွားတယ်လို့ ထင်ရတယ်။ လူကလဲ လဲကျမသွားဘူး၊ အေးငြိမ်း ချမ်းသာ လိုက်တာလဲ ရှေးက တခါမျှ မဖြစ်ဘူး၊ မကြုံဘူးတဲ့ ချမ်းသာအထူးကို ခံစားလိုက်ရတယ်။

ငါဟာ တရားထူး တွေ့တာဘဲလို့ အထင်စွဲပြီး ၎င်းနေ့ ညနေမှာပင် ဝမ်းမြောက် ဝမ်းသာနဲ့ မင်းကွန်း ရိပ်သာသို့ လိုက်ပို့ကြတဲ့ အမကြီးတွေကို သတိရ၍ ကျေးဇူးတင်ပြီး ပြောချင်လို့ စောင့်နေတယ်။

သူတို့ကလဲ နေ့စဉ်ဘဲ အခြေအနေ ဘယ်လိုနေသလဲဆိုတာ သိချင်လို့ ထောက်လှမ်းနေကြတယ်၊ နေ့ရှိသ၍ ညနေတိုင်း ညနေတိုင်း ရိပ်သာတနေရာမှာ နေပြီး ကြည့်ကြတယ်၊ ခါတိုင်းတော့ သူတို့ကိုမြင်ပေမဲ့ တရားအားထုတ်တဲ့ အလုပ် ပျက်မှာစိုးလို့ မခေါ်ဘူး။

သူတို့ကလဲ နှုတ်ဆက်တောင် လာမတွေ့ဘူး၊ အဲဒီနေ့ ကျတော့ မပြောရယင် မနေနိုင်ဘူး၊ ပြောကိုပြောချင်တယ်၊ မြင်တယ်ဆိုလျှင် လှမ်းခေါ်ပြီး မိမိဖြစ်ပျက်ပုံကို အကုန် ပြောပြလိုက်တယ်။

သူတို့လဲ တရားအားထုတ်ထားသူတွေ ဖြစ်တော့ ဝမ်းသာ လို့မဆုံး တပြုံးပြုံးနဲ့ သဘောကျပြီး ပြန်သွားကြတယ်။

ထို့နောက် တိုက်အုပ်ဆရာတော် ဦးဝါယမိန္ဒထံ သွားပြီး အကျိုးအကြောင်း လျှောက်ထားတယ်၊ ဆရာတော်က တမင် တဖိုလ် ရတယ်လို့များ ထင်မှတ်သွားလို့လား မသိဘူး၊ ဒကာ ကြီး အပါယ်လမ်း ပိတ်သွားပြီလို့ အမိန့်ရှိတယ်။

ဤကား မင်းကွန်း ဝိပဿနာ တရား အကျဉ်းချုပ်ကို ကိုယ်တွေ့ ဝိပဿနာနှင့် ထုတ်ဖော် ရေးသားလိုက်ပါသတည်း။

# ၁၀။ မဟာစည်ဆရာတော်ဘုရား၏

# ဝိပဿနာရှုနည်း

## (စကားပလ္လင်)

ကျွန်ုပ် စာရေးသူသည် မဟာစည် ဆရာတော်ကို (၁၂၉၀)ပြည့်လောက်ကစ၍ သိပါသည်။ ထိုစဉ်က ရွှေဘိုမြို့ ပုခန်း ကျောင်းတိုက်မှာ ကျေးဇူးရှင် သုဓမ္မာဝင် ပုခန်း ဆရာတော်ဘုရားကြီးနှင့် ကျေးဇူးရှင် ပုခန်းတိုက်အုပ် ဆရာ တော် နောင်တော်ဦးဉာဏဝံသတို့ထံ စာသင်နေတုံးဖြစ်ပါသည်၊ အထက်ပါနှစ်တွင် ရွှေဘိုကျောင်းဆရာကြီးဦးပြည့်စုံကျောင်းမှာ ပထမကြီးတန်း အတူ ဖြေရသည့် အတွက် ဆိတ်ခွံရွာက ဦးသောဘဏဟု သိပါသည်။

ဦးသောဘဏမှာ အကျင့်သီလနှင့် ပြည့်စုံ၍ ဉာဏ်မှာလဲ အလွန်ထက်သန်သည့် ပုဂ္ဂိုလ် ဖြစ်ကြောင်း၊ နောင်တော်က ပြောပြ၍ သိရပါသည်။

ထို့နောက် ကျွန်ုပ်လဲ သာမဏေဘဝနှင့်ပင် ပထမကြီးတန်း ဆက်လက် ဖြေဆိုနိုင်ရန် ရည်သန်၍ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်သို့ ရောက် သွား ပါ သည်၊ ဦးသောဘဏလဲ မော်လမြိုင် သထုံမြို့တို့မှာ သီတင်းသုံးနေကြောင်း သိရပါ သည်။ နှစ်ပေါင်း(၃၀)ကျော်လောက် မတွေ့ရတော့ပါ။

ထို့နောက် ကျွန်ုပ်လဲ ရဟန်း (၁၂)ဝါရတွင် လူဝတ် ကြောင်လဲပြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှာ ဘာသာပြန် အယ်ဒီတာအဖြစ် အမှုထမ်းနေစဉ် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်တို့ သွား ရောက်ပင့်လျှောက်ကြသဖြင့် ယခု သာသနာ့ရိပ်သာသို့ရောက်မှ ထပ်မံဖူးမြင်ရပြန်ပါသည်။

နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုက မိမိအား တရားအားထုတ် ရန် ပြောဘူးသည်။ စားသောက် နေထိုင်ရေးမှ စ၍ အစစ အရာရာ အဆင်မပြေသေးသဖြင့် နှောင့်နှေး ကြံ့ကြာသွားပါ သည်၊ (၁၃၁၄) နှစ်ကျမှ ဝန်ကြီးချုပ် ဦးနုက ဦးဓမ္မဇေဘ္ဘ အမည်ဖြင့် ရဟန်းပြုနေစဉ် သွားရောက်ဖူးမြင်သောအခါ မိမိ အား တရားအားထုတ်ရန် ထပ်မံပြောပြန်ပါသည်၊ အားထုတ် ယင်လဲ ဥာဏ်စဉ်နာပြီးသည့်တိုင်အောင် အားထုတ်ပါဟု အမိန့် ရှိပါသည်။

တပည့်တော် လွန်ခဲ့သော (၁၀)နှစ်လောက်က မင်းကွန်း ဝိပဿနာ ကျောင်းတိုက်သို့ သွားရောက် အားထုတ်ဘူး ကြောင်း လျှောက်ထားသော်လဲ ကျေနပ်ဟန်မတူပါ၊ ဦးတင်

မြင့် တရားအားထုတ်လို့ ကုန်ကျသည့်စရိတ်ကို သူ၏ မဟာစည် ရိပ်သါ ထောက်ပံ့ရေး ရန်ပုံငွေမှ ထုတ်ယူပါလို့လဲ ပြောပါသည်။

ဤသို့ ဝန်ကြီးချုပ်ဘဝနှင့် တခါ၊ ရဟန်းဘဝနှင့် တခါ နှစ်ခါရှိနေတော့ အားထုတ်ရန် ရည်သန်ပြီး ဇနီးဖြစ်သူ မစိန်လှနှင့် သားကြီးဖြစ်သူ ယခု ကာကွယ်ရေး ဝန်ကြီးဌာန လေတပ်တွင် အရာခံဗိုလ် အဆင့်အတန်း ရှိသော လေကြောင်း အချက်ပြ အမှုထမ်းနေသည့် မောင်စိန်တင်နှင့် ဦးမိုးမြင့် ကျူရှင်ကျောင်းအုပ်၊ (တက္ကသိုလ်မင်းယဉ်) သားလတ်တို့နှင့် တိုင်ပင်ကြည့်ရာ အဖေ အားထုတ်ဖြစ်အောင် အားထုတ်ပါ၊ အဖေ့မှာလဲ အစာအိမ်ရောဂါ ရှိနေတော့ အသက်လဲ ရှည်ချင်မှရှည်မည်၊ သေချင်ယင် ရုတ်တရက် သေသွားနိုင်ပါသည်၊ သေခါနီး တရားအားမထုတ်လိုက်ရဘူးဟု နောင်တရနေမယ်၊ စရိတ်စကကိုလဲ ဦးနုထံ ယူမနေပါနှင့်၊ ကျွန်တော်တို့ အိမ်သား တစု စားရေး သောက်ရေး ချွေတာ စုဆောင်းပြီး ထောက်ပံ့ပါမယ်ဟု ပြောကြတယ်။

ဒါနဲ့ အကြောင်းကတော့ ညီညွတ်နေပြီဟု သဘောရကာ တရားအားထုတ်ရန် ဆုံးဖြတ်လိုက်ပါသည်၊ ၁၃၂၉ ခု တန်ခူး လဆန်း ၄ ရက်၊ (၁၊၄၊၆၇)နေ့တွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ထံ သွား၍ (၈)ပါးသီလ ခံယူပြီးလျှင် တိတ်ခွေဖြင့် အသံသွင်းထားသော မဟာစည် ဆရာတော်၏ တရားပြနည်းကို ဖွင့်ပြ ဟောပြောပါသည်။

တရားပြနည်း အကျဉ်းချုပ်မှာ ထိုင်ပြီး အားထုတ်မယ်ဆိုယင် ယောကျ်ားဆိုယင် တင်ပလ္လင်ခွေပြီး ထိုင်ပါ၊ မိန်းမဆိုလျှင် မိန်းမထိုင် ထိုင်ပြီး ကိုယ်ကို မတ်မတ် လက်ကိုတော့ တောင့်တောင့်ထား၊ ပြီးလျှင် မျက်စိမှိတ်ကာ ငြိမ်သက်စွာဖြင့် ဝင်သက်ကစပြီး ရှုလိုက်ယင် ဗိုက်က ပိန်လာလိမ့်မယ်၊ ပိန်လာယင် ပိန်တတ်လို့မှတ်၊ ပြန်၍ ရှိုက်လိုက်တဲ့အခါ ဖောင်းလာလိမ့်မယ်၊ ဖောင်းလာယင် ဖောင်းလာတယ်လို့မှတ်၊ ပါးစပ်က ဆိုဘို့မလိုဘူး၊ စိတ်ထဲက မှတ်ရုံဘဲ။

အဲဒီလို ပိန်တယ် ဖောင်းတယ်လို့ မှတ်ဖန်များတော့ မခံသာလို့ ဝေဒနာကလေးတွေ ဖြစ်ပေါ်လာလျှင် သူဖြစ်ပေါ်ရာမှာ အာရုံစူးစိုက်ပြီးတော့ လိုက်မှတ်ရတယ်၊ နာယင် နာတယ်လို့ မှတ်၊ ကျင်ယင် ကျင်တယ်လို့ မှတ်၊ ကိုက်ခဲယင် ကိုက်ခဲတယ်လို့ မှတ်၊ အောင့်ယင် အောင့်တယ်လို့ မှတ်၊ ညောင်းယင် ညောင်းတယ်လို့ မှတ်၊ ညောင်းလို့ မပြင်နဲ့၊ မောယင် မောတယ်လို့မှတ်၊ မောလို့ မရပ်နဲ့၊ ဖြစ်ပေါ်လာတဲ့ ဝေဒနာလေးတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်၍ရှုမှတ်နေရပါတယ်။ အထူးဝေဒနာမပေါ်ယင် အစက စပြီး မှတ်တဲ့ ပိန်တယ်- ဖောင်းတယ်၊ ပိန်တယ်- ဖောင်တယ်လို့ဘဲ ပြန်မှတ်ရမယ်။

သမာဓိရပြီး ဉာဏ်အားပြည့်တဲ့ အခါမှာ ဆိုယင် ဒီလိုစူးစိုက်ပြီး မှတ်နေရာမှ ဟိုကိုယ်ထဲက မခံသာမှု-ဝေဒနာလေးတခု ဖြစ်လာလိုက်ယင်း ဒီက သိမှတ်တဲ့ စိတ်ကလေးတခုက ဖြစ်လိုက်ယင်း၊ ဟိုက မခံသာမှု ဝေဒနာလေးတခု ဖြစ်လာ

လိုက်ယင်း ဒီက သိမှတ်တဲ့ စိတ်ကလေးတခုက ဖြစ်လိုက်ရင်းနှင့် ဖြစ်တိုင်း ဖြစ်တိုင်း အခံရ ခဏ်တာကလေးတွေကို တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီးတော့ သိနေတယ်။

ဝေဒနာလေးတွေသာ မဟုတ်ဘူး မှတ်နေတဲ့ သတိဉာဏ် ကလေးတွေကလဲ မှတ် သိပြီးယင်း ပျောက်သွားယင်း၊ မှတ် သိပြီးယင်း ပျောက်ပျက်ယင်း၊ ခနမစဲ တသဲသဲ ဖြစ်ပျက်ပြီး နေတော့ မမြဲပုံတွေဟာ ထင်ရှားပါတယ်။

ဝေဒနာသာ မဟုတ်သေးဘူး၊ ဝေဒနာမှတပါး မြင်တာ တွေ၊ ကြားတာတွေ၊ နံတာတွေ၊ စားတာတွေ၊ ထိတာတွေ သိတာတွေဖြစ်တဲ့ ဒွါရခြောက်ပါးမှ ကျလာသမျှ အာရုံတွေ ကိုလဲ သူတို့ ကျလာတိုင်း ကျလာတိုင်း ရှုမှတ်ပြီးတော့ သိနေ ရတယ်။ အာရုံက ကျလာလိုက်ယင်း အဲဒါ ရှုမှတ်ပြီး သိလိုက် ယင်းနဲ့ တဖန် ပျောက်သွားပြန်တယ်။ ပျောက်သွားတော့ တခြားအာရုံတွေ ပေါ်လာပြန်တယ်။ ပေါ်လာတဲ့ အာရုံတွေ လိုက်မှတ်နေရတယ်။

အဲဒီလို မပြတ်မစဲ တသဲသဲရှုမှတ်ပြီး ဝိညာဉ်တသိထဲ သိနေ ရတယ်။ ရုပ်ဘဲဖြစ်ဖြစ်၊ ဝေဒနာ သညာသင်္ခါရတို့ဘဲ ဖြစ်ဖြစ် ဖြစ်တိုင်း ဖြစ်တိုင်းကို အမေ့၊ အပျောက် အလွတ်မရှိဘဲ အကုန် လုံး အမှတ်ကပ်ပြီး သိနေရတယ် စသဖြင့် ဟောပြောပြသ ပါသည်။

## ၁၁။ တရားအစစ်ခံပုံ

တရား အားထုတ်၍ ဖြစ်ပေါ်လာပုံကို ဖော်ပြ ပါမည်။ ထိုအခါက ရဟန်းတော်များနှင့် လူယောကျ်ား များအား တရားစစ်တဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်မှာ ဆရာတော် အရှင်ပဏ္ဍိတ ဖြစ်သည်။ ဆရာတော် အရှင် ပဏ္ဍိတသည် ပိဋကတ်ကျမ်းဂန်နှင့် ဂန္ထန္တရ အဝဝတို့တွင် ကျမ်းကျင်၍ အကျင့်သိက္ခာ အနေအထိုင် ကျစ်လစ် သိပ်သည်းသပ်ရပ်ပြီး အလွန် ကြည်ညိုချင့်စဖွယ် တင့်တယ်သော ပုဂ္ဂိုလ်ထူးတပါး ဖြစ်သည်။

တရားအားထုတ်၍ (၃)ရက်၊ (၄)ရက်လောက် ရှိလျှင် ဆရာတော် အရှင်ပဏ္ဍိတထံ တရားထိုင်နေသော ပုဂ္ဂိုလ်များ တရားအစစ်ခံကြရသည်။ ကျွန်ုပ်လည်း ဆရာတော်ထံ ရောက်သောအခါ တနေ့ ဘယ်နှစ်ကြိမ် တရားထိုင်သလဲ၊ စင်္ကြံန် ကော ဘယ်နှစ်ခါလျှောက်သလဲဟု မေးပါသည်။

တပည့်တော် တရားစထိုင်သည်မှ စ၍ ယနေ့တိုင်အောင် တနေ့လျှင် ခြောက်ကြိမ် တရားထိုင်၍ ခြောက်ကြိမ် စင်္ကြံန် လျှောက်ပါသည်ဟု ပြောသည်။

ယခု တရားထိုင်သည့်အခါ မိမိခန္ဓာကိုယ်နှင့် မှတ်သိစိတ် တခြားသည် ထင်ပါကြောင်း၊ အမှတ်မပျက်တာလဲ များပါသည်ဟု လျှောက်သည်။

တကြိမ်ထိုင် တကြိမ်စကြံလျှောက်လျှင် တနာရီလောက် ကြာပါသည်၊ ဒကာကြီး ဖြစ်ပုံမှာ တရားသား ပါပါတယ်၊ အမှတ်မပျက်အောင် ကြိုးစားပါဟု အမိန့်ရှိသည်။

ထို့နောက် သုံးရက်လောက်ရှိလျှင် တခါ သွားအစစ်ခံရ ပြန်ပါသည်။ တပည့်တော် တရား မှတ်ယင်း မှတ်ယင်းနဲ့ မျက်စိ ဖွင့်ပြီး ကြည့်လိုက်သောအခါ လက်မောင်းသားတွေ ကြည့် လိုက်ယင် ရိပ်ရိပ် ရိပ်ရိပ်နဲ့ လှိုင်းထမ်းပိုးထသလို မြင်ရသည်၊ အုတ်နံရံကို ကြည့်လိုက်ပြန်ရင်လဲ လေတိုက်လို့ လှုပ်သလို တရိပ်ရိပ် တရိပ်ရိပ်နဲ့ တွေ့နေရသည်၊ ငှက်သံတွေ ကြားပြန် ယင်လဲ အသံလောက်သာ အာရုံ ရောက်ပြီး မိန်းမဘဲ ယောကျ်ားဘဲ၊ ရေကြက်သံဘဲ၊ ဘုတ်သံဘဲဟု အာရုံမစွဲဘဲ ကြားသည့်အာရုံသာ ရောက်ပါသည်ဟု လျှောက်ထားသည်။

ဆရာတော်က တရားအတော်တက်နေပြီ၊ ဆက်ပြီးကြိုးစား ပါ၊ နောင်ကြ ဒီလိုအဘယ့်ကြောင့် ဖြစ်လာတယ်ဆိုတာ ရှင်း လင်းပြမယ်လို့ အမိန့်ရှိပါသည်။

တရားအားထုတ်၍ (၁၀) ရက်လောက် ရောက်လာသော အခါ တပည့်တော် မျက်စိကြည့်ရာဘာ ခါတိုင်းထက် ပို၍ ကြည်လင်သည်၊ တရားထိုင်၍ ပြီးခါနီး တနာရီနီးနီးလောက် မှာ တကိုယ်လုံးစိမ့်၍ တဖိန့်ဖိန့်နဲ့ ချမ်းသာနေပါသည်၊ ရေ ငတ်တဲ့အခါ ရေသောက်ရသလို နေပူထဲမှာ အပူခံနေရာမှ

နေရိပ်သို့ရောက်၍ ခိုလှုံရသလို ဖြစ်နေပါသည်။ နောက်ဆုံး အလွန်တရာ နှစ်သက်စရာ လိုချင်စရာ ကောင်းတဲ့ ပုဂ္ဂိုလ် သတ္တဝါ၊ အရာဝတ္ထုတွေတောင် အလကားဘဲ၊ ဘာမှ နှစ်သက်စရာ မဟုတ်ဘူး၊ ခင်မင်စရာမဟုတ်ဘူး၊ လိုချင်စရာ မဟုတ်ဘူး၊ ဖြစ်ပြီး ပျက်စီးနေတဲ့ အရာဝတ္ထုတွေဘဲ၊ ချော တာ လှတာဆိုတာလဲ မိမိတို့က ထင်နေတာဘဲ၊ အမှန်စင်စစ် တော့ ချောတာလှတာ ဘာမျှ မရှိပါဘူးဟု ထင်နေပါသည် ဘုရားဟု လျှောက်ထားသည်။

ဆရာတော်က အမှတ် ကျဲနေသေးတယ်၊ ဒါထက် ကဲပြီး အမှတ် မကျဲရအောင် ကြိုးစားပါ၊ ဒါပေမဲ့ တနေ့ထက်တနေ့ တော့ တရားတက်တက်လာတယ်၊ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု တွေဟာ ပညတ်ဘဲ၊ ပညတ်ပေါ်လျှင် ပရမတ်ငုတ်တတ်တယ်၊ ဖြစ်ပျက်နေတဲ့ တရားသဘောလေးတွေအပေါ်မှသာ အာရုံက စိုက်ရမယ်ဟု ပြောပါသည်။

ထိုနောက် (၁၅)ရက်လောက် ရောက်တဲ့အခါ တရား ထိုင်နေစဉ်တွင် အကြိမ် (၂၀)လောက် မိမိ ရှေ့မျှောက်မှာ ဝင်းခနဲ လက်ခနဲနှင့် အရောင် တွေ့ရပါသည်။ မိမိခန္ဓာကိုယ် ကြီးမှာလည်း တည်ရာမရှိတဲ့ ကောင်းကင်ပြင်မှာ ထိုင်နေရ သလို ငြိမ့်ခနဲ ငြိမ့်ခနဲနှင့် နေပါသည်။ တရားအားထုတ်ရတာ လဲ ပျင်းရိခြင်း၊ ထိုင်းမှိုင်းခြင်းမရှိဘဲ အလွန် အရသာရှိသလို ဖြစ်နေပါသည်ဘုရားလို့ လျှောက်ထားတယ်။

ဒီတော့ ဆရာတော်က ဆက်ကြိုးစားပါ၊ အမှတ် စိတ်နိုင်သမျှ စိတ်ပါစေ၊ အခြားအာရုံတွေ မဝင်ပါစေနှင့်၊ တနေ့ထက် တနေ့ တရား တိုးတက်ပါသည်၊ ဒီလို ဖြစ်တာဟာ တရားအားထုတ်သည့် ယောဂီတိုင်း ဖြစ်တတ်ပါသည်၊ အရောင်အလင်းကလဲ တခန်းလုံးလင်းသလား၊ ကွက်ပြီး လင်းသလားလို့ မေးပါသည်၊ ခနလင်းတာလား၊ ကြာရှည်ရှည် လင်းတာလားဟု မေးပါသည်။

တခန်းလုံးမလင်းပါ၊ ရှေ့တွင်သာ လင်းပါသည်၊ ခနလင်းပါသည်၊ တာရှည်မလင်းပါ၊ လျှပ်ပျက်သလို လင်းတာပါ ဘုရားလို့ လျှောက်ထားလိုက်သည်။

တရားထိုင်၍ (၁၆)ရက်လောက်အမြောက် နေ့လယ်လောက်တွင် အစာအိမ်ရောဂါ ပြန်ပေါ်လာ၍ ဗိုက်နာသဖြင့် ဆရာတော်ထံ ခွင့်ပန်ပြီး အိမ်သို့ ခနပြန်၍ မြင်းကွင်း ဆေးရုံမှာ ဆေးထိုးရပါသည်။ နောက်နောက်က တခါတခါ ဗိုက်နာယင် (၃)ရက်လောက် အနည်းဆုံး ခံရပါသည်။ ဆေးလဲသုံးခါလောက် ထိုးမှ သက်သာတတ်ပါသည်။ ယခုတော့ တရားအားထုတ်နေလို့လား မသိ၊ တရက်လောက် အနားယူပြီး တခါဆေးထိုးတာနဲ့ ပျောက်သွားပါသည်။

နောက်တနေ့ ရိပ်သာပြန်ရောက်၍ ဆက်ပြီး တရားထိုင်ပါသည်၊ ၎င်းနေ့ပင် ဆရာတော် ဦးပဏ္ဍိတထံ တရား အစစ်ခံရပါသည်၊ တပည့်တော်ပြန်ပြီး တရားထိုင်တော့ လူတယောက်

မိမိရှေ့မှာ ချက်ချင်း အနာရ၍ ချက်ချင်း အကြောဆွဲပြီး ချက်ချင်း သေသွားသည်ကို မြင်ရပါသည် ဘုရားဟု လျှောက်ထားရာ အိမ်တရက်သွားသော်လည်း တရားရှုမှတ်မှု ပျက်ပုံ မပေါ်ပါဟု အမိန့်ရှိပါသည်။

ထိုနောက် တရားထိုင်၍ ရက် (၂၀)လောက် အမြောက်တွင် တရားထိုင်ရာမှာ ခနသာ ပိန်ဖောင်း မှတ်ရသည်။ တော်တော်ကြာ ငြိမ်ကျသွားကာ ကောင်းကင်မှာ ထိုင်နေရသလို အထိ အတွေ့ မရှိတော့သလိုလို အလွန် ချမ်းသာပြီး နေပါသည်၊ နောက် နောက်က ( ၁ ) နာရီလောက် ထိုင်နိုင်သော်လည်း ( ၃ )နာရီလောက် ထိုင်တောင်မှ မညောင်းတော့ဘူး၊ ထလိုတဲ့အခါ ရုတ်တရက် မထနိုင်သလိုဖြစ်ပြီး လှုပ်ရှားလို့ မရသလို ဖြစ်နေပါသည်၊ လက်ခြေကို မနည်းလှုပ်ပြီး ထရပါသည်။

ထပြီး စဉ်းစားမိသည်မှာ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုတွေဟာ ပျက်လိုက် ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်လိုက်နဲ့ သူ့သဘောသူဆောင်နေကြတာချည်းဘဲဟု ထင်နေကြောင်း လျှောက်ထားသည့်အခါ အဲဒါဟာ ဓမ္မနုပဿနာသဘောဘဲ ဒီစခန်းသို့ ရောက်ရန် အလွန်အားထုတ်ရသည်ဟု အမိန့်ရှိပါသည်။

နောက်( ၁၅ )ရက်လောက်ကြာတော့ အစစ်ခံဘို့ရာ ဘာမျှ အထူးမရှိပါဘူးဘုရား၊ ဒါပေမဲ့ အထူးလျှောက်ထားလိုသည်မှာ တပည့်တော် ဘုရားဆုပန်ထားသူ ဖြစ်ပါတယ်၊ သံသရာကြီး ကြောက်ကြောက်လာတော့ သံသရာထဲ မနေချင်တဲ့ စိတ်တွေ

ခနခန ဖြစ်နေတယ်ဘုရား၊ လောကမှာ အထက်တန်းကျတယ် ဆိုတဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်လဲ အလကားဘဲ လို့ ထင်တယ်၊ ဘာမှ အနှစ်သာရ ရှာမတွေ့အောင် ဖြစ်နေ တယ်။

တပည့်တော် ဥာဏ်အလွန်ကောင်းတယ်ဘုရား၊ ငယ်ငယ် တုန်းက အဘိဓာန်တို့ အလင်္ကာတို့ ဘေဒစိန္တာတို့ ကျက်သော အခါ မနားဘဲ ကြိုးစား ကျက်မယ်ဆိုရင် တနေ့ ဂါထာ (၅၀) လောက် ရတယ်ဘုရား၊ ယခု တရားအားထုတ်တာလဲ (၇)ရက်လောက်နဲ့ ဥာဏ်စဉ်ပေါက်ပြီး ဥာဏ်စဉ်နားချလိမ့်မယ် လို့ ထင်ခဲ့တယ်၊ ယခု အရက် အစိပ်လောက်ရတာတောင် ဥာဏ်စဉ် မနာရတော့ ဘယ်လို ဖြစ်နေသလဲ မသိဘူးဟု လျှောက်တယ်။

ဒီတော့ ဆရာတော်က ဒကာကြီး ဘုရား ဆုတောင်းပေမဲ့ တရား အားထုတ်ကောင်းပါတယ်၊ တရား အားထုတ်နိုင်ပါ တယ်၊ တနေ့တခြား တရား တိုးတက်နေတာ တွေ့ရတယ်၊ ဒီတရားတွေထဲမှာ ဗောဇ္ဈင်(၇)ပါးလဲ ပါတယ်နော်၊ တရား မှန် လမ်းမှန် မြင်လာယင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဘဲ စသဖြင့် ဗောဇ္ဈင်(၇)ပါး ဖြစ်ပွားပုံကို အမိန့်ရှိတော်မူတယ်။

တရား အားထုတ်ရင် ငြိမ်သက်နေတာကတော့ ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်နေတာဘဲ၊ မဂ္ဂင် (၈)ပါးလဲ ပါတာဘဲ၊ မဂ္ဂင်ရှစ်ပါးပါလို့ ဥာဏ်စဉ် တက်ပြီး မဂ်ဥာဏ် ဖိုလ်ဥာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တာပေါ့ဟု အမိန့် ရှိပါသည်၊

မိမိက ဥာဏ်စဉ် အနာခိုင်းလိမ့်မည်ဟု မျှော်လင့်ပြီး လျှောက်သော်လည်း ဥာဏ်စဉ်နာဘို့အကြောင်းနှင့် ပတ်သက်ပြီး ဘာမှ မပြောပါ။

နောက်တနေ့ တပည့်တော် တရားဆက်ပြီး အားထုတ်သော်လည်း ဘာမှ အထူးမပေါ်ပါဘူး ဘုရား၊ အားထုတ်ရတာ ချမ်းသာတယ်လဲမဟုတ်၊ဆင်းရဲတယ်လဲမဟုတ် ငြိမ်သက်တည်ကြည်ပြီး တရားထဲ အာရုံစိုက်သွားတာဘဲ ရှိတယ်ဘုရား၊ တရားဟာလဲ ရပ်တံ့ပြီးနေတယ်လို့ ထင်တယ်။

မရပ်တံ့ပါဘူး၊ ဥပေက္ခာ ဖြစ်နေလို့ ရပ်တံ့တယ် ထင်နေတာပါဟု အမိန့်ရှိသည်။

နောက်တနေ့ တပည့်တော် နိုင်ငံရေးလုပ်ခဲ့ဘူးလို့ နိုင်ငံရေးစကား ပြောတယ်လို့တော့ မထင်ပါနဲ့ဘုရား၊ တခုတော့ လျှောက်ထားချင်ပါတယ် ဘုရား၊ ဆိုရှယ်လစ် ဘုံဝါဒကို တည်ထောင်ကြတာဟာ လောဘနည်းအောင် အမြတ်ကြီးစား နည်းအောင် လုပ်တယ်လို့ ထင်ပါသည်၊ လောဘနည်းအောင် အမြတ်ကြီးစားချင်စိတ် နည်းအောင် လုပ်ဘို့လွယ်ပါတယ်၊ သူဌေးတွေ ကုန်သည်ကြီးတွေ အရာရှိကြီးတွေကို ဝိပဿနာတရား အားထုတ်ခိုင်းယင် အလိုလို လောဘနည်းသွားမယ်ဘုရား၊ အမြတ်ကြီး မတရားစားချင်တဲ့စိတ် အလိုလို နည်းသွားမယ် ဘုရား၊ လောဘအကြီးခိုင်းလို့ အမြတ်ကြီးစားခိုင်းလို့ ရမှာတောင် မဟုတ်ပါဘူး ဘုရားဟု လျှောက်ထားသည်။

ဆရာတော်က သဘောကျ၍ ပြုံးနေသည်။

ပြီးတော့ တပည့်တော် တခု လျှောက်ထားချင်သေးတယ် ဘုရား၊ ဘုန်းကြီးတွေလဲ စာသင်လို့ပြီးယင် တခါထဲဆက်ပြီး စာမချစေချင်သေးဘူး၊ တရားအားထုတ်ပြီးမှ စာချစေချင်တယ်၊ အဘယ့်ကြောင့်ဆိုသော် စာသင်လို့ တတ်တာက စာသိဘဲဖြစ်တယ်ဘုရား၊ ကိုယ်တွေ့ အသိ မဟုတ်သေးဘူး၊ တရားအားထုတ်မှ ကိုယ်တွေ့သိပြီး သဘာဝ ပိုကျမယ်ဟု လျှောက်ထားရာ ဒကာကြီး ပြောတာ မှန်တယ်၊ စာတတ်ပြီး တရားအားမထုတ်လျှင် ဂါဟတ် ကိုက်တတ်တယ် ဆိုတာ ဒါမျိုးဘဲဟု အမိန့်ရှိပါသည်။

မနေ့က တရားအားထုတ်ရတာ ဘုရား တမျိုးချည်းဘဲ၊ အားထုတ်နေစဉ် ဆတ်ခနဲ ဆတ်ခနဲ မေ့မေ့သွားပါတယ်၊ တကြိမ်မှာ အတော်ကြာအောင် မေ့သည်ဟု ထင်ပါသည်၊ မေ့နေစဉ် အလွန်မြင့်သော တောင်ကြီးပေါ်မှ ရဟန်းသံဃာတော်များ ယပ်တောင်ကိုယ်စီနှင့် စီတန်းကြွလာသည်ကို တွေ့မြင်ပါသည်ဟု လျှောက်ထားသည်။

ဆရာတော်က သဘာဝ လက္ခဏာ၊ သင်္ခတ လက္ခဏာ၊ သာမည လက္ခဏာ အကြောင်းတို့ကို ဟောပြောသည်။ ပြီးတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဝိပဿနာဉာဏ် မဟုတ်ပေ၊ သမ္မသနဉာဏ်ကျမှ ဝိပဿနာဉာဏ်လို့ ခေါ်ရကြောင်း ထပ်မံဟောပြောသည်။

ယနေ့ တရား အားထုတ်ရတာကတော့ အရင်လို ငြိမ်သက်မနေဘဲ ရှုကနဲ ပွကနဲ၊ ဆစ်ကနဲ စူးကနဲ ခနခန ပေါ်ပေါ်နေပါတယ်၊ မနဲကြိုးစားပြီး မှတ်နေရပါတယ်၊ လူလဲ တုန်လှုပ်တယ်၊ အရာဝတ္ထုတို့ကို ကိုင်တိုင်း ကိုင်တိုင်းလဲ တုန်လှုပ်တယ်။ ရပ်လို့လဲ ကြာကြာမနေနိုင်ဘူး၊ ယိုင်လဲမတတ် ဖြစ်နေတယ် ဘုရား။

ဆရာတော်က တရား ဆုတ်သွားတယ်လို့ ထင်သလား၊ မပြောတတ်ပါဘူး ဘုရား၊ တရားမဆုတ်ပါဘူး၊ တိုးတက်နေ တာပါ၊ ယခုလိုဖြစ်တာ တရားသဘောဘဲ၊ ဆက်သာ အား ထုတ်ပါဟု တိုက်တွန်းသည့်။

တရားအားထုတ်၍ တလမျှ ရသောအခါ စပြီးထိုင်လို့ (၁၅) မိနစ်လောက် အကြာတွင် မိမိ၏ရုပ်ပုံပန်းသဏ္ဌာန်ရော စိတ်ရောက် ပျောက်သွားသည်ဟု ထင်ပါသည်။ စကြံ လျှောက်တဲ့အခါလဲ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ် ရတာ အမှတ်ကျဲသည်ဟု ထင်ပါသည် ဘုရားဟု လျှောက် ထားရာ—

ဒါဖြင့် နောက်ကို ကြွတယ်၊ ဆွဲတယ်၊ ဆောင်တယ်၊လှမ်း တယ်၊ ချတယ်၊ မိတယ်လို့ တခါလှမ်းလျှင် ခြောက်မှတ်သိ အောင် မှတ်နိုင်ကြောင်း အမိန့်ရှိသည်။

နောက်တနေ့၌ မနေ့က စင်္ကြံလျှောက်ရတာ အလွန် ထိထိ ယှယှ မိမိရရ တိတိကျကျဖြစ်ပါသည်ဘုရား၊ နာရီဝက်လောက် လျှောက်မိတော့ စိမ့်ကနဲ ဖိန့်ကနဲ၊ အိမ့်ကနဲ ပီတိတွေဖြစ်ပြီး

မိုးပုံးပုံ မှိုင်းပြည့်ခါနီး အထက်ဆွဲသလို မတ်တပ်ရပ်ရင်း တကိုယ်လုံး အထက်သို့ ဆွဲဆောင်သကဲ့သို့ ဖြစ်ပါတယ်၊ နောက်နောက်က တရားထိုင်ယင်သာ ပီတိပဿဒ္ဓိ ဖြစ်ပါတယ် ယခုတော့ စကြံလျှောက်တဲ့အခါလဲ ပီတိပဿဒ္ဓိ ဖြစ်လာတယ် ဘုရား၊ ယခုလို တရားအရသာ တွေ့နေတော့ ညောင်းမှာ ပင်ပန်းမှာလဲ မကြောက်တော့ဘူး၊ နိဗ္ဗာန်လဲ အခုမှ တကယ် လိုချင် အမှန်လိုချင်လာတယ် ဘုရားဟု လျှောက်ထားရာ—

"လိုချင်လာမှာပေါ့ ဒကာကြီး၊ သခါရ ဒုက္ခကိုတွေ့နေ တော့ လိုချင်လာတာဘဲ" ဟု အမိန့်ရှိသည်။

တပည့်တော် တရားကို စိတ်ရှိသလောက် အားမထုတ်နိုင် တော့ဘူးလို့ ထင်နေတာ ယခုတော့ အစာအိမ်ရောဂါကလဲ သက်သာသွားတော့ ယခုလို အားထုတ်နိုင်သေးတာ သိပ်ဝမ်း သာတယ် ဘုရား၊ ယခုဘဝ တမဂ်တဖိုလ် မရသေးတောင် အောက်ပါ အကျိုးကျေးဇူးများတော့ အားထုတ်သူတိုင်း ခံစားရလိမ့်မည်ဟု ယုံကြည်ပါတယ်ဘုရား။

(၁) ငါးပါးသီလကို တမင်ဆောက်တည်ကျင့်ဘို့ နေစရာ မလိုတော့ဘဲ အလိုလိုစင်ကြယ်နေခြင်း။

(၂) ဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံး ပြည့်စုံ၍ အလို လို စိတ်ချမ်းသာပြီး နေထိုင်လို့ကောင်းခြင်း။

(၃) အရင်ကလို မိရိုးဖလာ ရတနာသုံးပါးကိုးကွယ်ခြင်း မျိုး မဟုတ်တော့ဘဲ တကယ်ယုံကြည်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရခြင်း။

(၄) တကယ် အားထုတ်ပါလျှင် လောကုတ္တရာ မဂ်သို့ ရောက်နိုင်ခြင်း၊ မရောက်သေးလျှင်လဲ ဝိပဿနာမဂ် ပုဗ္ဗဘာဂ မဂ်တော့ ရောက်နိုင်ခြင်း။

(၅) မဂ်အခြေ ဖိုလ်အခြေ အထုံပါရမီ ကုသိုလ်မျိုးစေ့ များ ဘဝဆက်တိုင်းဆက်တိုင်း ပါသွားနိုင်ခြင်း။

(၆) စာပေတတ်ကျွမ်းပါလျှင် စာသိ၊ သင်သိ မဟုတ် တော့ဘဲ မြင်သိ ကိုယ်တွေ့သိ ဖြစ်နိုင်ခြင်း။

(၇) သီလစောင့်သည့်အခါမှာ ထမင်းဆာခြင်းကိစ္စသည် ကြောင့် ဝန်မလေးတော့ဘဲ လွယ်ကူစွာ ဥပုသ်သီတင်း သီလ စောင့်နိုင်ခြင်း။

(၈) နောက်နောက်ကာလ သေရမည့် ဘေးကို တွေး မကြောက်တော့ဘဲ အကြောက်နည်းပါးသွားခြင်း။

(၉) မတရားသော အဓမ္မရာဂ ဝိသမလောဘမဖြစ်တော့ ဘဲ တရားသဖြင့်သာ ပစ္စည်းဥစ္စာ ရှာလိုခြင်း။

(၁၀) သေခါနီးမှ စိတ်ထားတတ်သဖြင့် သေလျှင် အပါယ်သို့ မကျရတော့ဘဲ သေလျှင် များသောအားဖြင့် သုဂတိလားရခြင်းစသော အကျိုးတရားတွေတော့ မုချခံစား ရမှာဘဲ ဘုရားလို့ လျှောက်ထားတယ်။ ဒီတော့ ဆရာတော်က သဘောကျသော လက္ခဏာဖြင့် လက်ခံကာ သဒ္ဓါတရားတွေ ဖြစ်လာတာကိုးဟု အမိန့်ရှိကာ အောက်ပါအတိုင်း သဒ္ဓါလေး မျိုးကို ဟောပြပါသည်။

(၁) သာမန်မိရိုးဖလာယုံကြည်တာကတော့ ပသာဒသဒ္ဓါလို့ခေါ်တယ်။

(၂) ရတနာသုံးပါး၏ဂုဏ်ကို တကယ်ယုံကြည် တကယ်သက်ဝင်ပြီး ကြည်ညိုတာကတော့ ဩကပ္ပနသဒ္ဓါလို့ ခေါ်တယ်။

(၃) အရိယာများသာ ဖြစ်ပေါ်သည့် မတုန်လှုပ်သော ယုံကြည်ခြင်းမျိုးကတော့ အဓိဂမသဒ္ဓါလို့ခေါ်တယ်။

(၄) ဘုရားလောင်းများသာ ဖြစ်ပေါ်လာသော သဒ္ဓါမျိုးကတော့ အာဂမသဒ္ဓါလို့ ခေါ်သည်ဟု အမိန့်ရှိပါသည်။

နှစ်လပြည့်သော ဥာဏ်စဉ်နာခသည့်နေ့မှာ ဇွန်ငါးပါးညီမျှအောင် ဓိဋ္ဌာန်ပြီး တရားအားထုတ်ရာ ကောင်းကင်မှာ ထိုင်ရသကဲ့သို့ အထိအတွေ့မရှိတော့ဘဲ ဖြစ်နေရာမှ နာရီဝက်လောက် ရှိသေးသည်ဟုထင်ရာ (၅) နာရီခွဲမှ (၇) နာရီရှိသွားသည်ကိုမသိလိုက်ကြောင်း လျှောက်ထားပါသည်။ လူ့ကိုယ်ကြီးလဲ သတိလစ်ပြီး ပြောင်းသွားသည်ဟု ထင်ပါကြောင်း လျှောက်ထားရာ၊ ဆရာတော်က ဒကာကြီး သမာဓိအားကောင်းလို့ဖြစ်ပါသည်။ အတော်အားရလောက်အောင် တရားတက်နေပြီဖြစ်၍ ယနေ့ည ဆရာတော်ကြီးထံ ဥာဏ်စဉ်နာရန်သွားဘို့ ညွှန်ကြားလိုက်ပါသည်။

# ၁၂။ မဟာစည် ဆရာတော်၏

# သစ္စာလေးပါး တရား

ယောဂီပုဂ္ဂိုလ်များ တရား သံဝေ ရကြစေရန်နှင့် တရား အားထုတ်တဲ့အခါ စိတ်ထား စိတ်နေ၊ ထားတတ်ကြရန် ရည်သန်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား မကျန်းမာ၍ ဆေးရုံတက်ရာမှ ဆင်းလာကာစ ဟောကြားတော်မူသော သံဝေဂတရားတပုဒ်ကို ထုတ်နှုတ်၍ အကျဉ်းချုပ် ဖော်ပြပါမည်။

ယခု ဆရာတော်က ရန်ကုန်ကနေပြီး ဇာတိရပ်ရွာ ရွှေဘို မြို့မှာရှိကြတဲ့ ဒါယကာ ဒါယိကာမများ ဆိပ်ခွန်ရွာမှာ ရှိကြတဲ့ ဒါယကာ ဒါယိကာမများနှင့် ရဟန်းတော်များကို သြဝါဒ မိန့်ခွန်း ပြောကြားလိုက်ချမယ်။ ဘုန်းကြီးမှာ အဖျားရောဂါနဲ့ ကျန်းမာရေး ချို့ယွင်းတဲ့ အတွက် ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်၍ ဆေးဝါးကုသပြီး နေရစဉ်အခါတုန်းက စိတ်

ထဲမှာ ရုပ်ရှာ ဒါယကာ ဒါယိကာမတွေကို အောင့်မေ့သတိရ တယ်၊ သတိရပြီး တရားသဘောလဲ ဆင်ခြင် စဉ်းစားမိလို့ အဲဒီအခါက ဖြစ်ခဲ့တဲ့ အကြောင်းအရာကလေးတွေကို ယခုပြန် ပြောမယ်လို့ပါဘဲ။

ဘယ်လိုဖြစ်ခဲ့သလဲဆိုယင် မကျန်းမမာ ဖြစ်နေရာက တော် တော် နေထိုင်ကောင်းလို့ ကျန်းမာရေးရလာတဲ့အခါ စိတ်ကူး တိုင်း စိတ်ကူးတိုင်း ဥာဏ်ကလေးတွေ ပွင့်လင်းလာတယ်။ အင်မတန်ကောင်းပြီး နှလုံးသွင်းတိုင်းသွင်းတိုင်း တရားတွေက ပေါ်ပေါ်လာတယ်။ ရုပ်ရှာရှိ ဒါယကာ ဒါယိကာမတွေကို တရားဟောလိုတဲ့စိတ်တွေ အများကြီး ဖြစ်ခဲ့တယ်။ ကျန်းမာ ရေးပြည့်စုံပြီး တော်တော် နေထိုင်ကောင်းပေမယ်လို့ ညဉ့် အခါ အိပ်လို့ကတော့ ကောင်းကောင်းမပျော်ဘူး။

အိပ်ပျော်စေတတ်တဲ့ ဆေးဝါးများကို စားသောက် မှီဝဲ ပေးမှ တညမှာ တနာရီလောက် တခါတလေ နှစ်နာရီလောက် အိပ်လို့ရတယ်။ အိပ်မပျော်ဘဲ နိုးနေတဲ့အခါများမှာ မော်တော်ကားသံတွေ၊ ရထားသံတွေ ဆူဆူညံညံ အသံတွေဟာ မပြတ်လိုလို ကြားနေရတယ်၊ ကြားတိုင်းကြားတိုင်း စိတ်ထဲမှာ သစ္စာလေးပါးတရားတွေ ပေါ်ပေါ်လာတယ်။ အခုသွားလာ နေကြတဲ့ လူတွေဟာ မိမိတို့ရဲ့ ချမ်းသာရာ ချမ်းသာကြောင်း ရှာကြံလုပ်ကိုင်နေကြတဲ့လူတွေဘဲ၊ ဒီလူတွေဟာ မိမိရဲ့ ခန္ဓာ ကိုယ်ကို အမျိုးမျိုး မွေးမြူပြုစုပြီး နေကြတာဟာ လောက ကြီးရဲ့ အထင်အမြင်နဲ့ ကြည့်မယ် ဆိုယင်တော့ ချမ်းသာ တွေဘဲလို့ ထင်နေကြတယ်။

အစစ်အမှန်အားဖြင့် ကြည့်မယ်ဆိုယင် ဘာတခုမှချမ်းသာမှု မရှိဘူး ခနမစဲ တသဲသဲ ဖြစ်နေတဲ့ ရုပ်တရား, နာမ်တရား၊ ဆင်းရဲဒုက္ခသစ္စာတရားချည်းဘဲ၊ မိမိခန္ဓာကိုယ်ကို မွေးမြူပြုစု နေရကတဲက ကိုယ်ကမပြတ် ဖြစ်ပျက်နေလို့ဘဲ အဲဒီလို မပြတ် ဖြစ်ပျက်နေလို့ အမျိုးမျိုး ပြုစုမျိုးထောင်နေရတယ် ဆိုယင် ဘယ်ကောင်းတော့မလဲ ဆင်းရဲချည့်ပေါ့၊ အကြမ်းစားအားဖြင့် တွက်ကြည့်မယ်ဆိုယင် သွားလာနေကြရတာတွေဟာ တချို့ ကလဲ စီးပွားရေး ကြီးပွားရေးနဲ့ တချို့ကလဲ ပျော်ရေး ပါးရေးနဲ့ တချို့ကလဲ ကိုယ်နှင့်စပ်တဲ့ လူတွေရဲ့ ကျန်းမာရေး စသော ကိစ္စနဲ့ သွားလာနေကြရတာ ဖြစ်ပေလိမ့်မည်။

ထိုသို့ စဉ်းစားကြည့်လိုက်တဲ့အခါ အားလုံး တလှုပ်လှုပ် တရွရွနဲ့ သွားလာနေကြတဲ့ သူတွေဟာ ဘယ်သူမှ သက်သာ ရာ မရတဲ့ တကယ်ဆင်းရဲဒုက္ခတွေနဲ့ တွေ့ပြီး နေကြရတာပါ ကလားလို့ ဘုန်းကြီးရဲ့ ဉာဏ်ထဲမှာ ထင်မြင်ပြီးတော့ လာတယ်၊ အနုစိတ်အားဖြင့် တွက်ကြည့်မယ်ဆိုယင် ယခုလို သွားလာနေတဲ့အခါမှာ စိတ်ကူးတွေ ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ကူးကို မှီပြီး လှုပ်ရှားပြုပြင်တဲ့ ရုပ်တွေ ဒီလို စိတ်ကူးတဲ့ စိတ်ကူးတွေဟာ ခနမစဲ တသဲသဲ ဖြစ်ပျက်ပြီးနေတဲ့ တရားတွေ ဖြစ်လို့ ဆင်းရဲတွေချည်းဘဲ ဒုက္ခသစ္စာတွေချည်းဘဲ။

ဒါတွေကို ဆင်းရဲမှန်း အမှန်မသိကြလို့ ချမ်းသာတယ် ထင်လို့ ယခုလို သွားလာနေထိုင်ကြတာဘဲ၊ အင်မတန် ပျော် စရာကောင်းတယ်လို့ ထင်မှတ်ပြီး သာယာ သိမ်းပိုက်နေကြ

တယ်၊ သာယာသိမ်းပိုက်ပြီး ပျော်မွေ့နေကြတာက ဘာလဲ ဆိုရင် သမုဒယ သစ္စာတရားဘဲ၊ အဲဒီ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာ တရားတွေဟာ သတ္တဝါတို့၏ သန္တာန်မှာ နေ့မလပ် ညမစဲ အမြဲမပြတ် ဖြစ်ပေါ်နေတယ်ဆိုတာ ရှေးကလဲ ထင် မြင် သဘောကျနေတာပါဘဲ၊ ဒါပေမဲ့ နေမကောင်း ပြီးစ ယခုအခါကျတော့ သာပြီး ပေါ်လွင်ထင်ရှားလာတယ်၊ ဒီလို နေ့မလပ် ညမစဲ အမြဲမပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ် သင်္ခါရ ဒုက္ခသစ္စာတရားတွေနှင့် ဒီလို ဆင်းရဲတွေကို ချမ်းသာစရာ ပျော်စရာထင်ပြီး သာယာနှစ်သက်နေတဲ့ သမုဒယ သစ္စာတွေ ရှိနေသမျှ သုခအမှန်အစစ် မဖြစ်နိုင်ဘူး၊ ဆင်းရဲ ချည်းဘဲ ဖြစ်နေမှာဘဲ။

ဒီသစ္စာနှစ်ပါးကို စုံးစုံးမပေါ်လာမှ လုံးဝချုပ်ငြိမ်းသွားမှ သုခ အစစ်အမှန်နိရောဓ သစ္စာဆိုတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်ပြီး မျက်မှောက်ပြုနိုင်မှာဘဲ၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို ဆိုက်ဘို့ ရာမှာ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ မဂ္ဂင်ရှစ်ပါး တရားတွေဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန် အကျင့် ကောင်းဖြစ်တဲ့ မဂ္ဂသစ္စာတွေဘဲလို့ ဆေးရုံတက်တုံးက သစ္စာ လေးပါး၊ တရားတွေကို ဉာဏ်ထဲမှာ ပွင့်ပွင့်လင်းလင်းကြီး ထင်ရှားစွာဖြစ်ပေါ်လာတယ်၊ တနေ့ကျတော့ ဆေးရုံကြီး၏ အနီးအပါး သရက်တောတိုက်မှာ သီတင်းသုံးသည့် တောင် ဘီလူးဆရာတော်ကြီး ကြွလာတယ်။

တောင်ဘီလူးဆရာတော်ကြီးက ကျန်းမာရေး အခြေအနေ မေးပြီး ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဂါထာလေးတပုဒ်ကို ပါဠိ

သက်သက်ရွတ်ပြီး ဟောပြတယ်၊ သူ့မှာလဲ ရှေးတုံးက မကျန်း မမာဖြစ်နေသဲ ဆရာတော်ကြီးတပါး ကြွလာပြီး ပေးထားလို့ တဲ့၊ ဒီဂါထာလေးကို သူ့မှာ အမြဲတမ်း ရွတ်ဖတ်နေပါတယ် လို့လဲ ပြောတယ်။ အခု မဟာစည် ဆရာတော်ကိုလဲ အဲဒီ ဓမ္မလက်ဆောင် ဂါထာလေး ပေးချင်တယ် ဆိုပြီးတော့ ပါဠိ သက်သက် သုံးခေါက်ရွတ်ပြီး ဟောပြတယ်။

အဲဒီဂါထာလေးကတော့....

အာဗာဓေမေသမုပ္ပန္နေ၊ သတိမေဥဒပဇ္ဇထ၊
အာဗာဓောမေ သမုပ္ပန္နော၊ ကာလောမေနပ္ပမဇ္ဇိတုံ။

တဲ့၊ ဒီဂါထာလေးဟာ ထေရဂါထာပါဠိတော်မှာလာတယ် ဥတ္တိယမထေရ် ဥဒါန်းကျူးတဲ့ ဂါထာဘဲ။

မေ၊ ငါ့အား။ အာဗာဓေ၊ မကျန်းမာမှု ရောဂါစုသည်။ သမုပ္ပန္နေ၊ မလွဲမရှောင်သာ ဖြစ်ပေါ်၍လာလတ်သော်။ သတိ၊ မမေ့ မလျော့ မပေါ့လေးစား သတိတရားသည်။ မေ၊ ငါ့အား။ ဥဒပဇ္ဇထ၊ အမှန်မခြား ဖြစ်ပွားခဲ့လေပြီ။ ကိံ၊ ဘယ်လိုဖြစ်ပွား သနည်းဟု မူကား။ မေ၊ ငါဟု ဖြစ်လာ ကိုယ်ခန္ဓာ၌။ အာဗာဓော၊ မကျန်းမမာ ရောဂါညစ်ကျူ ဝေဒနာစုသည်။ သမုပ္ပန္နော၊ မလွဲမရှောင်သာ ဖြစ်ပေါ်၍ လာလေပြီ။ ဣမိနာ အာဗာဓေန၊ ဤရောဂါဝေဒနာဖြင့် ပင်။ မရဏံ ဝါ ပါပုဏေယျ၊ ခန္ဓာပျက်ယွင်း သေကြေခြင်းသို့ ရောက်မူလည်း ရောက်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ဣဒါနိ၊ ရောဂါရှိနေ ယခုအခြေအနေ၌။ မေ၊ ငါ့အား။ ပပဇ္ဇိတုံ၊ ရှုမှတ်မှုမရှိ သတိမေ့လျော့၍

နေခြင်းငှာ။ နကာလော၊ အချိန်အခါမဟုတ်ပေ။ အထခေါ၊ အမှန်စင်စစ် တကယ်ဖြစ်နေရမှာကား။ နပ္ပဇ္ဇိတုံကာလော၊ မမေ့မလျော့ မပေါ့လေးစား သတိတရားဖြင့် မခြား မလပ် ရှုမှတ်နေရမည့်အခါ ကာလကြီးပေတည်း။ ဉာတိ၊ ဤလို၊ မပြတ်ရှုမှတ်နေသော သတိသည်။ ဥဒပဇ္ဇထ၊ အမှန်အားဖြင့် ထင်ရှားမသွေ ဖြစ်ပွားခဲ့လေပြီ။

ဤဂါထာလေးရဲ့ ဆိုလိုရင်း အဓိပ္ပာယ် အကျဉ်းချုပ် ကတော့ တခါထဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်လောက်အောင် အင်မတန်လေးနက်သော အရေးအချက်တွေပါသည့် ဂါထာ လေးပါဘဲ။ ဤဂါထာလေးကြားနာရတာဟာ အများကြီး ကျေးဇူးရှိပါတယ်။ ဝမ်းမြောက်ပါတယ်၊ စသည် လျှောက် ထားပြီး မိမိဉာဏ်ထဲမှာ ထင်မြင်သည့်အတိုင်း အနက်အဓိပ္ပာယ် များကို ပြန်၍ လျှောက်ထားတယ်၊ ဆရာတော်ကြီးလဲ ဝမ်း မြောက်ဝမ်းသာနှင့် သာဓုခေါ်ပြီး ပြန်ကြွသွားတယ်။

ဤဂါထာလေးရဲ့ အဓိပ္ပာယ်ကို ယခုထုတ်ဖော်ပြီး ဟော ပြမယ်၊ မကျန်းမမာ ရောဂါဝေဒနာ တခုခု ဖြစ်လာယင် သတိရလာမယ်။ ငါ့မှာ မကျန်း မမာ အနာ ရောဂါတော့ ဖြစ်လာပြီ။ မေ့မေ့ လျော့လျော့ ပေါ့ပေါ့နေဘို့ အခါ မဟုတ်တော့ဘူး၊ မမေ့မလျော့ဘဲ တရားထဲ၌ အာရုံစိုက်ပြီး နေရမဲ့ အခါကာလကြီးဘဲလို့ ဆိုလိုတယ်။

ဒီဂါထာလေးကို တခါ မကျဉ်းမကျယ်ဝေဖန်လို့ ပြောရမယ်ဆိုရင် မကျန်းမမာ အနာရောဂါဖြစ်တဲ့အခါမှာ သတိအမှတ်ရတယ်ဆိုတာဟာ မင်္ဂလာဏ် ဖိုလ်ဉာဏ် ရောက်နိုင်တဲ့အကြောင်းလို့ ဆိုနိုင်တယ်၊ သတိအမှတ်ရတာကလဲ နှစ်မျိုးရှိတယ်၊ ငါ့မှာ မကျန်းမမာ အနာရောဂါတော့ ဖြစ်လာပြီ ထိုရောဂါနှင့်ဘဲ သေချင်လဲ သေသွားနိုင်တယ်၊ မသေခင်အတွင်း အားအင်ရှိနေတုန်းမှာ မြတ်စွာဘုရား အဆုံးအမတော်ဖြစ်သည့် မဂ္ဂင်ရှစ်ပါးတရားတွေကို ပြည့်စုံသင့်သမျှ ပြည့်စုံအောင် ရသင့်သမျှ ရသွားအောင် အားထုတ်မှဘဲလို့ အမှတ်ရတဲ့ သတိတရားက တမျိုး၊ အဲဒီသတိတရားကတော့ ကုသိုလ်တရား ဖြစ်ပွားအောင် တိုက်တွန်း နှိုးဆော်ပေးတတ်လို့ ကာရာပက သတိတရားလို့ ခေါ်တယ်။

အကြောင်း သတိတရားလေး ဖြစ်ရုံနဲ့တော့ ကိစ္စက မပြီးသေးဘူး၊ အကြောင်း သတိကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသတိကမှ အဘိုးမသိထိုက်တန်တယ်၊ အဲဒီ သတိက တကယ်ကို အလုပ်လုပ်တဲ့ သတိဘဲ၊ ထိုသတိမျိုးကို ကာရကသတိလို့ ခေါ်တယ်၊ အလုပ်သမားသတိလို့ ဆိုလိုတယ်၊ ဒီသတိရဲ့ ဖြစ်ပုံကတော့ မကျန်းမမာ ရောဂါဝေဒနာတွေ နှိပ်စက်နေတဲ့အခါမှာ ရောဂါဝေဒနာမှ စပြီး သကာလ ထိုအခိုက်အတန့်သာလ အတောအတွင်း ရှိနေတဲ့ ရုပ်တရားနာမ်တရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ခနမစဲ အမြဲမပြတ်ရှုမှတ်နေတယ်၊ ရောဂါဝေဒနာဘဲဖြစ်ဖြစ် ကိုယ်အမူအရာ ငုပ်

တရားတွေဘဲဖြစ်ဖြစ်၊ စိတ်အမှုအရာ နာမ်တရားတွေဘဲဖြစ်ဖြစ် ဘာတခုမှ မမြဲမလျော့ဘဲ ရှုရှုပြီး အမှတ်ရနေတယ်။

ဒီလို မပြတ်မစဲ အမြဲမှတ်နေတာကို ခုနက ပြောခဲ့တဲ့ ကာရကသတိလို့ ခေါ်တယ်၊ ဒီအကျိုးသတိကတော့ အစဉ်အတိုင်း ပွားများပြီး သွားမယ်ဆိုယင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ထိ ဆိုက်ရောက်သွားနိုင်ပါတယ်၊ သာမန်လူတွေဆိုယင် မကျန်းမမာ ဖြစ်လာတဲ့အခါ သတိတရား မရကြဘူး၊ ငါ့မှာ ရှေးတုန်းက ချမ်းသာနေတာဘဲ၊ ကောင်းစားနေတာဘဲ၊ ယခုမှ မကျန်းမမာဖြစ်ပြီး ဆင်းရဲနေရတယ်၊ ဒုက္ခတွေ တွေ့နေတယ်၊ ဆိုးလိုက်တဲ့ရောဂါ ပျောက်ခဲလိုက်တဲ့ ရောဂါဟု ရောဂါကို စိတ်ဆိုးပြီး နေတတ်တယ်၊ အလျှင်က ချမ်းသာနေရက်သားနဲ့ အခုမှ ဆင်းရဲရမလားလို့ ဒေါသတရားတွေ ဖြစ်ပွားနေတတ်တယ်။

သူ့ဟာသူ အခိုက်အတန့်အားဖြင့် ဖြစ်ပျက်နေတဲ့ ရုပ်နာမ် သဘောတရားတွေကို အစိုးရတဲ့ ငါကောင် သတ္တဝါကောင်ဟု ထင်နေတယ်၊ အရင်က ချမ်းသာနေတာလဲ ငါဘဲ၊ ယခု ဆင်းရဲနေတာလဲ ငါဘဲဟု ဒီလိုစွဲထင်နေတယ်၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ ဒုက္ခ ဝေဒနာတွေကို အစိုးမရပါဘဲနှင့် ချက်ချင်း ပျောက်သွားအောင် စိမံချင်တယ်၊ ရုပ်နာမ်တွေက သူထင်တဲ့အတိုင်း အတ္တကောင်မဟုတ်တော့ သူ့အလိုအတိုင်း မဖြစ်ဘူး၊ ဒါကြောင့် သူက စိတ်ဆိုးနေတာဘဲ၊ ဒီလိုစိတ်ဆိုးနေတာ စိတ်နှလုံးပူပန်နေတာဟာ အမှန်အတိုင်း မသိလို့ ဖြစ်နေကြတာလို့ မှတ်ရမယ်။

မြတ်စွာဘုရား အဆုံးအမကို ကောင်းကောင်းရယူထားတဲ့ ပုဂ္ဂိုလ်များမှာဆိုတော့ ရောဂါဝေဒနာ စပြီးဖြစ်လာကတဲက သတိတရား ရလာတယ်၊ ရောဂါဝေဒနာ အကြောင်းပြုပြီး တော့ စိတ်ဆိုးခြင်းမရှိဘဲ သတိတရားရလာတယ်၊ ငါ့မှာ သေမင်း၏ စစ်သည်ဖြစ်တဲ့ ရောဂါဝေဒနာကြီးနဲ့ဖြင့် ရင်ဆိုင် တွေ့နေရပြီ၊ ငါ့ဘက်က ဆေးဆရာကြီးတွေနဲ့ ဆေးဝါး လက်နက်ကောင်းတွေကဘဲ အနိုင်ရမလား၊ သေမင်းဘက်က ရောဂါကဘဲ အနိုင်ရမလား မသိဘူး၊ အဆင်မသင့်ယင် ရောဂါက အနိုင်ရပြီး ဒီရောဂါနှင့် သေချင်လဲ သေသွား မယ်၊ ဒါကြောင့် မသေမီအတွင်း တရားထူး တရားမြတ် ရအောင် အားထုတ်မှဘဲလို့ သတိတရားတွေ ဖြစ်လာတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကတော့ ကမ္မဋ္ဌာန်းလက်ရှိ ယောဂီပုဂ္ဂိုလ်တွေ ဖြစ်တယ်။

ကမ္မဋ္ဌာန်း လက်မဲ့ ဖြစ်သည့် ပုဂ္ဂိုလ်များကတော့ ဒါလောက် အဆင့်အတန်းမြင့်အောင် မဖြစ်ကြပါဘူး၊ ဒါ ပေမဲ့ သေခါနီးကျယင် အားကိုးလေးတွေတော့ ရှာကြတာ ဘဲ၊ တချို့ကလဲ သေခါနီးဆဲဆဲ အိပ်ရာထဲမှာ ရဟန်းသံဃာ တော်များ ပင့်ဖိတ်၍ သီလဆောက်တည်ကြတယ်၊ တရားနာ ကြတယ်၊ သင်္ကန်းလှူကြတယ်၊ ဆွမ်းလှူကြတယ်၊ ဒီလောက်ဘဲ သတိရပြီး ကုသိုလ်ကောင်းမှု ပြုကြပါတယ်၊ လူ့ရွာနတ်ရွာ သုဂတိသို့တော့ ရောက်နိုင်ပါတယ်၊ အလဟဿတော့ မဖြစ် ဘူးပေါ့။

ကမ္မဋ္ဌာန်း လက်ရှိပုဂ္ဂိုလ်များကြတော့ ခုနက ပြောခဲ့သည့် အတိုင်း တရားထူး တရားမြတ်ကို ရသည့်တိုင်အောင် အား ထုတ်ပြီး အဆင့်အတန်းမြင့်မြင့် သတိတရား ရလာတယ်။ သို့ပေမဲ့ ဒီလို သတိတရားရရုံနှင့် ကိစ္စက မပြီးသေးပါဘူး။ သတိရတဲ့အတိုင်း အမြဲမပြတ် အမှတ်ရပြီး တရားထူးရသည် အထိ အားထုတ်သွားမှ ကိစ္စပြီးမြောက်ပါတယ်။ ဒီလို သတိ သံဝေဂ ရစေနိုင်သော တရားကို ကြားနာရသည့် အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် တနေ့တခြား ကြိုးစားအားထုတ် နိုင်ကြပါစေ၊ သာဓု သာဓု သာဓု။

ဤကား ကျေးဇူးရှင် ဆရာတော်ဘုရား၏ တရားရှုနည်း နှင့် တရားဒေသနာကို အကျဉ်းမျှ ဖော်ပြလိုက်ပါသတည်း။

# ၁၃။ ဥဘဏစာဂိ ဆရာတော်၏ ဝိပဿနာရှုနည်း

## (မကားပလ္လင်)

ကျွန်ုပ်သည် လွန်ခဲ့သော (၁၃၃၅) ခုနှစ် လောက်က ရန်ကုန်မြို့ ရှစ်မိုင် ဥဘဏစာဂိ ကျောင်းတိုက်သို့ ရောက်ဘူးပါသည်။ အဲဒီအခါမှာ ရောက်တာကတော့ မြို့ထဲတရားဟောပင့်ဘို့ ရောက်သွားတာဘဲ၊ ဆရာတော်ကြီးကို ဖူးမြင်ရတာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်။ ကြည်ညိုလဲ ကြည်ညိုခဲ့တယ်၊ ဆရာတော်ကြီးက ရုပ်ရည်ရူပကာယအားဖြင့်လဲ တင့်တယ်တယ်၊ သဒ္ဒနိကယ်အသံအားဖြင့်လဲ အောင်မြင်တော်မူတယ်၊ နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ဝိပဿနာအဖွဲ့ကြီး၏ ဩဝါဒါစရိယ မဟာနာယက ဆရာတော်ကြီးလဲ ဖြစ်တယ်၊ ထို့အပြင် သူရေးထားတဲ့ "ဝိပဿနာ နယဝိတ္ထာရဒီပနီ"ခေါ် ဥဘဏစာဂိ ကျမ်းကြီးကိုလည်း နောက်နောင်က ကြည့်ဘူးသဖြင့် ပဋိပတ်တွင်မက ပရိယတ်ပါ နှံ့စပ်ကျွမ်းကျင်တဲ့ ဆရာတော်တပါးဟု ယုံကြည်ပြီးဖြစ်သည့်အတွက် ဤလို

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖူးမြင်ရတာဟာ မိမိကံကောင်းလို့ တွေ့ရတယ်ဟု ယူဆသဖြင့် ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်။ ကြည်ညိုရခြင်း ဖြစ်ပါသည်။ အဲဒီအခါကပင် တနေ့ကျလျှင် ဒီဆရာတော်ကြီး၏ တရားကို နာဖြစ်အောင် နာအုံးမည်ဟု ဆုံးဖြတ်ခဲ့တယ်။

ထို့နောက် (၁၃၃၇) ခုနှစ်သို့ ရောက်သောအခါ မိမိ၏ ဇနီးမယား သမီးသားများနှင့်တကွ ဥပုသ်စောင့်ရင်း တရားနာရင်း ရောက်သွားတယ်၊ ဒီတခါ ရောက်သွားတာကတော့ မိမိဇနီး၏ အဒေါ်တော်သူ ဒေါ်ချစ်က ဤဥာဏစာဂီ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ အမြဲ ယောဂီမကြီးအဖြစ် တရားအားထုတ်သည်မှာ နှစ်ပေါင်း အတော်ကြာနေပြီ၊ သို့အတွက် သူ့ထံလဲရောက်ချင်၊ နဂိုကလဲ ဆရာတော်ကြီး၏ တရားကို တနေ့မှာ နာအုံးမည်လို့ ဆုံးဖြတ်ထားသည့်အတိုင်း တရားလဲ နာချင်၊ ဆင်ဖြူတော်စီမံကိန်းမှာ အဖမ်းခံရစဉ်က ထောင်ထဲမှာ အတူနေရတဲ့ ရဲဘက်ကြီး ဦးထွန်းခင်နှင့်လဲ တွေ့ချင် ဤသို့သော ချင်သုံးချင်ကြောင့် ရောက်သွားခြင်း ဖြစ်ပါတယ်၊ ဤသို့ ချင်သုံးချင်တပ်၍ ရောက်သွားသည့်အားလျော်စွာ ဥာဏစာဂီ ဝိပဿနာရှုနည်းကို ကိုယ်တိုင် အားထုတ်ခဲ့ရဘူးပါတယ်။

ဤကျမ်းမှာ ရေးသားသော ဥာဏစာဂီ ဝိပဿနာရှုနည်းမှာ ဆရာတော်ကြီး ကိုယ်တိုင် ရေးသော "ဝိပဿနာ နယဝိတ္ထာရဒီပနီ" ခေါ် ဥာဏစာဂီ ကျမ်းကြီးကို မှီး၍ မိမိတရား

အားထုတ်ခဲ့ရသမျှနှင့် ညှိနှိုင်းပြီး ရေးသားထားခြင်း ဖြစ်ပါသည်။ သို့အတွက် အစီအစဉ်မှာ အနည်းငယ် ချွတ်ယွင်းချက်များ ရှိနေပါလျှင် ပျားပိတုန်းသည် လိုရာပန်းဝတ်ဆံကိုသာ စားသုံးသကဲ့သို့ စာကြည့်သူ သူတော်စင်အပေါင်းတို့သည် မလိုရာချန်လှပ်၍ လိုရာကိုသာ မှတ်ပြီး ကျင့်သုံးကြပါရန် တောင်းပန်အပ်ပါသည်။

# ၁၄။ ဝိပဿနာတရားတော်

ယခုဆက်၍ တရားဟောပြော ပြသနည်းကို ဖော်ပြပါမည်။ သံသရာကြီးထဲ နေကြရတာဟာ အလွန်ကြောက်စရာ ကောင်းတယ်နော်။ ယခုလို အလွန်တရာရခဲတဲ့ လူ့ဘဝ လူ့ပဒေသာကြီး ရတဲ့အခါ ကြိုးစားပြီး အားထုတ်ကြ သာသနာတော်ကြီးနဲ့ ဆုံရတယ်၊ ကြုံရတယ်ဆိုတာ ဘုရားပွင့်နေတာ တွေ့ရသလောက် ကြုံရသလောက် အရေးပါတယ်။ ဂေါတမဘုရား သာသနာနဲ့ နောင်ပွင့်လာတော့မယ့် အရိမေတ္တေယျဘုရား သာသနာမှာ ကမ္ဘာပေါင်း အသင်္ချေ အရာထောင်မက ခြား၍နေတယ်၊ ဒီဘုရား သာသနာမှာ နိဗ္ဗာန်သွားဖို့ လက်မှတ်မယူမိလျှင် ရဖို့မလွယ်တော့ဘူး။

ဒီတော့ ကံကောင်းလို့ သာသနာတော်ကြီးနှင့် တွေ့တဲ့အခါ တရားအားထုတ်ကြ၊ ကြိုးစားကြ၊ တရားအားထုတ်တာဟာ (၁) ပက်လက်လှန်၍လဲ အားထုတ်နိုင်ပါတယ်၊ (၂) အလျားမှောက်၍လဲ အားထုတ်နိုင်ပါတယ်၊ (၃) လက်ျာဘက်လျောင်း

ရှုလဲ အားထုတ်နိုင်ပါတယ်၊ (၄) လက်ဝဲဘက် လျှောင်းရှုလဲ အားထုတ်နိုင်ပါတယ်၊ (၅) ရိုးရိုးထိုင်ရှုလဲ အားထုတ်နိုင်ပါတယ်၊ (၆) နံ့ရံမှီ ခြေဆင်းရှုလဲ အားထုတ်နိုင်ပါတယ်၊ (၇) နံရံမှီပြီး ရပ်ရှုလဲ အားထုတ်နိုင်ပါတယ်၊ (၈) ကုလားထိုင်ပေါ် ထိုင်ရှုလဲ အားထုတ်နိုင်ပါတယ်၊ (၉) စင်္ကြံသွားရှုလဲ အားထုတ်နိုင်ပါတယ်။ ဒါပေမဲ့ ရဟန်း သံဃာ တော်များ ရှေ့၊ ဘုရားရှေ့ အားထုတ်တဲ့ အခါမှာတော့ ရိုရိုသေသေနေတာ၊ ရိုရိုသေသေထိုင်တာ သာ၍ ကောင်းတာပေါ့၊ ယောကျ်ားတွေက တင်ပလ္လင်ခွေပြီးထိုင်ကြ၊ မိန်းမတွေက မိန်းမထိုင် ထိုင်ပြီး အားထုတ်ကြပေါ့။

အားထုတ်ပုံကတော့ စိတ်ကို ငယ်ထိပ်မှာဖြစ်စေ၊ ရင်ချိုင့်မှာ ဖြစ်စေ၊ နှာသီးဖျားမှာ ဖြစ်စေထားပြီး အတော်ကြာအောင် သတိမလစ်ဘဲ စိုက်ထား၊ အနည်းဆုံး နာရီဝက်လောက် စူးစူးစိုက်စိုက် တခြားအာရုံမလိုက်စေဘဲ သတိကြပ်ကြပ် ပြုထား၊ အတော်ကြာလျှင် သမာဓိရလာလိမ့်မယ်၊ သမာဓိရလာယင် ကိုယ်ခန္ဓာအထဲမှာ ဟိုနေရာက ပူပူ-ပူပူ၊ ဒီနေရာက အေးအေး-အေးအေး၊ ဟိုနေရာက ရွရွ-ရွရွ၊ ဒီနေရာက မွမွ-မွမွ ဓာတ်ပေါ်လာလိမ့်မည်။ အာကာသ မခြားဘဲ တပြင်တည်း ပူပူ အေးအေး ပေါ်လာတာက ဓာတ်ပေါ် ရုပ်ပေါ်လို့ ခေါ်တယ်။ အာကာသခြား၍ ရွရွ-မွမွပေါ်တာက ကလာပ်ပေါ် ရုပ်ပေါ်လို့ခေါ်တယ်။ ဤသို့ ပေါ်လာသည်ကို သိတာက နာမ်ခေါ်တယ်။ ဓာတ်ရုပ် ကလာပ်ရုပ်တို့နှင့် အသိနာမ်တို့၏

ပျက်ပျက်သွားပုံကို ရှုမှတ်လိုက်တာက ဝိပဿနာဉာဏ် လို့ ခေါ်တယ်။ ဝိပဿနာဆိုတာ ကိုယ်တွေ့ဉာဏ်တွေ နှစ်မျိုးဘဲ ကိုယ်တွေ့သိပြီးမှ ဉာဏ်တွေ့သိရတယ်။

တရားအားထုတ်နေစဉ် တရားတွေက အနတ္တအနေဖြင့် ရိုးရိုးရွရွ ဖြိုးဖြိုးဖျန်းဖျန်း ပေါ်နေတယ်။ အဲဒီလို ပေါ်လာတာကို မှတ်ရတယ်။ မှတ်ရတယ်ဆိုတာ ရိုးရိုးရွရွ ဖြိုးဖြိုးဖျန်းဖျန်းလို့ ပါးစပ်က လိုက်ဆိုနေရတာ မဟုတ်ပါဘူး။ စိတ်ထဲက သတိပြုနေရတာကို ဆိုလိုပါတယ်။ အဲဒါတွေက ရုပ်တွေဘဲလို့ စိတ်ထဲမှာမှတ်နေတာက သတိပြုနေတာကို ဆိုလိုပါတယ်။ စိတ်ထဲမှတ်နေတာက နာမ်ဘဲ၊ ဤလိုအသိမျိုးတွေကို ဘယ်လို တန်ခိုးကြီးတဲ့ နတ်လူပြဟ္မာမှ တရားမဟုတ်ပါဘူး၊ မမှန်ပါဟု မငြင်းနိုင်ဘူး။ ဒါန၊ သီလ၊ သမထတရားတွေကိုလဲ သံသရာရှည်တယ်၊ သံသရာရှည်တယ်လို့ ပြောကြတယ်၊ ဟောကြတယ်၊ ဒါန သီလ သမထကားသံသရာရှည်တာ မဟုတ်ပါဘူး။ ငါးနဲ့တွဲမိလို့ သံသရာရှည်တာ၊ ငါးက ဘယ်သူလဲ၊ အဝိဇ္ဇာ–တဏှာ–မာန–ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဆိုတော့ ငါးပေါ့၊ ဒီငါးကို ဖမ်းနေတဲ့ လူမိုက်တွေသာ သံသရာရှည်တာပါ။ ဒါကြောင့် "ဗာလာနံသံသရောဒီဃော"တဲ့၊ ဗာလာနံသူတော်ကောင်းတရား မသိငြား အမှားလမ်းလိုက် ငါးဖမ်းနိုက်နေကြသော လူမိုက်တို့အား။ သံသရော၊ ခန္ဓာအာယတန ဓာတ်တရားတို့၏ မပြတ်မခြားဘဲ တရံတခါ မလွတ်သည့်သံသရာဝဋ်သည်။ ဒီဃော၊ ရှည်ကြာ၏လို့ ရှင်တော်ဘုရား ဟောကြားထားပါတယ်။

ဒါန သီလ သမထဟာ သံသရာရှည်တယ်ဆိုယင် ပုထုဇဉ်တော့ ထား၊ပါတော့၊ မဂ်ဖိုလ်ကို မျက်မှောက်ပြုသွားကြတဲ့ သောတာပန်တွေ သကဒါဂါမ်တွေ၊ အနာဂါမ်တွေ ရဟန္တာတွေဟာ ဒါနလဲ ပြုနေကြတာဘဲ။ သီလလဲ ဆောက်တည်ကြတာဘဲ၊ သမထလဲ ခနခန ဝင်စားနေကြတာဘဲ၊ မရှေပါဘူး။ သောတာပန်က (၇)ဘဝဘဲနေပါတယ်၊ သကဒါဂါမ်က လူ့ပြည်မှာဆိုယင် တဘဝဘဲ နေပါတော့တယ်၊ အနာဂါမ်ဆိုယင် နေတောင်မနေတော့ဘူး။

"ရဟန္တာဆိုတော့ ပြော်စရာမရှိဘူး၊ လူဝတ်ကြောင် ဆိုယင် ချက်ချင်း ပရိနိဗ္ဗာန်ပြုသွားတာဘဲ။ ဘယ်ရှေလို့လဲ သူတို့မှာတော့ ဒါနသီလ သမထလုပ်တဲ့အခါ (ငါး)မပါဘူး။ ပုထုဇဉ်သာ ငါးပါနေလို့ "ကြက်သွန်ဟာ ငရုတ်သီးနဲ့ ပေါင်းလို့ အထောင်းခံရသလို" ဒါနလဲ အဝိဇ္ဇာ—တဏှာ—မာန—ဒိဋ္ဌိ ဝိစိကိစ္ဆာ ငါးနှင့်ပေါင်းလို့ နာမည်ကောင်း မရတာပါ သတိထားကြနော်၊ အပေါင်းမကောင်းယင် ပျက်စီးတတ်တယ်။ ဒါကြောင့် သမ္ဗုဒ္ဓေလေးပါးမှာ ကလျာဏမိတ္တာ အပေါင်းကောင်းရမယ်လို့ အင်္ဂါတပါး ထည့်ထားတယ်၊ သောတာပတ္တိယင်္ဂလေးပါးထဲမှာလဲ သပ္ပုရိသ သံသေဝလို့ အပေါင်းကောင်းဘို့ အင်္ဂါတပါးထည့်ထားတယ်။

မြတ်စွာဘုရားက ပစ္စည်းအမွေ မပေးဘဲ တရားအမွေအပေးခံရတဲ့ သူ့သား ရာဟုလာကို ငါ့သားရာဟုလာ သင်နှင့်ငါဟာ လေးသချေ်အတွင်းမှာလဲ အတူတကွ ကုသိုလ်ဓမ္မတွေ

လုပ်ခဲ့ဘူးတယ်လေ။ သင်္ချေကျော်လို့ ကမ္ဘာတသိန်းအပေါ်မှာလဲ အတူတကွ ကုသိုလ်ဓမ္မတွေ လုပ်ခဲ့ဘူးတယ် ဒါပေမဲ့ ဒီကုသိုလ်ဓမ္မတွေဟာ မိစ္ဆာဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော ငါးပါလာလို့ သံသရာထဲ တဝဲလယ်လယ် ကျင်လည်ခဲ့ရတယ်၊ ယခုရရှိလာတဲ့ ဘဝမှာတော့ သံသရာဝဋ်က ကျွတ်အောင် မိစ္ဆာဒိဋ္ဌိဘဝမှ လွှလျှကြီးလွတ်အောင် ခတ်လေးပါးကို ထင်ရှားမြင်လာအောင် ရှုပါဟု တိုက်တွန်းတယ်။

ချစ်သား—ရာဟုလာ၊ ပထဝီခတ်ကို အနိစ္စအားဖြင့် ရှုသောသူအား သိသောသူအား သံသရာဝဋ်မှ ကျွတ်တယ်၊ မိစ္ဆာဒိဋ္ဌိဘဝမှ လွတ်တယ်၊ ဒီလိုလူမှ လူ့ဘဝရလာတဲ့ လူဖြစ်ကျိုးနပ်တယ်၊ ဒါကြောင့် လူဆိုတာ ကုသိုလ် အကုသိုလ်ကိုခွဲခြားသိမှ လူခေါ်တယ်၊ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားသိမှ လူခေါ်တယ်၊ မေတ္တာ ကရုဏာ မုဒိတာ ဥပက္ခာဟုဆိုအပ်သော မြင့်မြတ်တဲ့ စိတ်ထား စေတနာထားရှိမှ လူခေါ်တယ်နော်၊ လူ၏အင်္ဂါလဲ(၇)ပါးရှိတယ်။

ဘယ်လိုလဲ—ဆိုလျှင်....

(၁) ကျန်းမာရေးနှင့် ပြည့်စုံခြင်း
(၂) ပဉ္စသီငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲခြင်း
(၃) ပညာရှိများထံ အဆုံး အမခံယူ၍ တရားအားထုတ်ခြင်း
(၄) ဗဟုတုတ ရှာဖွေစုဆောင်းခြင်း
(၅) အကျင့်စာရိတ္တနှင့် ပြည့်စုံခြင်း

(၆) ပစ္စည်းဥစ္စာကို လှူလှထားပြီး တရား သဖြင့် ရှာဖွေခြင်း

(၇) ဗြဟ္မာစိုရ်တရားနှင့် ပြည့်စုံခြင်း ဟူ၍ လူ၏အနှစ် သာရ အင်္ဂါ(၇)ပါးရှိတယ်၊ အဲဒီလို လူဆိုတဲ့ အတိုင်း လူနှင့် တူအောင် နေထိုင်ပြုလုပ်မှ လူစင်စစ်ဖြစ်တယ်၊ ဒီတော့ ကိုယ့်ကိုယ်ကို ဝေဘန်ကြည့်ကြ၊ ပြီးတော့လဲ အလွန်တရာ ကြုံကြိုက်ခဲတဲ့ သာသနာကြီးနှင့် ဒူးတိုက်တွေ့ နေရတာလဲ ငါဟာ လူတွေ့ ခွေ့တာမှ ဟုတ် ကဲ့လား၊ တိရစ္ဆာန်တွေ့ တွေ့နေ သလား....၊ လူတွေ့ တွေ့လိုလျှင် လူဖြစ်ကျိုးနပ်အောင်လုပ်မှ လူတွေ့ တွေ့ရာ ကျမယ်၊ ဒါမှ မဟုတ်ဘဲ တိရစ္ဆာန်တွေ့ တွေ့နေလျှင် အလကားဘဲ၊ဘုရား မြင်သော်လဲ သံဃာတွေ့မြင်သော်လဲ နွားတွေ့ ခွေးတွေ့မှာ ဘယ်ကုသိုလ်ရမှာလဲ၊ တရား ဟောတာ ကြားနေသော်လဲဘယ်မှာ မှတ်သား နိုင်မလဲ၊ ဝါဝါမြင်လို့ ဒေါသထွက်ပြီး ဟောင် တောင်ဟောင်အုံးမယ်၊ ဆူဆူညံညံ ကြားရလို့ အူတောင်အူအုံးမယ်၊ ဝေ့တောင်ဝေ့အုံးမယ်။

ဒီတော့ သူတပါး အစစ်အဆေးခိုင်းလျှင် စိတ်ဆိုးနေ အုံးမယ်၊ ကိုယ့်ဘာသာကို စစ်ဆေး ကြည့်ကြ၊ ငါ ယခု နေထိုင်သွားလာနေတာ လူ့အနေမျိုးလား၊ တိရစ္ဆာန် အနေ

မျိုးလား ဆိုတာ ဝေဘန်ကြပါ၊ မနောမယ ပဒါးရှင်လုံး တွေသော်လည်း အသုံးမပြုတတ်တဲ့ သားသမင်လို ဖြစ်နေယင် လူ့ဘဝရတာ အလကားဘဲ၊ ထို့ကြောင့် မြတ်စွာဘုရားက အို–ချစ်သားတို့ ရဟန်းရှင်လူ မည်သူမဆို ဘုရားက ခွဲခြား ပြပါလျက် ထုတ်ဖော်ပြပါလျက် ပုံစံညွှပ်၍ အထပ်ထပ်ပြပါ လျက် ကောင်းစွာ အသင့်ဖွင့်ပြပါလျက် ထင်ထင် ရှားရှား ဟောကြားပြထားပါလျက် မလိုက်နာကြဘူးဆိုလျှင် ရဟန်း ရှင်လူ မည်သူမဆိုထိုလူမျိုးဟာ“ကျွဲပါးစောင်းတီး” အချည်းနှီး ဖြစ်ကြတဲ့ လူမိုက် လူအ လူဗာလတွေဘဲ၊ ဒီလို လူမျိုးကို ငါဘယ်လို သံသရာဝဋ်က ချွတ်သော်လဲ မေရှိဘဲရှိမှာပါက လားဟု လက်မှိုင်ချကာ ငေးမော ကြည့်နေရတော့တယ်။ ဒါကြောင့် “ဗာလာနံ သံသာရော ဒီဃော” တဲ့ ဗာလာနံ၊ သူတော်ကောင်း တရား၊ မသိငြား၍ အမှားလမ်းလိုက်ပြီး ငါးဖမ်း ဖားဖမ်းနှိုက်နေကြသော လူမိုက်တို့အား။ သံသာရော၊ သံသရာဝဋ်သည်။ ဒီဃော၊ အတည်မကျွ ရှည်ကြာ၏တဲ့။

မြတ်စွာဘုရားက အကျိုးရှိမယ်ဆိုလျှင် ကြမ်းကြမ်းလဲ ချွတ်ခဲ့တယ်၊ နူးနူးလဲချွတ်ခဲ့တယ်၊ မနူးမကြမ်း အလတ်တန်းလဲ ချွတ်ခဲ့တယ်၊ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်သူအရက်သမား မိန်းမငါးရာတို့သည် ဘုရားရှေ့မှာ အရက်မူးပြီး ကခုန် မူးတူး နေကြလို့ အညို အဖြူ ရောင်ခြည်တော်နှစ်ဆူ လွှတ်ပြီးလဲ ချွတ်ခဲ့တယ်၊ လူအစားစားကို တရား အစားစားနဲ့ ချွတ် တော်မူခဲ့တယ်၊ ရာဂထန်တဲ့ မင်းနံ့ကို အပြင်းအထန်အာဏာ

သံနှင့် ခေါ်ပြီး နှတ်သီးပြု၍ ချွတ်တော်မူခဲ့တယ်၊ အဆင်း မှာန် ပြင်းထန်တဲ့ ခေမာမိဖုရားကြီးကို နှတ်သီးတမျှ လှပတဲ့ အလှမယ် ဖန်ဆင်းပြီး အမြန်ချက်ခြင်း အပုဒ်ကောင် ဖြစ် အောင် လုပ်ဆောင်ပြီး ချွတ်တော်မူခဲ့တယ်၊ အယုတ်ဆုံး ဗြဟ္မာမု ပုဏ္ဏားအား လျှို့ဝှက်အပ်သော ယောကျ်ားမြတ် တို့၏ အင်္ဂါဇာတ်ကိုပင် ပြု၍ ချွတ်တော်မူခဲ့တယ်။

ဒီလိုဘဲ ဥာဏစာဂီဆရာတော်ကြီးကလဲ သတ္တဝါတွေ တရား အားထုတ်ချင်အောင် တရားရအောင် အတိတ်နိမိတ် တဘောင် စနည်းပြု၍ ချွတ်ရမှာဘဲ၊ ဒီနေရာမှာ အတိတ်ရယ် နိမိတ်ရယ် တဘောင်ရယ် စနည်းရယ် ခွဲခြားသိဘို့ လိုတယ်။

(၁) အိပ်ရာထမှာမိမိမြင်သောအရာဝတ္ထု အကောင်း အဆိုးကိုလိုက်၍ ယူတာက နိမိတ်ခေါ်သည်။

(၂) ကာလသုံးပါးတွင် ဖြစ်ပြီးသော အတိတ်ကို ထောက်၍ ယခုဖြစ်ပျက်နေပုံကို ညီမျှအောင် ဆင်ခြင်ပမာတင်၍ ယူငင်တာကို အတိတ်ဟု ခေါ်သည်။

(၃) အနာဂတ်တွင် ဖြစ်လတံ့သော အကြောင်း ဟိတ်ကိုထောက်၍ သူတပါးထံမှ ပေါ်လာ သော သီချင်းစကားနာခံတာကို တဘောင်ဟု ခေါ်သည်။

(၄) ကလေးသဘင်သည် အရှုးတို့၏ ပြောဆိုပုံကို ကောက်၍၎င်း၊ ငှက်တို့၏အသံကိုထောက်၍၎င်း ကောက်ယူနာခံတာကို စနည်းဟု ခေါ်သည် အထူးမှတ်ကြနော်။

ဘုရားအလောင်းတော် တောထွက်သည့်အခါ မြစ်တခုမှာ ရောက်သွားတော့ ဆန္နအမတ်ကိုမေးတယ်၊ ဒီမြစ်ဟာ ဘာ မြစ်ခေါ်သလဲ၊ ဆန္နအမတ်က အနော်မာမြစ်လို့ ခေါ်ပါ တယ်၊ အနော်မာဆိုတာ ယုတ်မာညစ်ထေး အပြစ်ဘေးမရှိ သဖြင့် အောင်မြင်တယ်ဆိုတဲ့ နိမိတ်ဘဲ၊ ဒီတော့ ဘုရားဖြစ်မှာ အမှန်ဘဲလို့ နိမိတ်ကောက်တယ်၊ ဘုရားဖြစ်တဲ့ အခါမှာလဲ အာရုံတက်လာခြင်းသည် နေမင်းပေါ်မည့် နိမိတ်ဘဲ၊ သမ္မာ ဒိဋ္ဌိမဂ္ဂင် ပေါ်လာခြင်းသည် မဂ်တရား ဖိုလ်တရားရမည့် နိမိတ်ဘဲလို့ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဟောထားတော် မူခဲ့ပါတယ်၊ အဲဒါတွေကို နမူနာယူပြီး ဥာဏစာဂီ မဟာ ထေရ် သရေတော်ကလည်း ဗေဒင်ဘဲဖြစ်ဖြစ်၊ ဆေးဘက်ကဘဲ ဖြစ်ဖြစ်၊ အင်္ဂရပ်ဘက်ကဘဲ ဖြစ်ဖြစ်၊ လောကီဘက် ဆံတယ် ပြောပြော ဝိပဿနာဘက်သို့ ဆွဲယူ၍ ဟောကြားရမှာဘဲဟု အမိန့်ရှိပါသည်။

ချစ်သားတို့ ငါဘုရားသည် လောကအတွင်း မှီတင်းနေ ထိုင်သည့်အခိုက်မှာ လောကနှင့် မကင်းနိုင်တော့ လောက သားတွေနဲ့ ငါဘုရားကတော့ မငြင်းပါဘူး၊ လောကသား တွေကသာ ငါဘုရားကို တုဘက်၍ အလုအယက် ငြင်းနေ

ကြတယ်၊ ဘယ်လို ငြင်းကြသလဲဆိုတော့ ဝိပဿနာတရား ဆိုတာ ဘဝ အဆက်ဆက်က ပါရမီတွေ ဖြည့်ဆည်းဘူးခဲ့လို့ ပါရမီထူးရှိသည့် ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်တယ်၊ တို့နဲ့ မတန်ဘူး၊ ယခု ဒီခေတ်ဟာ အရိယာခေတ် မဟုတ်တော့ဘူး၊ ဒိဋ္ဌိဟိတ်သားတွေသာ များနေတယ်၊ ဒါတွင် မကသေးဘူး၊ ယခုခေတ်မှာ လူတွေဟာ အလွန်တရာမှ ကိလေသာတွေ ထူပြောနေကြတယ်၊ ပါရမီ နုနေကြတယ်၊ တရားရနိုင်မှာ မဟုတ်ပါဘူး၊ ခုတယ်လို့ ပြောနေကြတာလဲ အလကားညာ နေကြတာပါဟု ဘုရားက တရားအားထုတ်သူ ရှိနေသမျှ အရိယာ မဆိတ်ပါဘူး ဆိုထားပါလျက် ဘုရားနဲ့ပြိုင်ပြီး ငြင်းနေကြတယ်၊ အဲဒီလူတွေဟာ စိတ်ရိုင်း စိတ်ပွေ စိတ်လေ စိတ်ကြမ်း လူသရမ်း လမိုက်တွေသာ ဖြစ်တယ်၊ ဒီလိုလူမျိုးထဲ မပါအောင် ကြပ်ကြပ် သတိထားကြ။

သမထ ဘာဝနာ(၄၀)ရှိသလို ဝိပဿနာ ဘာဝနာကလဲ (၄၀)ရှိတယ်၊ ယင်း(၄၀)တို့က အဘယ်သို့နည်း ဆိုတော့ အနိစ္စဘာဝနာ(၁၀)ပါး၊ ဒုက္ခဘာဝနာ (၂၅)ပါး၊ အနတ္တ ဘာဝနာကား (၅) ပါး ပေါင်း (၄၀) ရှိတယ်၊ အနိစ္စ ဘာဝနာ (၁၀)ပါးကတော့—

၁။ မမြဲတဲ့ လက္ခဏာ၊

၂။ မခိုင်တဲ့ လက္ခဏာ၊

၃။ အနှစ်မရှိတဲ့ လက္ခဏာ၊

၄။ တုန်လှုပ်တဲ့ လက္ခဏာ၊

၅။ ပျက်စီးတဲ့သဘော၊
၆။ ဖောက်ပြန်တဲ့သဘော၊
၇။ ရွေ့လျောတဲ့သဘော၊
၈။ ကင်းသုဉ်းတဲ့သဘော၊
၉။ ပြုပြင်ခံရတဲ့သဘော၊
၁၀။ ပျက်စီးခြင်းသို့ ရောက်တဲ့သဘော ဟူ၍—
(၁၀) မျိုး ရှိတယ်။

ဒုက္ခဘာဝနာ ၂၅ - ပါးကတော့ (၁) ဆင်းရဲခြင်း၊ (၂) ဘေးဖြစ်ခြင်း၊ (၃) အနှိပ်စက်ခံရခြင်း၊ (၄) ကပ်၍ နှိပ်စက်ခြင်း၊ (၅) ကပ်၍စီမံခြင်း၊ (၆) နာကျင်ခြင်း၊ (၇) ညှဉ်းဆဲခြင်း၊ (၈) အိုင်းအမာကဲ့သို့ ဖြစ်ခြင်း၊ (၉) ဆူးငြောင့်ကဲ့သို့ဖြစ်ခြင်း၊ (၁၀) ပျက်စီးခြင်း၊ (၁၁) ပုန်းစရာမရှိခြင်း၊ (၁၂) အောင်းစရာမရှိခြင်း၊ (၁၃) ကိုးကွယ်စရာမရှိခြင်း၊ (၁၄) အပြစ်ဖြစ်ခြင်း၊ (၁၅) ပျက်စီးခြင်း၏ အရင်းမူလဖြစ်ခြင်း၊ (၁၆) သတ်တတ်ခြင်း၊ (၁၇) ယိုစီးတတ်ခြင်း၊ (၁၈) မာရ်မင်း၏ အစာဖြစ်ခြင်း၊ (၁၉) ဖြစ်ခြင်းသဘောရှိခြင်း၊ (၂၀) အိုမင်းခြင်းသဘောရှိခြင်း၊ (၂၁) နာကျင်ခြင်း သဘောရှိခြင်း၊ (၂၂) စိုးရိမ်ခြင်း သဘောရှိခြင်း၊ (၂၃) ငိုကြွေးခြင်း သဘောရှိခြင်း၊ (၂၄) ပူပန်ခြင်း သဘောရှိခြင်း၊ (၂၅) ညစ်နွမ်းခြင်း သဘောရှိခြင်း ဟူ၍ ၂၅ - မျိုး ရှိတယ်။

အနုတ္တာဘာဝနာ ၅-ပါးကတော့—

၁။ အစိုးမရခြင်း၊

၂။ သူတပါးကဲ့သို့ဖြစ်ခြင်း၊

၃။ အချည်းနှီးဖြစ်ခြင်း၊

၄။ အလကားဖြစ်ခြင်း၊

၅။ ဆိတ်သုဉ်းခြင်းဟူ၍ ၅ - မျိုးရှိတယ်။

ဤ ဆိုအပ်ခဲ့ပြီးသော ဘာဝနာ (၄၀)ဟာ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေအပေါ် ရှုမှတ်ပြီး နေရမည့် လက္ခဏာ သဘောတရားတွေဘဲ၊ ဒီတရားတွေကမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ထိ ဆိုက်ရောက်နိုင်တယ်။

၁။ ကံက အပါယ်ဘုံ လူ့ဘုံ နတ်ဘုံသို့ သွားတယ်။

၂။ ဈာန်က ရူပါဝစရဘုံ၊ အရူပါဝစရဘုံသို့ သွားတယ်။

၃။ ဉာဏ်ကမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ သွားနိုင် တယ်။

မြတ်စွာဘုရားက ၃၁ - ဘုံ လွတ်အောင် သွားနိုင်မှ ချီးမွမ်းတော်မူတယ်။

ထို့ကြောင့် မြတ်စွာဘုရား ထင်ရှားရှိသည် ဖြစ်စေ၊ မရှိ သည်ဖြစ်စေ သတိပဋ္ဌာန်လေးပါးတွင် တပါးမှ အားမထုတ် ယင် သာသနာကွယ်တာဘဲ၊ မကွယ်ရအောင် သတိရအောင် အားထုတ်နိုင်အောင် ဆရာတော်က သတိပေးသောအနေဖြင့်—

အသိခက်ခဲ၊ နက်နဲရုပ်နာမ်၊ လှုပ်လှုပ်ရှရှ၊ ပေါ်ထ

အမှန်၊ နမာဖွဲ့စေး၊ ပူအေးထောက်ခံ၊ ခတ်လေးရပ်။

အတတ်သိကြရန်ဟု မိန့်ဆိုတော်မူထားပါသည်။

ဒီတော့ မိမိအတွက် သာသနာမကွယ်ရအောင် ဝိပဿနာနှင့်တွဲ၍ ဒါန၊ သီလ၊ ဘာဝနာတရားများ အားထုတ်ကြရန်လိုပါသည်။ "လသာတုန်းဗိုင်းငင်"ဆိုသလို သာသနာတော်ကြီးနဲ့ ကြုံလို့ဆုံလို့မှ ဝိပဿနာ အားမထုတ်မိယင် သေသေချာချာ တွေးကြည့်မိပါက ဒါထက် ချက်စရာကောင်းတာမရှိတော့ဘူး၊ အဝိဇ္ဇာတဏှာ မပြတ်ယင် မဖြတ်နိုင်ယင် အမြစ်မပြတ်သည့် သစ်ပင်ကြီးသည် ဘယ်တော့မှမသေ၊ တနေ့တခြား ကြီးထွားနေသကဲ့သို့ သံသရာဒုက္ခပင်ကြီးဟာ တနေ့တခြား ကြီးထွားပြီး သံသရာဝဋ္ဋထဲ နစ်မွန်းနေအုံးမှာဘဲ၊ တို့ မြတ်စွာဘုရား ချွတ်တော်မူသည့်အတွက် ၂၄ သင်္ချေ ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်း နိဗ္ဗာန်သို့ကိန်း၍ ဇာတ်သိမ်း သွားကြသည်မှာ (ဒါ-သီ-ဘာ-ဝိ) ဆိုတဲ့ လေးဘက်လက်တန်က မွန်အောင် လှူကြ တန်းကြ သီလဆောက်တည်ကြ ကမ္မဋ္ဌာန်းစီးဖြန်းကြ ဘာဝနာပွားများကြလို့ ရောက်ကြ မျက်မှောက်ပြုနိုင်ကြတာ ဖြစ်တယ်ဟု မိန့်ဆိုတော် မူပါသည်။

## ၁၅။ တရားအားထုတ်ပုံနည်းလမ်း

ခေတ်ကြီးလေးပါးတို့တွင် တစိတ်တဒေသဖြစ်သည့် ခေတ်တပါးပါးကို တကယ်ထင်မြင်အောင် သုံးသပ်နိုင်မယ် ဆိုယင် နိဗ္ဗာန်ထိ ဆိုက်ရောက်နိုင်တယ်၊ ဝိပဿနာတရား အားထုတ်တဲ့အခါ သတိနဲ့ သမာဓိနှစ်ပါး မျှတအောင် ထားတတ်ဖို့ လိုတယ်၊ တရားမှာ တခြားရှာနေဖို့ မလိုဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြီးထဲမှာ ရှာဖို့ဘဲ၊ "တရားရှာ ကိုယ်မှာတွေ့" ဆိုတာ ဒါဆိုတာဘဲ၊ ထို့ကြောင့် ဆရာတော်ကြီးက "ဣ-သံ-ခေတ္တ ဤသုံးခု မှတ်ရူဝိပဿနာ" လို့ မိန့်ဆိုတော်မူတယ်။

ဣကား သွားခြင်း၊ ထိုင်ခြင်းစသော ဣရိယာ ပထပုဒ္ဒ၊ သံကား အကျိုးရှိ မရှိသည်ကို ဆင်ခြင်တဲ့ သမ္ပဇညပုဒ္ဒ၊ ခေတ္တကား ခေတ်ကြီးလေးပါး (၆) ပါး၊ (၁၀) ပါး ဤတရားတွေကို အမြဲမပြတ် သတိချပ်၍ ရှုမှတ်နေတာ ခေါ်တယ်။

"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"

ကာယဉ္စ- ကာယပသာဒကိုရင်း၊ ဖောဋ္ဌဗ္ဗေစ- အတွေ့အထိ ဖောဋ္ဌဗ္ဗအာရုံတို့ကိုရင်း၊ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယ

ဝိညာဉ်သည် ဥပ္ပတ္တိ– ဖြစ်၏ တဲ့၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်လာသမျှ ရုရုပ္ပပ္ပ ပူပူအေးအေး နွေးနွေးစိမ့်စိမ့် တရိပ်ရိပ် ဖြစ်နေတာတွေကို အမြဲမပြတ် သတိကပ်ပြီး ရှုမှတ် နေတာဟာတရားရှုနေတာဘဲ၊ ရုပ်က တစက္ကန့်မှာ ကုဋေ(၅၀၀၀) လောက်ဖြစ်တယ်၊ နာမ်က တစက္ကန့်မှာ ကုဋေတသိန်းလောက် ဖြစ်တယ်၊ ဒီလိုဖြစ်ပျက်နေသည့် ရုပ်နာမ်တွေကို ရှုရုမ္မ စသည်ဖြစ်နေတာက ရုပ်တွေဘဲ၊ ဒီရုပ်တွေကို ပေါ်တိုင်း ပေါ်တိုင်းသိနေတာက နာမ်ဘဲ၊ အဲဒီလို ရုပ်နာမ်နှစ်ပါး ခွဲခြားသိလျှင်နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဤရုပ်နာမ်တွေဟာ တဏှာဥပါဒါန်ကံတို့ကို အကြောင်းရင်းခံပြီး ဖြစ်ပေါ်လာတာဘဲလို့ သိလျှင်ပစ္စယ ပရိဂ္ဂဟဉာဏ်ဘဲ၊ ဒီဉာဏ်နှစ်ပါး ထင်ထင်ရှားရှားဖြစ်လာလျှင် စူဠ သောတာပန် စခန်း ရောက်နေပြီ၊ သေတောင် အပါယ်မကျတော့ဘူး။

ဤဉာဏ်နှင်ပါး လွန်မြောက်၍ သမ္မသနဉာဏ်မှ ဂေါတြဘူဉာဏ်အထိ ရောယ်သွားယင် မဇ္ဈိမသောတာပန်လို့ ခေါ်နိုင်တယ်၊ ထို့နောက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဉာဏ် ရောက်သွားတော့ မဟာသောတာပန်ပေါ့၊ ဒါကြောင့်ခေတ်လေးပါးတို့တွင် တစိတ်တဒေသဖြစ်သည့် ခေတ်တပါးပါးကို တကယ်မြင်အောင် သုံးသပ်နိုင်တယ်ဆိုယင် နိဗ္ဗာန်ထိဆိုက်ရောက်နိုင်ပါတယ်လို့ ပြဆိုခဲ့တယ်။

"ကမ္မဋ္ဌာန ဝိနိ မုတ္တော ဓမ္မောနာမနတ္ထိ"တဲ့ ကမ္မဋ္ဌာန်းမှ လွတ်သောတရား မည်သည် မရှိဘူးတဲ့၊ ဒါကြောင့်မြတ်စွာဘုရားက သူ့သား ရာဟုလာကို ယခုရှိလာတဲ့ လူ့ဘဝမှာ

နောင်သံသရာဝဋ်ထဲက လွတ်အောင် မိစ္ဆာဒိဋ္ဌိဘဝမှ လုလုကြီး လွတ်သွားအောင် ခေတ်လေးပါးကို ဥာဏ်ထဲမှာ ထင်ထင် ရှားရှား သိမြင်လာအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုပါဟု ဟောကြားတော်မူတယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝမတ္ထကေ၊
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ လှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ခန္ဓာကိုယ်အတွင်း ထိုးသွင်းခြင်းကို ခံနေရသောသူ ကဲ့သို့ရင်း။ မတ္ထကေ၊ ဥက္ကောင်းထက်၌။ ဍယှမာနောဝိယ၊ အလျှံ ပြောင်ပြောင် မီးလောင်ခံရသောသူကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိ၊ ငါငါ သူသူ လူလူနတ်နတ် အစဉ်ကပ်၍ အထင်အမှတ် မှားနေတဲ့ သက္ကာယ ဒိဋ္ဌိ တရားကြီးကို။ ပဟာနာယ၊ ဝိပဿနာသတိမြတ်ဖြင့် ဖိသတ် ခြင်းငှာ။ သတော၊ သတိရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဝါ ယောဂီပုဂ္ဂိုလ်သည် ပရိဗ္ဗဇေ၊ မနှားမသွေ အားထုတ်၍နေရာ၏။

"ခန္ဓသမံဝေရိနတ္ထိ" ခန္ဓာကိုယ်ကြီးနှင့် တူသော ရန်သူ မည်သည် မရှိဘူးတဲ့၊ ဒီခန္ဓာကိုယ်ကြီးကို ဘယ်သူ လုပ်နေတာ တုန်း၊ တဏှာနှင့်ဒိဋ္ဌိက လုပ်နေတာ၊ ဒါန-သီလ–သမထ က လုပ်နေတာ မဟုတ်ဘူး၊ ဒါန-သီလ-သမထ ဟာ တဏှာဒိဋ္ဌိ နဲ့ ပေါင်းနေလို့ အထောင်းခံနေရတာပါ၊ ဒါဖြင့် လက်သယ် တွေ့ပြီဆိုပါတော့၊ တွေ့ယင် သူတို့နှစ်ယောက် ဘယ်သူ့ကို အယင်သတ်မလဲ၊ ဒိဋ္ဌိကို အရင်သတ်၊ ဒိဋ္ဌိကား ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသနဲ့ တွဲနေတယ်၊ ဒီသုံးပါးသေမှ ရာဂ။

ဒေါ်သ၊ မောဟဆိုတဲ့ အရင်းခံတရားကြီး သေမည်၊ မီးသုံးပါး ငြိမ်းမည်၊ ယင်းမီးသုံးပါးငြိမ်းမှ ဇာတိ-ဇရာ-မရဏ ဆိုတဲ့ ဘေးကြီးသုံးပါးမှ လွတ်ကင်းမည်။

ငါ့သား ရာဟုလာ၊ သံသရာကြီးမှ လွတ်ချင်လျှင် ပထဝီ ဓာတ်ကို အာပေါဓာတ်ကို တေဇောဓာတ်ကို ဝါယောဓာတ် ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် သိသောသူ၊ မြင်သောသူ၊ ထင်သောသူအား သက္ကာယဒိဋ္ဌိကို ပယ်တယ်၊ ဝိစိကိစ္ဆာကို ပယ်တယ် အဝိဇ္ဇာကို ပယ်တယ်၊ ဒီတရားတွေကို ပယ်နိုင်မှ ဝိဇ္ဇာဆိုတဲ့ အလင်းဓာတ်ကို ရနိုင်တယ်လို့ ဟောတော်မူတယ်။

"ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဘောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဘိက္ခဝေ-- အို နာ သေ ရေး သံသရာဘေးကို မျှော်တွေးရှုငြား၊ အို ချစ်သားတို့။ ဧကော၊ တကြောင်းတည်းသာဖြစ်သော၊ ဝါ၊ တပါးတည်းသာ ဖြစ်သော။ ဓမ္မော၊ သတိဆိုတဲ့ အမှတ်တရား ကို။ ဘာဝိတော၊ ပွားစေအပ်သည် ရှိသော်၊ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ ဝါ၊ အကြိမ်များ စွာ လေ့လာသောသူသည်၊ အဘိညာယ၊သစ္စာလေးပါးတရား ကို ပိုင်းခြား၍သိခြင်းငှာ၊ သမ္ဘောဓာယ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ထိုးထွင်း၍သိခြင်းငှာ။နိဗ္ဗာနာယ၊ သဉပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏တဲ့၊ ဤလို သစ္စာ လေးပါး တရားကို ပိုင်းခြား သိမြင်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်လျှင် ဝိဇ္ဇာဆိုတဲ့ အလင်းဓာတ် ပေါ်တယ်လို့ ဆိုရဒါဘဲ။

## ၁၆။ အရှင်အနုရုဒ္ဓါနှင့် အရှင်သာရိပုတ္တရာ

တရားအားထုတ်သည့်အခါ အဖျက်တရားများကိုလဲ သတိထားရတယ်၊ မည်သည့် အရာမျိုးမဆို အဖျက်တော့ ရှိတာဘဲ၊ "ဘုရားဖြစ်မဲ့ကြံ မာရ်နတ်ကဖျက်" ဆိုသလို မာန ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ တရားတွေဟာ အဖျက်တရားဘဲ၊ အခါတပါး အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာ၊အရှင်ဘဒ္ဒိယ၊အရှင်ဥပါလိ၊ အရှင်ဒေဝဒတ်တို့နှင့်အတူ ဘုရားရှင် မျက်မှောက်သို့ ရောက်သွားကြတယ်၊ ရှင်ဒေဝဒတ်တဦးသာ လောကီစျာန် ရောက်၍ တော်လောက်ပြီ ဆိုပြီး ကျန်ခဲ့တယ်၊ ကျန်ပုဂ္ဂိုလ်များကတော့ မြတ်စွာဘုရားရှင်ထံ တရားနာခံ၍ သောတာပန် တည်သွားကြတယ်။

ထိုသို့ သောတာပန် တည်သွားကြပြီးနောက် တို့တတွေဟာ ကာယဝိဝေက၊ စိတ္တဝိဝေက ရသည့်နေရာမှာ နေ၍ အလုပ်နှင့်တူအောင် တကယ် အားထုတ်ကြလျှင် မကြာခင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလိမ့်မည်ဟု အထင်ကြီးပြီး ဝါးညိုတောကြီးထဲဝင်၍ တရား အားထုတ်ကြတယ်။ ဒီလို

ခနားမနေ တရားတွေကို (၇)ရက် ကြာအောင် အားထုတ်ပါ သော်လည်း ရဟန္တာ မဖြစ်ကြဘူးတဲ့၊ ဒါနဲ့ ဘယ်လိုဖြစ်နေ ပါလိမ့်မလဲဟု အောက်မေ့ကာ အရှင်သာရိပုတ္တရာထံ သွား၍ လျှောက်ထားကြတယ်၊ ဒီတော့ အရှင်သာရိပုတ္တရာက ဘယ်လို သဘောထားနဲ့ တရားအားထုတ်ပါသလဲဟု မေးတယ်။

ငါ့ရှင်သာရိပုတ္တရာ "ကျွန်ုပ်သည် ဤသို့ ဆိတ်ငြိမ်သော အရပ်မှာနေ၍ လူတို့၏ မျက်စိထက် လွန်ကဲသော ဒိဗ္ဗစက္ခု အဘိဉာဏ်ဖြင့် တထောင်သော လောကဓာတ်ကို ကြည့်ပြီး အားထုတ်ပါတယ်၊ အမှတ်သတိလဲ မပြတ်ရှိပါတယ်၊ တရား တည်းဟူသော တခုသော အာရုံကိုလဲ စွဲစွဲမြဲမြဲ စူးစိုက်လျက် တခြားအာရုံသို့ မလိုက်ဘဲ ဇွဲသတ္တိဖြင့် အပြတ်မရှိ အမှတ်မိမိ အားထုတ်ပါတယ်၊ ဒါပေမဲ့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာ မဖြစ်သေးပါ"ဟု လျှောက်ထားတယ်၊ ဒီတော့ ရှင်သာရိ ပုတ္တရာက• ငါ့ရှင် အနုရုဒ္ဓါ၊ သင့်စကားထဲမှာ တထောင် သော လောကဓာတ်ကို ကြည့်တယ် မြင်တယ်ဆိုတော့ မာန ပါနေတယ်၊ ဒီမာနက ဖျက်နေတယ်၊ ငါသည် ဇွဲသတ္တိဖြင့် အားထုတ်တယ်၊ စိတ်တည်ကြည်တယ်၊ မတွေဝေဘူးဆိုတော့ အာရုံပြားနေတဲ့ ဥဒ္ဓစ္စပါနေတယ်၊ ဒီဥဒ္ဓစ္စက ဖျက်နေတယ်။

ဤလို အားထုတ်ပါလျက် ငါ့အား အာသဝေါကုန်ခန်း ရဟန္တာမဖြစ်ပါလားဆိုတော့ ဒိစကားထဲမှာကုက္ကုစ္စပါနေတယ် ဒီကုက္ကုစ္စက ဖျက်နေတယ်၊ ဒါကြောင့် တရားမရအောင် ဖျက်

ဆီးတဲ့ အမှားကြီး သုံးချက်ကြောင့် ရဟန္တာ မဖြစ်တာဘဲလို့ တရားကို တည့်မတ်ပေးလိုက်တော့မှ နည်းရပြီး ပြန်အားထုတ်တဲ့အခါမှာ ရဟန္တာဖြစ်သွားတယ်၊ ဒါကြောင့် ဒီတရား သုံးပါး ဝင်မလာအောင် သတိပြုကြ၊ ယခုအခါမှာလဲ တရားပြပြီးနောက် မကြာမကြာ ကမ္မဋ္ဌာန်းဆရာထံ သွားရောက်ပြီး တရား အစစ်ခံကြရတာလဲ ဒီသဘောပါဘဲ၊ တရားနာသူ အပေါင်း သူတော်ကောင်းတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ လိုရာဆန္ဒ ပြည့်ဝပြီး နိဗ္ဗာန်ကို လျှင်မြန်စွာ ရောက်နိုင် ရနိုင် မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

# ၁၇။ သဲအင်းဂူ ဆရာတော်၏ ဝိပဿနာရှုနည်း

## အရူးနဲ့ အကန်း

ယခုအခါ ရှေးရှေးသော အတိတ်ကံက စီမံလို့ လူ့ဘဝလေး ရလာတဲ့ ရဟန်းရှင်လူ ခပ်သိမ်းသူတို့မှာ ငါသေရင် ဘယ်သွားမလဲ၊ ငါဘယ်က လာခဲ့သလဲလို့ ကိုယ့်ကိုယ်ကို မေးကြည့်ကြဘို့၊ စိစစ်ကြည့်ကြဘို့လိုပါတယ်။ အမှုမဲ့နေပြီး အမှုမဲ့သေဘို့ မဟုတ်တော့ဘူးနော်။ အဲ့ဒီလို မေးကြည့်တဲ့အခါ ဘယ်လိုဖြေကြမလဲ၊ ဘယ်လိုမှ မဖြေတတ်ကြဘူးမို့လား၊ ဘဲဥ အစရှာမတွေ့သလို ဖြစ်မနေကြဘူးလား၊ အဲဒီလို ဘာပြုလို့ ဖြစ်နေကြလဲလို့ ဝေ့လယ်လိုက်ပြီး ဂျာအေး သူ့အမေ ရိုက်၍ မှောင်မိုက်ငိုနေကြလို့ အကျိုးမများပါဘူး။ ဒီတော့ သေချာအောင် ရေရာအောင်လုပ်ဘို့ တော်ကြပြီ။

ဘယ်သိကြမလဲ၊ အရိယာ ပုဂ္ဂိုလ်တွေမှ မဟုတ်ကြဘဲ၊ ပုထုဇဉ်ဆိုတာ အပေါ်ပစ်လိုက်သော ခဲလို သူကျချင်ရာ ကျမှာဘဲ၊ သန့်ရှင်းတဲ့ ကောင်းတဲ့နေရာမှာလဲ ကျချင် ကျမယ်၊ မသန့်ရှင်းတဲ့ ခွေးချီးပုံပေါ်မှာလဲ ကျချင် ကျသွားမယ်၊

ပုထုဇဉ်တွေဆိုတော့ အရူးအကန်းတွေဘဲ၊ ဒီတော့ ဘာမှမသိကြဘူးပေါ့၊ အရူးကလဲ ရှစ်မျိုးရှိတယ်၊ စူဠနိဒ္ဒေသပါဠိတော်မှာ လာတယ်၊ ဘယ်လိုလဲဆိုတော့—

၁။ ရာဂုမ္မတ္တက-ရာဂရူးတဲ့၊

၂။ ဒေါသုမ္မတ္တက-အယူရူးတဲ့၊

၃။ မောဟုမ္မတ္တက-အမိုက်ရူးတဲ့၊

၄။ ကောဓုမ္မတ္တက-အမျက်ရူးတဲ့၊

၅။ ပိတ္တုမ္မတ္တက-သည်းခြေရူးတဲ့၊

၆။ ယက္ခုမ္မတ္တက-ဘီလူးဖမ်းစားတဲ့ အရူးတဲ့၊

၇။ သုရုမ္မတ္တက-အရက်ရူးတဲ့၊

၈။ ဗျသနုမ္မတ္တက-စီးပွားပျက်ရူးတဲ့၊

အဲ့ဒီ အရူးရှစ်မျိုးတို့တွင် အနည်းဆုံး တခုခုနဲ့တော့ ပုထုဇဉ်မှန်သမျှ ရူးနေကြတာချည်းဘဲ၊ ဒါကြောင့် ရှေးဆရာတော်မြတ်တို့က ကဗျာ လေးဆစ်ချိုးလေး စပ်ထားခဲ့ကြတယ်။

"ရာဂမွန်စိတ်ရှိဘူးပါတဲ့၊ ဒိဋ္ဌိရူးဤနှစ်လီ၊ သည်းခြေမှာ ပျက်လို့ရူးရတယ် ထူးတဲ့အညီ၊ အမျက်ကြီးရင် လှ၊ ပျက်စီးလိမ့်ပြောကြသည်။ ကောဓမှီတဲ့ ထိုအရူး၊ ဆန်းပြားလို့ခက်ပုံ၊ ဖမ်းစားလျှင် ယက္ခုံပ၊ မောဟုံမှာ သူရာဖက်ပါလို့၊ ဗျသနာပြကာ မြွက်လိုက်မယ် (တပည့်တို့ရယ်) ထွေးရှက်ရှစ်ရူး"တဲ့။

ကဲ ဒီအရူး ရှစ်မျိုးတွင် တခုခု ရူးမနေဘူးလား ဆိုတာ စဉ်းစားကြ။

ဤစာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း (၃၅) နှစ်လောက်က တွံတေးမြို့ပိုင်တယောက်နှင့် တွေ့ဘူးတယ်၊ သူဟာ အရက်ကို မသောက်ရ မနေနိုင်တဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တယ်၊ ဒါပေမဲ့ ဘာသာရေးကိုတော့ လေးစားပါတယ်တဲ့၊ လယ်တီဆရာတော်ကြီးထံမှာလဲ တရားနာတယ်၊ အခြား ဆရာတော်များထံလဲ တရားနာတယ်၊ အရက် မပြတ်ဘူး၊ တနေ့ကျတော့ သူ့တပည့်တွေနဲ့ ဝိုင်းပြီး အရက်သောက်နေတုန်း ဗြုန်းကနဲဆို အရူးတယောက် ပေါက်လာတယ်၊ သူတို့ အရက်သောက်တာကို မော့မော့ ကြည့်နေတော့ အရက်သောက်ချင်လို့ ထင်ပါရဲ့ဆိုပြီး သောက်မလားလို့ မေးကြည့်တယ်၊ ဒီတော့ အရူးက သောက်ချင်လို့ မဟုတ်ပါဘူး ဒီလူတွေဟာ တနေ့ကျ ငါ့လို အရူးဖြစ်အုံးမှာဘဲလို့ တွေးပြီးသနားတဲ့ အတွက် မော့မော့ ကြည့်နေပါတယ်လို့ ပြန်ပြောတယ်။ ဒီတော့မှ အရူးကတောင် ငါ့ကို သနားရတဲ့အဖြစ် ငါ ရောက်နေပါပကောဟု သံဝေဂသဘော သက်ရောက်ပြီးကာ ရှေ့မှာထားတဲ့ အရက်ပုလင်းတွေကို ရိုက်ခွဲပြီး တခါတည်း အရက်ဖြတ်လိုက်ပါတယ်၊ ဘယ်လောက် မှတ်သားစရာကောင်းသလဲ၊ အရက်ရူးကို သည်းခြေရူးက ချတ်လိုက်တယ်။

ဒကာန်းကလဲ နှစ်မျိုးရှိတယ်၊ (၁) စီးပွားရေး၊ ကြီးပွားရေး စသော လောကီရေးကိုသာ နားလည်၍ ဘာသာရေး၊ သာသနာရေးကို မလိုက်စားလျှင်၊ နားမလည်လျှင် တဖက်ကန်းတဲ့၊ (၂) စီးပွားရေးစသော လောကီရေးလဲ နား

မလည်၊ ဘာသာရေး သာသနာရေးလဲ နားမလည်ရင် နှစ်ဖက်ကန်းတဲ့။ ဒီတော့ အကန်းမဖြစ်ကြရအောင် စားရေး သောက်ရေးကလဲ အရေးကြီးတော့ စီးပွားရေးလဲ လုပ်ကြပေါ့၊ ဘာသာရေးလဲ ပစ်မထားကြနဲ့၊ အထူးအရေးကြီးတဲ့ အလုပ်တခုအနေနဲ့ ဒါန၊ သီလ၊ ဘာဝနာ တရားများကို ကြိုးစားကြ၊ အားထုတ်ကြ။

ဒီတော့ အရှုံးပျောက်အောင် အကန်း ပျောက်အောင် ဆေးကုကြပေါ့။ ကဲ ကဲ ယခု လူ့ဘဝကို ရလာကြတာ ရှေး အတိတ်ကံက အကျိုးပေးလိုက်လို့နော်၊ ယုံကြည်ကြရဲ့လား။ မယုံကြည်ရင် အရှုံးအကန်း ဖြစ်သွားမယ်။ ဒီကုသိုလ်ကံ အကျိုးမပေးလို့ရှိလျှင် ဘယ်ကိုရောက်နေကြမလဲ၊ အပါယ်ဘုံမှာ ရောက်ကြမယ်။ အပါယ်ဘုံမှာ ရောက်နေကြတာ ငါ အပါယ်သို့ ရောက်ရပါစေဟု ဆုတောင်းလို့လား၊ ဘယ်သူမျှ ဆုမတောင်းဘူး၊ အကုသိုလ်ကံကပို့လိုက်လို့ ရောက်နေကြတာ၊ အဲ့ဒီ အကုသိုလ်ကံက ဘယ်သူ့အာဏာ အမိန့်ကြောင့်လဲ၊ သက္ကာယဒိဋ္ဌိ၊ အမိပတိကြီးရဲ့ အာဏာကြောင့် ပို့လိုက်တာ။

သက္ကာယဒိဋ္ဌိကြီးရဲ့ နယ်ပယ်မှ မထွက်ခွါနိုင်ရင် သူ့ အာဏာအရ လိုက်နေကြအုံးမှာဘဲ၊ ဒီတော့ အပါယ်မကျချင် ကြရင် အရိယာနယ်ပယ်သို့ ရောက်အောင် အားထုတ်ကြ။ အရိယာတောင် ရဟန္တာဖြစ်မှ လုံးလုံးလွတ်တယ်။ ဒါကြောင့် မဟ္မစေတီ ဆရာတော်ကြီးက—

"ငါလင်၊ ငါ့သား၊ ငါ့မယား၊ မှတ်သားတကျာ ငါ၊ ငါ သာလျှင်တတ်၊ ငါသာမြတ်၊ မှတ်ကြမာနငါ၊ ပဂ္ဂိုလ် သတ္တဝါ ထင်မြင်လာ မှတ်ပါဒိဋ္ဌိငါ" ဟူ၍ ငါသုံးမျိုး မိန့်ဆို တော်မူတယ်။

ဒါ့ကြောင့် ပုထုဇဉ်တွေဟာ သက္ကာယဒိဋ္ဌိ အစွဲအလန်း ကြီးနဲ့ ပြုနေရတဲ့ ဒါန၊ သီလ၊ ဘာဝနာတွေ ဆိုတော့ အဘယ်မှာလျှင် အပါယ်ရွာမှ လွတ်နိုင်မလဲ။ နို့ကုသိုလ် တော့ မရဘူးလား မေးယင် ရတော့ရနိုင်ပါတယ်၊ အပါယ်မှ စိတ်မချရဘူး။

ဒါန သီလ စသော ကုသိုလ်တွေဟာ သက္ကာယဒိဋ္ဌိစွဲကြီးက အုပ်စိုးနေတော့ သူ့အဖော်တွေ ဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ကလဲ အမြဲလိုက်ပါ ခြံရံနေတော့ ဘယ်မှာ အပါယ်မှ လွတ်နိုင်မလဲ၊ လောဘဦးစီးတဲ့ အကုသိုလ်က ပြိတ္တာ ဘုံ ဖြစ်ရတတ်တယ်၊ ဒေါသဦးစီးတဲ့ အကုသိုလ်က ငရဲဘုံ မှာ ဖြစ်ရတတ်တယ်၊ မောဟဦးစီးတဲ့ အကုသိုလ်က တိရစ္ဆာန် ဘုံ ဖြစ်ရတတ်တယ်၊ မာနဦးစီးတဲ့ အကုသိုလ်က ငရဲငယ် ကလေးတွေမှာ ဖြစ်ရတတ်တယ်။

အဲဒီလို အပါယ် ကျရောက်သွားပလား ဆိုရင် ဘယ် လောက် ဘုရားအဆူဆူ ပွင့်ပွင့် ဘယ်လောက် ကမ္ဘာတွေ ပြောင်းပြောင်း အပါယ်က လွတ်ချင်မှလွတ်မယ်။ သေသေ ချာချာ ကိုယ့်ကိုယ်ကို မေးကြည့်စမ်း၊ တွေးကြည့်စမ်း။ တခါ

ခြေချော်ကျသွားရင် အတော်နစ်နာစရာ ကြောက်စရာ လန့်စရာ ဖြစ်သွားမယ်။ ဒါကြောင့် ထွဋ်ခေါင် ဆရာတော်ဘုရားကြီးက "စုံးစုံးမြုပ်ခါ၊ မပေါ်လာ၊ ကြမ္မာမှောက်၍မင်း" လို့ စပ်ဆိုတော်မူတယ်။

နို့ မိမိတို့ ပြုခဲ့ကြသည့် ဒါန၊ သီလ၊ ကုသိုလ်တွေကတော့ အလကား ဖြစ်သွားမလား၊ ပျောက်သွားမလားလို့ မေးစရာရှိတယ်။ အလကားတော့ ဖြစ်မသွားပါဘူး။ ပျောက်လဲ ပျောက်တော့ မသွားပါဘူး။ နောက်က မျက်ခြေမပြတ် လိုက်တော့နေပါတယ်။ သူ့အလှည့်မကျတော့ ကြည့်နေရဒါဘဲ။ မဝင်သာတော့ အချိန်ကို စောင့်နေရတာဘဲ၊ အကုသိုလ် အကျိုးပေး အရှိန်အဝါတွေ အားနည်းသွားမှ ပေါ်လာပြီး ဟော အခုလို လူဖြစ်လာကြရတယ်။ ဒါဖြင့် များသောအားဖြင့် အပါယ်ဘုံက လာကြတယ်ဆိုတော့ နောက်တခါ ဘယ်ကိုသွားအုံးမလဲလို့ အရှည်ကြီး တွေးမနေနဲ့။ ပုထုဇဉ် မှန်သမျှ သက္ကာယဒိဋ္ဌိကြီးက အုပ်စိုးနေတော့ လာရာလမ်း နေရာအိမ်မှာဘဲ ပြန်ရမှာ သွားရမှာဘက်က များတယ်။ စဉ်းစားကြည့်ကြနော်။

ဒါကြောင့် ပုထုဇဉ်ဘဝနဲ့ မနေချင်ကြနှင့်၊ မသေချင်ကြနှင့်။ အရိယာတို့ရွာ ရောက်အောင် ကြိုးစားကြ၊ အရိယာဖြစ်မှ လာလမ်းဖြစ်တဲ့ အပါယ်လေးဘုံသို့ မပြန်ဘဲ တခါထဲ လွတ်မြောက်သွားမယ်၊ အရိယာတို့တွင် အနည်းဆုံး အောက်ဆုံးဖြစ်သည့် သောတာပန်လောက် ရောက်အောင်တော့

ကြိုးစားကြ၊ ဒါမှ စိတ်ချရမယ်၊ လားရာဂတိမြဲပြီး ဘယ်တော့မှ အပါယ်သို့မကျဘဲ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်သွားမယ်၊ ကြိုးစားလျှင် သောတာပန် ဖြစ်ဘို့ရာ မခဲယဉ်းပါဘူး၊ တထိုင်ထဲနှင့် ရနိုင်တယ်လို့ ဘုရားဟောထားတာဘဲ၊ ကိုယ့်ပါရမီကို မသိနိုင်ဘူး၊ မီးခဲပြာဖုံးတွေ အများကြီးရှိတယ်၊ မြတ်စွာဘုရားက သာသနာငါးထောင် ထားခဲ့တာလဲ အလကားထားခဲ့တာ မဟုတ်ဘူး၊ ငါဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ကျွတ်တန်းဝင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်ဆိုတာ မြင်တော်မူသည့်အတွက် ထားခဲ့တာ အားမငယ်ကြနဲ့၊ ကိုယ့်ကိုယ်ကို အထင်မသေးကြနဲ့။

## ၁၈။ ဝိပဿနာတရား အားထုတ်ရသည့် အကျိုး

ဝိပဿနာတရား အားထုတ်တယ်ဆိုတာ တောထဲသွားပြီး အားထုတ်မှရတာ မဟုတ်ပါဘူး၊ ငယ်ငယ်ရွယ်ရွယ် အားထုတ်မှရတာ မဟုတ်ပါဘူး၊ အနာထပိဏ်တို့၊ ဝိသာခါတို့ဟာ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်နေရာမှာနေပြီး တရားရသွားကြတာပါ၊ အသက် (၆၀) ကျော်မှ တရားထူး ရသွားတဲ့ သောဏာထေရီ ဘိက္ခုနီမကြီးတို့လဲ သားသမီးများက မကျွေးလို့ စိတ်ပျက်ပြီး ရဟန်းပြုသွားတာ အသက် (၆၀) ကျော်မှ အာသဝေါကုန်ခန်း ရဟန္တာမကြီး ဖြစ်သွားတယ်၊ ဒီတော့ အရက်သမားဘဲ ဖြစ်ဖြစ်၊ ဘိန်းစား၊ မုဆိုးတံငါဘဲ ဖြစ်ဖြစ် သဒ္ဓါနဲ့ ဝီရိယ သမာဓိရှိရှိနဲ့ အားထုတ်ယင် တရားထူး တရားမြတ် ရနိုင်ကြပါတယ်၊ ဝိသာခါ၏ အလုပ်အကျွေး မိန်းမငါးရာ အရက်သောက်ရာမှ အကျွတ်တရားရကြတယ်၊ ကုက္ကုဋ္ဌ မုဆိုးနှင့် သား (၇) ယောက်၊ ချွေးမ(၇) ယောက်လုံး သောတာပန် တည်သွားကြတဲ့ထုံး ရှိပါတယ်၊ အယုတ်ဆုံးပြောမယ်

ဆိုယင် မစင်ပုံတွေဘေးမှာနေပြီး မစင်တွေစားနေတဲ့၊ အဝတ်တောင် မဝတ်တဲ့ ဇမ္ဗူကဟာ အဘိညာဉ်သမာပတ်နဲ့ ရဟန္တာ မြတ်တောင် ဖြစ်သွားတာရှိပါတယ်။ မိမိတို့ ပါရမီအလိုက် သောတာပန် စသည် ဖြစ်နိုင်ပါတယ်။

ပုထုဇဉ်ဘဝဆိုတာ အလွန်ကြောက်စရာ ကောင်းတယ်၊ ရတနာသုံးပါးလဲ ပြစ်မှားရဲတယ်၊ ဆရာသမားလဲ ပြစ်မှားရဲတယ်၊ ဘယ်လောက် ကြီးလေးတဲ့ အကုသိုလ်ကံကြီးဘဲ ဖြစ်ဖြစ် ပြစ်မှားရဲတယ်၊ ဒေဝဒတ်ဘဲကြည့်၊ ဘယ်လောက်ပင် ဈာန်အဘိညာဏ် တန်ခိုးတွေနဲ့ ပြည့်စုံပေမဲ့ ပုထုဇဉ်ဘဝ ဆိုတော့ ဘုရား ကိုယ်တော်မြတ်ကြီးတောင် ပြစ်မှားရဲတယ်။ အဇာတသတ်ဘဲ ကြည့်၊ ပစ္စေကဗုဒ္ဓါလောင်းကြီး ဖြစ်ပေမဲ့ ခမည်းတော် ဖခင်ကြီးကို သတ်ရဲတယ်၊ အယုတ်ဆုံးပြောမယ် ဆိုယင် တို့ဘုရားသခင်ရဲ့ လက်ဝဲတော်ရံ ရှင်မောဂ္ဂလန် အလောင်းတော်ကြီးတောင်မှ မိန်းမက မြှောက်ပေးတော့ မိဘကို သတ်ရဲတယ်၊ ရိုက်ရဲတယ်။ ဒါကြောင့် ပုထုဇဉ်ဘဝမှ လွတ်ချင်ယင်၊ အပါယ်လေးပါး မကျချင်ယင် ယခုလိုဗုဒ္ဓုပ္ပန္နဝမ ခေတ်ကြီးနဲ့ ကြုံကြိုက်ပြီး လူဖြစ်လာရတဲ့ အခိုက်မှာ ဝိပဿနာတရားကို ကြိုးစားအားထုတ်လိုက်ကြ။

"ကုန်ရှုံးတော့ တခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံး မှောက်၊ ကိုးကွယ်ရာ ဆရာရှုံးတော့ တသံသရာလုံးမှောက်" ဆိုတာလဲ အမြဲသတိထားဘို့ ကောင်းတယ်။ ကိုးကွယ်ရာ ဆရာ

မရှုံးရအောင် အမှန်တရားရအောင် သံသရာဘေးက တကယ်လွတ်ရအောင် တကယ်ကယ်တင်နိုင်တဲ့ ဆရာကောင်း သမားကောင်းထံ ချဉ်းကပ်ပြီး အားထုတ်ဖို့ အလွန် အရေးကြီးပါတယ်။

ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဌာနစွဲတွေ မထားကြနဲ့၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ဟာ ပထမတော့ သိဉ္စည်းဆရာကြီးထံ နည်းခံရသေးတာဘဲ၊ အမှန်တရား ရှာနေကြတဲ့ ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဌာနစွဲ မထားကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့ တနေ့မှာ အရှင်အဿဇိ အကြောင်းပြုပြီး ဘုရားရှင်ထံရောက်သွားပြီးအမှန်တရားရကြတယ်မဟုတ်လား၊ ဒီတော့အမှန်တရားရဖို့သာ အရေးကြီးပါတယ်၊ ပုဂ္ဂိုလ်၊ ဆရာတို့ ဌာနတို့က လိုရင်းမဟုတ်ပါဘူး၊ အထူးသတိပြုကြပါ။

သံအင်းဂူ ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ ဥပမာလေးကတော့ ကျွဲကျောင်းသားဟာ နံနက်မိုးလင်းလာပြီ ဆိုယင် ချည်တိုင်မှာရှိတဲ့ ကျွဲတွေကို ကြိုးဖြေပြီး ရေကြည်ရာ မြက်နုရာသို့ လွှတ်တယ်။ လွှတ်လိုက်တဲ့အခါကျတော့ ကျွဲကျောင်းသမားလက်ကလွတ်အောင် ပြေးနိုင်ပါလျက်နဲ့ မပြေးဘဲ တကောင်နဲ့တကောင် ဝေ့ကြ၊ ခတ်ကြ၊ ပျော်ပါးကြ၊ မြူးတူးကြနှင့် တနေ့လုံး အချိန်တွေကုန်ပြီး နေကြတယ်။ ညနေ နေဝင်ခါနီးအချိန်လဲရောက်ရော၊ ကျွဲကျောင်းသမားက လာပြီး ချည်တိုင်ကို ပြန်မောင်းတယ်။ ဒီတော့ နေရင်းဌာန

ချည်တိုင်မှာဘဲ ပြန်ကြရတာဘဲ။ ထိုနည်းအတူ သာသနာတွင်းမှာ သာသနာရောင်တွေ တဝင်းဝင်းနဲ့ ထွန်းလင်းနေတဲ့အခါ ချည်တိုင်နဲ့တူတဲ့ သံသရာတွင်းက လွတ်ကင်းအောင် ပြေးကြ၊ မပြေးကြဘဲနှင့် တယောက်နှင့်တယောက် ဝှေ့ကြ၊ ခတ်ကြ၊ မဝှေ့မခတ်ကြတဲ့အခါကြရင်လဲ ကိုယ်နှင့်ချစ်သူခင်သူများနှင့် ပျော်ကြမြူးကြ လုပ်နေကြရင် တနေ့ အချိန်တွင် ကျွဲကျောင်းသမားနဲ့တူတဲ့ တဏှာကလာပြီး ချည်တိုင်နဲ့ တူတဲ့ အပါယ်လေးဘုံသို့ ဆွဲခေါ်လို့ ပြန်ကြရလိမ့်မယ်။

ပုထုဇဉ်မှန်သမျှ ပုထုဇဉ်ဘဝနဲ့ သေသွားကြရင် လာလမ်းချည်တိုင်ဖြစ်တဲ့ အပါယ်လေးဘုံသို့ ပြန်ရောက်ကြရမှာဘဲ။ အပါယ်လေးဘုံသို့ရောက်ပြီး နေကြရတဲ့ ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်စသော သတ္တဝါတွေရဲ့ အဖြစ်ကို ကြည့်ပြီး ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ သိနိုင်ကြပါတယ်၊ ကျွဲ၊ နွားတွေဆို လူပုဂ္ဂိုလ်က ရိုက်လဲခံကြရတာဘဲ၊ ခိုင်းလဲ ခံကြရတာဘဲ၊ နေမကောင်းပါဘူး၊ မနိုင်ပါဘူးလို့ မပြောနိုင်ဘူး။ နောက်ဆုံး သေလောက်အောင် ရိုက်နှက်ခိုင်းပြီး သတ်တောင်အစားခံကြရတယ်။ ဝက်၊ကြက်၊ငှက် စသော သတ္တဝါတွေလဲ လူလားလဲမြောက်လို့ ကောင်းကောင်း နေရမယ်ကြံတုန်း ပြုံးကနဲဆို လှန်နဲ့ထိုး၊ လည်ပင်းချိုးပြီး ဓားနဲ့ ခုတ်သတ် စားသောက်ခံကြရတာဘဲ။

ဒီလို အဖြစ်ဆိုးက လွတ်ချင်ကြယင် အပါယ်လေးပါးမကျချင်ကြရင် လွတ်တဲ့အလုပ် မကျတဲ့အလုပ်လုပ်မှ လွတ်ကြမှာ၊

မကျရောက်ကြမှာ။ ဒီတော့ သံသရာထဲ မလယ်ရအောင် ဟာ လောဘနဲ့ အချိန်မကုန်ကြစေနဲ့၊ ဒေါသနဲ့ အချိန်မကုန်ကြ စေနဲ့၊ မောဟနဲ့ အချိန်မကုန်ကြစေနဲ့၊ မာနနဲ့ အချိန်မကုန် ကြစေနဲ့၊ အပါယ်ဘေးမှ တကယ်ဝေးအောင် ဝိပဿနာတရား ကို ကြိုးစားကြပါ၊ အားထုတ်ကြပါ၊ အားထုတ်ဘို့ရာကလဲ မခက်ပါဘူး။ ဒါန၊ သီလ၊ ဘာဝနာကို ပွားမျှားပြုလုပ်တဲ့ အခါ ငါးစွဲ မခံရစေနဲ့၊ ငါးဆိုတာ ပုဒ်မ ငါးမဟုတ်ဘူး၊ အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ ငါးပြောတာ ဒီငါးမပါရအောင် သတိထားပြီး တရားအားထုတ်ယင် လွတ် နိုင်ပါတယ်၊ မကျနိုင်ပါဘူး၊ လွတ်ရုံမကျရုံတွင်မကဘူး သော တာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတောင် ဖြစ်နိုင် ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ကို လုပ်သောအခါ သက္ကာယဒိဋ္ဌိ မကြီးစိုးဘို့ မဦးစီးဘို့ သတိထားပြီး လုပ်ကြ ပါဟု ပြောကြားလိုက်ပါသည်။

## ၁၉။ တရားအားထုတ်ပုံ နည်းလမ်းများ

ကဲကဲ – သဲအင်းဂူဆရာတော်ကြီးရဲ့ တရားအားထုတ်ပုံကို ပြောကြစို့။

၁။ ရှေးဦးစွာ မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို အာရုံပြုပြီး ဘုရားကန်တော့ပါ၊

၂။ နောက် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားအားထုတ်နေဆဲ ဘုရားလှူပါ၊ ကမ္မဋ္ဌာန်းဆရာကိုလဲ လှူပါ၊

၃။ သုံးဆဲ့တဘုံ ကျင်လည်ကျန်သော သုခိတ၊ ဒုက္ခိတ၊ သတ္တဝါ အပေါင်းကို ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ လိုရာဆန္ဒ အဝဝနဲ့ ပြည့်စုံကြပါစေဟု မေတ္တာပို့ပါ၊

၄။ ဘဝသံသရာ အဆက်ဆက်မှ ယနေ့ကျအောင် အတူတကွ နေထိုင်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့အား ပြစ်မှားကျူးလွန်ခဲ့သော အပြစ်များကို သည်းခံကြပါဟု တောင်းပန်လိုက်ပါ၊

၅။ ဘဝသံသရာ အဆက်ဆက်မှ ယနေ့ကျအောင် မိမိကို ပြစ်မှားခဲ့သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း မိမိက သည်းခံကြောင်း ခွင့်လွှတ် ပါကြောင်း ပြော ကြားပါ၊

၆။ ဘဝသံသရာအဆက်ဆက်မှစ၍ ယနေ့ကျအောင် မိမိ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု၏ အဘိုဘာဂဟူသ၍ကို သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ပုဂ္ဂိုလ်အပေါင်း တို့အား အမျှပေးဝေပါ၊

၇။ သူတော်ကောင်း၊ သူမြတ်အပေါင်းတို့က ပေးဝေ သော မေတ္တာကိုလည်း မိမိခံယူပါ၏ဟု ပြောဆိုပါ၊

ဤသို့ ရှေးဦးစွာ ပုဗ္ဗကိစ္စများ ပြုပြီးနောက် မိမိ၏ကိုယ် ကို ကြာရှည်စွာထိုင်နိုင်သော ဣရိယာပုထ်တို့တွင် တခုခုဖြင့်ထိုင် ပါ၊ ယောကျ်ားတွေက တင်ပလ္လင်ခွေထိုင်၊ မိန်းမတွေက ပုဆစ် ဒူးတုတ်ပြီး ထိုင်လိုကထိုင်၊ တင်ပလ္လင်ခွေပြီး ထိုင်လိုကထိုင်၊ ကြိုက်သလို ထိုင်နိုင်ပါသည်။

ထို့နောက် မျက်စိနှစ်လုံးကို မှိတ်ထားပြီး လက်ကို တင် ပလ္လင်ခွေပေါ်မှာ တောင့်တောင့်ထား၍ လက်ချင်းထပ်နေပြီး လျှင် တရားထိုင်လို့ မပြီးမချင်း နေရာကို မပြင်ပါနှင့်၊ ယား ရင်သဲ မကုတ်ပါနှင့်၊ ညောင်းရင်လဲ မလှုပ်ပါနှင့်၊ မောရင်လဲ မချပ်ပါနှင့်၊ ဘယ်လို အခံရခက်ခက် အနေမပျက်ပါစေနဲ့။ ထိုနောက် နှာသီးဖျားမှာ စိတ်ကထား၊ ဝင်တဲ့လေကို ဝင်

မှန်းသိအောင် သတိပြု ထွက်တဲ့လေကို ထွက်မှန်းသိအောင် သတိပြု နှာသီးဖျား အသားဆိုင်ကလေးမှာ ထိဝင်လာတာကို၊ တိုးထိ ထွက်သွားတာလေးကို သိရုံ သိရုံနေ၊ ရှူတဲ့အခါမှာလဲ အထူးလုပ်ကြံပြီး မရှူပါနှင့်။ ရှိုက်တဲ့အခါမှာလဲ အထူးလုပ်ကြံပြီး မရှိုက်ပါနဲ့၊ သူ့သဘောအတိုင်း ဖြစ်ပါစေ။ ငါ့သဘောအတိုင်း မဖြစ်ပါစေနဲ့။ ဘုရားက အနုတ္တလို့ ဟောထားတယ်။ သူ့သဘောပါ၊ ငါ့သဘော မလုပ်ချင်ပါနဲ့။

ရှူနေရာက နာရီဝက်လောက်ရှိသောအခါ ပူ၊ ညောင်းညာနာကျင်ကိုက်ခဲတဲ့ ရုပ်တရား ဖောက်ပြန်မှုတွေဟာ သူ့အလိုလိုပေါ်လာလိမ့်မယ်။ ဒီအခါကျတော့ ပထမ နှာသီးဖျားမှာ ထားတဲ့ စိတ်ကလေးဟာ နှာသီးဖျားမှာ မနေတော့ဘဲ ဖောက်ပြန်လာတဲ့ ဒေဝနာအပေါ် ပြောင်းသွားလိမ့်မယ်။ ပြောင်းသွားတာကို စိတ်ကလေးက ဝေဒနာဆုံးအောင် လိုက်မှတ်ပါ။ ဝရမ်းပြေးတယောက်ကို စုံထောက်က နောက်မှ မျက်ခြေမပြတ် လိုက်နေသလို ဝေဒနာကို မျက်ခြေမပြတ်စေဘဲ ဆုံးအောင် လိုက်ပါ။ ဝေဒနာမဆုံးဘဲနှင့် မတော်ပါနှင့်။

ဒီတော့ ပေါ်လာတဲ့ရုပ်တွေ သိသိနေတဲ့ နာမ်တွေဟာ ရုပ်ကရှေ့ပြေး၊ နာမ်က နောက်လိုက် ဖြစ်နေတာတွေ မိမိရရ တိတိကျကျ သိလာပါလိမ့်မယ်။ ဝေဒနာနဲ့ သမာဓိ ဝီရိယတို့ကို ညီမျှအောင် ချိန်ဆပြီး အားထုတ်ဘို့ အရေးကြီးပါ

ဘယ်။ ဥပမာ– ဝေဒနာတကျပ်သားရှိရင် သမာဓိနဲ့ ဝီရိယ တို့ကလဲ တကျပ်သားစီ ရှိပါစေ။ ဝေဒနာတမတ်သား ရှိနေ သေးယင် သမာဓိနဲ့ ဝီရိယတို့ကလဲ တမတ်သားစီ ရှိပါစေ။ ချိန်ခွင်လျှာလို ဘောင်ကိုက်သွားပါစေ။ သမာဓိက လွန်ကဲ နေယင်လဲ ဖြစ်ပျက်ပိတ်သွားတတ်တယ်။ သမာဓိအား နဲ့နေ ယင်လဲ ဝိပဿနာဉာဏ် အမြင်မသန်ဘဲ ရှိတတ်တယ်။ သတိ ကြပ်ကြပ်ပြုပါ။

ဝေဒနာ ပြင်းထန်လာလျှင် တော်ချင်တဲ့စိတ်၊ နောက်သို့ တွန့်ချင်တဲ့စိတ် ဖြစ်ပေါ်တတ်တယ်။ တွန့်သွားယင် ဥဒ္ဒစ္စ ဝင်လာလိမ့်မယ်၊ မတွန့်စေနဲ့။ ရှေးစိတ်ကို နောက်စိတ်က ဘွန်းတင်ပေးရမယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဟာ အချောင်ခို ချေသာလိုက်သမားများနဲ့ အဖက်မတန်ဘူး ဆိုခဲ့တာ ဒါမျိုး ဘဲ။ တရားထူးမရလျှင် ငါမထဘူးဆိုတဲ့ စိတ် ထားရမယ်။ ဝီရိယရှိပုံနှင့်ပတ်သက်၍ သီဟဠ ဝတ္ထုတခု မှတ်သားစရာ ပြော ပြပါ့မယ်။

အခါတပါး အရှင်အယျမိတ္တသည် ကဿက လိုဏ်အတွင်း သက်ဆင်း၍ တရား အားထုတ်နေတယ်။ သူ၏ ဆွမ်းခံရွာမှ မုဆိုးမ ဒါယကာမကြီးနဲ့ သူ၏သမီးက ဆွမ်းအမအဖြစ် သုပ်ကျွေးနေကြတယ်။ တနေ့သ၌တော့ ဒါယကာမကြီးက တောသို့ သွားကာနီးမှာ သူ့သမီးကို မှာတယ်။ ငါ့သမီး ဤနေရာ၌ ဆန်၊ ဤနေရာ၌ ထောပတ်၊ ဤနေရာ၌ တင်လဲ

ရည်နှင့် နို့ရှိတယ်။ သမီး မောင်တော် ကြွလာသော် ဆွမ်း ချက်၍ နို့ထောပတ်၊ တင်လဲတို့နှင့် ဆွမ်းလောင်းလိုက်ပါဟု မှာနေတယ်။ ငါ့အတွက်တော့ ဟင်းရွက်နဲ့ ဆန်ကွဲ ရောကျို ၍ ချက်ပါဟု မှာနေတယ်။

ထိုအခါ အယျမိတ္တအရှင်ကလည်း အနီးအပါး ရောက် နေတော့ သားအမိနှစ်ယောက် ပြောဆိုသံ ကြားရတယ်။ မိမိကိုယ်ကို ဆုံးမတယ်။ အယျမိတ္တ-သင်သည် ဆွမ်းအမကြီး စကားကို ကြားတယ်မှတ်လား၊ သူ့အတွက်တော့ ထမင်း ကြမ်းနဲ့ ပုန်းရည်ဟင်းကို စားမယ်၊ နေ့လည်စာလဲ ဟင်း ရွက်နဲ့ ပုန်းရည်ကို ကျိုစားမယ်၊ မင်းအတွက်တော့ ဆန် ကောင်းနဲ့ ထောပတ်၊ တင်လဲနို့တို လောင်းလိုက်ပါတဲ့၊ ဒီလောက် သဒ္ဓါတရားကောင်းလိုက်တဲ့ ဆွမ်းအမကြီးကို မင်း ကိလေသာတွေ ထူပြစ်တဲ့ ပုထုဇဉ်အဖြစ်နဲ့ စားလို့ သင့်ပါ့ မလားဟု မိမိကိုယ်ကို မိမိ ဆုံးမပြီးလျှင် ဆွမ်းမခံသေးဘဲ ကဿကလိုဏ်သို့သာ ပြန်လှည့်လာတယ်။

ထိုသို့ ပြန်လှည့်လာပြီး သပိတ်၊ သင်္ကန်းတို့ကို သိမ်းဆည်း မြဲ သိမ်းဆည်း၍ "ငါသည် အာသဝေါကုန်ခန်းတဲ့ ရဟန္တာ မဖြစ်သမျှ ဤနေရာမှ မထတော့ပြီ" ဟု ဆုံးဖြတ်ကာ အရိုး ကြေကြေ အရေခန်းခန်း မထတန်း ဇွဲသတ္တိဖြင့် အားထုတ် တယ်။ ဒီလိုအားထုတ်တော့ မွန်းမတည့်မီ အချိန်အတွင်းမှာ ကောင်းစွာ ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ အာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်သွားတယ်။

အဲဒီလို ဇွဲသတ္တိနဲ့ တွန်းတင်ပေးတာက ဝိဇ္ဇာစိတ်လို့ ခေါ်တယ်။ ဝေဒနာထဲမှာ ပူရင်လဲ ပူတာရှိသလား၊ အေးရင်လဲ အေးတာရှိသလား။ ထုံကျင်ရင်လဲ ထုံကျင်တာ ရှိသလားလို့ ဉာဏ်မျက်စိနဲ့ ရှာကြည့်၊ ရှာကြည့်တော့ ဘာမှ မရှိတာတွေ့ရမယ်။ သူ့သဘောသက်သက် ဖြစ်နေတာ တွေ့သိလိမ့်မယ်၊ ဉာဏ်မှာ မြင်လာလိမ့်မယ်။ ရှုရင်းက ရုပ်နာမ်ကွဲသွားလိမ့်မယ်။ သို့သော် နာမ်ရုပ်ကွဲသွားတာကို မြင်တို့ သိတို့ကတော့ မလွယ်လှဘူး၊ စိတ်အား မလျော့ကြပါနဲ့၊ အယျမိတ္တာမထေရ်လို ရဟန္တာမဖြစ်လျှင် မထဘူးဆိုတဲ့ ဇွဲနဲ့ အားထုတ်မယ်ဆိုရင် တနေ့ကျ တရားထူးရနိုင်ပါတယ်။

တရားအားထုတ်တာ ကတွတ်ပေါက်က ဗျိုင်းလို ကျင့်ရတယ်။ ကတွတ်ပေါက်က ငါးအပေါ် စောင့်နေတဲ့ဗျိုင်းဟာ ပေါ်သွားပြီးတဲ့ ငါးကို ပြန်မကြည့်ဘူး။ မပေါ်သေးတဲ့ငါးကို လှမ်းမကြည့်ဘူး။ သူဟာ ဘာကို အာရုံရှိပြီး ကြည့်နေသလဲ ဆိုရင် မိမိရှေ့မှာ ပစ္စုပ္ပန်ပေါ်လာတဲ့ ငါးကိုသာ အာရုံစွဲပြီး ဖတ်ကနဲ ကောက်ယူလိုက်မယ်လို့သာ အာရုံစွဲတယ်၊ ကောက်ယူတယ်။ ဒီလိုဘဲ ယောဂီပုဂ္ဂိုလ်ဟာလဲ ဖြစ်ပြီးသည့် အတိတ်အာရုံတွေလဲ အာရုံမရောက်ရဘူး၊ မဖြစ်သေးတဲ့ အနာဂတ် အာရုံတွေကိုလဲ လှမ်းမမျှော်ရဘူး။ ပစ္စုပ္ပန်တည့်တည့် ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကိုသာ ရှုပါ။

သမာဓိအားကောင်းလာယင် မိမိခန္ဓာကိုယ်ကြီး မှန်ထဲမှာ မြင်ရသလို မြင်ရလိမ့်မယ်၊ မွေးညှင်းကလေးတွေ မွေးညှင်း

ပေါက်ကလေးတွေကစ၍ မြင်ရလိမ့်မယ်၊ ရှုမှတ်နေတာကိုသာ မရပ်နဲ့ ခံစားမှုဝေဒနာ - ပြင်းထန်လာရင် ရှုတာကလဲ သူ့သဘောနဲ့သူ ပြင်းထန်လာလိမ့်မယ်၊ ဝေဒနာက နှံ့သွားရင် ရှုတာလဲ နှံ့သွားလိမ့်မယ်၊ အချို့သောယောဂီပုဂ္ဂိုလ်များမှာ အလွန် ကြောက်စရာ လန့်စရာ ကောင်း လောက် အောင် ရုပ်တရားကြီး ဖောက်ပြန်မှုတွေရတယ်၊ အဲ့ဒီလို ဖောက်ပြန်မှုတွေဟာ ဝဋ်ကျွေးဆပ်ရတာဘဲလို့ဆိုတယ်၊ သံသရာကျွေးဆပ်ရတယ်လို့ဆိုတယ်၊ ဒီလိုဖြစ်တာဟာ ပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ပါဘူး၊ ဖြစ်လာလို့ရှိရင်လဲ ဘာမှမကြောက်ပါနဲ့၊ ကိုယ်ဖြစ်ချင်သလို ဖြစ်တာမဟုတ်ဘဲ၊ သူ့သဘောနဲ့သူ ဖြစ်တာ ဝေဒနာကိုသာမိအောင်ရှု၊ မိအောင်ဖမ်းပါ၊ သည်းခံ၍နေပါ၊ ခန္ဓာကိုယ်သည်းခံနိုင်ယင် တလောကလုံး သည်းခံနိုင်တော့မှာ တာဘဲ။

## ၂၀။ ကြောက်သင့်တာမကြောက်

တရားအားထုတ်တဲ့ နိဂ္ဂိုလ်မှာ သိထားဘို့ကတော့၊ သမထ ယာနိကပုဂ္ဂိုလ်၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်လို့ နှစ်မျိုးရှိတယ်၊ သမထယာနိက ပုဂ္ဂိုလ်များကတော့ ပထမပညတ်အာရုံတွေ အရင်ပေါ်ပြီး နောက်မှ မိမိခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်မှုတွေကို မြင်လာပြီး ဉာဏ်စဉ်တက်၍ တရားထူးရကြတယ်၊ ဝိပဿနာ ယာနိကပုဂ္ဂိုလ်များကတော့ သမာဓိကောင်းကောင်း ရလာ တယ်ဆိုရင် ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်နာမ်ဖြစ်သော ပရမတ္ထသဘော တရားတို့၏ အနတ္တအနေဖြင့် သူ့ အလိုအလျောက် ပေါ် ပေါက်လာသော အဖြစ်အပျက်ကို ဉာဏ်မျက်စိနှင့် ထိုးထွင်း၍ သိပြီး ဉာဏ်စဉ်တက်ကာ တရားထူးရကြပါတယ်၊ များသော အားဖြင့် ဝိပဿနာယာနိကနဲ့ တရားထူးတွေ့ကြသောသူတို့မှာ တရားရသော်လည်း ရတ်တရက် ရမှန်းမသိ ဖြစ်နေတတ်ပါ တယ်၊ ဒါကြောင့် သူများမြင်သလို ကိုယ်မြင်မှာဘဲလို့ အထင်မစွဲကြဘဲ၊ သူ့ပါရမီနှင့်သူ မြင်ပုံမတူကြသည်ကိုလည်း သတိထားဘို့လိုသည်။

ဝေဒနာနဲ့ သမာဓိချိန်ခွင်ရှာလို ဘောင်ကိုက်သွားအောင် အားထုတ်ဘို့လိုပါသည်။ ဒါ့ကြောင့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ သမာဓိအားကောင်းလာရင် သူ့သဘောအတိုင်း သူ့ပေါ်လာပြီး သိမြင်ပါလိမ့်မယ်၊ "ရေ့ာလျှင်မိစ္ဆာ-သာလျှင်ဒိဋ္ဌိလို့" ဆိုကြသည်၊ သဒ္ဓါဝီရိယနဲ့သာ အားထုတ်ပါ၊ ပါရမီ ရှိသလောက်တော့ သဘောပေါက်ပါ လိမ့်မည်။ ကိုယ့်ကိုယ်ကို ပါရမီမရှိဘူးလို့တော့ အားမလျှော့ကြပါနှင့်၊ အလွန်ရခဲတဲ့ လူ့အဖြစ်ကြီးကိုရပြီး အလွန်တရာကြုံကြိုက်ခဲလှသော မြတ်စွာဘုရား သာသနာတော်နဲ့ တွေ့ဆုံ၍ ဗုဒ္ဓ ဘာသာဝင် ဆိုတဲ့ မွန်ကန်သောအယူကို ယူနိုင်ရကြတဲ့အခါ၊ တရားအားမထုတ်မိရင် "ဗုဒ္ဓဘာသာတိုင်းပြည်"ဆိုသည့် နာမည်ကိုလဲ အားနာဘို့ကောင်းတယ်၊ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ အဖြစ်ကိုလည်း အားနာဘို့ကောင်းတယ်၊ "တုမှေဟိ ကိစ္စံ အာတပ္ပံ" နောင် ဗုဒ္ဓ ဘာသာဝင်ဖြစ်ရတာ အလားကားဘဲ၊ အဖြစ်မျိုး ဖြစ်သွားပါလိမ့်မည်။

"ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ"ဟု မဟာသတိပဋ္ဌာနသုတ်မှာ မြတ်စွာဘုရား ဟောကြား ထားခဲ့ပါတယ်။ ချစ်သားတို့၊ သတ္တဝါတို့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမှာ ဤမဂ္ဂင်တည်းဟူသော လမ်းကြောင်း တခုသာရှိတယ်၊ လမ်းများပြီး ဆန်းပြားနေစရာ မလိုပါဘူး၊ ကမ္မဋ္ဌာန်းဆရာပြသည့်အတိုင်းသာ မဆိုင်းမယုတ် အားထုတ်ကြပါ။

တရားအားထုတ်တယ်ဆိုတာ ထမင်းစားသလိုဘဲ၊ စားဘို့ကိုသာ ကိုယ့်တာဝန်(၃၂)ကောဋ္ဌာသထဲဝင်သွားဘို့က ထမင်းအလုပ် ထမင်းတာဝန်ဘဲ၊ ထိုနည်းအတူ ဆရာပြောသည့်အတိုင်းသာ ကြိုးစားပြီး အားထုတ်ဘို့လိုတာဘဲ၊ ဝိသုဒ္ဓိအစဉ် ဉာဏ် အစဉ်တွေက အားထုတ်ရင်းနဲ့ သူ့အလိုလို ဖြစ်ပေါ်လာပါလိမ့်မယ်။ ပါရမီဆိုတာလဲ "ဘူးသီး ခရမ်းသီး"လို လေတိုက်တိုင်း ကြီးထွားလာမည် မဟုတ်ဘူး၊ မိမိက ကြိုးစားအားထုတ်မှ တဖြေးဖြေး ပြည့်လာနိုင်တယ်၊ အားမထုတ်ကြရင်တော့ လာလမ်းဖြစ်သည့် အပါယ်လေးပါးသို့ ပြန်သွားကြရမှာဘဲ၊ ထို့ကြောင့် အားထုတ်နိုင်အောင် အားထုတ်ကြပြီး တရားထူး တရားမြတ်ကို တွေ့ကြပါစေလို့ ဆုတောင်းပါတယ်။

ကျွန်ုပ်စာရေးသူသည် လွန်ခဲ့သော (၁၃၃၄) ခုနှစ်က မိမိ၏ သားဖြစ်သူ အရာခံဗိုလ် မောင်စိန်တင်၊ သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်းတိုက်သို့ သွားပြီး ဒုလ္လဘရဟန်းခံသည့် ကိစ္စနှင့်ပတ်သက်၍ မှော်ဘီမြို့ နွားကုန်းရွာသဲအင်းဂူကျောင်းသို့ ရောက်သွားပါသည်။ ရဟန်းခံမည့်နေ့တွင် နံနက်ခင်း သိမ်ဝင်၍ ရဟန်းတော်များလဲ ဆွမ်းစားကြ၊ လူပရိသတ်များလဲ ထမင်းစားသောက်ကြပြီးနောက်၊ နေ့လည်ပိုင်း တနာရီထိုးလောက်တွင် တရားအားထုတ်လိုကြသော ပုဂ္ဂိုလ်များ အားထုတ်ရဌာနသို့ ကြွကြပါဟု ဖိတ်ခေါ်သဖြင့်(၂)နာရီလောက် သွားရောက်တရားအားထုတ်ရာတွင် ကမ္မဋ္ဌာန်း ဆရာတော်က ရှေးဦးစွာ အားထုတ်ပုံကို ဟောပြောပြသပါသည်။

ယခင် ပြဆိုခဲ့သည့်အတိုင်း ကြာရှည်စွာ ထိုင်နိုင်မည့် ဣရိယာပုထ်နှင့် ကိုယ်ကြိုက်သလို ထိုင်ကြပါ၊ မျက်စိကိုတော့ ပိတ်ထားပြီး နှာသီးဖျားမှာ စိတ်ကိုထား၍ သူ့သဘော အတိုင်း ရှူရှိုက်နေသည့် ဝင်လေ ထွက်လေကို သတိထားပြီး သိနေပါ။ အာရုံတခြား မရောက်ပါစေနဲ့၊ ညောင်းတယ် ညာတယ်၊ ကိုက်တယ်၊ ခဲတယ်စသော ဝေဒနာများပေါ်လာ သည့်အခါ ဝေဒနာဆုံးအောင်လိုက်ပါဟုပြောပြီး အနားမှာ ကမ္မဋ္ဌာန်းဆရာတော်ကနေ၍ (၃၂)ပါးသော ခန္ဓာကောဋ္ဌာသ အစုအဝေးကြီးရှိနေသမျှကာလပတ်လုံး မျက်စိက မျက်ချေး တွေ၊ နားက နဖာချေးတွေ၊ နှာခေါင်းက နှပ်ချေးတွေ၊ ပါးစပ်က တံတွေးတွေ၊ ချွဲသလိပ်တွေထွက်နေတဲ့အကြောင်းကို ဟောပြောပါသည်။

ထို့နောက် မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ ရွံရှာဘွယ်၊ စက် ဆုတ်ဘွယ်ကောင်းတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်တယ်၊ အသက်ရှင် တုံးသာ ခင်မင်စရာ နှစ်သက်စရာဟု ထင်နေကြတယ်၊ သေ သွားလျှင် သုံးရက်လောက် ရှိတယ်ဆိုရင်ဘဲ၊ ဖူးဖူးရောင်ပြီး ပုပ်ပွလာတယ်၊ ဒွါရကိုးပေါက်က မွှံရှာဘွယ် စက်ဆုတ် ဘွယ်ကောင်းတဲ့ အရေတွေစီးလာတယ်၊ သွေးတွေ ထွက်ကျ လာတယ်၊ တဟောင်ဟောင်နဲ့ ပုပ်စော်နံလာတယ်၊ ခရုသင်းလို အဆင်းပျက်ပြီး အသားအသွေးတွေကင်းပြီး အရိုးလောက် သာကြွင်းကျန်တော့တယ်၊ ဖရိုဖရဲ ပြန့်ကြဲနေတဲ့ အရိုးတွေသာ ရှိတော့တယ်၊ အရိုးတွေလဲ ဟိုတခြား သည်တခြား ဖြစ်သွား

တယ် စသည်ဖြင့် အသုဘထင်အောင် ထပ်မံ ပြောကြားပါ သည်။ အသုဘကမ္မဋ္ဌာန်းဖြစ်သည်ဟု သိရှိခဲ့ပါသည်။

ညကျတော့ သဲအင်းဂူဆရာတော်ကြီး အလောင်းထားရာ သွားပြီး ဖူးမြင်ကြပါတယ်။ ဆရာတော်ကြီး၏ အလောင်းကို မီးမသင်္ဂြိုဟ်ရသေးပါ၊ အရုပ်အဆင်းလဲ မပျက်ပါ၊ အိပ်နေသလိုဘဲ ထင်ရပါသည်။ ည ခုနစ်နာရီ ထိုးလောက် ရောက်တော့ တိတ်ခွေနဲ့ အသံသွင်းထားသော ဆရာတော်ကြီး၏ တရားကို ကြားနာခဲ့ရပါသည်။ သူဟာ တရားရပြီးနောက် မိမိရဲ့ ခန္ဓာကိုယ်ကြီးလဲ အသုဘကောင်ကြီးဘဲ ထင်နေတယ်။ သူများကိုကြည့်လဲ အသုဘကောင်ကြီးလို့ ထင်နေတယ်။ နတ်ပြည်က နတ်သား နတ်သမီးတွေ အာရုံပြုပြီး လှမ်းကြည့်လဲ အသုဘကောင်ကြီးလို့ ထင်နေတဲ့အကြောင်း ဟောပြောတာကို ကြားနာခဲ့ရပါသည်။ ဒါနဲ့ အိပ်ရာဝင်ကာနီးမှာ တရားထိုင်ခဲ့လို့ ကြားခဲ့တဲ့ တရားသံတွေ တိတ်ခွေနဲ့ ဟောပြောတဲ့ ဆရာတော်ကြီး၏ တရားသံတွေကို ပြန်ပြီး စဉ်းစားရင်း တွေးတောကြည့်တယ်။

ဘယ်လို တွေးတောမိသလဲဆိုတော့ လူတွေဟာ မကြောက်သင့်တဲ့ အရာတွေကို ကြောက်နေကြတယ်၊ ကြောက်သင့်သော အရာတွေတော့ မကြောက်ကြဘူး၊ ဥပမာ လူသေတယ် ဆိုပါတော့၊ လူသေကောင်နားမှာ တယောက်ထဲ မနေဝန့်ကြဘူး၊ မအိပ်ဝန့်ကြဘူး၊ လူသေကောင်က မင်းကို

ဘာလုပ်မှာတဲ့လဲ၊ ဘာမှမလုပ်ပါဘူး၊ မင်းလဲ ငါ့လို တနေ့ သေအုံးမှာဘဲလို့တောင် တရားပြနေသေးတယ်၊ လူသေမသာ က ထလဲ မရိုက်ပါဘူး၊ ထလဲ မှဆဲပါဘူး ကုန်းလဲ မကိုက် ပါဘူး၊ မင်းကို အပါယ်သို့လဲ မချပါဘူး၊ ဒီတော့ ကြောက် စရာ မကောင်းပါဘူး၊ ကြောက်စရာကောင်းတာက လူရှင် မသာသာ ကြောက်စရာ ကောင်းတာနော်၊ သေသေချာချာ တွေးကြည့်ကြ၊ လူရှင်မသာဆိုတာ ပညတ်ဝေါဟာရ အား ဖြင့်သာ လူရှင်လို့ ခေါ်နေကြတာ၊ စင်စစ်ကတော့ မိမိရဲ့ ခန္ဓာကိုယ်မှာ ရုပ်တွေ နာမ်တွေ စိတ်တွေ စေတသိတ်တွေဟာ တစက္ကန့်လောက်မှာ ရုပ်ဆိုရင် ကုဋေ ၅၀၀ လောက်၊ စိတ် စေတသိတ်ဆိုတဲ့ နာမ်တွေကတော့ ကုဋေ တသိန်းလောက် သေနေကြတယ်၊ ဒါကြောင့် လူရှင်မသာလို့ အမည်တပ်လိုက် တယ်။

လူတွေဟာ ခံစားမှု သာယာမှုကိုကြည့်ပြီး ချမ်းသာတယ် လို့ ထင်နေကြတယ်။ ချမ်းသာအစစ်၊ ချမ်းသာအမှန် မဟုတ်ပါဘူး။ ချမ်းသာတု၊ ချမ်းသာအယောင်ဆောင်တွေ ပါ။ ဘယ်လောက် ချောမောလှပတဲ့ အဆင်း၊ ဘယ်လောက် ကောင်းတဲ့အသံ၊ ဘယ်လောက် မွှေးတဲ့အနံ့၊ ဘယ်လောက် ချိုမြိန်တဲ့အစား၊ ဘယ်လောက် နူးညံ့သိမ်မွေ့တဲ့ အတွေ့ ဖြစ်ပစေ ကြာလာယင် မုန်းလာတာဘဲ။ ဒါဟာ ချမ်းသာ အစစ်အမှန် မဟုတ်လို့ပေါ့။ ထိုင်ချင် အိပ်ချင်လို့ ထိုင်လိုက် အိပ်လိုက်ပြန်လဲ ခဏဘဲ။ တာရှည် မထိုင်နိုင်ဘူး၊ တာရှည်

မအိပ်နိုင်ဘူး။ ပုထုဇဉ်အမြင်ကတော့ ခံစားရမှ သာယာရမှ ချမ်းသာတယ်လို့ ထင်တယ်။ အရိယာပုဂ္ဂိုလ်တို့၏ အမြင်ကတော့ မခံစားရမှ၊ မသာယာရမှ ချမ်းသာတယ်လို့ ထင်တယ်၊ တပိုင်းစီ တနယ်စီ ကွဲပြား ခြားနားနေတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ"လို့ ဟောထားတယ်။ မဖြစ်တာမှ ချမ်းသာအစစ်တဲ့၊ ဖြစ်တာက ဖြစ်တဲ့ချမ်းသာက ချမ်းသာအစစ်မဟုတ်ဘူး။ ချမ်းသာတုချမ်းသာယောင်တဲ့၊ အဲဒါကြောင့် မမြဲတာပေါ့။ သေသေချာချာ စဉ်းစားကြည့်မိတယ်။

ချမ်းသာချင်တဲ့၊ သာယာချင်တဲ့၊ လိုချင်တဲ့တဏှာ ချုပ်ငြိမ်းသွားတာမှ တကယ်အစစ်၊ တကယ်အမှန်၊ မှန်မြတ်သောနိဗ္ဗာန်ဘဲလို့ မှတ်ရမယ်။ ဒါကြောင့် မြတ်စွာဘုရားက "နိဗ္ဗာနံ ပရမံသုခံ" လို့ ဟောကြားထားတာဘဲ။ ကုသိုလ်ကံထောက်မလို့ ဗုဒ္ဓုပ္ပါဒနဝမခေတ် လူဖြစ်တဲ့အခါ ဝိပဿနာဉာဏ် အလင်းရောင်တဝင်းဝင်း ထွန်းပြောင်နေသည့် အခါရှုပ်လှတဲ့ဒုက္ခကို သိအောင်ပြုမှသာ သမုဒယ ပယ်နိုင်မယ် နိဗ္ဗာန်ကို ဒိဋ္ဌကေန် ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်မယ် ဒါကြောင့် ဤတသက်တွင် မဂ္ဂင်တရားကို ပွားများအားထုတ်နေမည်ဟု ဆုံးဖြတ်ရန် လိုပါသည်။

ဤကား သဲအင်းဂူ ဆရာတော်၏ ဝိပဿနာတရားနှင့် ပတ်သက်၍ တင်ပြလိုက်ခြင်းဖြစ်ပါသည်။

## ၂၁။ ကသစ်ဝိုင် ဆရာတော်၏ ဝိပဿနာရှုနည်း

(စကားပလ္လင်)

ဗုဒ္ဓသာသနာဟု ဆိုအပ်သော မြတ်စွာဘုရား၏ အဆုံး အမတော်သည်—

၁။ သုတ်ဝိနည်းအဘိဓမ္မာတို့ကို မှန်မှန်ကန်ကန် သင်ကြား လေ့ကျက် မှတ်သားပြောဟောခြင်းဟု ဆိုအပ်သော ပရိယတ္တိသာသနာ၊

၂။ ဝိနည်းတရားတော်နှင့်တကွ ဓုတင်ဆောရသစုဒ္ဒသခန္ဓက ဝတ်၊ သမထ ဝိပဿနာတို့ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းဟု ဆိုအပ်သော ပဋိပတ္တိသာသနာ၊

၃။ ဆိုအပ်ပြီးသော ပဋိပတ္တိတရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုကြောင့် ထိုးထွင်း၍ သိအပ်သော ဈာန် ချမ်းသာ၊မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာ တို့ကို ခံစားသုံးဆောင်ခြင်းဟု ဆိုအပ်သော ပဋိဝေဒ သာသနာဟူ၍ သုံးပါးရှိပေသည်။

ယင်းတို့တွင် ပရိယတ္တိသာသနာတော်သည် အရေးအကြီးဆုံး ရေသောက်မြစ်ကြီးသဖွယ် ဖြစ်ပါသည်။ ၎င်းပရိယတ္တိသာသနာတော်ကို အမှန်အားဖြင့် မသိပါလျှင် အကျင့်မှန် အလုပ်မှန်ဖြစ်သော ပဋိပတ္တိသာသနာလည်း မထွန်းကားနိုင်ချေ။ အကျင့်မှန် အလုပ်မှန် မဟုတ်ပြန်ယင်လဲ ဈာန်၊ မဂ်ဖိုလ်၊ နိဗ္ဗာန်ချမ်းသာတို့ကို မခံစါး မသုံးဆောင်နိုင်တော့ချေ။ ယခုအခါ ဝိမုတ္တိယုဂခေတ် ပြန်ဖြစ်သဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်တွေ အမြိုမြို၊ အနယ်နယ်၌ အများအပြား ပေါ်ပေါက်လျက်ရှိရာ လိုရာသို့ သွားလာအားထုတ်နိုင်ကြပါသည်။

မြတ်စွာဘုရား၏ တရားတော်အမွေကို ခံစားသုံးဆောင်ကြရာ၌ တပည့်သားတို့သည် သင်သိ မြင်သိ၊ ကြားသိ နာသိ၊ မေးမြန်းသိ ကြံစည်သိဟု ဆိုအပ်သော ပရိယတ္တိ အသိဖြင့်လည်း ခံစားသုံးဆောင်လျက် ရှိကြသည်။ အချို့ တပည့်သားတို့သည် ကျင့်သိ အလုပ်သိ အားထုတ်သိဟု ဆိုအပ်သော ပဋိပတ္တိအသိဖြင့်လည်း ခံစား သုံးဆောင်လျက် ရှိကြသည်။ အချို့ တပည့်သားတို့သည် ကိုယ်တွေ့သိ ထိုးထွင်းသိဟု ဆိုအပ်သော ပဋိဝေဒအသိအားဖြင့်လည်း ခံစား သုံးဆောင်လျက် ရှိကြပေသည်။ ရှေးဦးစွာ ပရိယတ္တိအသိဖြင့် ခံစားသုံးဆောင်ကြရအောင် ထိုတရားတို့ကို သင်ကြားပို့ချ, ကြားနာကြ၍ ဒုတိယအနေဖြင့် ကျင့်သိ အလုပ်သိ အားထုတ်သိဖြစ်အောင် ကြိုးစားမယုတ် အားထုတ်ကြပြီးလျှင် နောက်ဆုံး ပဋိဝေဒအသိဖြစ်သော ဈာန်ချမ်းသာ၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာတို့ကို ခံစား သုံးဆောင်နိုင်ကြကုန်ရာသည်။

မြတ်စွာဘုရားသည် သုမေဓာရသေ့ဘဝမှ စ၍ ဘုရားဖြစ်သည့်တိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီ (၁၀) ပါး အပြား (၃၀) စွန့်ခြင်းကြီးငါးပါး စရိယ သုံးပါးတို့ကို ဖြည့်ကျင့်တော်မူခြင်းသည်၊ နောက်ဆုံးပစ္ဆိမဝေဒ အသိဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာတို့ ကိုယ်တိုင်ခံစားရအောင် သူတပါးတို့အားလည်း ခံစား သုံးဆောင် နိုင်ကြရအောင်ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ယခုအခါ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ရဟန်းရှင် လူတို့သည်၊ ဘုရားသားတော် သမီးတော်များပီပီ အဘဘုရား၏ လိုလားချက်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို လျှင်မြန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြရန် လုလ္လကြိုးကုတ် အားထုတ်နိုင်ကြပါစေဟု တောင်းပန်တိုက်တွန်းအပ်ပါသည်။

## ၂၂။ ဝိပဿနာတရားရှုပုံရှုနည်း

ကဲကဲတရားအားထုတ်ကြရအောင်၊ မျက်လုံးလေးမှိတ်ထား ကြ စိတ်ကိုရင်ထဲမှာထား၊ ပေါ်တာလေးတွေ မှတ်ကြ မှတ်ကြ ပေါ်တာ ငါးမျိုးရှိတယ်နော်၊ ပူတာရယ်၊ အေးတာရယ်၊ လှုပ်တာရယ်၊ ဆင်းရဲတာရယ်၊ ချမ်းသာတာရယ် ငါးမျိုး နော်၊ ပေါ်တာတွေ ရုပ်ခေါ်တယ်၊ ပေါ်တဲ့အခါ သိတာက နာမ်ခေါ်တယ်၊ ပေါ်တာနဲ့ သိတာ တခြားစီနော်၊ ပေါ်တဲ့ ရုပ်ထဲမှာ နာမ်မရှိဘူး၊ နာမ်ထဲမှာလဲ ရုပ်မရှိဘူး၊ ကိုယ်တွင်း မှာ သမာဓိ သွင်းလိုက်တဲ့အခါ ပေါ်ယင်သိ၊ သိယင်ပျက် သွားတယ်။ အနိစ္စလက္ခဏာပေါ်ယင်သိ သိယင်ပျက်တယ်။ ဒုက္ခလက္ခဏာပေါ်ယင်သိ၊ သိယင်ပျက်သွားတယ်။ အနတ္တ လက္ခဏာ ဤကဲ့သို့ ကိုယ့်ကိုယ်တိုင် လက္ခဏာသုံးခွင် မြင်ရ သလို သူတပါးကိုလဲ လက္ခဏာသုံးခွင်မြင်အောင် ရှေးရှေးက ဒါနပြုပြီး ဆုတောင်းခဲ့ကြတယ်။ ဆုတောင်းခဲ့ကြသည့် အတိုင်း သာသနာ့ တာဝန်ကြီးကို ငါ့တာဝန်ကဲ့သို့ သဘော ထား၍ သာသနာပြုနိုင်တဲ့ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေ။

ကဲ ကဲ ဆက်ကြအုံးစို့၊ ခန္ဓာကိုယ်ကြီးအတွင်း သမာဓိ သွင်းလိုက်တော့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာဆိုတဲ့ လက္ခဏာရေးသုံးပါး ထင်လာတာဟာ သမ္မသနဉာဏ် ခေါ်တယ်၊ ဒီဉာဏ်ပြီးတော့ ပေါ်တုန်း ဖြစ်ပျက်မြင်လာတာ ဥဒယဗ္ဗယဉာဏ် ခေါ်တယ်။ ကာလ သုံးပါး ဖြစ်ပျက်မြင်ရင် သမ္မသနဉာဏ်၊ ပစ္စုပ္ပန်ဖြစ်ပျက်တာ မြင်ရင် ဥဒယဗ္ဗယဉာဏ်ခေါ်တယ်၊ ဥဒယဆိုတာ ဖြစ်တာ၊ ဗ္ဗယဆိုတာ ပျက်တာ၊ ကိုယ်ထဲမှာ စိုက်ကြည့်ကြ၊ ပေါ်တာ လေးတွေနဲ့ ပေါ်လာတာကို သိတာလေးတွေ နှစ်မျိုးနော်။ ပေါ်တာကရုပ်၊ သိတာကနာမ်၊ ခွဲခြားမှတ်။ နမူနာတခု ပြောမယ်၊ နဖူးလေးမှာ စစ်ကလေးတလုံး ပေါ်လာတယ် ဆိုပါတော့ ရှေးမဆွက မရှိဘူး၊ ဘွားကနဲပေါ်လာမှ တွေ့ ရတယ်။ မီးခြစ်ဆံနဲ့ မီးခြစ်အိမ်နှစ်ခုရှိတယ်။ မခြစ်ခင်က မီးမပေါ်ဘူး၊ ခြစ်လိုက်မှ ပေါ်လာသလိုဘဲ။

မခြစ်ခင်က မီးပေါ်ရဲ့လား၊ မပေါ်ဘူး၊ ခြစ်လိုက်မှ ပေါ်လာတာ ဒီလိုဘဲ၊ ခန္ဓာမှာ ဖြစ်ပေါ်တိုင်း ပေါ်တိုင်း အသစ်အသစ် ထင်လာမယ်၊ မြင်လာမယ်ဆိုရင် ဖြစ်တာ သိပြီလို့မှတ်၊ ကျန်တဲ့ နာတာ အောင့်တာ ကိုက်တာလဲ ထိုနည်းအတိုင်းဘဲ၊ သိပြီမဟုတ်လား၊ ရှင်းပြီမဟုတ်လား။

ရုပ်ဖြစ်တိုင်း ဖြစ်တိုင်း သိသလို သိတယ်ဆိုတဲ့ နာမ်တရား လေး ပေါ်တိုင်း ပေါ်တိုင်း အသစ်ဖြစ်လာတာဘဲလို့ ထင်လာ

မယ် မြင်လာမယ်ဆိုရင် နာမ်ဖြစ်တာ သိပြီလို့မှတ်၊ အဲ့ဒီ ရုပ်နာမ်နှစ်ပါး အသစ်အသစ် ဖြစ်တိုင်း ဖြစ်တိုင်း သိနေမယ် ဆိုရင် ဥဒယဗ္ဗယဉာဏ်ပိုင်ပြီးလို့မှတ်။

ကဲဒါဖြင့် ဝယအပျက်ကိုသိပုံပြောကြစို့။ စောစောက နဖူး လေးမှာ ပေါ်လာတဲ့ စစ်ကလေးပေါ်လာပြီးလျှင် ပေါ်တဲ့ အတိုင်း အမြဲတည်နေသလား၊ မတည်ဘူးနော်၊ ပျက်သွား တယ်၊ ပျက်သွားတဲ့အခါ ရွှေ့ပြီးတော့ ပျက်သလား၊ မရွှေ့ဘူးနော်၊ တခြားမှာသွားဖြစ်သလား၊ မဖြစ်ဘူးနော်၊ ပျက်ဟဲ့နေရာမှာ ကျန်ရစ်သလား၊ မကျန်ရစ်ဘူးနော်။ ဥပမာ မီးခြစ်ဆံနဲ့ မီးခြစ်ယမ်းနဲ့ ခြစ်လိုက်တဲ့အခါ မီးတောက်ပေါ် လာတယ်၊ ပေါ်တဲ့အတိုင်း မမြဲမတည်ရွှေ့ပြီးတော့ မသွား တခြားမှာ မတောက်မကျန်ရစ်ခဲ့ဘဲ တခါထဲသေသွားသလိုဘဲ။

ခန္ဓာမှာ စိမ့်ကနဲ သိမ့်ကနဲဆိုတဲ့ ပီတိသုခလေးတွေ ပျက် သွားတိုင်းပျက်သွားတိုင်း ဘာမှမကျန်ရစ်ပါကလားလို့ သိမယ် ဆိုရင် ချမ်းသာပျက်တာသိပြီလို့မှတ်၊ ရှင်းရဲ့ မဟုတ်လား။ ပေါ်တဲ့ရုပ်ပျက်တာသိပြီးနောက် မှတ်တဲ့နာမ်လဲမှတ်ပြီးတော့ ပျက်ပျက်သွားတာ အမြဲမတည်တာ ရွှေ့ပြီးတော့ မသွားတာ တခြားရောက်မသွားတာ မကျန်ရစ်တာကော သိပလား သိမယ်ဆိုရင် ရုပ်နာမ်နှစ်ပါး အသစ်အသစ် ဖြစ်တာကို ထင်မယ် မြင်မယ်ဆိုရင် ဥဒယဗ္ဗယဉာဏ် ပိုင်ပြီလို့မှတ်၊ အဲ့ဒါ ပရမတ်ပျက်တာကို သိတော့ဒါဘဲ။ ရုပ်ဟောင်း နာမ်ဟောင်း

တွေ ပျက်ပျက်ပြီးတော့ ရုပ်သစ်နာမ်သစ်တွေ ဆက်ဆက်နေလို့သာ ပျက်တာ မသိကြတာ။

ရုပ်ဟောင်းနာမ်ဟောင်းတွေ ဖြစ်ပျက်ပြီး ဘာမှမကျန်ရစ်ဘူးလို့၊ သိတာ မြင်တာ ပရမတ္ထသစ္စာလို့ ခေါ်တယ်။ ကျန်ရစ်တယ်လို့ထင်တာ သမ္မုတိသစ္စာလို့ ခေါ်တယ်။ လောကမှာ လူတွေ သေကြတာ၊ သတ္တဝါတွေသေကြတာ နှစ်မျိုးရှိတယ်၊၊ ဥပပတ်နတ်တွေ၊ ဗြဟ္မာတွေသေမယ်ဆိုရင် အလောင်းမကျန်ရစ်ဘူး။ ဂဗ္ဘာသေယျကသံ သေဒဇဖြစ်တဲ့ လူတွေခွေးတွေငှက်တွေ သေမယ်ဆိုရင် အလောင်းကောင် ကျန်ရစ်ခဲ့တယ်။ ဒီလို သမ္မုတိသစ္စာ ပညတ်နယ်ကဆိုရင် နှစ်မျိုးရှိတယ်။ ပရမတ္ထသစ္စာနယ်ထဲ ချကြည့်လိုက်မယ်ဆိုရင် မကျန်ပျက်ချည်းဘဲ၊ ကျန်ပျက်ဆိုတာ လုံးဝမရှိဘူး။ နတ်တွေ ဗြဟ္မာတွေသေတော့ အလောင်းမကျန်တာ ရုပ်သစ်မဆက်လို့ လူတွေ ခွေးတွေ ငှက်တွေသေတော့ အလောင်းကျန်တာ ရုပ်သစ်ဆက်လို့ဟုမှတ်။

အပျက်တခု မြင်လိုက်ရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးဟာ အလိုလိုဝင်လာတာဘဲ။ တဏှာမာန ဒိဋ္ဌိဆိုတဲ့ အစွဲသုံးပါးဟာ အလိုလိုစင်သွားတာဘဲ။ ဒါကြောင့် ကသစ်ဝိုင်ဆရာတော်ဘုရားကြီးက "အပျက်တခုမြင် လက္ခဏာရေးသုံးပါးအတွင်းဝင် တခုစီသာထင် အစွဲသုံးပါးစင်" ဟု အမိန့်ရှိတယ်။

ရှေးရှေးက ရုပ်တွေ နာမ်တွေ ပေါ်သိပြီး ဖြစ်ပျက်သွားတယ်၊ ယခုလဲ ပေါ်သိပြီး ဖြစ်ပျက်သွားတယ်။ နောင်လဲ

ပေါ်သိပြီး ဖြစ်ပျက်သွားမှာဘဲလို့ ထင်မြင်လာရင် သမ္မသန ဉာဏ်ဘဲ။ ဥဒယဗ္ဗယဉာဏ်အတွက် ပြောမယ်ဆိုရင် လက်ငင်း ပေါ်သိတိုင်း ပေါ်သိတိုင်း ဖြစ်ပျက်ပါတယ်။

အဲ့ ဒီအပျက်ကလေးမြင်လို့ မမြဲတဲ့သဘောလေး သိလိုက် ရင် အနိစ္စလက္ခဏာဝင်လာတာဘဲ။ မြဲအောင်အောင့်လို့ မရ တဲ့ သင်္ခါရဒုက္ခလက္ခဏာ ဝင်လာတာဘဲ။ အစိုးမရ၊ အလို မကျတဲ့ အနတ္တလက္ခဏာဝင်လာတာဘဲ။

ရှေးက ဘိုးဘွားမိဘတွေ ပြောကြတယ် မဟုတ်လား "အနတ္တ ငါမဟုတ်ပါတကား၊ အတ္တ ကိုယ်မဟုတ်ပါတကား၊ အနတ္တ အစိုးမရပါတကား" လို့ ပြောကြတာ ကြားဘူးပါလိမ့် မယ်။ ဘယ်မှာငါဟုတ်နိုင်မလဲ၊ ရုပ်နာမ်သာရှိတာ ရှိတဲ့ရုပ်နာမ် ကလဲ ဖြစ်ပျက်ပြီး ဘာမှမကျန်ရစ်ဘဲ ကျန်ရစ်မှ ငါဆိုတဲ့ အတ္တရှိတယ်လို့ ဆိုနိုင်တာပေါ့။

ဒါကြောင့် အနတ္တ ငါမဟုတ်ဘူးဆိုတာ မှန်တယ်၊ အတ္တဆို ရတဲ့ ကိုယ်မှ မကျန်ရစ်တော့ အနတ္တကိုယ် မဟုတ်ဘူးဆိုတာ မှန်တယ်၊ အနတ္တအစိုးမရတကားလို့ ဆိုတာလဲမှန်တယ်။

အထူးသိမှတ်ဘို့ရာမှာ မူလ ဋီကာဆရာကြီးက အပျက်ကြီး တခုမှာ လက္ခဏာရေးသုံးပါး ထင်ပေမဲ့ တပြိုင်နက် မထင်ဘူး လို့ ဆိုတယ်။ ဘာကြောင့်လဲဆိုတော့ သုံးသိသုံးဉာဏ်တပြိုင်

နက် မဖြစ်နိုင်လို့တဲ့။ လက္ခဏာရေးသုံးပါး ထင်တဲ့အခါမှာ ဘယ်လက္ခဏာကစပြီး ထင်သလဲဆိုရင် အနိစ္စ လက္ခဏာက စထင်သတဲ့။ ဒါကြောင့် မူလဋီကာမှာ "အနိစ္စမေဝေတ္တ ပဌာနံ" လို့ ဖွင့်ပြတယ်။ ဧတ္တ၊ ဤသို့ထင်ရာ၌။ အနိစ္စမေဝ၊ အနိစ္စလက္ခဏာသည်သာလျှင်။ ပဌာနံ- ပြဋ္ဌာန်း၏တဲ့။

လက္ခဏာရေးသုံးပါး ထင်ပုံကတော့ ပေါ်ရင်သိ၊ သိပြီး လျက် ပျက်သွားတာမြင်တော့ အနိစ္စလက္ခဏာ ထင်တာပေါ့။ ထိုင်ရင်လဲ ထိုင်ရင်းပျက်၊ အိပ်ရင်လဲ အိပ်ရင်းပျက် ဖြစ်နေတာ တွေ ထင်တော့ သင်္ခါရဒုက္ခထင်လာတယ်။ ပူချည်တလှည့် အေးချည်တလှည့် ထုံချည်တလှည့် ကျဉ်ချည်တလှည့် အမျိုး မျိုး ပြောင်းလဲပြီး ဆင်းရဲတာထင်တော့ သန္တတိဒုက္ခထင် လာတယ်။

အဲဒီလို သန္တတိဒုက္ခတွေ ထင်လာများလာတော့ တနေ့ကျ အိုရမှာဘဲ၊ နာရမှာဘဲ၊ နောက်ဆုံး သေတောင် သေရမှာဘဲလို့ ထင်လာတဲ့အခါ အဒ္ဓါန ဒုက္ခလက္ခဏာဟာ အလိုလိုထင်လာ ပါတယ်။

အထူးသတိထားရမှာကတော့ အနိစ္စလက္ခဏာကို သန္တတိ ပညတ်က ဖုံးလွှမ်းထားတတ်တယ်၊ ဖြစ်ပျက်နေတာ အစဉ်က မပျက်တော့ တခုတည်းထင်တတ်တယ်။ ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကဖျက်တတ်တယ်၊ ထိုင်လို့ညောင်းလာတဲ့ ဒုက္ခကို သွားလိုက်ရင် သက်သာသွားတော့ ညောင်းတဲ့ ဒုက္ခလက္ခဏာ

ပျောက်သွားတတ်တယ်၊ အနတ္တလက္ခဏာကို ဃနပညတ်က ဖုံးလွှမ်းတတ်တယ်၊ တခဲနက်မပျက်တဲ့ အရာဝတ္ထုလို့ ထင်သွားတတ်တယ်။

ဒါကြောင့် သာသနာ့အပြင်ပက တိတ္ထိကြီးတွေဟာ ခန္ဓာကိုယ်ကြီးရဲ့ အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံကိုတော့ သူတို့ ဝန်ခံကြတယ်၊ အနတ္တကိုတော့ လက်မခံချင်ကြဘူး၊ အတ္တလို့ဘဲစွဲနေကြတယ်၊ အနှစ်သာရလေးတော့ ရှိတယ်လို့ဘဲ သူတို့ယူကြတယ်။

သတ္တဝါတွေဟာ ကြိုက်တာကမြဲတာကြိုက်တယ်၊ ရုပ်နာမ်ဓမ္မသင်္ခါရတွေက မမြဲကြဘူး၊ သတ္တဝါတွေက ချမ်းသာတာ 'ကြိုက်တယ်' ရုပ်နာမ်ဓမ္မသင်္ခါရတွေက ဆင်းရဲကြတယ်၊ သတ္တဝါတွေက အလိုဆန္ဒအတိုင်း ဖြစ်တာကိုကြိုက်တယ်၊ ရုပ်နာမ်ဓမ္မသင်္ခါရတွေက အလိုဆန္ဒမလိုက်ကြဘူး။

လက္ခဏာရေးသုံးပါးထင်မှ ဉာဏ်စင်လဲ တက်မယ်၊မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုရောက်မယ်၊ အဖြစ်ကိုမြင်ရင် ဥစ္ဆေဒဒိဋ္ဌိကွာတယ်၊ အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိကွာတယ်၊ အနိစ္စထင်ရင် မာနကွာတယ်၊ ဒုက္ခထင်ရင် တဏှာကွာတယ်၊အနတ္တထင်ရင် ဒိဋ္ဌိကွာတယ်၊ လက္ခဏာသုံးပါးမထင် သမျှ ဘယ်တော့မှ မဂ်မကျနိုင်ဘူး မြဲမြဲမှတ်ပါ။

ယခုကာလ မာနကြီးတာတွေ ဘဝင်မြင့်တာတွေ ခြေဖျားထောက်တာတွေဟာ အနိစ္စတလုံးမမြင်လို့မှတ်၊ မာနရောဂါပျောက်ချင်ရင် အနိစ္စဆေးကို သောက်ရမယ်၊ သူဌေးဖြစ်ချင်တာ။ မင်းဖြစ်ချင်တာ၊ နတ်ဖြစ်ချင်တာ၊ ပြဟ္မာဖြစ်ချင်တာ

ဟာ ဒုက္ခကိုမမြင်လို့ လိုချင်တာတွေ ပျောက်ချင်ယင် ဒုက္ခဆေးကိုသောက်၊ သင်္ခါရဒုက္ခထင်လာရင် ဘာစည်းစိမ်မှမလိုချင်တော့ဘူး။

ငါ သူ တပါးယောကျ်ား မိန်းမဆိုတဲ့အယူလွဲ၊ အယူမှား ဒိဋ္ဌိစွဲတွေပျောက်ချင်ယင် အနတ္တဆေးကိုသောက်၊ အဲဒီအစွဲကြီး သုံးပါးကို ပပဉ္စတရားလို့ ခေါ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သံသရာထဲ ကြာကြာနေရအောင် ချဲ့ထွင်တတ်လို့တဲ့၊ အပါယ် ဘေးကြီးမှ ယခုထက်ထိ မလွတ်သေးတာလဲ ဒီတရားကြီးတွေ ကြောင့်ဘဲ။

ယောဂီတို့သန္တာန်မှာ တိုက်တိုက်ကြည့် ရုပ်နာမ်ဖြစ်တိုင်း ဖြစ်တိုင်း အမြဲတမ်းအသစ်လို့ ထင်မြင်နေခြင်း၊ အင်္ဂါတပါး ဖြစ်ပြီးလျှင် လျှပ်တပျက်မှမက ပျက်သွားပါကလားလို့ ထင်နေခြင်း၊ အင်္ဂါတပါးပျက်တဲ့နေရာမှာ ဘာမှမကျန်ရစ်ပါ ကလား၊ အနှစ်မရှိပါတကားလို့ ထင်နေခြင်း၊ အင်္ဂါတပါး ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံမယ်ဆိုရင် ဥဒယဗ္ဗယဉာဏ်အနုစား၊ ပိုင်ပြီလို့မှတ်၊ ကရုဏ ဝိပဿနာဉာဏ်လို့လဲ ခေါ်တယ်၊ ထိုအခိုက်မှာ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်လို့ ခေါ်နိုင်တယ်၊ ကလျာဏပုထုဇဉ်လို့လဲ ခေါ်နိုင်တယ်၊ စူဠသောတာပန်လို့လဲ ခေါ်နိုင်တယ်။

## ၂၃။ ဝိပဿနာ၏ အညစ်အကြေး ၁၀ ပါး

ဒီအဆင့် ရောက်လာယင် သင်္ဂြိုဟ်ကျမ်းမှာ—

> ဩဘာသော၊ ပီတိပဿဒ္ဓိ၊ အဓိမောက္ခော စပဂ္ဂဟော၊
> သုခံဉာဏ၊ မုပဋ္ဌာန၊ မုပေက္ခာစနိကန္တိစ။

ဆိုသည့်အတိုင်း အရောင်ထွက်လာတတ်တယ်၊ ထွက်လာချင် စိတ်တည်လို့ သမာဓိရင့်လာလို့ ထွက်တဲ့ အရောင်က တမျိုး ဖြစ်ပျက် မြင်လို့ထွက်တဲ့ ဝိပဿနာရောင်က တမျိုးလို့ နှစ်မျိုးရှိတယ်၊ စိတ်တည်လို့ ထွက်တဲ့ အရောင်ကလဲ စိတ်ကြောင့်ဖြစ်တဲ့ အရောင်က တမျိုး၊ ဥတုကြောင့် ဖြစ်တဲ့ အရောင်ကလဲ တမျိုးနှစ်မျိုးရှိတယ်။

စိတ်ကြောင့် ထွက်တာက မထင်ရှားဘူး၊ ဥတုကြောင့် ထွက်တာက ဝေးဝေးလံလံ အပြင်သို့ ထွက်သွား နိုင်လို့ ယင်ရှားတယ်၊ ထွက်တဲ့အရောင်ကို ယောဂီတဦးသာ မြင်နိုင်တယ်၊ တခြားလူ မမြင်ရဘူး၊ ဒီအရောင်ဟာ ဝိပဿနာ

အရောင်ဘဲလို့ ဆုံးဖြတ်လိုက်၊ အဲ့ဒီအရောင်လဲဘဲ ဝိပဿနာ အညစ်အကြေးတပါးလို့ မှတ်ထားကြ။

ပီတိငါးမျိုးလဲ ပေါ်တတ်တယ်၊ နဲ့နဲ့ ဝပ်းသာ ကြည်နူး တာက ခုဒ္ဒိကာပီတိတဲ့၊ ရင်ထဲမှာအေးပြီးတော့ ကြက်သီး ထသလိုဖြစ်တာမျိုးက ခဏိကာပီတိတဲ့၊ ဖိန်းကနဲ ရှိန်းကနဲ ဖြစ်တဲ့ ပီတိကတော့ ဩက္ကန္တိကာပီတိခေါ်တယ်၊ ဝါဂွမ်း များ လေတိုက်တဲ့ အခါ အပေါ်မှာ မြန်မြန်လွင့်သွားသလို မိမိခန္ဓာကိုယ်ကြီး မြောက်တက်ပြီးတော့သွားတဲ့ ပီတိမျိုးက ဥဗ္ဗေဂါပီတိလို့ ခေါ်တယ်။

ဂွမ်းများဆီထိသလို စိတ်ကြည်နူးပြီးသကာလ လေပြည့် သော ပန်းဘဲဖိုကြီး ဖောင်းနေသလိုဖြစ်တဲ့ ပီတိမျိုးကတော့ ဖရဏာပီတိလို့ ခေါ်တယ်၊ ထိုအခါ စိတ်ကြည်နူး၍ အင် မတန်ချမ်းသာပြီး နေတတ်တယ်၊ အဲ့ဒီလို ပီတိတွေပေါ်လာ ခြင်းလဲ ဝိပဿနာ အညစ်အကြေးတပါးလို့ မှတ်ထားကြ။

ဩဘာသော ပီတိပဿဒ္ဓိလို့ သဂြိုဟ်မှာ ဆိုသည့်အတိုင်း စိတ်အေး ကိုယ်အေးဆိုတဲ့ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိလဲ ပေါ်တတ်တယ်၊ ပဿဒ္ဓိတရားတစုံပေါ်တယ်ဆိုရင် ကာယလဟု တာစိတ္တလဟုတာ၊ ကာယမုဒုတာစိတ္တမုဒုတာ၊ ကာယကမ္မ ညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂု ညတာ ကာယုဇုကတာ စိတ္တုဇုကတာ ဆိုတဲ့ ယှဉ်ဖော် ယှဉ်ဘက်

တရားတွေကိုလဲ အဝိနာဘာဝနည်းအားဖြင့် ပေါ်လာတတ်တာပါဘဲ၊ စိတ်ပေါ့ ကိုယ်ပေါ့ စိတ်နူးညံ့၊ ကိုယ်နူးညံ့၊ စိတ်ခန့်၊ ကိုယ်ခန့်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ စိတ်ဖြောင့် ကိုယ်ဖြောင့်လဲ ဖြစ်လာတတ်တာဘဲ၊ ဒီလိုပဿဒ္ဓိစသော အစုံခြောက်စုံပေါ်လာခြင်းလဲ ဝိပဿနာ အညစ်အကြေးတပါးလို့ မှတ်ထားကြ။

အဓိမောက္ခ ဆိုတာကတော့ သဒ္ဓါတရားကို ကောက်ရတယ်၊ သဒ္ဓါဆိုပေမဲ့ အင်မတန် စိတ်ကြည်လင်တဲ့ သဒ္ဓါမျိုးကို ဆိုတယ်၊ ဒီသဒ္ဓါလေး ဝင်လာပြီဆိုရင် စိတ်နောက်တွေ စိတ်ကောက်တွေ အကုန်လုံး ပျောက်သွားတာဘဲ။

ပဂ္ဂဟဆိုတာကတော့ အားထုတ်မှုကို ခေါ်တယ်၊ တရားကိုယ် ကောက်ရင် ဝီရိယပါဘဲ၊ သုခကတော့ အများသိကြသည့်အတိုင်း ချမ်းသာတာကို ဆိုတာဘဲ၊ သုခဝေဒနာပေါ့၊ ဉာဏအရကတော့ ဒီနေရာမှာ ဝိပဿနာဉာဏ်ကို ကောက်ရမယ်၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ထက်မြက်သော ဝိပဿနာပညာဘဲ၊ ထိုဉာဏ်ကြောင့် နာမ်ရုပ်တို့၌ ရှုလိုက်ရှုလိုက်တိုင်း အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်းကြီး မြင်လာတာ၊ ဥပဋ္ဌာန အရကတော့ သတိဘဲ၊ အဲဒီသဒ္ဓါ၊ ဝီရိယ၊ သုခ ဝေဒနာ၊ ပညာ သတိ ငါးပါးတို့လဲ ဝိပဿနာ အညစ်အကြေးတွေဘဲ။

ဉပေက္ခာအရက (၁) တတြမဇ္ဈတ္တုပေက္ခာ၊ (၂)အာဝဇ္ဇနုပေက္ခာလို့ နှစ်မျိုးရှိတယ်၊ ဖြစ်ပျက်သဘောတွေ အလွန်

ထင်နေတော့ အထူး မရှုရတော့ဘဲ အသင့်အားဖြင့် ရှုစားတဲ့ တတြဲဓဇ္ဈတ္တာ စေတသိက်ကိုလဲ ကောက်နိုင်တယ်။

ဖြစ်ပျက်မှုကို ဆင်ခြင်သောအခါ လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာဖြစ်တဲ့ အာဝဇ္ဇနုပေက္ခာကိုလဲ ယူနိုင်တယ်၊ နိကန္တိဆိုတာက ထိုသြဘာသစသော အရောင်အလင်းတို့ဖြင့် ပြောင်ဝင်းနေတဲ့ ဝိပဿနာဉာဏ်ကို နှစ်သက်ခင်မင် သာယာနေတဲ့ တဏှာကို ကောက်ရတယ်၊ အဲဒီ ဥပေက္ခာတဏှာတို့လဲ ဝိပဿနာ အညစ်အကြေးပါဘဲ၊ သို့အတွက် ဝိပဿနာ အညစ်အကြေး (၁၀)ပါး ရှိတယ်နော်၊ မှတ်ထားကြ၊ မှတ်ထားကြ။

ဒီအညစ်အကြေး (၁၀)ပါးကိုပင် မဂ် ထင်တတ်တယ်။ ဒါဟာ ကိစ္စပြီးပြီ၊ တရားအားထုတ်ဘို့ မလိုတော့ဘူး၊ မဂ် ထင်ပြီး ဆင်ခြင်နေတတ်တယ်။ ဆင်ခြင်နေယင် စိတ်ပျံ့လွင့်သွားတတ်တယ်။ စိတ်ပျံ့လွင့်သွားယင် ဖြစ်ပျက် မမြင်တော့ဘူး။ အနှောက်အယှက် ဥဒ္ဒစ္စဝင်လာတာ ရန်သူဝင်လာတာကို ဝင်လာရင် ဝိရိယမိုလ်နဲ့တိုက်ဖျက်လိုက်၊ မတိုက်ဖျက်နိုင်ရင် လက္ခဏာရေးသုံးပါး မထင်တော့ဘူး။ သူရောက်လာတာက ဥဒယဗ္ဗယဉာဏ် ရောက်တာဖြစ်တယ် သူထင်တာက မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်တယ်လို့ ထင်နေတယ်။ ရောက်တာက ပဲခူးရှိသေးတယ်၊ သူထင်တာက ရန်ကုန်ထင်နေရင် ဘယ်နေရာကျတော့မလဲ။

အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဆိုပေမဲ့ ပုထုဇဉ်ဘဲရှိသေးတယ် အထင်ကြီးပြီး ငါသောတာပန် ပုဂ္ဂိုလ်ဘဲလို့ မစွဲလိုက်နဲ့။ ရန်သူမာန ဝင်သွားမယ်။ မာန ဝင်ရင် အနှောက်အယှက် ရန်သူ ဝင်လာတာဘဲ၊ ထင်ပြီးသား အရင်းလေးဖြစ်တဲ့ ဉဒယဗ္ဗယဉာဏ် လေးတောင် ပျောက်သွားအုံးမယ်။ ဒီဝိပဿနာ အညစ်အကြေး (၁၀)ပါးကို မဂ် ဟုတ်လေသလား မဟုတ် လေသလားလို့လဲ ဝိစိကိစ္ဆာမဖြစ်နဲ့၊ သူလဲ ရန်သူဘဲ၊ ပညာ ဗိုလ်နဲ့ တိုက်ဖျက်လိုက်၊ ပညာဗိုလ် အားကောင်းလာရင် သို့လော သို့လော မဖြစ်တော့ဘူး။ သူဟာ မဂ်အစစ် မဟုတ် ဘူး၊ မဂ်တုဘဲလို့သိတယ်။ သိရင် မဂ္ဂါ မဂ္ဂဉာဏဝိသုဒ္ဓိစခန်းသို့ ရောက်သွားပြီ။

အဲဒီလိုထင်ပြီး ဖြစ်ပျက်ကို ထပ်ရှုရင် ဝိပဿနာမဂ် ပုဗ္ဗ ဘာဂမဂ် ဆိုတဲ့ ဉဒယဗ္ဗယဉာဏ် ပြန်ထင်လာတယ်၊ အရိယာ မဂ်သို့ မရောက်ခင် ရှေ့ပြေးထင်တဲ့ မဂ်လို့ ဆိုလိုတယ်။ နေ မထွက်ခင် အာရုံတက်လာသလို အရိယမဂ် ရောက်ခါနီးလို့ ထင်လာသည်ဟု မှတ်ပါ၊ ကဲ ဉဒယဗ္ဗယဉာဏ်ပြီးတော့ ဘင်္ဂ ဉာဏ် ဆက်ကြစို့ ။

ဘင်္ဂဉာဏ်ဆိုတာ အပျက်သာ မြင်နေတဲ့ ဉာဏ်ဘဲ။ မျက်စိ တမှိတ် လျှပ်တပျက်မှာ အပျက်မြင်နေတော့ အပျက်ကြီးပါ ဘဲ၊ ဖြစ်တာလဲ ပျက်ဘို့ပါဘဲ၊ အပျက်ကိုသာစွဲပြီး အဖြစ်ကို မမှတ်မူ၍ အပျက်ကိုသာ မှတ်မှတ်နေခြင်းကို ဘင်္ဂဉာဏ်လို့

ခေါ်တယ်။ ဒီဉာဏ်ဟာအဖြစ်နဲ့ အပျက်မကွဲတော့ဘဲ ဖြစ်တာ တခဏ၊ ပျက်တာ တခဏမကွဲတော့ဘဲ အပျက်ကြီးတခုသာ မြင်မြင်နေခြင်းကို ဆိုလိုတယ်။

ကြောက်စရာမြင်လျှင် ဘယဉာဏ် ကြောက်စရာ ဆိုပေမဲ့ ယခုလို တို့သိနေကြတဲ့ ကြောက်စရာမျိုး ကြောက်တာမဟုတ်ဘူးနော်၊ ဘီလူး သရဲသဘက် တွေလို့ သူခိုး ဓမြတွေလို့ ကြောက်တဲ့ အကြောက်မျိုးက ဒေါသကြောင့် ဖြစ်တယ်။ ယခု ပြောနေတာက ဉာဏ်ကြောက်ကို ပြောနေတာ၊ ဉာဏ်ထဲမှာ အပြစ်မကင်းဘဲ တပျက်ထဲပျက်နေတဲ့ ရုပ်နာမ်တွေဟာ တယ်ပြီး ကြောက်စရာကောင်းပါလားလို့ တရေးရေး ထင်ပြီး နေတဲ့ အကြောက်မျိုးလို့ ဆိုလိုတယ်။

ရုပ်နာမ်တွေ ထူထောင်နေတဲ့ သင်္ခါရ လောကကြီးလဲ ကြောက်တယ်။ ရုပ်နာမ်တွေ အမြဲမပြတ် ဒလစပ် ဖြစ်ပျက်တဲ့ သတ္တလောကကြီးလဲ ကြောက်တယ်။ လူ့ဘုံမှာ လူဖြစ်ရမှာလဲ ကြောက်တယ်။ နတ်ဘုံမှာ နတ်ဖြစ်ရမှာလဲ ကြောက်တယ်၊ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီးတွေ ဖြစ်ရမှာလဲ ကြောက်တယ်။ ကြောက်မှာပေါ့ ဘင်္ဂဉာဏ်ဖြင့် အပျက်ကိုချည်း မြင်နေတာကို ဒီလိုတွေးပြီး တရေးရေး ဉာဏ်ထဲမှာ ကြောက်နေတဲ့ အကြောက်မျိုးကို ဘယဉာဏ်လို့ ခေါ်တယ်။

ကြောက်လာတော့ လောကကြီးကို ရှုံမုန်းလာတယ်။ လောကကြီးအတွင်း မနေချင်တော့ဘူး၊ ရုပ်နာမ်တို့၏ အပြစ်

တွေကို မြင်နေတယ်။ လူ့ဘဝလဲ မလိုချင်ဘူး၊ နတ်ဘဝလဲ မလိုချင်ဘူး၊ ဗြဟ္မာဘဝလဲ မလိုချင်တော့ဘူး၊ ဘာမှ လောကကြီးမှာ နေရတာ ချမ်းသာတယ်လို့လဲ မထင်တော့ဘူး။ ဒီလိုလောကကြီးရဲ့အပြစ်တွေ မြင်လာတဲ့ ဉာဏ်ဟာ အာဒီနဝဉာဏ်ဘဲ။ ဒီဉာဏ်ဖြစ်ပြီးရင် ငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာတာဘဲ။ မြင်ရတာလဲ ငြီးငွေ့တာဘဲ၊ ကြားရတာလဲ ငြီးငွေ့တာဘဲ၊ နံတာလဲ ငြီးငွေ့တာဘဲ၊ စားရတာလဲ ငြီးငွေ့တာဘဲ။ ကောင်းသောအထိအတွေ့ တွေ့လဲ ငြီးငွေ့လာတော့တာဘဲ။ ဒီလို ငြီးငွေ့လာတော့ သံသရာဝဋ်မှ လွတ်ချင်တဲ့ မုစ္စိတုကမျတာဉာဏ် ဖြစ်ပေါ်လာတယ်။ နိဗ္ဗိန္ဒဉာဏ်လဲ ဖြစ်ပေါ်လာတယ်။

အာရဒ္ဓဝိပဿက ပုထုဇဉ်ပုဂ္ဂိုလ်လို့ ဆိုပေမဲ့ ရဟန္တာ စိတ်နှင့် တူသည့်အတွက် ရဟန္တာပုဂ္ဂိုလ်နှင့် မခြားဘူးလို့ ကျမ်းဂန်များမှာ ပြထားကြတယ်။ "ကိဥ္စိဘဝံနာဘိဝဒိ"တဲ့ ကိဥ္စိဘဝံ၊ ဘယ်လိုချမ်းသာတဲ့ ဘုံဘဝမျိုးကိုမှ။ နာဘိဝဒိ၊ လိုချင်ဇောဖြင့် မမက်မောတော့ပြီလို့ဆိုတယ်။

အဲဒီလို သံသရာဝဋ်ကြီးကို မုန်းတီးလာတော့ ငြီးငွေ့လာတော့ လွတ်အောင် ထပ်ခါထပ်ခါ ရှုမှတ်လာတယ်။ ဒီဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်။ လွတ်အောင် ဘယ်နည်းနဲ့ လုပ်ရပါ့မလဲလို့ ဉာဏ်ထဲမှာ စဉ်းစားတယ်။ ဥပမာ ညောင်းလာရင် ထုံလာရင် ညောင်း၊ ထုံတာကို ဘယ်လို လုပ်ရပါ့

မလဲလို့ စဉ်းစားသလိုဘဲ၊ အဲဒီတော့ " လှေမျောရင် လှေနဲ့ လိုက်၊ ဆူးစူးရင် ဆူးနဲ့ထွင်း"ဆိုသလို ညောင်းတယ် ထုံတယ် ဆိုတဲ့ ရုပ်တရားတွေကိုပင် ထပ်ရှုမှဘဲလို့ သိပြီး ထပ်ခါ ထပ်ခါရှုတဲ့ ဉာဏ်လို့ ဆိုတယ်။

ဒီလို ထပ်ရှုမှ လွတ်မယ်ထင်ပြီး ထပ်ရှုတော့ သင်္ခါရုပေက္ခာ ဉာဏ် ပေါ်လာတယ်၊ ဒီဉာဏ်ကတော့ သင်္ခါရတရားတွေ သူ့သဘောသူ ဖြစ်နေကြတာဘဲ။ ယောဂီပုဂ္ဂိုလ်က အထူးမရှု ရဘဲ အလိုအလျောက် သူ့သဘောနဲ့ သူဆောင်ပြီးနေတော့ အလွန်သိမ်မွေ့တယ်၊ ပင်ပန်းမှု မရှိသလောက် ဖြစ်နေတာ ပေါ့။ ဘုရားအလောင်းတော်များ တရား အားထုတ်သည့် အခါ ဒီဉာဏ်မှာဘဲ ရပ်တံ့နေတယ်လို့ ကျမ်းဂန်များမှာ ပြဆိုကြတယ်။

ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ ဘဝထိုထို ဒွေးရဟိုကစသို့ ဆည်းပူးခဲ့ဘူးသော ကုသိုလ် ထူးကြောင့် ဝိပဿနာအလုပ်တွေနဲ့ ရင်ဆိုင် တွေ့နေရတယ်။ "လူဖြစ်ကျိုး နပ်လေစွ၊ လူ့ဘဝကြီး အရတော်လေစွ"ဟု ဝမ်းသာကြ၊ ဝမ်း သာကြ။ ဒီလို တရားထူး တရားမြတ်တွေ နာကြရအောင် အားထုတ်ကြရအောင် မိတ်ဆွေကောင်းလိုတယ်။ တို့လူသာမန် တွေ မဆိုထားနဲ့ ဘုရားအလောင်းတော်ကြီး ဇောတိပါလ လုလင်တောင် ခနတော့ တိတ္ထိဖြစ်နေသေးတယ်။

ဒါပေမဲ့ ရင်းနှီးတဲ့ မိတ်ဆွေကြီး ဃဋီကာရ အိုးထိန်း သည်ကြီးကတော့ သမ္မာဒိဋ္ဌိအယူပါဘဲ၊ တနေ့သ၌ကျတော့

ဿဒ္ဓိကာရ အိုးထိန်းသည်ကြီးက စဉ်းစားတယ်၊ ငါ့မိတ်ဆွေ ဟာ ပညာရှိတယ်၊ ဘုရားနဲ့ မတွေ့လို့ မှားတဲ့အယူကို ယူနေ တယ်၊ ဒီနေ့တော့ ကျောင်းကိုခေါ်မယ်ဆိုပြီး သွားခေါ်တယ်၊ မလိုက်ဘူး။

ဒါနဲ့ ရေချိုးဆိပ်ခေါ်တယ် လိုက်လာတယ်၊ မိတ်ဆွေ ဘုရားကျောင်းနဲ့ နီးနေပါပြီ ခနဖြစ်စေ လိုက်ခဲ့ပါလို့ ထပ် ခေါ်တယ် မလိုက်ဘူး၊ မလိုက်နေရိုးလားဆိုပြီး အတင်း လက်ကို ဆွဲခေါ်တယ်၊ အားကောင်းတော့ အတင်းရုန်းလို့ လွှတ်လိုက်ရတယ်၊ မဖြစ်ချေဘူးဆိုပြီး ဆံပင်ဆွဲခေါ်ပြန် တယ်။

ဒီတော့မှ ဇောတိပါလက စဉ်းစားတယ်၊ ငါ့မိတ်ဆွေဟာ ငါ့ကို အလွန်ချစ်တယ် ခင်တယ်၊ ငါ့လောက် အထက်တန်း မကျသူက ဆံပင်ကိုပင် ဆွဲတယ်ဆိုတော့ အင်မတန် ထူးခြား နေတယ်၊ ဒီတော့မှ–ကဲ–ကဿပဘုရားထံ သွားမယ်လို့ ခေါ် တာ မဟုတ်ဘူးလားလို့ မေးပြီး လိုက်လာတယ်။ လိုက်လာ ပြီး ဘုရား တရားနာရတော့ ရဟန်းလုပ်ပြီး အားထုတ်မှ ကောင်းမယ်ဆိုပြီး ရဟန်းပြုလုပ်သွားတယ်။

ဘုရားအလောင်းကြီးတောင်မှ တခါတခါ အမှားယူခဲ့နေ တယ်။ ကလျာဏမိတ္တ ဆိုတဲ့ မိတ်ဆွေကောင်း ပေါင်းမိလို့ တော်သေးတယ်။ အနာထပိဏ်သူဌေးသား ကာလကျတော့ ပိုက်ဆံပေးပြီး တရားနာခိုင်းရတယ်။ ပထမ သူ့ဖခင်က ငွေ

တရာပေးလိုက်တယ်။ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ လုပ်ပြီး ပြန်လာတယ်။

နောက်တခါ ငွေတထောင်ပေးပြီး ဒီတခါတော့ ဂါထာလေးတပုဒ် ရအောင်နာခဲ့လို့ မှာကြားတယ်။ ငွေတထောင်လိုချင်တော့ မရရအောင် မှတ်သား၍ နာကြားလိုက်တော့ သောတာပန် တည်သွားတယ်။ ဒါလဲ ကလျာဏမိတ္တ ဖြစ်တဲ့ ဖခင်သူဌေးကြီးရဲ့ ကျေးဇူးနော်။ ဒါကြောင့် မိတ်ဆွေကောင်း လိုတယ်လို့ ပြောတာ။

အနုလောမဉာဏ် ရောက်တယ်ဆိုရင် ရှုရင်းနဲ့ နောက်နောက်က ဝိပဿနာဉာဏ်၊ ရှေးဖြစ်မဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့ လျော်စွာ ဖြစ်ပေါ်လာတဲ့ အသိတွေ ဉာဏ်တွေ ထင်ပေါ်လာတာဘဲ။ ပရိကံ ဉပစာအနုလုံ ဤလေးပါးကို အနုလောမဉာဏ်လို့ ခေါ်တယ်။ မဂ်ကျတော့မယ်နော်၊ ဂေါတြဘူ တဉာဏ်ဘဲ လိုတော့တယ်။ နောက်ပိတ်ဆုံး ရှုရင်း ရှုရင်းနဲ့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို လှမ်းမြင်တယ်။ ဒီလိုမြင်တာ ဂေါတြဘူဉာဏ်ဘဲ။

ဒီဉာဏ်အထိ ပုထုဇဉ်လို့ဘဲ ခေါ်ရသေးတယ်။ ပုထုဇဉ်အဖြစ် ဆုံး၍ အရိယာလုံးလုံး ဖြစ်မည့် သဘောကြောင့် ဂေါတြဘူလို့ ခေါ်တယ်။ သူက ပုထုဇဉ်အဖြစ် ဒီဘက်ကမ်း ဖြစ်သော်လည်း သူမြင်တာက နိဗ္ဗာန်တည်း ဟူသော ဟိုဘက်ကမ်း ဖြစ်နေတယ်။ ဉပမာ ချောင်းတခု ရောက်တော့

လူနှင့်မျက်စိကတော့ ဒိဘက်ကမ်းရှိသေးတယ်၊ သူမြင်တာက တော့ ဟိုဘက်ကမ်း ဖြစ်နေတာမျိုးပေါ့။

မဂ်ဉာဏ် ကူးလိုက်တော့ မှတ်ဉာဏ်တွေ၊ အမှတ်ခံရတဲ့ ရုပ်နာမ်တွေ ဘာမှမရှိသလို ဖြစ်သွားတယ်၊ သတိလစ်သလို ဖြစ်သွားတယ်။ ဥပမာပြောရင် ခုတ်လိုက်တဲ့ ပုဂ္ဂိုလ်များ စိတ်ကတော့ ရှိနေတာဘဲ။ ဒါပေမဲ့ ဘာမှမသိသလို ဖြစ်နေ တယ်။ မေ့ဆေးထိုးထားတဲ့ ပုဂ္ဂိုလ်များ စိတ်ကတော့ ရှိနေ တာဘဲ။ ဘာမှမသိဘူး။ အိပ်ပိုက်တာလဲ မဟုတ်ဘူး၊ လေးလံ ထိုင်းမှိုင်းပြီးသွားတာလဲ မဟုတ်ဘူး၊ စိတ်ကတော့ ကြည် ကြည်လင်လင်ဘဲ။ ဘယ်လိုများ ဖြစ်သွားပါလိမ့်မလဲလို့ ဖြစ် နေတယ်။

တခါ မဂ်ဝင်ရင် သောတာပတ္တိမဂ်ပုဂ္ဂိုလ် နောက် သော တာပတ္တိဖိုလ်ပုဂ္ဂိုလ် မဂ်တကြိမ်သာ ဖြစ်ပြီး ဖိုလ် နှစ်ကြိမ် သုံးကြိမ်ဖြစ်ကာ သောတာပန် ပုဂ္ဂိုလ် ဖြစ်သွားတာပါဘဲ။ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိ ဖိုလ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်ပြီးလျှင် အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်သွားတာဘဲ။

ဖိုလ်ဝင်စားတယ် ဆိုတာကတော့ ခန္ဓာမှာ ရုပ်နာမ်နှစ်ခု လုံး၏ ဖြစ်ပျက်ကို မှတ်ရင်း မှတ်ရင်းနဲ့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန် ကို အာရုံပြုကာ တနာရီ ခြောက်နာရီပြုလျှင် တနာရီ၊ တရက်ဘဲလို့

မိဋ္ဌာန်လျှင် တရက်၊ ခုနစ်ရက် ထိအောင် မိဋ္ဌာန်လျှင် ခုနစ်ရက်ထိ ပိုင်းခြားပြီး ရှုမှတ်လိုက်တော့ သောတာပန် ဆိုရင် သောတာပတ္တိဖိုလ် စိတ်တွေ၊ သကဒါဂါမ်ဆိုရင် သကဒါဂါမိဖိုလ်စိတ်တွေ၊ အနာဂါမ်ဆိုရင် အနာဂါမိ ဖိုလ် စိတ်တွေ၊ ရဟန္တာဆိုရင် အရဟတ္တဖိုလ် စိတ်တွေသာ ဖြစ်ပြီး နိဗ္ဗာန်အာရုံပြု နေတာကိုဘဲ ဖိုလ်ဝင်စားတယ်လို့ ခေါ်တယ်။ အပ္ပနာဇောက ဂ္ဂလှိယာပုတ်ကို ခိုင်းစေတတ်တယ် ဆိုတော့ ထိုင်နေပြီး ဝင်စားလျှင် မပြီးမချင်း ထိုင်လျက်ဘဲ။

အိပ်ပြီးဝင်စားလျှင် အိပ်လျက်ဘဲ၊ ဘယ်လောက်ပင်ကြာသော်လည်း ညောင်းညာခြင်းစသော ဝေဒနာမရှိ၊ သိလဲမသိ၊ နိဗ္ဗာန်ကတော့ အဟောင်းဖြစ်သော ရုပ်နာမ်တွေချုပ်ငြိမ်းပြီး အသစ်ရုပ်နာမ် မဖြစ်ပေါ်ကိန်းဖြင့် ဓာတ်သိမ်းသွားဘာကို နိဗ္ဗာန်လို့ ခေါ်တယ်လို့ ကသစ်ဝိုင် ဆရာတော်ဘုရား၏ ဝိပဿနာတရားကို သိရှိရပါသည်။

ဤကား အကျဉ်းချုပ်မျှသာ ပြလိုက်ပေသည်။

# ၂၄။ ရွှေဘိုဆရာတော်၏ ဝိပဿနာရှုနည်း

(စကားပလ္လင်)

ကျွန်ုပ်စာရေးသူသည် မိုးကုတ်မြို့ မြို့လယ်ရိပ်သာ အဂ္ဂမဟာဓမ္မကထိကအကျော် ရွှေဘိုဆရာတော်နှင့် ညီအကို အရင်းကဲ့သို့ ချစ်ခင်ရင်းနှီးသူတယောက်ဖြစ်ပါသည်။ အကြောင်းမှာ ရွှေဘိုဆရာတော်သည် ရွှေဘိုမြို့ပိုင်၊ ပန်းရှုံရွာ ဇာတိဖြစ်၍ ကျွန်ုပ်လဲ ရွှေဘိုခရိုင် ရေဦးမြို့ပိုင် ဖလံခုံရွာဇာတိ ဖြစ်သဖြင့် တနယ်တည်းသားလဲ ဖြစ်ကြပါသည်။

ဆရာတော်သည် ရွှေဘိုမြို့ ပခန်းဆရာတော်ကြီး၏ တပည့် ဖြစ်၍ ကျွန်ုပ်လဲ ထိုဆရာတော်ကြီး၏ တပည့်ဖြစ်သောကြောင့် သရာတူတပည့်ချင်းလဲ ဖြစ်ကြပါသည်။

ဒါပေမဲ့ ငယ်ရွယ်စဉ်က ရင်းနှီးသော်လည်း တဦးနှင့် တဦး ကွဲကွာသွားကြသည်မှာ နှစ်ပေါင်း (၃၀) ကျော်ကြာ သွားကြပါသည်။ ကျွန်ုပ်ရဟန်းဘဝတွင် ရွှေဘိုမြို့မှ မန္တလေးမြို့ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်

ဆရာတော်ဘုရားကြီးထံ စာပေကျမ်းဂန်များ သင်ကြားပြီး နောက် အောက်ပြည် အောက်ရွာမှာ အနေများသဖြင့် ကွဲကွာသွားရခြင်း ဖြစ်ပါသည်။

သို့သော် ဘဝအဆက်ဆက်က အတူတကွ ပြုဘူးသော ကုသိုလ်ရေစက်ထူးကြောင့် ရွှေဘိုဆရာတော်သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးနှင့်အတူ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ရောက်လာပါသည်။

ကျွန်ုပ်ကလဲ လူ့ဘောင်သို့ သက်ဆင်းပြီး သာသနာ့ ရိပ်သာအတွင်း ဗုဒ္ဓသာသနာအဖွဲ့တွင် ဘာသာပြန် အယ်ဒီတာ လုပ်ကိုင်နေသဖြင့် တခါဖူးမြင်ရပါသည်။ ထို့နောက် ရွှေဘို ဆရာတော် မိုးကုတ်မြို့ရောက်နေကြောင်းကို သိရပါသည်။

ကျွန်ုပ်မှာ ဗုဒ္ဓသာသနာအဖွဲ့မှ ထွက်ရ၍ အားလပ်နေ သည့်အခါ ရွှေဘိုဆရာတော်ကြွလာပြီး သူနှင့် အနီးအနားနေ၍ သာသနာပြုရန် အတန်တန် တိုက်တွန်းပြန်ပါသည်။

တပည့်တော် ကျန်းမာရေး မပြည့်စုံသေးသဖြင့် မလုပ်ကိုင် နိုင်သေးကြောင်း အဖန်ဖန် လျှောက်ထားသော်လည်း ကျေ နပ်ဟန်မတူပါ၊ ဒါနှင့် နောက်တနေ့တွင် စဉ်းစားသည်မှာ မိမိအပေါ် အတော်ခင်မင်၍ စေတနာထားပြီး ပြောကြား သည်ကို ငြင်းပယ်ရန် မရှိဟု အတိအကျ သိရတာနှင့် လှည်းကူး မြို့ နိဗ္ဗာန်ဆိပ်ဦး ဘုရား ရောင်တော်ပြန်ပွဲမှစ၍ စွမ်းအား ရှိသမျှ ဆရာတော်ချထားပေးသည့် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချကာ ယခု အခါ ကျအောင် ရွက်ဆောင်နေပါသည်။

ဆရာတော်သည် မြတ်စွာဘုရား၏ အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံသော သာသနာတော်မြတ်ကြီး၏ အကျိုး စီးပွားကို ကြီးပွားသော လုံ့လဖြင့် သာသနဓရ သာသနာ အတွက် အသက်ကိုပင် မငဲ့ကွက်ဘဲ ဆောင်ရွက်နေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ လောကဓမ္မ နှစ်ဌာန၌ ပြည့်ဝဂုဏ်အင် စုံလင်ပြီး ဖြူစင်သောနှလုံး ရွှင်ပြုံးသောမျက်နှာဖြင့် တပည့် ဒကာ ဒကာမတို့၏ စိတ်နှလုံးကို ယူကြုံးနှစ်သိမ့်နိုင်၍ ဘုရား သားတော်ပီသသဖြင့် မည်မျှ အဘိုးထိုက်တန်သော ပစ္စည်း ဥစ္စာတို့ကိုပင်မမက်။ သာသနာတော်အတွက် တရားဘက်၌ သာ မွေ့လျော်နေသော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။

ဆရာတော်ဘုရား၏ ထူးခြားသော အရည် အချင်းမှာ သာသနာပြုရာတွင် ကြီးကျယ်သော အခမ်း အနား တို့ဖြင့် ဆန်းပြားစွာပြုလုပ်လေ့ရှိ၍ သာသနာ့နယ်ပယ်မှာ ကြီးကျယ်စွာ ငါမပြုရသမျှ မသေဟု သစ္စာဓိဋ္ဌာန်ပြုထားလေသလား မသိ၊ အားလပ်ပြီးနေသည်မရှိဘဲ လွန်ကဲသော လုံ့လဖြင့် ကြိုးစားကြံစည်နေသည်ကိုသာ တွေ့ရသည်။ ကျွန်ုပ်လဲတပည့် ဒကာအဖြစ်နှင့် ဆရာတော်ရောက်လေရာရာ၊ သာသနာပြုရာ တွင် ပါဝင်နေသဖြင့် ဆရာတော်၏ ဝိပဿနာ တရားကို ဤစာအုပ်မှာ ရေးသားထည့်သွင်းဖော်ပြလိုက်ပါသည်။

## ၂၅။ အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏမ
## တရားဆွေးနွေးခန်း

ဧကံ၊ သမယံ၊ တပါးသော။ အခါ၌။ အာယသ္မာ သာရိပုတ္တော စ၊ အရှင်သာရိပုတ္တရာမထေရ်သည်လည်းကောင်း။ အန္ဓဝနေ၊ သူတော်ကောင်း သူမြတ်လောင်တို့၏ ကိန်းအောင်းရာ တရားအားထုတ်ရာဖြစ်သောအန္ဓဝနခေါ် အမိုက်တော၌ ဝိဟရတိ၊ သမာပတ်ချမ်းသာဖြင့် မွေ့လျော်ကာ နေတော်မူလေသတည်း။ သာဓု–သာဓု–သာဓု။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၏ မြောက်ဘက် မလှမ်းမကမ်းမှာ တရားအားထုတ်၍ နေစရာ ကောင်းသည့် တောတန်းတခုရှိတယ်၊ အဲဒီတောကို ပါဠိလို အန္ဓဝန၊ မြန်မာလို ပြန်မယ်ဆိုရင် အမိုက်ကမ်းတောလို့ ခေါ်တယ်။

အရှင် သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏမထေရ်တို့ဟာ ထိုတောတန်း၌ ခေတ္တခဏ သီတင်းသုံးနေတော်မူကြတယ်။ တပါးနဲ့ တပါးလည်း မလှမ်းမကမ်း သစ်ပင်တပင်စီ အောက်တွင်

တနေ့လုံး သမာပတ်ဝင်စားနေကြတယ်။ ညနေပိုင်းကျတော့ အရှင်သာရိပုတ္တရာက သမာပတ်မှထပြီး အရှင် ပုဏ္ဏထံသို့ သွားတယ်။ သွားပြီးတော့ သင့်လျော်သော နေရာမှာထိုင်ကာ အရှင်ပုဏ္ဏကိုမေးတယ်။

ငါ့ရှင်—ဗုဒ္ဓမြတ်စွာ၏ သာသနာမှာ ဘာများ ကျင့်သုံး နေပါသလဲ–လို့ မေးတယ်။ အဲဒီလို အရှင်သာရိပုတ္တရာက မေးတော့ အရှင်ပုဏ္ဏက ဗုဒ္ဓမြတ်စွာသာသနာမှာ ကောင်းစွာ ကျင့်သုံးနေပါတယ်လို့ ဖြေလိုက်တယ်။

ဒါဖြင့် ငါ့ရှင်ဟာ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ခုနစ်ပါး အတွက် ကျင့်သုံးနေပါသလားလို့ ထပ်မေးပြန်တယ်။

ဒီတော့ အရှင်ပုဏ္ဏက မဟုတ်ပါဘူး၊ ငါ့ရှင်—လို့ ပြန် ဖြေတယ်။ ဝိသုဒ္ဓိခုနစ်ပါးအတွက် မဟုတ်ရင် ဘယ်အတွက် ကျင့်သုံးနေပါသလဲလို့ ထပ်မေးပြန်တယ်။

ဒီကျမှ "အနုပါဒါပရိနိဗ္ဗာနတ္ထံ" အကြောင်း ကင်းပြီး လုံးဝချုပ်ငြိမ်းသည့် အနုပါဒိသေသ ပရိနိဗ္ဗာန် အတွက် ကျင့်သုံးပါတယ်လို့ ဖြေတော်မူတယ်။ အဝိဇ္ဇာ၊ တဏှာ စသော အကြောင်းမကင်းသေးရင် ဘဝသစ်မှာ ရုပ် နာမ် ဆင်းရဲတွေ ထပ်ခါထပ်ခါ ဖြစ်နေအုံးမှာဘဲ။ သံသရာဒုက္ခမှ မလွတ်သေးဘူး။ ရဟန္တာတို့၏ နောက်ဆုံး စုတိ ရုပ် နာမ် တွေ ပြတ်ငြိမ်း၍ ဇာတ်သိမ်းသွားမှ နောက်ထပ် ရုပ်နာမ် သစ်တွေမဖြစ်ဘဲ တခါထဲ လုံးဝချုပ်ငြိမ်းသွားတယ်။ ဒီလို

နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်တယ်။ အဲဒီ နိဗ္ဗာန် အလို့ငှာ ကျင့်သုံးနေပါတယ်လို့ဖြေတယ်။

ဒီအဖြေဟာ အလွန်လေးနက်ပါတယ်။ ဝိသုဒ္ဓိ ခုနစ်ပါး အတွက် ကျင့်တာမဟုတ်ဘူးဆိုတော့ ဝိသုဒ္ဓိခုနစ်ပါးနဲ့ကင်းပြီး ဒီနိဗ္ဗာန်ကို ရနိုင်ပါသလားလို့ ထပ်မေးပြန်တယ်။

ဒီတော့ အရှင်ပုဏ္ဏက ဝိသုဒ္ဓိခုနစ်ပါးနဲ့ ကင်းပြီးတော့ ဒီနိဗ္ဗာန်ကို မပြီးစီးနိုင်ပါဘူးလို့ဘဲ ဖြေတယ်။ ဒါပေမဲ့ အရှင်ပုဏ္ဏရဲ့ အလိုကတော့ ဝိသုဒ္ဓိခုနစ်ပါးဟာ လိုရင်းအကျိုး မဟုတ်ဘူး။ အကြောင်း အထောက်အပံ့မျှသာ ဖြစ်တယ်။ အနုပါဒါ ပရိနိဗ္ဗာန်ကသာ ပဓာနအကျိုးဖြစ်လို့ လိုရင်းကို သာ ဖြေလိုက်ခြင်း ဖြစ်ပါတယ်။

ဥပမာ- ရောဂါရှိလို့ ဆေးစားတဲ့သူကို ဆေးအရသာ ခံစားချင်လို့ စားသလား မေးရင် မဟုတ်ပါဘူး၊ ရောဂါ ပျောက်ချင်လို့ စားတာပါလို့ ဖြေမှာဘဲ။ ဒါဖြင့် ဆေး မသောက်ဘဲနှင့် ရောဂါပျောက်ပါသလား ဆိုရင် မပျောက် နိုင်ပါဘူးလို့လဲ ဖြေရမှာပါဘဲ။ ဒီလိုသဘောမျိုးနဲ့ အရှင်ပုဏ္ဏ က ဖြေတယ်။

ဥပမာဖြင့်လဲ ထပ်မံ ရှင်းလင်းပြပြန်တယ်။ သာဝတ္ထိပြည် မှ ပသေနဒီ ကောသလမင်းဟာ အကြောင်းကိစ္စ တခုနဲ့ သာကေတမြို့ကို သွားရင်း မြင်းရထား ခုနစ်စင်းဖြင့် သွားရ

တယ် ဆိုတော့။ ပထမရထား ခရီးဆုံးရင် ဒုတိယ ရထားနဲ့၊ ဒုတိယရထား ခရီးဆုံးတဲ့အခါ တတိယရထားနဲ့။ ဒီနည်းဖြင့် စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ ရထားတွေနဲ့ ပြောင်းပြောင်းပြီး စီးရမယ်၊ ဆဋ္ဌမရထား ခရီးဆုံးတော့ သတ္တမ ရထားဖြင့် သာကေတမြို့ အိမ်တော်ရောက်တယ်။ ဒီတော့ ပသေနဒီ ကောသလမင်းဟာ သာကေတမြို့ အိမ်တော်သို့ ရောက်ဖို့ ရထားခုနစ်စင်း စီးရတာ လိုရင်းမဟုတ်ဘူး။ သာကေတမြို့ အိမ်တော်သို့ရောက်တာသာ လိုရင်းဘဲ။ ဒါပေမဲ့ ရထားခုနစ် စင်း မစီးဘဲ မရောက်ဘူး။

ဒီလိုဘဲ၊ မြတ်စွာဘုရား၏ သာသနာမှာ အနုပါဒါ ပရိနိဗ္ဗာန်ကိုရောက်ဘို့သာ လိုရင်းဘဲ။ ဒါပေမဲ့ သီလဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိခုနစ်ပါးနဲ့ ကင်းပြီးတော့ မရောက်နိုင်ဘူး။

ဝိသုဒ္ဓိခုနစ်ပါးကို အစဉ်အတိုင်း ပြည့်စုံအောင် ကျင့်ပြီး မှသာလျှင် ရောက်နိုင်ပါတယ်လို့ ရှင်းပြပါတယ်။ စဉ်းစား ဘို့ရာမှာ ဥပမာထဲတွင် သာဝတ္ထိမှ သာကေတသို့ ပသေနဒီ ကောသလမင်း သွားတဲ့အခါ ပထမရထားမစီးဘဲ ဒုတိယ စခန်းကရထားကို ခုန်ကျော်စီးလို့မဖြစ်ဘူး။

ထို့နည်းတူ တတိယရထား စသည် ခုန်ကျော်စီးလို့မဖြစ် ဘူး။ အစီအစဉ်အတိုင်းသာ စီးရပါမယ်။ အနုပါဒါ ပရိနိဗ္ဗာန်ရောက်ဘို့လဲ သီလဝိသုဒ္ဓိမရှိဘဲ စိတ္တဝိသုဒ္ဓိ မဖြစ်နိုင် ဘူး။ စိတ္တဝိသုဒ္ဓိ စသည် မရှိဘဲလဲ ဒိဋ္ဌိဝိသုဒ္ဓိ စသည် မဖြစ် နိုင်ဘူး။ အဲဒါကို သတိပြုဘို့ အလွန်ကောင်းပါသည်။

ယခုအခါ တချို့က ရုပ်နာမ်တရားတို့ကို ပိုင်းခြားသိအောင် မရှုရသေးခင် ဖြစ်ပျက်ကစပြီး ရှုမှတ်ကြတယ်၊ အရိယာအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်များတော့ ဒိဋ္ဌိဝိစိကိစ္ဆာကင်းကွာပြီးဖြင့်၍ ဥဒယဗ္ဗယဉာဏ်ကစပြီး အားထုတ်လို့ ဖြစ်ပါတယ်။ အယူမစင်ကြယ်သေးတဲ့ ပုထုဇဉ်များတော့ ရုပ်နာမ်ကဲ့အောင် အကြောင်းကြောင့် အကျိုးတရားဖြစ်တယ်ဆိုတာ ပိုင်းခြားသိအောင် ခေတ်လေးပါးကိုစပြီး ရှုမှတ်ဘို့ လိုပါတယ်။ ဖြစ်ပျက်ကို သိတာဟာ ဥဒယဗ္ဗယဉာဏ်ဖြစ်တယ်၊ ဝိသုဒ္ဓိအားဖြင့် ပြောမယ်ဆိုရင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းကျမှ သိမြင်ပါတယ်။ အဲ့ဒါကို တိုတိုကလေးနဲ့ မှတ်ရအောင် ဆောင်ပုဒ်ကလေးကို ဆိုကြရမယ်။

ဝိသုဒ္ဓိခုနစ်ဖြာ ဖြစ်စဉ်မှာကား၊ ခုန်ကာကျော်လွှား
မဖြစ်ပွားဘူး၊ တပါးပြီးလျှင် တပါးပင်တည်း။

အစဉ်မမှား ရှုကာပွားက၊ လိုလားနိဗ္ဗာန် ရောက်
ကြောင်းမှန်သည်၊ ကျင့်ရန်ဝိသုဒ္ဓိ ခုနစ်တည်း။

နိဗ္ဗာန်လိုလားသော အမျိုးကောင်းသား အမျိုးကောင်းသမီးများတို့သည် ရှေးဦးစွာ ဝိသုဒ္ဓိခုနစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်ကြရမယ်။ လူဆိုရင် သီလစင်ကြယ်အောင် ငါးပါးသီလနဲ့ ပြည့်စုံဘို့လိုတယ်။ ရှင်သာမဏေများနှင့် သီလရှင်များဆိုရင် ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလနဲ့ ပြည့်စုံဘို့

လိုတယ်၊ ရဟန်းဆိုရင် ပါတိမောက္ခသံဝရ၊ သီလနဲ့ ပြည့်စုံဖို့ လိုတယ်။

သီလစင်ကြယ်ပြီးသည့်နောက် စိတ်စင်ကြယ်အောင် အားထုတ်တဲ့နည်းက (၂) နည်းရှိတယ်၊ သမထလမ်းကနေပြီး ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိရအောင် အားထုတ်တဲ့နည်းက တနည်း၊ ဝိပဿနာလမ်းကနေပြီး ခေတ်လေးပါးစသည်ကိုရှု၍ ဝိပဿနာခဏိကသမာဓိရအောင် အားထုတ်တာက တနည်းဟူ၍ (၂)မျိုးရှိပါတယ်။ ယခု ဘုန်းကြီး ပြောချင်ဟောချင်တာကတော့ ဝိပဿနာခဏိက သမာဓိထူထောင်တဲ့နည်းကို အလေးပေးပြီး ဟောပြောပါမယ်။ တရားထိုင်တဲ့အခါ အသက်ရှူလို့ ပိန်ဖောင်းလာသည့် ဝါယောဓာတ်ကို သတိကပ်ပြီး ပိန်တယ် ဖောင်းတယ်လို့ ရှု။ ထိုင်တဲ့အခါ ထိုင်တယ်ထိုင်တယ်ရှု သွားတဲ့အခါ သွားတယ်သွားတယ် ရှု၊ ရှုဖန်များတော့ ဝိပဿနာခဏိက သမာဓိအားကောင်းပါလိမ့်မယ်၊ နီဝရဏတရားတွေ ကင်းပြီး စိတ်စင်ကြယ်လာပါလိမ့်မယ်။ အဲ့ဒီ စင်ကြယ်တဲ့ စိတ်က စိတ္တဝိသုဒ္ဓိဘဲ။

အဲ့ဒီလို စိတ္တဝိသုဒ္ဓိဖြစ်လာတဲ့အခါ ရှုမှတ်တဲ့ ရုပ်နာမ်တွေကို ပိုင်းခြားသိလာတယ်။ မှတ်သိခံရတဲ့ ရုပ်အာရုံကတခြား၊ မှတ်သိနေတဲ့ စိတ်ကတခြားလို့ ကွဲပြားပြီး သိလာတယ်။ ဒီလိုသိတော့ ရုပ်နာမ်နှစ်ပါး ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရတာဘဲ။

အဲ့ဒီ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်လာတော့ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ မရှိဘူး၊ ရုပ်နာမ်နှစ်ရပ် အစဉ်မပြတ်ဖြစ်နေတာဘဲလို့ သိပြန်တယ်။

အဲဒီလို သိလာတာ ဒိဋ္ဌိဝိသုဒ္ဓိဘဲ၊ ဒီဉာဏ်ရောက်မှ ဗုဒ္ဓဘာသာ အစစ် သမ္မာအယူအစစ်ဖြစ်တယ်။ ပေါ်ရာပေါ်ရာရုပ်နာမ်ကို ရှုမှတ်မြဲ ရှုမှတ်နေရင် အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတာဘဲ၊ ရုပ်တရားတွေကလဲ သူ့အကြောင်းတရားနဲ့ သူ အလိုလို ဖြစ်ပေါ်နေကြတယ်။

နာမ်တရားတွေကလဲ သူ့အကြောင်းနဲ့သူ အလိုလိုဖြစ်ပေါ် နေကြတယ်၊ အကြောင်းနဲ့ အကျိုးရှိတာဘဲလို့ ပိုင်းခြားပြီး သိလာတယ်။ ဒီလိုသိလာတဲ့ဉာဏ်ဟာ ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ။ ဒီကျမှ ငါဟာ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားရအုန်းမှာလဲ စသည်ဖြင့် ယုံမှားမှုကင်းသွားတယ်။ အဲဒီယုံမှားမှု ကင်းပြီး အသိရှင်းသွားတာဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိလို့ ခေါ်တယ်။

ထို့နောက် ဆက်ဆက်ပြီး ရှုမှတ်နေရင်း ရှုမှတ်နေရင်း ရုပ်နာမ်လေးတွေဟာ ပျောက်ပျောက်သွားတာ တွေ့ရမယ်။ တွေ့ရတော့ မမြဲဘူးလို့ သုံးသပ်ဆင်ခြင်တယ်။ ဒါကို အနိစ္စ လက္ခဏာထင်တယ်လို့ ဆိုရတယ်။ မမြဲတော့ ဆင်းရဲတာဘဲ၊ အောင့်ထားလို့ မရတာဘဲလို့ သုံးသပ်ဆင်ခြင်ပြန်တယ်၊ ဒါကို ဒုက္ခ လက္ခဏာထင်တယ်လို့ ဆိုရတယ်။

မမြဲလို့ ဆင်းရဲတော့ မိမိအလိုမကျဘူးပေါ့၊ အစိုးမရဘူးပေါ့၊ ဒီလို အလိုမကျ အစိုးမရတာကို သုံးသပ်ဆင်ခြင်ပြန်တယ်။ ဒါကို အနတ္တလက္ခဏာ ထင်တယ်လို့ ဆိုရတာပါဘဲ။ အဲဒီလို လက္ခဏာသုံးပါး ထင်လာတော့ သမ္မသနဉာဏ် ဖြစ်ပေါ်လာပြီးလို့ ဆိုတယ်။

အဲဒီလို လက္ခဏာရေးသုံးပါး ထင်လာတိုင်း ထင်လာတိုင်း သုံးသပ်ဆင်ခြင်တာများတော့ ရုပ်နာမ်တွေဟာ တရိပ်ရိပ်၊ တလိပ်လိပ်နဲ့ ဖြစ်ပျက်နေတာကို တွေ့ရမယ်။ ဒီတွေ့တဲ့ ဉာဏ်ဟာ ဥဒယဗ္ဗယဉာဏ်ဘဲ။ ဒီဉာဏ်ကျမှ ဖြစ်ပျက်ကို အမှန်အတိုင်းသိတာ အားထုတ်ခါစကပင် ဖြစ်ပျက်မြင်ပြီး ရှုနေတယ် ဆိုတာကတော့ "ရထဝိနိတသုတ်လာ" ဒေသနာတော်နှင့် မညီဘူး။ အဲဒါကို သတိကြပ်ကြပ် ပြုရမယ်။

အဲဒီလို အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တဲ့အခါမှာ အရောင်အလင်းတွေလဲ မြင်ရတတ်တယ်။ ဝမ်းမြောက်တဲ့ ပီတိတွေလဲ ဖြစ်လာတတ်တယ်။ အဲဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်ဘဲလို့ စိတ်ထဲမှာထားပြီး ရှုမှတ်မြဲအတိုင်း ဆက်ပြီး ရှုမှတ်ရမယ်။ ဒါတွေ တရားထူးလို့ အထင်မှားပြီး နှစ်သက်နေရင် တရားမတက်ဘဲ အမှားဘက်သို့ လိုက်ရာကျတတ်တယ်။ ဒါတွေ လမ်းမှားဘဲ။ မပြတ်ရှုမှတ် သိနေတာကမှ လမ်းမှန်ဘဲလို့၊ ဒီလို ဆုံးဖြတ်တဲ့ ဉာဏ်ဟာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဘဲ။ အဲဒါ ပုထုဇဉ်များမှာ ဖြစ်စဉ်ပါဘဲ။ အရိယာများမှာတော့ ဆိုခဲ့တဲ့

အတိုင်း ဥဒယဗ္ဗယဉာဏ်က စ၍ အားထုတ်ရပါတယ်။ ထို့ကြောင့် အချို့နေရာမှာ ဖြစ်ပျက်ကစပြီး ရှုတာတွေဟာ အရိယာပုဂ္ဂိုလ်တွေ ရှုမှတ်နေတာနဲ့ တူနေတယ်။

နောက်တချက်တော့ ဖြစ်တယ် ပျက်တယ်ဆိုတာ သင်္ခတ ရုပ်နာမ်တွေရဲ့ လက္ခဏာဘဲ၊ လက္ခဏာဆိုတာ အထည်ဒြပ် သိပြီးမှ ရှုမြင်လို့ရပါတယ်၊ ဥပမာ နွား၏အမွေး၊ နွား၏ချို စသည်ကို နွားကောင်ကြီးကို မြင်ပြီးမှ သိနိုင်ပါတယ်၊ နွားကို မမြင်ရသေးဘဲနဲ့ အမွေးက နီတယ်, ဖြူတယ်, ချိုထောင်တယ်, ချိုကားတယ်လို့ သိနိုင်ပါ့မလား။ ဒီလိုဘဲ ရုပ်နာမ်တွေရဲ့ အထည်ကိုယ်သဘောစကို ကနဦးရှုမှတ်ပြီးမှ သူတို့ရဲ့ ပျောက် ပျက်သွားတာကို သိမြင်နိုင်ပါတယ်။ သဘောရင်းကို အကျိုး အကြောင်းနှင့် တကွ ခွဲခြားသိတာက နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ အဖြစ် အပျက်သိတာက ဥဒယဗ္ဗယဉာဏ် ဒီလိုယူရပါ့မယ်၊ အဖြစ်အပျက်ကို စပြီးရှုတော့ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ကျော်လွှားပြီး ရှုမှတ်ရာကျပါတယ်။

ဒါကြောင့် ပုထုဇဉ်နှင့် လုံးဝမဆိုင်ဘဲ အရိယာတို့နှင့်သာ သက်ဆိုင်သည့် မဟာပစ္စဝေက္ခဏာခုနှစ်ပါးထဲက ပထမပစ္စ ဝေက္ခဏာဖြစ်ပုံကို ကောသမ္ဗိယသုတ်မှလာတဲ့အတိုင်း ဆောင် ပုဒ်စီထားပါတယ်။

ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍၊ ဆင်ခြင်ရှုကြည့် ဖြစ်ပျက်မိ၊ အသိရှင်းသည်သာ။

ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေဆိုး၊
ဖြစ်ရိုးမရှိပါတဲ့။

သောတာပန်ပုဂ္ဂိုလ်ဟာ တရားအားထုတ်လို့ သင့်တော်မည့် ဆိတ်ငြိမ်ရာ အရပ်မှာဝင်ပြီး မိမိသန္တာန်မှာ ဖြစ်ပေါ်နေသည့် ရုပ်နာမ်တွေကို ရှုမှတ်ကြည့်ရင် အဖြစ်အပျက်ကို ရှင်းရှင်း လင်းလင်းသိနိုင်ပါတယ်၊ လွှမ်းမိုးတဲ့ ကိလေသာဆိုးတွေ ဖြစ်ရိုးမရှိပါဘူး။

အဲ-ခုနက ဥဒယဗ္ဗယဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ထိအောင် ဖြစ်စဉ်ကို ပြောခဲ့ပြီ၊ ထို့နောက် ရှုမြဲရှုမှတ်နေရင် အသိဉာဏ်တွေဟာ တစထက်တစ တိုးတက်ပြီး သကာလ လျှင်မြန်လာတတ်ပါတယ်၊ မှတ်ရတဲ့ အာရုံရော၊ မှတ်သိတဲ့ စိတ်ရော၊ ရိပ်ကနဲ ရိပ်ကနဲ လျှင်လျှင်မြန်မြန် ပျောက်ပျောက် သွားတာကို တွေ့ရတယ်၊ ဒီလိုပေါ်လာတဲ့ အာရုံရောမှတ်သိတဲ့ စိတ်ရော အတွဲလိုက် အတွဲလိုက်တစုံတစုံ ပျက်ပျက်သွားတာကို တွေ့မြင်နေတာက ဘင်္ဂဉာဏ်လို့ခေါ်တယ်။

အဲ့ဒီလို အပျက်ကြီးတွေ့နေရတော့ ကြောက်စရာ ထင် လာတယ်၊ အဲ့ဒါက ဘယဉာဏ်ဘဲ၊ ရုပ်နာမ်၊ ဓမ္မသင်္ခါရ တို့၏ အပျက်တွေမြင်တော့ အပြစ်မြင်တော့တာဘဲ၊ အဲ့ဒီ ဉာဏ်က အာဒီနဝဉာဏ် သံသရာထဲမနေချင်တော့ဘဲ ငြီးငွေ့ လာတယ်၊ နိဗ္ဗိန္ဒဉာဏ်ဘဲ၊ ဒီဉာဏ်ဖြစ်ပေါ်လာတော့ ဘယ် လောက်ချမ်းသာတယ်လို့ ထင်နေတဲ့ဘဝမျိုးမှ မလိုချင်

တော့ဘူး၊ မမက်မောတော့ဘူး၊ ဒီတော့ သံသရာဝဋ်မှ လွတ်ချင်တဲ့ အမြင်တွေဖြစ်ပေါ်လာတယ်၊ အဲဒီလို ဖြစ်ပေါ်လာတဲ့ ဉာဏ်ဟာမုဉ္စိတုကမျဉာဏ်ဘဲ၊ လွတ်ချင်တော့ လွတ်အောင် တဖန်ပြန်ပြီး ရှုတဲ့ဉာဏ်ဟာ ပဋိသင်္ခါဉာဏ်ဘဲ။

အဲဒီလို တဖန် ပြန်ပြီးပေါ်လာသမျှ သင်္ခါရတွေကို အသာတကြည် သိရုံလောက်မှန်မှန်ရှုနေတယ်၊ ဒီဉာဏ်ဟာသင်္ခါရုပေက္ခာဉာဏ်ပါဘဲ၊ ဒီသင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာတော့ အင်မတန်ဘဲ ရှုမှတ်လို့ကောင်းပါတယ်။

ယောဂီပုဂ္ဂိုလ်က အထူးဝါယမစိုက်ပြီး မရှုမှတ်ရတော့ဘဲ အလိုလို သူ့သဘောနဲ့သူ ဆောင်နေတာ အလွန်တရာ ငြိမ်သက် သိမ်မွေ့နေတာ၊ ဒီဉာဏ်ရင့်သန်လာတဲ့အခါ အနိစ္စ၊ ဒုက္ခ အနတ္တလက္ခဏာကို ကောင်းစွာ လျင်မြန်စွာ သိသိပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် သင့်လျော်သော အနုလောမဉာဏ် ဖြစ်ပေါ်လာတယ်၊ ဒီဉာဏ်က နိဗ္ဗာန်ပိုလိုက်တော့၊ ပုထုဇဉ်နွယ်ဖြစ်၍ အရိယာနွယ်ဇာတ်သို့ ရောက်မည့် ဂေါတြဘူဉာဏ် နိဗ္ဗာန်ကို လှမ်းမြင်လိုက်တယ်၊ ဒီကျမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုက်ပြီး သွားတယ်။

အဲဒီဉာဏ်တွေထဲမှာ မဂ္ဂါမဂ္ဂဉာဏဝိသုဒ္ဓိ ဖြစ်ပြီးသည့်နောက် အနုလောမဉာဏ်ရောက်အောင် ဖြစ်ပေါ်လာတဲ့ ဉာဏ်တွေကို ပဋိပဒါဉာဏဒဿန၊ ဝိသုဒ္ဓိလို့ ခေါ်တယ်။ နိဗ္ဗာန်ကိုမျက်မှောက်တွေ့တဲ့ မဂ်ဉာဏ်လေးပါးကိုတော့ ဉာဏ

ဒဿနဝိသုဒ္ဓိလို့ခေါ်တယ်၊ အဲဒီလိုဉာဏ်စဉ်ဝိသုဒ္ဓိအစဉ်အတိုင်း ဖြစ်အောင် အချိုးကျကျကျင့်သွားနိုင်ကြရင် မဂ်ဖိုလ်နိဗ္ဗာန်ကို အလျင်မြန်စွာ ရလိုပါ၏၊ ဆုတောင်းကြသည့် အတိုင်း တောင့်တကြသည့်အတိုင်း မဆိုင်းမတွရောက်ကြပါလိမ့်မည်။ ဒါကြောင့် ဆရာတော်ဘုရားက—

အစဉ်မမှား ရှုကာပွားက၊ လိုလားနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ ကျင့်ရန် ဝိသုဒ္ဓိခုနစ်တည်းဟု ဆိုထားပါတယ်။

အဲ့ဒီလို ဉာဏ်စဉ်ဝိသုဒ္ဓိ အစဉ်အတိုင်း အချိုးကျအောင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်းကျမ်းစသည်မှာလဲ အထင်အရှားဖော်ပြထားပါတယ်၊ ကဲ–တရားသိမ်းကြစို့။

ယခု တရားနာလာကြတဲ့ အားလုံးသော ဒကာ ဒကာမတွေ ယောဂီသူတော်စင်တွေ မိမိတို့ ရှေးအခါကစပြီး ယနေ့ကျအောင် လှူဒါန်းခဲ့ကြသော ဒါနကုသိုလ်တွေ လတိုင်း လတိုင်း ချစ်ရက် လပြည့် လကွယ်မှစ၍ နေ့စဉ်နှင့်အမျှ ကျင့်သုံးဆောက်တည်ခဲ့ကြသော သီလကုသိုလ်တွေ၊ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ပွားများ အားထုတ်ခဲ့ ကြသော ဘာဝနာကုသိုလ်တွေ ဤသို့ပေါင်းစု ကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် မိမိတို့အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ကို စိတ်သန်သော ဗောဓိဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ၊ သာဓု၊ သာဓု၊ သာဓု။

# ၂၆။ အရိယာအစစ်ဖြစ်မဖြစ်

အဂ္ဂမဟာဓမ္မကထိက၊ လောကမာရဇိန် ရွှေဘိုဆရာတော်ဘုရားကြီး၏ အရိယာစစ်တန်းတရားတော်မှ ဗဟုသုတဖြစ်ကြစေရန် ရည်သန်၍ သောတာပန်ပုဂ္ဂိုလ်များ ပယ်အပ်သောတရားတို့ကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

× အကုသိုလ်စိတ် (၁၂) ပါးတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ် (၄) ခုနှင့် ဝိစိကိစ္ဆာ ဤတရားငါးပါးကို ပယ်သည်။ ကျန်ခုနစ်ပါးကို အမြစ် ပြတ်အောင် မပယ်နိုင်။

× အာသဝ (၄) ပါး ဩဃ (၄) ပါး၊ ယောဂ (၄) ပါး တို့တွင် ဒိဋ္ဌာသဝ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂ၊ တပါးစီသာ ပယ်နိုင်သည်။ ကျန်သုံးပါးကို မပယ်နိုင်။

× ဂန္ထ (၄) ပါး၊ ဥပါဒါန် (၄) ပါးတို့တွင် သီလဗ္ဗတပရာမာသ ကာယဂန္ထ။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ၊ ဤနှစ်ပါးကိုပယ်နိုင်သည်၊ ကျန်နှစ်

ပါးကို မပယ်နိုင်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။ ဤသုံးပါးကို ပယ်နိုင်သည်။ ကာမုပါဒါန်ကိုမပယ်နိုင်။

× နီဝရဏ (၆)ပါးတို့နှင့် ဝိစိကိစ္ဆာ၊ နီဝရဏ၊ တပါးသာပယ်နိုင်သည်၊ကျန်ငါးပါးကို မပယ်နိုင်။

× အနုသယ(၇)ပါးတို့တွင် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာ နုသယနှစ်ပါးသာ ပယ်နိုင်သည်။ ကျန်ငါးပါးကို မပယ်နိုင်။

× သုတ္တန်နည်းသံယောဇဉ် (၁၀) ပါး တို့တွင် ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ် ဤသုံးပါးကိုသာ ပယ်နိုင်သည်။ ကျန်ခုနစ်ပါးကို မပယ်နိုင်။

× အဘိဓမ္မာနည်းသံယောဇဉ် (၁၀)ပါးတို့တွင် ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဤသုံးပါးကိုသာ ပယ်နိုင်သည်။ ကျန်ခုနစ်ပါးကို မပယ်နိုင်။

× ကိလေသာ (၁၀) ပါး တို့ တွင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ဤနှစ်ပါးသာ ပယ်နိုင်သည်။ ကျန်ရှစ်ပါးကို မပယ်နိုင်။

× ဒုစရိုက်တရား(၁၀)ပါးတို့တွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊

နိယတမိစ္ဆာဒိဋ္ဌိ၊ ဤငါးပါးကိုသာ ပယ်နိုင်သည်။ ကျန်တရားငါးပါးနှင့် အနိယတ မိစ္ဆာများကို မပယ်နိုင်။

× မိစ္ဆတ္တတရား(၁၅)ပါးတို့တွင်မိစ္ဆာဒိဋ္ဌိ၊ မုသာဝါဒ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ မိစ္ဆာဇီဝ ဤတရားခြောက်ပါးသာ ပယ်နိုင်သည်။ ကျန်ကိုးပါးကို မပယ်နိုင်။

× လောကဓံ တရား(၈)ပါးတို့တွင် တခုမှ အကြွင်းမဲ့ မပယ်နိုင်၊ ပုထုဇဉ်တို့လောက်တော့ မတုန်လှုပ် မစိုးရိမ်တော့ချေ။

× မစ္ဆရိယ(၅)ပါးတို့တွင် ငါးပါးစလုံး အကုန် ပယ်၏။ ဤနေရာ၌ မစ္ဆရိယကို ပယ်သော်လည်း သူနှင့်အတူတကွဖြစ်သော ယှဉ်ဖေါ်ယှဉ်ဖက်ဒေါသ ကိုကား မပယ်နိုင်၊ သတိပြုပါ၊ ထိုနည်းအတူ ဣဿာကို ပယ်နိုင်၏။ ဒေါသကိုမပယ်နိုင်။

× ဆန္ဒာဂတိစသော အဂတိတရား (၄)ပါးတို့တွင် လေးပါးလုံး အကုန်ပယ်၏။ ဆန္ဒဒေါသ၊ မောဟ တို့ကိုကား မပယ်နိုင်။

## ၂၇။ တနည်း စစ်ဆေးကြည့်ရန်

(၁) တရားအားထုတ်မှု၌ မမေ့ မလျော့သော သောတာပန်။

(၂) အားမထုတ်ဘဲ မေ့လျော့နေသောသောတာပန်ဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ပထမပုဂ္ဂိုလ်သည် မရပ်မနားအားထုတ်နေမှ ဖိုလ်ဝင်စားနိုင်သည်။ အမှတ်တရားကို ရပ်နားပြီးနေလျှင် ရုပ်တရက် မဝင်စားနိုင်၊ ဖိုလ်ဝင်စားရာမှလည်း အာဝဇ္ဇနဝသီဘော် စသောငါးပါးနိုင်နင်းမှ တာရှည် ဝင်စားနိုင်သည်။

တနည်း ပရိတ်ကြီး ပါဠိတော် "စတုဟ ပါယေဟိစ" ဂါထာ "ကိဉ္စာပိသောကမ္မကရောတိ" ဂါထာတို့ကိုထောက်၍ အနည်းငယ် ကိလေသာတရားရှိသေးငြားသော်လည်း အနန္တရိယတင်ငါးပါးနှင့် တိတ္ထိတို့ကို ဆရာဟူ၍ ညွှန်ပြမှု၊ ဤသို့ ပေါင်းစု ကြီးလေးသောအကြောင်း ခြောက်ခုတို့ကို မပြုပါ။

သို့အပြင် ကိုယ်၊ နှုတ် စိတ်တို့ဖြင့်ယုတ်မာညစ်ကြူ မကောင်းမှုကိုပြုလုပ်စေကာမူ ပြုပြီးသော မကောင်းမှုကို ပုထုဇဉ်များသို့ ဖုံးလွှမ်းကွယ်ဝှက်၍ မထားတော့၊ ဤသည်ကား သောတာပန် ဖြစ်မဖြစ် စိစစ်ဘို့ရာ အကျဉ်းချုပ် ဖော်ပြလိုက် ပါသည်။ သို့ကြောင့် ရွှေဘိုဆရာတော်က—

"သောတာပန်စစ်၊ ဖြစ်မဖြစ်၊ စိစစ်ကြည့်ရှုရန်။
နည်းလမ်းမှန်စွာ၊ အားထုတ်ပါ ဖြစ်မှာသောတာပန်။
သောတာပန်များ ဖြစ်ကြောင်းကား၊ လေးပါး
ဂုဏ်အင်္ဂါ" ဟု မိန့်ဆိုတော်မူပါသည်။

# ၂၀။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားရှုနည်း နှင့်

## (စကားပလ္လင်)

ကျွန်ုပ်သည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလကို လွန်ခဲ့သော အနှစ်လေးဆယ်ကျော်လောက်က ဖူးမြင်ဘူးပါသည်၊ ထိုစဉ်က ဆရာတော်ကြီးမှာ အဘိဓမ္မာ ဝိပဿနာတရား ဟောကြားခြင်းမရှိသေးပါ၊ တောင်မြို့မှာ အဘိဓမ္မာ ညဝါယမိုက်ပဋ္ဌာန်း ကျမ်းတို့ကိုသာ ကြိုးပမ်းတကုတ် အားထုတ်ပို့ချကာ သာသနာပြုနေသည်ကို သိရပါသည်၊ ကျွန်ုပ်လဲ စာသင်သားရဟန်းငယ်ဘဝမှာပင် ရှိသေးသဖြင့် ညဝါပဋ္ဌာန်းကျမ်းကြီးကို ဥပနိဿယည်း ခံယူခဲ့ဘူးပါသည်၊ ထို့နောက်မှ ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် တပည့်တပန်း ရဟန်းသာမဏေများနှင့် လူဒါယကာ ဒါယိကာမအပေါင်းတို့ကို နှစ်ထောင်းအားရ သဘောကျလောက်

အောင် တရားဓမ္မ ဟောပြော ပြသနေသည်ဟု ကြားသိရပါသည်။

အထူးအားဖြင့် ဆရာတော်ကြီးမှာ အဘိဓမ္မာဘက်သာ အားသန်လျက်ရှိသည့် အဘိဓမ္မာပါရဂူကြီးတပါးဟု သာသနာတွင် ထင်ရှားကျော်ကြားလျက်ရှိပါသည်၊ ငယ်စဉ်က ဥပနိဿယည်း ခံခဲ့ဘူးသည့်အတွက် သံယောဇဉ်ငြိလျက် ထိုဆရာတော်ကြီး၏ တရားဓမ္မကို နာကြားလိုလှသောဆန္ဒ ပြင်းထန်လှသဖြင့် တနေ့နေ့တွင် တရားသဘင် ဆင်ယင်ကျင်းပရာဌာနသို့ သွား၍ တရားနာရန် အတန်တန်ကြိုးစားသော်လည်း တခါမျှ သူကိုယ်တိုင် ဟောကြားသည်ကို မနာခဲ့ရဘူးပါ၊ သို့ရာတွင် ဆရာတော်ကြီး ဟောကြားသော တရားတို့ကို စုပေါင်းရိုက်နှိပ်ထားသော ကျမ်းစာများကိုသာ ထပ်ခါ ထပ်ခါ နေ့ညမစဲ အမြဲကြည့်ရှုကာ ရောင့်ရဲနေရပါသည်။

လွန်ခဲ့သော (၁၅)နှစ်လောက်က ကျွန်ုပ်နေထိုင်ရာ ဂွတ္တလစ်ရပ်ကွက်မှာ ဦးချစ်မောင်လမ်းတွင် ဓမ္မမိတ်ဆွေ ဦးတင်အောင်အိမ်၌ အန္တရာယ်ကင်း ပရိတ်ရွတ်ရင်း ဆရာတော်ကြီးကိုယ်တိုင် ဟောကြားသော တိတ်ရိကော်တာသွင်းထားသည့် တရားကို ကြားနာရသဖြင့် များစွာပင် အားရနှစ်သိမ့်သွားပါသည်။

ထို့နောက် ကျွန်ုပ်သည် ဆရာတော်ကြီးကို ကြည်ညိုရင်းစွဲ နှလုံးထဲ၌ စွဲမြဲနှစ်မြှုံနေသဖြင့် မိုးကုတ်မြို့ ရွှေဘိုဆရာတော် ထံပါးသို့ ရောက်သွားတိုင်း ရောက်သွားတိုင်း ဆရာတော်ကြီး ရိပ်သာ တည်ရှိရာသို့သွား၍ ဝမ်းပန်းတသာ

ကြည်ညိုရပါသည်၊ ဆရာတော်ကြီး ပြန်လွန်တော်မူပြီးသော်လည်း ဆရာတော်ကြီး၏ ရှေးကံရှေးဘုန်း ကြည်ညိုရှဲမဆုံး ဖြစ်နေပါသည်၊ ဆရာတော်ကြီး၏ ရိပ်သာမှာ မိုးကုတ်မြို့ လယ် လမ်းမကြီး၏ အနီးအပါးတည်ထားသဖြင့် မိုးကုတ်မြို့သို့ ရောက်သူတိုင်း မှိုင်းမှိုင်းညို့ညို့ ရှုလို့မငြီး အံ့ချီးမကုန် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည်ကို တွေ့မြင်နိုင်ပါသည်။

မိုးကုတ်ရိပ်သာ တည်နေရာမှာ လူတကာ မြင်နိုင်သော တောင်ဝှမ်း တောင်စခန်း တောင်တန်းတို့၏ ခြေရင်းတွင် တည်နေခြင်းရှိသဖြင့် မုခ်ဦးတန်ဆောင်း ဂူကျောင်း ပြာသာဒ် အထပ်ထပ်နှင့် လှူလမ်း နတ်လမ်း စောင်းတန်းအထွေထွေ စိမ်းလန်းစိုပြေ၍ သစ်ပင်တွေ ပန်းပင်တွေ ဝိုင်းပတ်ဝေဆာ သာယာတင့်မောလှပေသည်၊ ဘုရား ဂန္ဓကုဋိကုဏ်တော်များ နှင့် ရဟန်းသံဃာတော်များနေရာ၊ အမျိုးသူတို့ တရားယူဘို့ နေရာ၊ တကျောင်းနှင့် တကျောင်းမှာလည်း မကွာမနီး စစည်းတည်ဆက်လျက် တဘက်နှင့်တဘက် အထက်အောက် စီရရီ ဆောက်တည်ထားပုံမှာ နတ်ဘုံ နတ်နန်း ပုံပမာ ရှုမခန်း အံ့မကုန် ကျက်သရေမင်္ဂလာစုံလှပေသည်။

လူအများတို့ သွားရာလမ်းခရီးအနီးမှာလည်း ယိုစီးကျနေသောစိမ့်ရေ စမ်းရေအထွေထွေတို့က အပန်းဖြေစရာ တနေရာနှင့် တနေရာ အလှမ်းမကွာ ဆန်းတင့်စွာ ဖြာဆင်း၍ အလှအခင်းကို ကျင်းပသော အသွင်ထင်နေရပေသည်။၊ နေရောင်ခြည်သင်း၍ အလင်းရောက်သောနေ့အခါတွင် ဝါကျင်းဝင်းဖြာ ဆီးနှင်းတွေ

ဖြာလျက်သာယာ သောငှက်သံတို့က အထက်နှင့်ဆော် ကောင်းကင်ယံ၌ တက်ပြန်ကျပြန် အဖန်ဖန်ဖြင့် အသံမစဲ မြင်ရသူစိတ်နှလုံးကို အမြဲယူကြုံး နှစ်သိမ့်လို့မဆုံးရှိပေသည်။ နေခြည်ရောင်ပျောက်၍ ညအခါ ရောက်သောအချိန်တွင် ခတ်မီးရောင် တထိန်ထိန်ဖြင့် ဝတိန်ပြည် သုဒဿနနန်းကဲ့သို့ တင့်ဆန်းထွန်းပ ရှုကြည့်လို့မဝ ဖြစ်နေရပါသည်။ မြို့ကလည်းလှပ ဌာနကလည်းကောင်းသဖြင့် ရောက်သူအပေါင်းတို့မှာ "အောက်သားတို့မပြန်ချင် မိုးကုတ်ကျပ်ပြင်"ဆိုသကဲ့သို့ သူတော်ကောင်း စိတ်ရှိသူမှန်သမျှ ပြန်ချင်ကြမည်မဟုတ်ပေ။

သူတော်ကောင်းတို့၏ ကိန်းအောင်းစံရာ တည်နေရာကား အလွန်တရာ ဆိတ်ငြိမ် သာယာလှပါပေ၏တကားဟု ဝမ်းပန်းတသာ မြင်ခဲ့ရပါသည်၊ ယခုအခါသာ ဆရာတော်ကြီး အသက်ဝိညာဉ်ရှိနေပါလျှင် သာ၍ပင် ကြီးကျယ်ခန်းနား စည်ကားလိမ့်မည်ဟု စဉ်းစားကာ တွေးတော၍ ငေးမောမိခဲ့ပါသည်၊ သို့သော် "နေမင်းကြီးဝင်သွားသော်လည်း နေရောင်ခြည်ကား မပျောက်ချေ"ဆိုသလို ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဟောကြားခဲ့သော တရားတွေက ဤအဆောက်အဦး ဗိမာန်တွေအတွင်းမှာ ထွန်းလင်းတောက်ပလျက် ရှိနေပေလိမ့်မည်၊ ထိုနည်းအတူ ဆရာတော်ကြီးရောက်ရာ ရောက်ရာ ရန်ကုန်မြို့ မိုးကုတ်ရိပ်သာစသော မြို့ရွာတို့၏ အဆောက်အဦး ဗိမာန်ကြီးတွေအတွင်းမှာလည်း တဝင်းဝင်း တပြောင်ပြောင် ထွန်းလင်းရောင်တောက်ပလျက် ရှိနေပေလိမ့်မည်၊ စသည် စသည်ဖြင့် ကြံစည်လျက် ပြန်လည်ခဲ့ရပါသည်။

ထိုဆရာတော်ကြီး ဟောကြားသောတရားတို့ကို မိမိဉာဏ်မှီ သလောက်နှင့် ရိုက်နှိပ်ပြီး ကျမ်းစာများကိုထောက်၍ တရား ဟောလို့လဲဖြစ်အောင် စကားပြောလို့သဲရအောင် ဖတ်ရှုလို့လဲ ကောင်းအောင် သုံးမျိုး သုံးစားထား၍ ရေးသားဖော်ပြပါ မည်။

ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံခိုက် အမြိုက်နိဗ္ဗာန်ကို ရည်သန်၍ အားထုတ်လိုသော ယောဂီများအတွက် သံသရာ ဝဲဂယက်မှ ထွက်ရာ ထွက်ကြောင်း လမ်းကောင်း လမ်းမှန် ကျမ်း ဂန်နှင့်အညီ၊ ဖော်ပြရမည်ဆိုလျှင် အသိမှန်တဲ့ သတိပဋ္ဌာန်ကို နားလည်ရန် ကြိုးစားအားထုတ်ဘို့လိုပါသည်။ အဘယ့်ကြောင့် ဆိုသော် သတိပဋ္ဌာန်သည် ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဘုရား ကိုယ်စား ထားတော်မူခဲ့သော နိဗ္ဗာန်ရောက်ရန် တကြောင်း တည်းသော လမ်းခရီးဖြစ်ပေသည်။

တကယ်ချမ်းသာသော နိဗ္ဗာန်မှာ လောကအတွင်း၌မရှိ၊ လောက၏အပြင်ဘက်သာရှိသော ဗဟိဒ္ဓတရား ဖြစ်သည့်အတွက် လောကမှ ထွက်မှသာ နိဗ္ဗာန်ရောက်နိုင်မည်၊ လောကမှ ထွက်ရန် ဒီအတိုင်း နေလို့မဖြစ်၊ ထွက်ပေါက်လမ်းခရီးကို ရှာမှီးရပေလိမ့် မည်။

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှာ ရောဟိတနတ်သားက မြတ်ဘုရားကို လျှောက်ထားတယ်၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကြင် နိဗ္ဗာန်ရွှေပြည်ကြီးမှာ ပဋိသန္ဓေ နေရတဲ့ ဆင်းရဲလည်းမရှိ၊ အိုရတဲ့ ဆင်းရဲလည်းမရှိ၊ နာရတဲ့ ဆင်းရဲလည်းမရှိ၊ သေရတဲ့ဆင်းရဲလည်းမရှိ၊ တဘန်ထပ်ခါ

ထပ်ခါ မတတ်သာလို့ဖြစ်ရတဲ့ ဆင်းရဲလည်းမရှိ၊ အမြဲမကွာ ချမ်းသာနေတဲ့ နိဗ္ဗာန်သို့ရောက်ရန် အဘယ်သို့ မှန်ကန်သော လမ်းခရီးဖြင့် သွားရပါမည်နည်းဘုရား" ဟု လျှောက်ထား တယ်။

ဒီတော့ မြတ်စွာဘုရားက "နဟိဓေတေဟိယာနေဟိ ဂန္တ ယျ အာဂတံဒိသံ" ရေဟိတနတ်သား၊လောက၌ အသုံးပြုနေ ကြသော လှေယာဉ် လှည်းယာဉ် စက်ယာဉ် အတိညာဉ်တို့ဖြင့် တခါမရောက် တခေါက်မပြန်သော နိဗ္ဗာန်သို့ သွားလို့ မရောက်နိုင်ဘူး၊ "နိဗ္ဗာနပုရံပါပေသိ ယာနတ္တယေန သော ဇိနော" အရိယာမှန် သူတော်ချွန်တို့သာ စီးနိုင်သွားနိုင်သော လက္ခဏာယာဉ် ဓမ္မစကြာယာဉ်ခရီးတို့ဖြင့်သာလျှင် လောက ကြီးတရပ်လုံးထက် အမြတ်ဆုံး နိဗ္ဗာန်ရွှေပြည်သို့ သွားနိုင်တယ်၊ ရောက်နိုင်တယ်လို့ ဖြေဆိုဟောကြားထားပါတယ်။

ဒီစကားကို ထောက်ထား၍ နိဗ္ဗာန်ရောက်သွားနိုင်တဲ့ လမ်း ခရီးကား အနိစ္စ၊ဒုက္ခ၊အနတ္တ ဆိုတဲ့ ယာဉ်သုံးပါးဝိပဿနာ တရားဘဲဖြစ်ပါတယ်၊ "ဝိပဿနာ အယံဝုစ္စတိ အသခ်တ မဂ္ဂေါ"ဟု ဆိုထားတာလဲရှိပါတယ်၊ ဒီတော့ လူ့ဘဝကြီး ရလာတဲ့အခါ လူအစစ် လူအမှန်ဖြစ်ရန် အရေးကြီးတယ်၊ လူအစစ်ဆိုတာ "တဏှာမာနဒိဋ္ဌိ ဝိစိကိစ္ဆာဒိ ကိလေသေ လူနာတိ ဆိန္ဒတီတိလူ"ဟု ဆရာမြတ်တို့ ဝိဂ္ဂိုဟ်ဝစနတ် ပြုထားကြသလို ဒီဝိဂ္ဂိုဟ်အရ တဏှာမာနဒိဋ္ဌိ ဝိစိကိစ္ဆာ စသော ကိလေသာ တရားတို့ကို သတ်နိုင် ဖြတ်နိုင်မှ လူအစစ်ဖြစ်တတ်။

သို့မဟုတ် အမိုက်ကြီးငါးပါးနဲ့ အမိုက်မှောင်ကျနေလျှင် လူအန္ဓ၊ လူအတုအပတွေဘဲ ဖြစ်နေမယ်၊ အမိုက်ကြီးငါးပါး ဆိုတာ (၁)ကံ ကံ၏အကျိုးကိုမသိတဲ့ ကမ္မသမ္မောဟအမိုက်ကြီး၊ (၂) ခန္ဓာအာယတန ဓာတ်သစ္စာကိုမသိတဲ့ ဓမ္မသမ္မောဟ အမိုက်ကြီး၊ (၃) ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့ ပစ္စယသမ္မောဟ အမိုက်ကြီး၊ (၄) လက္ခဏာရေးသုံးပါးကိုမသိတဲ့ လက္ခဏာ သမ္မောဟအမိုက်ကြီး၊ (၅) နိဗ္ဗာန်ကိုမသိတဲ့ နိဗ္ဗာနသမ္မောဟ အမိုက်ကြီး၊ ဤအမိုက်ကြီးငါးပါးနဲ့ ညားနေလျှင် အလကား လူ ဖြစ်သွားကြမယ်။

သို့ဖြစ်၍ အမိုက်မှောင်ပျောက်ပြီး အလင်းရောင်ရောက်တဲ့ လူလိမ္မာဖြစ်ဘို့ အရေးကြီးတယ်၊ အလင်းရောင် ရောက်ဘို့ကလဲ ငါးပါးရှိတယ်၊ (၁)ကံ ကံ၏အကျိုးကိုသိတဲ့ ကမ္မဿကတဉာဏ်၊ (၂) ခန္ဓာအာယတနဓာတ်သစ္စာကို သိတဲ့ ဓမ္မဝဝတ္ထာနဉာဏ်၊ (၃) ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့ ပစ္စယဝဝတ္ထာနဉာဏ်၊ (၄) လက္ခဏာ ရေးသုံးပါးကိုသိတဲ့ လက္ခဏာ ပဋိဝေဒဉာဏ်၊ (၅) နိဗ္ဗာန်၏ သဘောကိုသိတဲ့ နိဗ္ဗာနပဋိဝေဒဉာဏ်၊ ဤအလင်းရောင်ကြီး ငါးပါးနှင့်ပြည့်စုံမှ လူမှန် လူစစ်ဖြစ်၍ လူဖြစ်ကျိုးနပ်တယ်၊ သာသနာတော်ကြီးနှင့် ကြုံကြိုက်နေပါလျက် ဝိပဿနာတရား အားမထုတ်ပါလျှင် ဘုရင့်သားဖြစ်ပါလျက် ထီးနန်းနဲ့မထိုက် ဘန်သော သားမိုက်နှင့်တူနေလိမ့်မယ်။

## ၂၉။ မိုးကုတ်ဆရာတော်ဘုရားကြီး၏

## ဝိပဿနာရှုနည်း

ကဲ–ကဲ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြုံခိုက် အမြိုက်နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် နည်းလမ်းကျကျ စိတ္တာနုပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းကြ၊ စိတ်တလုံးကိုနိုင်လျှင် သမာဓိခိုင်သည်။သမာဓိခိုင်လာလျှင် ပညာဟာ တဖြည်းဖြည်းပိုင်လာပါလိမ့်မည်။ခန္ဓာကိုယ်အတွင်း လိုရင်းမှာ စိတ်ပါဘဲ၊ ဒါကြောင့် "စိတ်သာ ရှင်စေ တရားဟောလို့"ဆိုကြတယ်။

စိတ်ကို လိုရင်းခြုံး၍ အကျဉ်းရုံးကြည့်လျှင်....

(၁) အိမ်ရှင်ဖြစ်သော စိတ်နှစ်ခု၊

(၂) အပြင်ဧည့်သည်ဖြစ်သော စိတ်ခြောက်ခု၊

(၃) အတွင်းဧည့်သည်ဖြစ်သော စိတ်ငါးခု။

အားလုံးပေါင်း၍ စိတ်(၁၃)ခုကို သတိပြုရမယ်။

ပထမစ၍ ရှုရန်မှာ အိမ်ရှင်စိတ်နှစ်ခုကို စ၍ရှုရတယ်၊ အိမ်

ရှင်စိတ်နှစ်ခုဆိုတာ ဝင်သက်လေကို သွင်းသော စိတ်နှင့် ထွက်သက်လေကို ထုတ်သော စိတ်တို့ကို ဆိုပါသည်။

အပြင်ဧည့်သည်ဖြစ်သော စိတ်ခြောက်ခုဆိုသည်မှာ (၁)မြင်စိတ်၊ (၂) ကြားစိတ်၊ (၃) နံစိတ်၊ (၄) စားစိတ်၊ (၅)ယားစိတ်၊ (၆) တွေးစိတ်တို့ကိုဆိုပါသည်။

အတွင်းဧည့်သည်ဖြစ်သော စိတ်ငါးခုဆိုသည်မှာ (၁)လောဘစိတ်၊ (၂) ဒေါသစိတ်၊ (၃) မောဟစိတ်၊ (၄)အလောဘစိတ်၊ (၅) အဒေါသစိတ်တို့ကိုဆိုပါသည်။

ရှုပုံရှုနည်းမှာ ရှေးဦးစွာ အိမ်ရှင်ဖြစ်သော စိတ်နှစ်ခုကို ရှုပါ၊ ထိုစိတ်နှစ်ခု မရှုနိုင်မှ အပြင်ဧည့်သည် အတွင်းဧည့်သည် ဖြစ်သော စိတ်များကို ရှုရပါမည်။

ဒါဖြင့်လျှင် ဘာနဲ့ရှုရမှာလဲဟုမေးစရာရှိပါတယ်၊ (၁)သမ္မာဒိဋ္ဌိ (၂) သမ္မာသင်္ကပ္ပ (၃) သမ္မာဝါယမ (၄) သမ္မာသတိ (၅) သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တရား ငါးပါးနှင့် ရှုရမယ်၊ ဥပမာအားဖြင့် ပြရလျှင် အိမ်တအိမ်မှာ သားသမီးဟာ အိမ်သည်များဖြစ်ကြပါတယ်။ သားသမီးများ လိမ်မာမှ အိမ်သာယာမည်ဖြစ်သဖြင့် အရေးအကြီးဆုံး နံပါတ်(၁) ဖြစ်ပါတယ်၊ ထို့နောက် အရေးကြီးတာမှာ အတွင်းဧည့်သည်နှင့် တူသည့် ဆွေမျိုးညာတကာ မိတ်သဟာများ ဖြစ်ပါတယ်။ ထိုသူတို့ လိမ္မာမှ အိမ်သာယာမည်ဖြစ်ပါတယ်။ နောက်ဆုံး အပြင်ဧည့်သည်နှင့်တူသည့် တစိမ်းဧည့်သည်များလဲ လိမ္မာဘို့လိုတာပါဘဲ၊ ဒါမှသာလျှင် ထိုအိမ်မှာ အစစ အရာရာ အဆင်ပြေမှာဖြစ်ပါတယ်။

သို့အတွက် ခန္ဓာကိုယ်အိမ်အတွင်းမှာ လိုရင်းဖြစ်တဲ့ ဝင်သက်လေကို သွင်းသောစိတ်နှင့် ထွက်သက်လေကို ထုတ်သော စိတ်တို့ကို မိမိ၏ အသိဉာဏ်ဖြင့် သတိအဖန်ဖန်ထားပြီး တခြားသို့ မသွားရအောင် စောင့်ထိန်းကြပ်မတ် သတိချုပ်၍ နေတာကို ပင် တရားအားထုတ်တယ်လို့ ခေါ်ပါတယ်၊ အဲဒီလို သတိကပ်ပြီး ရှုမှတ်နေတော့ ကိလေသာ ရန်သူတွေ မဝင်နိုင်ဘူးပေါ့။ မိမိခန္ဓာကိုယ်မှာ တကယ်ရှိတာကလဲ ရုပ်နှင့်နာမ် နှစ်ပါးသာရှိတယ်၊ ထိုရုပ်နှင့်နာမ် ကွဲပြားအောင်ရှုလိုက်တော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ခု ကွာသွားတယ်၊ သူတို့နှစ်ခု ကွာရင်ဘဲ စူဠသောတာပန်လောက်တော့ ရောက်သွားတာပါဘဲ အဲဒီစူဠသောတာပန်အဆင့်ထက် မြင့်တက်လာအောင် မဟာသောတာပန်စခန်းသို့ မှန်းပြီး အားထုတ်ကြမှ ဝိနိပါတဆိုတဲ့ ကျချင်ရာကျတဲ့ အပါယ်ဘေးမှ အေးသွားမယ်။

ဒီတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာအောင်ပြုတ်အောင် လုပ်ဘို့ ဆိုတာကလဲသူတို့ ကိန်းအောင်းတဲ့နေရာသိဘို့ လိုပါတယ်။ ဘယ်နေရာမှာ အများဆုံး ကိန်းသလဲဆိုတော့စိတ်ဆိုတဲ့ဝိညာဏက္ခန္ဓာမှာ အများဆုံးကိန်းတယ်။ ငါစွဲဟာ စိတ်မှာ အများဆုံးဖြစ်တယ်၊ ဒါကြောင့် "ငါ့စိတ် လာမစန်းနဲ့ သိသွားမယ်" စသည်ဖြင့် စိတ်ပေါ်မှာသာ ငါစွဲစွဲကြတယ်။ တဏှာမာန ဒိဋ္ဌိဆိုတဲ့ တရားများကလဲ စိတ်ကိုဘဲ မြှောက်ထိုးပင့်ကော် လုပ်နေကြတယ်။

အမှန်မှာ ငါ့စိတ် ဘယ်ဟုတ်မလဲ၊ သူ့အကြောင်း တိုက်ဆိုင်လို့ သူ့သဘောနှင့်သူ ပေါ်လာတာဘဲ၊ ပေါ်ပြီးပေါ်တဲ့

နေရာမှာ ချုပ်သွားတာဘဲ၊ အမြဲမရှိပါဘူး၊ ပျက်စီးသွားတာပါဘဲ၊ မပိုင်ပါဘူး၊ စိတ်ကလေးတခု ဖြစ်ပျက်သွားယင် နောက် အစားထိုးတဲ့ စိတ်ကလေးတခု ပေါ်လာလိုက်၊ချုပ်လိုက် နောက်တခါဖြစ်လိုက်ချုပ်လိုက်နဲ့ ဓမ္မနိယာမအတိုင်းသူ့ ကိစ္စနဲ့သူ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာပါဘဲ။ ဒါပေမဲ့ တဏှာမာနဒိဋ္ဌိက ဝင်စွက်နေတော့ ငါ့စိတ်၊ ငါ့ဟာ၊ ငါပိုင်တာဟု ထင်နေကြတယ်။

ဒါကြောင့် ဒီစိတ်ပေါ်မှာ ယှဉ်ကပ်နေတဲ့ သခင်ဓါတ် အရှင်ဓါတ်ပါသည့် ဒိဋ္ဌိပျောက်အောင် သေအောင် မကိန်းနိုင်အောင် မယှဉ်ကပ်နိုင်အောင် စိတ္တာနုပဿနာဆေးနဲ့ ကျွေးသတ်ရမယ်၊ စိတ္တာနုပဿနာဆိုတာ မိမိသန္တာန်မှာ ပေါ်လာတဲ့ စိတ်ကလေးတွေကို တခြားမပြေးရအောင် ဉာဏ်နဲ့ကပ်ပြီး အကဲခတ်ရတဲ့ အလုပ်ပါဘဲ၊ မြတ်စွာဘုရားကလဲ သူတပါး စိတ်ကို အကဲခတ်ရတာ မှားသော်ရှိ မှန်သော်ရှိမယ်။ မိမိစိတ်ကို အကဲခတ်ရတာကတော့ အမှန်ဆုံးဘဲဟု ဟောကြားထားပါတယ်။

ဝိပဿနာ အလုပ်ဆိုတာ "မုဆိုးစိုင်သင်သလို" အလုပ်လုပ်ရင်း အလုပ်က သင်သွားပါတယ်။ မှားရင်လဲ ပြင်ပေးဘို့ ကမ္မဋ္ဌာနာစရိယ ဆရာတွေ ယခုအခါ အများကြီးရှိပါတယ်။ မေးကြ မြန်းကြ စီစစ်ကြပေါ့၊ မိုးကုတ် ဝိပဿနာ နည်းအရ အလုပ်လုပ်ကြမယ်ဆိုယင် ပဋိစ္စသမုပ္ပါဒ် ဒေသနာဟာ အလွန်တရာအရေးကြီးပါတယ်။ ဒီပဋိစ္စသမုပ္ပါဒ် သဘောကျ နား

လည်မှု အရင်းခံဖြစ်တဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါး ပြုတ်ပါတယ်။

အဘယ့်ကြောင့်ဆိုသော် အကြောင်းကြောင့် အကျိုးဖြစ်တာဘဲ၊ အကြောင်းတရား ချုပ်ခဲ့သော် အကျိုးတရား ချုပ်တာဘဲဟု အကြောင်းအကျိုးတွေ ဆက်စပ်နေမှုကို နားလည်မှု ပုဂ္ဂိုလ်သတ္တဝါ ငါ၊သူတပါး၊ယောကျ်ားမိန်းမရယ်လို့ မရှိဘူး၊ ရုပ်နှင့်နာမ် ဖြစ်လိုက် ချုပ်လိုက် ဖြစ်လိုက် ချုပ်လိုက်နဲ့နေတာဘဲဟု စွဲမြဲ မှန်ကန်စွာ သိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကြောင်းကြောင့် အကျိုးဖြစ်တယ်ဟု အဖြစ်ကိုသိယင် ဉစ္ဆေဒဒိဋ္ဌိပြုတ်တယ်၊အကြောင်းချုပ်ခဲ့သော် အကျိုးချုပ်တာဘဲဟု အပျက်ကိုသိယင်သဿတဒိဋ္ဌိပြုတ်တာဘဲ အဲဒီ ဒိဋ္ဌိနှစ်ပါး ချုပ်သွားမှ အလယ်လမ်းရောက်ပါတယ်၊ ဒိဒိဋ္ဌိနှစ်ပါးခံနေယင် အချိန်ကြာတဲ့ ဒုဗ္ဗလ ဝိပဿနာလို့ခေါ်တယ်၊ မြတ်စွာဘုရားလက်ထက်က အရှင်ဆန္နဟာ အကြောင်းတရားကြောင့်သာ အကျိုးတရားဖြစ်ပေါ်သည့် ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲ တရားအားထုတ်ခဲ့ရာ အနိစ္စ ဒုက္ခ အနတ္တ မြင်ပါလျက်(၄၅)နှစ်ပတ်လုံး မဂ်ဖိုလ် မရနိုင်ဘဲ ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးမှ အရှင်အာနန္ဒာကပဋိစ္စသမုပ္ပါဒ်ဓမ္မ အကြောင်း အကျိုးဆက်ပြလိုက်မှ အကျွတ်တရားရသွားတယ်။

ဒိဋ္ဌိကို သိမှုနဲ့ ပြုတ်ပြီးမှ ပွားမှု နောက်က လိုက်ရပါတယ်၊ ကျွန်ုပ်တို့တတွေဟာ၊ လေကို အမြဲတစေ ရှုရှိုက်နေမှ အသက်ရှင်ကြရပါတယ်၊ထိုလေကို စိတ်နဲ့ပင် ရှုနေတာ ရှိုက်နေတာဖြစ်ပါတယ်၊ အားထုတ်တဲ့စိတ်မပါဘဲနဲ့ ရှုလို့ ရှိုက်လို့မရပါဘူး အကိုး

အကာနဲ့ပြရမယ်ဆိုရင် ဝင်သက် ထွက်သက်ဟာ စိတ်ကြောင့် ဖြစ်တယ်လို့ ဆိုထားပါတယ်၊ ဒီတော့ အချိန်တိုတိုနဲ့ လိုရင်း ရောက်အောင် ပြောရမယ်ဆိုလျှင် "ရှုစိတ် ရှိက်စိတ်"လို့ ခေါ် ကြပါစို့၊ ကျေးဇူးရှင်ဆရာတော်ကြီး ဆုံးမသွန်သင်ထားသည့် အတိုင်း သတိကိုအရင်ထား လုလ္လဝီရိယစိုက် ပညာနဲ့ရှု ဤသုံးခု ဟာ အရေးအကြီးဆုံးပါဘဲလို့ မှတ်ပါ။

ရှေးဦးစွာဝင်လေထွက်လေကို သတိထားပြီး ယင်း လုလ္လဝီရိယ ကြိုးစားစိုက်ပြီး လေကိုရှုတဲ့အခါ ရှုစိတ်ကလေးတွေပေါ်ပေါ် လာတာကို ဉာဏ်ပညာနဲ့ရှုပါ၊ လေကိုရှိက်တဲ့အခါ ရှိက်စိတ် ကလေးတွေ ပေါ်ပေါ်လာတာကို ဉာဏ်ပညာနဲ့ ရှုလိုက်ပါ၊ လူသစ်များအဘို့ဆိုယင် မိနစ်(၂၀)လောက် အစကနဦးမှာ စိုက်စိုက်ပြီး ရှုဘို့လိုပါတယ်၊ "ရှုရမှာ သည်ဝင်သက် ထွက်သက် မဟုတ်ပါ ဝင်လေကို ဖြစ်စေတဲ့စိတ်၊ ထွက်လေကို ဖြစ်စေတဲ့ စိတ်"ကိုသာ အထူးဂရုစိုက်ရှုပါ။

စိတ္တာနုပဿနာဆိုတာ စိတ်ကိုသာ ရှုရမှာဖြစ်တဲ့အတွက် ရှုရ မှာကလည်း "ဝင်သက် ထွက်သက်မဟုတ်ပါ၊ ဝင်လေကို ဖြစ်စေ သောစိတ်၊ ထွက်လေကို ဖြစ်စေသောစိတ်ကိုသာ ရှုရမည်ဖြစ်ပါ သည်၊ အဲဒီလို စိတ်ရှုလိုက်တော့ စိတ်တွေ တခုနဲ့တခု ဆက်ဆက် ပြီးပေါ်လာတာတွေ တွေ့ပါလိမ့်မယ်၊ စိတ်တွေ့နေယင် ပထမ အဆင့်တော့ အတော်နေရာကျပြီလို့ အောက်မေ့ပါ၊ ဒါပေမဲ့ ဝမ်းမြောက်စရာတော့ မဟုတ်သေးပါဘူး"

အဘယ်ကြောင့်ဆိုသော် စိတ်ကို အရှုခိုင်းငြားသော်လည်း စိတ်ရဲ့ ချုပ်ပျက်မှုကိုသိမှ အထက်ဉာဏ်လို့ခေါ်ရပါတယ်၊စိတ်ကို

ရှုလို့ စိတ်တွေပြိုဆိုယင် စိတ်ဆိုတာ နာမ်တရားဖြစ်ပါတယ်၊ သို့အတွက် ဝင်သက် ထွက်သက် ရုပ်နဲ့ ဝင်သက် ထွက်သက်ကို ဖြစ်စေတတ်သော စိတ်ခေါ် နာမ် ဤနှစ်ပါးတို့ ပိုင်းခြား ကွဲပြားသွားတဲ့ နာမ ရူပ ပရိစ္ဆေဒဉာဏ် ရောက်ရုံ သာမန်ဘဲရှိသေးလို့ ဖြစ်ပါတယ်၊ အထက်ဉာဏ်မရောက်သေးပါဘူး ပေါ်လာပြီး ပျက်ပျက်သွားတာတွေမှအထက်ဉာဏ်ရောက်ပြီလို့ ဆိုရပါတယ်၊ ဒီအထက် ဖြစ်တဲ့ဉာဏ်ရောက်မှ ယထာဘူတဉာဏ် ဓမ္မဋ္ဌိတိဉာဏ် ပေါက်ပြီလို့ဆိုရပါတယ်။

မိုးကုတ် ဝိပဿနာ ရှုနည်းမှာ ထူးခြားချက် ရှိပါတယ်၊ "ပေါ်တိုင်း ပေါ်တိုင်း မှတ်နေရတာမဟုတ်ပါဘူး ပေါ် ပေါ်လာပြီးတော့ကို ပျောက်ပျောက်သွားတာကိုသာ ဉာဏ်နဲ့ သိအောင် ရှုရခြင်း၊ အကဲခတ်ရခြင်းသာ ဖြစ်ပါတယ်၊ ထိုင်ချင်တဲ့စိတ်ပေါ်ယင် ဒီထိုင်ချင်တဲ့စိတ်ဟာ ပေါ်ပြီး ပျက်ပျက်သွားတာဘဲလို့ ရှုပါ၊ ထချင်တဲ့စိတ်ပေါ်ယင် ဒီထချင်တဲ့စိတ်ဟာ ပေါ်ပြီး ပျက်ပျက်သွားတာဘဲလို့ ရှုပါ၊ သွားချင်တဲ့ စိတ်၊ စားချင်တဲ့ စိတ် စသည့်တို့လဲ ပေါ်ပြီးတိုင်း ပေါ်ပြီးတိုင်း ပျက်ပျက်သွားတာဘဲလို့ ရှုပါ၊ ပေါ်လဲ ပေါ်တယ်၊ ပျက်လဲ ပျက်ပျက်သွားတာကို သိတဲ့ အသိဉာဏ်ဟာ ဝိဇ္ဇာဉာဏ်၏အစဘဲလို့ ဆိုနိုင်ပါတယ်၊

မိမိတို့သန္တာန်မှာ လေကိုရှူတဲ့ စိတ်ကလေးတွေ၊ လေကို ရှိုက်တဲ့စိတ်ကလေးတွေကို နောက်စိတ်နဲ့ရှိမရှိ အကဲခတ်လိုက်ပါ၊ အဲဒီလို နောက်စိတ်နဲ့ အကဲခတ်လိုက်တော့ ပထမရှုတဲ့ စိတ်ကလေး ရှိသေးသလား မရှိတော့ဘူးလား၊ မရှိတာတွေမှာကဲ၊

အဲဒီလို တွေ့ယင် အထက်ဉာဏ် ရောက်ပြီလို့ မှတ်၊ အဘယ့်ကြောင့် ဆိုသော် ရှင်တော်ဘုရားက "ဟုတွာ-အဘာဝဋ္ဌေန အနိစ္စံ"ဟု ဟောကြားထားလို့ဖြစ်တယ်၊ ဟောကြားသလို လက်တွေ့ လုပ်ကြည့်တော့ သိတယ်၊ အဲဒါဟာ အနိစ္စလက္ခဏာ ထင်တော့ဒါဘဲ။

မရှိတာကို ရှုရမှာ မဟုတ်ပါဘူး ရှိတာကိုသာ ရှုရပါ့မယ်၊ မရှိတာကို ရှုနေယင် ပညတ်ကိုရှုဒါဖြစ်သွားမှာပေါ့၊ "ဘူတံ ဘူတတော ယထာဘူတံ ဝိပဿတိ"တဲ့ ထင်ရှားရှိတဲ့ တရားကို ထင်ရှားရှိတဲ့ တရားနဲ့ရှုမှ ယထာဘူတဉာဏ် လမ်းမှန်ကျပါတယ်၊ ဒီထင်ရှားတဲ့ တရားကို ပျောက်ပျက်သွားတာသိမှ အနိစ္စကို ရှုရာကျမယ်၊ တရားတွေ့တယ် တွေ့တယ်ဆိုတာ အနိစ္စတွေ့မှတရားတွေ့တယ်လို့ ခေါ်တယ်၊ ဝေဒနာကို ရှုတဲ့ ပုဂ္ဂိုလ်များလဲ ဝေဒနာအနိစ္စကိုမတွေ့ဘဲ ဝေဒနာတွေသာ တွေ့နေယင် လမ်းမှန်မဟုတ်သေးဘူး၊ ဝေဒနာရဲ့ အပျက်ကိုတွေ့မှသာ အနိစ္စတွေ့ပြီလို့ ဆိုရပါ့မယ်။

ဘာကြောင့်လဲ ဆိုတော့ မြတ်စွာဘုရားက "ဝေဒနာ ဘိက္ခဝေ အနိစ္စာ ဇာနတော ပဿတော အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ"လို့ ဟောထားပါတယ်၊ အနိစ္စဘဲလို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ သိရမယ်၊ ဒါမှ အဝိဇ္ဇာ အမှောင်ပျောက်ပြီး ဝိဇ္ဇာအလင်းရောင်ရောက်မယ်၊ စိတ္တာနုပဿနာ ရှုပုံရှုနည်း ထပ်ပြီး ကြည့်ကြစို့၊ လေကိုဝင်စေတဲ့ စိတ်ကလေးတွေ၊ လေကိုထွက်စေတဲ့ စိတ်ကလေးတွေကို ရှုနေရင်း အကဲခတ်နေရင်း

မိမိတို့သန္တာန်မှာ ပေါ်ရိုးပေါ်စဉ်ဖြစ်တဲ့ စိတ်တွေ ပေါ်လာလိမ့်မယ်။

အဲဒီလိုပေါ်လာတဲ့ စိတ်အများတို့တွင် ဆရာတော်ကြီးက ကျမ်းဂန်အသီးအသီးနဲ့ ညှိနှိုင်းပြီး အပြင်ဒွေ့သည်စိတ် (၆) ခု အတွင်း ဒွေ့သည်စိတ်(၅)ခုပြောခဲ့သောလေကိုဝင်စေတဲ့စိတ် တခု၊ လေကို ထွက်စေတဲ စိတ်တခု၊ ပေါင်း (၁၇)ခုကို အကျဉ်းချုံးပြီးတော့ ပေးထားပါတယ်၊ ဒွေ့သည်စိတ်များ ဆိုတာကတော့ ရံဖန်ရံခါသာ ပေါ်လာတတ်တဲ့ စိတ်တွေဖြစ်လို့ ဒွေ့သည်စိတ်လို့ အမည် ပေးထားပါတယ်။

အဲဒီ ဒွေ့သည်စိတ်တွေ ပေါ်တိုင်း ပေါ်တိုင်းလဲ ဖြစ်ပျက်ကိုရှုမြင်ယင်လဲ မြင်စိတ်ကိုရှု၊ကြားယင်လဲ ကြားစိတ်ကိုရှု၊ စားယင်လဲ စားချင်တဲ့စိတ်ကိုရှု၊ ယားယင်လဲ ယားစိတ်ကိုရှု၊ အရှုသာမပျက်စေနဲ့။ ဒွေ့သည်စိတ်တွေ မပေါ်လို့ရှိယင် အိမ်သည်ဖြစ်တဲ့ ရှုစိတ်ရှိက်စိတ်ကို ပြန်၍ရှုကြပါ၊အိမ်သည်စိတ်ကတော့ အမြဲရှုရမှာဘဲ၊ သူတို့ကို သက်စောင့်စိတ်လို့ ခေါ်ရပါတယ် သူတို့ကို မရှုနိုင်မ ရှိုက်နိုင်ယင် သေတယ်လို့ဆိုရတယ်။

ဆရာတော်ဘုရားကြီးက ပင့်ကူကြီး ဥပမာကို ပြဆိုထားပါတယ်။ ပင့်ကူကြီးဟာ အစာရှိတဲ့နေရာကို သွားသွားပြီး ခနခနစားတယ်၊ စားတဲ့သောက်တဲ့ ကိစ္စပြီးတဲ့အခါကျတော့ သူ့နေရာဌာနသို့ဘဲ ပြန်ပြီးတော့ ထိုင်တယ်၊ ဒီလိုဘဲ စိတ်ဆိုတာ ထိုထိုအာရုံတွေကို ကျက်စားနေတာဘဲ၊ တခြားမကျက်စားနိုင်ယင် ပင်ကိုယ်ယင်းဖြစ်တဲ့ ဝင်စိတ်ထွက်စိတ်အပေါ်မှာ

ပြန်လာတာဘဲ၊ အဲဒီလို ပေါ်တိုင်းပေါ်တိုင်း ရှုရှုပြီး ပျက်ပျက်သွားတာတွေ ပျောက်ပျောက်သွားတာတွေ တွေ့အောင်ရှုဘို့ အရေးကြီးပါတယ်။

အပျက်ကိုတွေ့မှ အနိစ္စတွေ့တယ်လို့ ခေါ်နိုင်ပါတယ် မှတ်ပြီးနေရုံမျှနှင့် အနိစ္စတွေ့ဘို့ မလွယ်ပါဘူး၊ အနိစ္စမတွေ့ယင်လဲ လမ်းမှန်ကျတယ်လို့ မခေါ်နိုင်ပါဘူး၊ သေသေချာချာ စဉ်းစားကြည့်ကြပါ၊ မိမိတို့ခန္ဓာကိုယ်ကြီးတခုလုံးဟာ အနိစ္စတုံးကြီး၊ ဒုက္ခတုံးကြီး၊ အနတ္တတုံးကြီးဖြစ်နေတော့ ဖောက်ပြန်တာနဲ့ ပျက်စီးနေတာဘဲရှိတယ်၊ ပျက်ပျက်သွားတဲ့ အနိစ္စတွေတော့ တကယ်ရှိတာကလဲ ရုပ်နာမ်တွေသာ ရှိနေတော့ အရှုနဲ့ အသိနဲ့ ကိုက်ကိုက်နေတယ်လို့ ဆိုနိုင်ပါတယ်။

မှတ်နေရုံမျှနဲ့ အနိစ္စတွေ့ဘို့ မလွယ်ပါဘူး၊ ငါရှုငါမှတ်သာဖြစ်ပြီး အတ္တဒိဋ္ဌိကြီးပွတ်ဘို့မလွယ်ပါဘူး၊ အင်မတန်ခဲယဉ်းပါလိမ့်မယ်၊ အနိစ္စလဲမြင်ဘို့ ခဲယဉ်းပါလိမ့်မယ်၊ အနိစ္စမမြင်ယင် ဒုက္ခလဲမမြင်နိုင်ပါဘူး၊ ဒုက္ခမမြင်ယင် ဒုက္ခသစ္စာတွေ့ရန် ခဲယဉ်းသွားပါမယ်၊ ဒါကြောင့် အနိစ္စမြင်အောင် အရင်ရှုပါ ခန္ဓာကိုယ်ကြီးကလဲ ငါမှာ အနိစ္စသာရှိတယ်၊ဒုက္ခသာရှိတယ်၊အနတ္တသာရှိတယ်လို့ပြနေတာပါဘဲ။

အတိုချုံးပြီး အကျဉ်းရုံးလိုက်တော့ ရုပ်ဝေဒနာ သညာ သင်္ခါရ၊သင်္ခါရဆိုတဲ့ ခန္ဓာငါးပါးလုံးဟာ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတယ်ဆိုတာ ခန္ဓာကဘဲပြပါတယ်၊ ခန္ဓာကပြတာ အမှန်ယူပါ၊ လူကထင်နေတာကို အမှန်မယူချင်ပါနဲ့ "အမေကျော်ပြီး ဒွေးဒေါ်မလွန်းချင်ပါနဲ့" မြတ်စွာဘုရားကလဲ "ဝေဒနာ

ဘိက္ခဝေ အနိစ္စာ ဇာနတော ပဿတော အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ” လို့ဟောထားတာဘဲ၊ အဝိဇ္ဇာကနေပြီး ဝိဇ္ဇာရောက်ဘို့ ဆိုတာလဲ အနိစ္စကိုရှုမှ အနိစ္စကိုမြင်မှ အဝိဇ္ဇာက ပျောက်ပြီးတော့ ဝိဇ္ဇာရောက်တယ်လို့ ဆိုလိုပါတယ်၊ ရှုတယ်ဆိုတာကလဲ ပါးစပ်က အနိစ္စ အနိစ္စဆိုလို့ မရပါဘူး၊ ရှုမှတ်ခံနေရတဲ့ စိတ်ကလေးတွေ ပျက်ပျက်သွားတာကို ဉာဏ်ပညာနဲ့ သိသိနေရမယ်လို့ ဆိုတာပါ။

သတိပဋ္ဌာန်မှာလဲ အပိုင်းတိုင်း အပိုင်းတိုင်းမှာ “သမုဒယ ဓမ္မာနုပဿီဝါ-ဝယ ဓမ္မာနုပဿီဝါ-သမုဒယ ဝယဓမ္မာနုပဿီဝါ” ဆိုထားပါတယ်။ ဖြစ်တာကိုလဲ ရှုပါ၊ ပျက်တာကိုလဲ ရှုပါ၊ ဖြစ်တာရော ပျက်တာရော ရှုပါလို့ ဆိုထားပါတယ်။ ဒါကို အချို့ သတိမမူကြဘဲ၊ အာနာပါနာ သမထလောကနဲ့ မကျနပ်ပြီး သောင်တင်နေကြတာ အများကြီး ရှိကြတယ်နော်၊ အမှန်မှာ သမုဒယ-ဝယ-သမုဒယဝယ ထိအောင် လိုက်ကြဘို့ လိုပါတယ်။

အဲဒီတော့ ဖြစ်ပေါ် ဖြစ်ပေါ်လာပြီး ပျက်ပျက်သွားတာဟာ အနိစ္စဘဲ၊ အနိစ္စ အမြဲမရှိသည်ကို နောက်နောက်ဉာဏ်က သိလိုက်တာဟာ မဂ္ဂဘဲ၊ ရှေ့က ဖြစ်ပျက် နောက်က မဂ်နဲ့ သွားပြီးတော့ အံကိုက် ဖြစ်နေပါတယ်။ ရှေ့က ပျက်ပျက်သွားတာက အနိစ္စ နောက်က လိုက်လိုက်ပြီး ဉာဏ်နဲ့ စိုက်လိုက်တော့ အပျက်ကလေးကို သိသိသွားတာက မဂ္ဂ၊အဲဒီလို သွားကိုက်နေပါတယ်။

ဒီအတိုင်းသာ ဆက်ကာ ဆက်ကာ "ရှေ့က ဖြစ်ပျက် နောက်ကမင်၊ ရှေ့ကဖြစ်ပျက် နောက်ကမင်" ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာက အနိစ္စ၊ နောက်က လိုက်ပြီး သိနေတာက မဂ္ဂ ဆိုတော့ ဖြစ်ပျက်နဲ့ မင် အံဝင်ဂွင်ကျ ကိုက်သွားပြီး ကြားထဲမှာ ကိလေသာ တရားတွေ လာပြီး ဖြစ်ပွားနိုင်ပါအုံးမလား မဝင်နိုင်ပါဘူး၊ မဖြစ်နိုင်တော့ပါဘူး၊ ဒီလိုသာ ကြာကြာ "ရှေ့က ဖြစ်ပျက် နောက်က မင် ရှေ့က ဖြစ်ပျက် နောက်ကမင်" နှင့်သာ စွဲမြဲနေယင် မိမိတို့၏ ဝမ်းထဲမှာသမ္မာ ဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ ပဥ္စင်္ဂိက မင်ပေါ်နေပြီလို့ ဆိုတာမှတ်ပါ။

အဘယ့်ကြောင့်ဆိုသော် ရှေ့က ဖြစ်နေတဲ့ စိတ်ကလေးဟာ နောက်စိတ်သို့မပါ၊ ဖြစ်ပြီးလျှင် ပျက်ပျက် သွားနေ တာပါ ကလားဟုမြဲသောအဖြစ်ကိုသိနေတာက သမ္မာဒိဋ္ဌိမဂ္ဂင်၊ စိတ်တလေးတွေ တခုနဲ့တခု ဆက်စပ်ပြီး ဖြစ်နေတာကို ထင်အောင် တင်ပေးနေတာက သမ္မာသင်္ကပ္ပ မဂ္ဂင်၊ တခြားသို့ အာရုံ မပြောင်းစေရဘဲ ဇွဲနဲ့ အမြဲလုလ္လထုတ်နေတာက သမ္မာဝါယာမ မဂ္ဂင်၊ စိတ်ကလေးတွေ ဖြစ်ပျက်နေပုံကိုသာ အာရုံကပ်ပြီး ရှုမှတ်နေတာက သမ္မာသတိမဂ္ဂင်၊ အဲဒီလို ဝီရိယနဲ့ သတိအမြဲ ရှိနေတော့ စိတ်တည်းဟူသော အာရုံပေါ်၌သာ ငြိမ်သက်စွာ တည်နေတာက သမ္မာသမာဓိ မဂ္ဂင် ဖြစ်ပွားနေတော့ ပဥ္စင်္ဂိက မင်ပေါ်နေပြီလို့ ဆိုရတာပါဘဲ။

ဤကဲ့သို့ ရှေ့က ဖြစ်ပျက်နဲ့ နောက်က မင် ကိုက်နေပါလျှင် နောက်ထပ်မြှင့်၍ တဆင့်တက်ပေးပါ။ ဘယ်လို တက်

ပေးရမလဲဆိုတော့ ဖြစ်ဖြစ်နေတာလဲ မဖြစ်ချင်လို့မရ ဒုက္ခဘဲ၊ ပျက်ပျက်နေတာလဲ မပျက်ချင်လို့မရ ဒုက္ခဘဲ၊ ဒီတော့ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခမှတပါး ဘာမှမရှိပါကလား၊ ဒုက္ခတုံးကြီးပါတကား၊ သုခဆိုလို့ ဘာမျှမရှိပါကလား၊ ဒုက္ခသာ မုချဧကန်ရှိတယ်လို့ ဉာဏ်နဲ့လိုက်ပြီး အံကိုက်အောင် နာနာရှုပါ၊ နာနာရှုပေးယင် ဒုက္ခအမှန်ဘဲလို့ ဝိဇ္ဇာဉာဏ် ဝင်လာယင် ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကို တဒင်္ဂအားဖြင့် ပိုင်းခြားသိနေပြီဟု ဆိုရပါတယ်။

ဒါကြောင့် ခန္ဓာကိုယ်ကြီးပေါ်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နှင့်နာမ်က ဒုက္ခသစ္စာ အဖြစ်အပျက်ကို သိနေတာက မဂ္ဂသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိလာယင် မိမိတို့ရည်မှန်းတဲ့ နိဗ္ဗာန်လမ်းတော့ပွင့်ပြီ ရည်မှန်းချက်ပန်းတိုင်နှင့်တော့ နီးပြီဟု လက်ခမောင်း ခတ်နိုင်ကြပါပြီ။

မြတ်စွာဘုရားကလဲ သတိပဋ္ဌာန်ပါဠိတော်မှာ-

"ဣဓ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ" ဟု ဟောကြားထားပါတယ်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ အာတာပီ၊ ကိလေသာကို ပယ်ခွာနိုင်အောင် စိတ်ကို တစိမ့်စိမ့်ကြိုတ်၍ ရှုလေ့ရှိသော။ သမ္ပဇာနော၊ စိတ်နေ စိတ်သွားကို ပိုင်းခြားသိမြင် ပညာအဆင်အခြင်နှင့်ပြည့်စုံသော။ ဘိက္ခု၊ သံသရာဘေးကို မြော်တွေးလေ့ရှိသော ပုဂ္ဂိုလ်သည်။ လောကေ၊ ဝိညာဏုပါဒါနက္ခန္ဓာ တည်းဟူသော လောက၌။ အဘိဇ္ဈာ ဒေါ

မနဿံ၊ တပ်နှစ်သက်သောအားဖြင့် ရေးရှုကြံခြင်းဟူသော လောဘ ကြံတိုင်းမရ၍ နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ၊ တကယ်မရောက်အောင် ပယ်ဖျောက်ရန် အလို့ငှာ။ စိတ္တေ၊ မိမိခန္ဓာကိုယ်မှာ အလိုလိုသာ ဖြစ်ပေါ်လာသော စိတ်၌။ စိတ္တာနုပဿီ၊ ဖြစ်ပေါ်ခိုက် ဖြစ်ပေါ်ခိုက် စိတ်သို့ လိုက်၍ ကိုက်အောင် ရှုသည်ဖြစ်လျက်၊ ဝိဟရတိ၊ နေထိုင်ရ၏ တဲ့။

ဤပါဠိတော် စကားရပ်တို့တွင် "အာတာပီ သမ္ပဇာနော" ဟူသော စကားဖြင့် စိတ္တာနုပဿနာ ပွားလိုသော ပုဂ္ဂိုလ်သည် ကိလေသာ အပူဓာတ်ကို ပယ်သတ်နိုင်လောက်အောင် လုံ့လဝီရိယရှိရမည်။ သတိသမ္ပဇဉ်ဉာဏ် ယှဉ်ရမည်ဟူသော အင်္ဂါရပ်ကိုပြသည်။ "လောကေ စိတ္တေ" ဟူသော စကားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော စိတ်တို့ကိုသာ ရှုမှတ်ရမည့်အဖြစ်ကို ပြသည်။ "အဘိဇ္ဈာ ဒေါမနဿံ ဝိနေယျ" ဟူသော စကားဖြင့် ဝိပဿနာရှုရခြင်းသည် အဘိဇ္ဈာဒေါမနဿ ကင်းကွာနိုင်ခြင်းအကျိုးကိုပြသည်၊ "စိတ္တာနုပဿီ" ဟူသော စကားဖြင့် ဖြစ်ပေါ်လာသော အိမ်သည်စိတ် အပြင်ညွှတ်သည်စိတ် အတွင်းညွှတ်သည်စိတ်တို့ကို အမှတ်မပျက်ရအောင် အဖန်တလဲ အမြဲရှုမှတ်နေရမည်ဟု ရှုမှတ်ပုံအခြင်းအရာကို ပြသည်။

ဒါကြောင့် စိတ်တလုံးကိုနိုင်ယင် သမာဓိခိုင်သည်။ သမာဓိခိုင်ယင် ပညာပိုင်သည်၊ ပညာပိုင်ယင် နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်ဟု ဆိုပါသည်။ မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိ

ပြည်ဖွား သူဌေးသားတယောက်သည် မိမိအိမ်သို့ ကြွရောက်သော ရဟန်းတော်တပါးအား လျှောက်ထားတယ်။

အရှင်ဘုရား တပည့်တော်သည် သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် တရားဓမ္မဖြင့် ဆုံးမတော်မူပါဟု လျှောက်၏ ထိုအခါ ရဟန်းတော်က ဒကာ မိမိမှာရှိတဲ့ ပစ္စည်း ဥစ္စာများကို သုံးပုံထား၍ တပုံကို အရင်းအနှီးလုပ် တပုံကို သားမယားတို့ကိုကျွေး တပုံကို သာသနာထမ်း ရဟန်းတို့ကို ဆွမ်း သင်္ကန်း ကျောင်း ဆေးဟူသော လေးပါးသော ပစ္စည်းတို့ဖြင့်စေတနာကြီးကြီးထား၍ လှူဒါန်းပါလောဟု ဟောပြောတိုက်တွန်း၏။

ဒကာသည်ကောင်းပါပြီအရှင်ဘုရားဟုဝန်ခံပြီးလျှင် ရဟန်းတော် ဟောကြားသည့်အတိုင်း မဆိုင်းမကြာ ပစ္စည်းဥစ္စာတို့ကို လှူဒါန်း၍ နောက်ထပ်တဖန်ထပ်မံ၍ လျှောက်ထားပြန်၏။အရှင်ဘုရား ယခုပြုလုပ်သော ကုသိုလ်ထက် ပိုလွန်သော ကုသိုလ်ကို အမိန့်ရှိပါဟု လျှောက်၏။

ဒါဖြင့်ယင် ဘုရား တရား သံဃာရတနာသုံးပါးတို့ကို အိပ်ယာထနှံ့ အိပ်ရာဝင် နေ့စဉ်ပင် မပြတ်မခြားရအောင် ခစားဆီးကပ်၍ ငါးပါးသီလတော်မြတ်တို့ကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မကျိုးမပေါက်ရအောင် ကောင်းစွာ ဆောက်တည်၍ နေပေတော့ဟု ဟောကြားပြန်၏။

အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ရဟန်းတော်မြတ် ဟောကြားအပ်သော တရားတို့ကို ရိုသေလေးစား၍ ဟောကြားသည့်စကားအတိုင်း မဆိုင်းမကြာ ပြုလုပ်၏။ ထို့

ကြောင့် ၎င်းဒကာကို "အနုပုဗ္ဗသေဋ္ဌိ" မြန်မာလိုတော့ "မောင်ကံဌေး" လို့ ခေါ်ကြသည်။

အရှင်ဘုရား ထိုထက်သာလွန်ကောင်းမြတ်သော တခြားကုသိုလ်များရှိပါသေးသလား တပည့်တော်ဖြင့် ဒီကုသိုလ်တွေနေ့စဉ်နှင့်အမျှ ပြုလုပ်နေရတာ အားမရဖြစ်နေပါတယ်ဟု ထပ်မံ၍ သည်းခံပြီး ဟောကြားတော်မူပါဟု လျှောက်ထားပြန်၏။

ဒါဖြင့်ယင်ဒကာရယ် သာသနာထမ်း ရဟန်းပြုလုပ်ဘို့ဘဲရှိပါတော့တယ်ဟု ဟောကြား၏။ ဟောကြားသည့်အတိုင်း ဒကာသည် မကြာမီ ရဟန်းပြုလုပ်လိုက်၏။ ပြုလုပ်ပြီးနောက် ရဟန်းကျင့်ဝတ်ဖြစ်သော (၂၂၇) သွယ်သော ဝိနည်းသိက္ခာပုဒ်တွေကို ဝိနည်းဓိုရ် ဥပဇ္ဈာယ်ဆရာတော်ဘုရားထံ သင်ကြား ရာတွင် များပြားနေသည့်အတွက် မလှုပ်သာမလှဲ့သာ အကျဉ်းအကြပ်နဲ့ တွေ့နေရ၍ သာသနာတော်၌ ငြီးငွေ့လာ၏ စိတ်ပျက်လာ၏၊ စိတ်ပျက်သဖြင့် မအိပ်စက်နိုင်သောကြောင့် အားအင်ကုန်၍ ပိန်ကြုံလာ၏။

ထိုအခါ အပေါင်းအဖော်ရဟန်းတော်တွေက ငါ့ရှင် သင်သည် အရင်က ဝဝဖြိုးဖြိုး ရွှင်ရွှင်လန်းလန်းနဲ့ သာသနာတော်ဝန်ကိုထမ်းသည်မှာ ပျော်ပုံရ၏။ ယခု အသင့်ကြည့်ရသည်မှာနေထိုင်သောပန်းပမာကဲ့သို့နွမ်းကာပိန်ချုံး၍လူလုံးတောင်မပေါ်အောင် ဖြစ်နေပါသည်၊ သာသနာတော်မှာ မပျော်လို့လားဟု မေးကြသဖြင့် မိမိဖြစ်ပုံ အကြောင်းအရာကို ကောင်းစွာပြန်၍ သာသနာတမ်း ရဟန်းများမှာ ဝိနည်းသိက္ခာပုဒ်တွေ များလွန်းနေ၍ လိုခြုံအောင် မကျင့်နိုင်သဖြင့် လက်မှိုင်ချကာ စိတ်ပျက်

ပြီး မအိပ်စက်နိုင် မစားသောက်နိုင် ဖြစ်နေ၍ ဤကဲ့သို့ ပိန်ချုံးသွားပါသည်ဘုရားဟု လျှောက်ထားသဖြင့် ဘုရားထံသို့ ခေါ်သွားကြ၏။

ဘုရားက ချစ်သားတို့ သင်တို့သည် အဘယ်သို့သော အကြောင်းအရာ ပေါ်ပေါက်လာ၍ ငါ၏ထံမှောက်သို့ လာရောက်ကြပါသနည်းဟု မေးတော်မူလတ်သော်—

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဒီရဟန်းသစ်ဟာ ရဟန်းဖြစ်စက သာသနာတော်မှာ အမွေတော် ပျော်ပိုက်၍ ရဟန်းပြုလုပ်လိုက်ခြင်း ဖြစ်ပါသည်၊ ယခုအခါမှာ စိတ်ပျက်၍ လူထွက်လိုသောစိတ် သန်နေသဖြင့် မြတ်စွာဘုရားထံ ခေါ်လာရခြင်းဖြစ်ပါသည်ဘုရားဟု လျှောက်ထားကြ၏။

ဒီတော့ မြတ်စွာဘုရားက ချစ်သား သူတို့ပြောကြားသော စကားသည် မှန်ပါ၏လောဟု မေးမြန်း စစ်ကြောတော်မူ၏။

မှန်ပါသည်ဘုရားဟု လျှောက်ထားသော အခါ သင် အဘယ့်ကြောင့် လူထွက်လိုသောဆန္ဒ ပြင်းပြနေပါသနည်းဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်သည် သံသရာဝဋ်မှ ကျွတ်လွတ်လိုသော အာသာဖြင့် ရဟန်းပြုခဲ့တာ မှန်ပါသည်၊ သို့ရာတွင် သာသနာထမ်း ရဟန်းဖြစ်လာသော အခါ ဥပဇ္ဈာယ်ဆရာက (၂၂၇)သွယ်နှင့် အကျယ် ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တော်တို့ကို တပည့်တော်အား သင်

ကြားပါ၏၊ ထိုသို့ သင်ကြားသောအခါ တပည့်တော်မှာ နေလို့မရ ထိုင်လို့မရလောက်အောင် စိတ်ဓာတ် ကျဉ်းကြပ်လှပါ၏၊ ရဟန်းဘဝသည် ဤမျှ များပြားလှသော ဝိနည်းတရားတို့နှင့်အညီ ရပ်တည်နိုင်ရန်အရေး ဝန်လေးလှသဖြင့် ရဟန်းဘဝမှာ မနေသာသဖြင့် အိမ်မှာသာနေ၍ ကုသိုလ်တွေ ပြုလုပ်တော့အံ့ဟု အကြံရှိ၍ ပြန်လည့်ကာ လူထွက်ချင်သော ဆန္ဒ ပြင်းပြနေပါသည်ဘုရားဟု လျှောက်ထားလေ၏။

ချစ်သားရဟန်း သင်သည် စိတ်ကလေးတခုကိုသာ အလေးပြု၍ လုံခြုံအောင် စောင့်ရှောက်နေရမည်ဆိုလျှင် သင်နေနိုင်ပါ့မလားဟု မေးတော်မူ၏။

ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား စိတ်ကလေးတခုကိုသာ စောင့်ရှောက်နေထိုင်ရမည်ဆိုလျှင် မညိုမငြင် မပင်မပန်းဘဲ ချမ်းချမ်းသာသာ သာသနာ့ဘောင်မှာ ကောင်းစွာ ထမ်းဆောင်နိုင်ပါသည်ဘုရားဟု လျှောက်ထား၏။

ချစ်သား ဒါဖြင့်ယင် သင်သည် တခြား သိက္ခာပုဒ်တွေ ဘာမျှစောင့်ရှောက်မနေပါနဲ့ သင်၏ စိတ်ကိုသာ လုံခြုံစွာ စောင့်ရှောက်ပါလောဟု ပြောကြားတော်မူပြီး အောက်ပါ တရားဓမ္မကို ပြတော်မူတယ်။

ချစ်သားရဟန်း အလွန်အမင်း မြင်နိုင်ခြင်းငှါ ခဲကပ်၍ အကဲခတ်ရန် သိမ်မွေ့သော မျိုးနွယ် နိမ့်မြင့် သင့်မသင့်ကို ထောက်ချင့်မရှိ တွေ့မိတွေ့ရာ အာရုံ၌သာ ကျရောက်မနေးကြံတွေးသော စိတ်ကလေးကို အလေးဂရု မှတ်ရှုနေသော ပညာရှိသည် တိတိကျကျ မိမိရရရှိအောင် စောင့်ရှောက်ရာ၏၊

စောင့်ရှောက်ရှုမှတ် ဂရုပြုအပ်သော စိတ်သည် နိဗ္ဗာန်ထိ ချမ်းသာအောင် ရှက်ဆောင်နိုင်ပါ၏ဟု ဟောတော်မူ၏။

ထိုအခါ လူထွက်လိုသောရဟန်းမှာ မိမိသဏ္ဍာန်၌ အဖန် ဖန် ဖြစ်နေသော စိတ်ဓါတ်ကို တခြားသို့ မကပ်ရောက်အောင် စောင့်ရှောက်သဖြင့် ကုသိုလ်ရရုံ၊ ရဟန်းဘ၀ ရပ်တည်လောက် ရုံမကဘဲ၊ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော မဟာသောတာပန် စခန်းသို့ တက်လှမ်းရနိုင်လေတော့သည်။

ဤဖြစ်ပျက်မှု အကြောင်း၀တ္ထုကို ထောက်ရှု၍ စိတ် သဘောကို နားလည်သူထံမှ နည်းခံမေးမြန်းမှတ်သား၍ ရှုပွား ပါက မကြာမီလိုရာပန်းတိုင်သို့ ရောက်နိုင်ကြပါလိမ့်မည်၊ စိတ် ဆိုသည်မှာ မျက်စိနဲ့မမြင်နိုင်၊ လက်နှင့်လည်း စမ်းသတ်လို့ မရ၊ ကိုယ်နှင့်လည်း ထိတွေ့လို့ရကောင်းသည့် အရာမဟုတ်၊ ဉာဏ် ဖြင့်သာ ထုတ်၍ စိတ်ကို အကဲခတ်ရှုမှတ်ရသည့် အရာမျိုး ဖြစ် ပါတယ်။

သို့အတွက် ၀င်လေရှူစိတ်၊ ထွက်လေထုတ်စိတ်ကို ဉာဏ် ပညာဖြင့် ကြိတ်၍ တစိမ့်စိမ့် ရှုမှတ်နေရသောအလုပ် ဖြစ်ပါ သည်၊ ၀င်လေရှူစိတ်ကို သတိကပ်ကာ စူးစိုက်ရှုပွားနေပါ၊လေ ကို မရှုရပါ၊ စိတ်ကိုသာ ရှုမှတ်နေရပါမည်၊ ထွက်လေ-ထုတ်စိတ် ကိုသာ သတိကပ်ကာ ရှုမှတ်နေပါ၊ လေကို မရှုရပါ၊ ထုတ် စိတ်ကိုသာ ရှုမှတ်နေရပါမည်၊ လေနဲ့ စိတ်နဲ့ ကွဲပါစေ၊ လေကို ရှုယင် လေက ၀ါယောဓာတ်ဖြစ်၍ ကာယာနုပဿနာကို ရှု ဘာ ဖြစ်သွားပါလိမ့်မည်။

ယင်းသို့ ရှုပွားဘန်များသော် လောဘစိတ် ဖြစ်လာယင် လောဘစိတ်ဖြစ်မှန်း သိ၊ ဒေါသစိတ်ဖြစ်လာယင် ဒေါသစိတ် ဖြစ်မှန်း သိ၊ လျှုချင်စိတ်ဖြစ်လာယင် လျှုချင်စိတ် ဖြစ်မှန်းသိ သီလဆောက်တည်ချင်စိတ် ဖြစ်လာယင် သီလဆောက်တည် ချင်စိတ် ဖြစ်မှန်းသိ၊ ကြားစိတ် နံစိတ် စသည်ဖြစ်ယင်လဲ ကြား စိတ်၊ နံစိတ် စသည်ဖြစ်မှန်း သိသိနေဘို့သာလိုပါတယ်၊

ထိုသို့ ရှုပွားသောအခါ စိတ်တွေဟာ ပုတီးကုံး သီထား စီထားသည့်ပမာ တသီတတန်းကြီး တစိတ်ပြီးတစိတ် တရိပ်ရိပ် နဲ့ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာလိုက် ပျောက်ပျက်သွား လိုက်—ဖြစ်ပေါ်လာလိုက် ပျောက်ပျက်သွားလိုက်ဖြစ်နေသည်ကို တွေ့မြင်ပါလိမ့်မည်၊ ထိုအခါ တဆင့်ထက်တဆင့် ဉာဏ်စဉ်ရင့် ၍ မဂ်ဖိုလ်သို့ ဆိုက်ရောက်နိုင်ပါသည်။

စိတ္တာနုပဿနာ ပွားများနေသည့်အခါ ရေဆိပ်မှာ ထိုင် ကြည့်နေတဲ့ လူနှင့်တူပါသည်၊ မိမိရှေ့မှာ ရေတွေတသွင်သွင် စီးနေတာမြင်ပြီး အရင်ရေတွေမရှိ၊ နောက်မှစီးကျတဲ့ ရေတွေ သာရှိတယ်လို့ သိသိနေသလို၊ မိမိသန္တာန်မှာ အဖန်ဖန် ပေါ် လာတဲ့ ရှေ့စိတ်တွေမရှိ၊ ချုပ်ပျက်သွားပြီး နောက်မှ တခါ အသစ်အသစ်ပေါ်လာတဲ့ စိတ်သာရှိတယ်လို့ အကဲခတ်၍ အမြဲ မှတ်ရှုနေတာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက သန္ဒိဋ္ဌိကောလို့ ဟောတော် မူပါတယ်။ "သာမံပဿိတဗ္ဗောတိ သန္ဒိဋ္ဌိကော" သာမံ၊ မိမိ ကိုယ်တိုင်။ ပဿိတဗ္ဗော၊ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်အောင်ကြည့်၊ သိအောင်လုပ်ရတဲ့ တရားလို့ဆိုလိုတယ်၊ ဒီတော့ မိမိသန္တာန်မှာ

ပေါ်ပေါ်လာတဲ့ စိတ်ကလေးတွေဟာ ပေါ်ပြီးတော့ မြဲသလား၊ မမြဲဘူးလား၊ မမြဲပါဘူး၊ ပျက်ပျက်သွားတာပါဘဲ၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာဟာ သူများအပြောလား၊ ကိုယ်တိုင်အသိလား၊ အားထုတ်သူတိုင်း ကိုယ်တိုင်အသိလို့ ပြောကြမှာပါဘဲ၊ ဒါကြောင့် အထူး သိစေချင်တာက ဖြစ်ပျက်မြင်အောင်ကြည့်၊ ဖြစ်ပျက်ကိုအမှန်တာသိယင် သံသရာကို ရွံမုန်းလာတာပါဘဲ၊ ရွံမုန်းလာယင် သံသရာအဆုံး နိဗ္ဗာန်ကို စောန်မျက်မှောက် ပြုနိုင်ပါတယ်။' "နိဗ္ဗာနံ သံသာရပရိယန္တေ ဥဒ္ဒိတော" တဲ့။

ထို့အပြင် ဝတ္တုကြောင်းနဲ့ ဆရာတော်ကြီး ဟောခဲ့တာလဲ ရှိပါသေးတယ်။ မြတ်စွာဘုရားလက်ထက်က သုသိမပရိဗိုဇ် ဆိုတာရှိပါတယ်။ ထိုပရိဗိုဇ်ကို မြတ်စွာဘုရားက "ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာနိဗ္ဗာနေဉာဏံ" တဲ့ ရှေ့က ဖြစ်ပျက်ကိုသိတဲ့ ဉာဏ်နဲ့ နောက်က နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်နှစ်ဉာဏ်ဘဲရှိတယ်။ သုသိမ သို့အတွက် သင်ဟာ ဖြစ်ပျက်ကို အရင်ပိုင်အောင်လုပ် ဖြစ်ပျက်အဆုံးကျတော့ နိဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်တော့တာဘဲလို့လဲ ဟောကြားခဲ့ပါတယ်။

ဓမ္မစကြာ သုတ်တော်မှာလဲ အားလုံးသိတော်မူပြီးဖြစ်ကြတဲ့အတိုင်း ဉာဏ်သုံးဆင့်သာ ဟောကြားထားပါတယ်။ ဉာဏ်စဉ်(၁၀)ပါးတို့(၁၆)ပါးတို့ ဆိုတာကတော့ အရှင်သာရိပုတ္တရာက နောင်လာနောက်သားများအတွက် ဟောကြားချက်ဘဲဖြစ်ပါတယ်။ သို့ဖြစ်၍ ပညာအရာမှာ ငါ့ဘုရားကလွဲယင် တပါးထဲသာရှိသည့်အတွက် သူ့လို အရှည်လိုက်နေစရာ မလိုပါဘူး၊ ဖြတ်

လမ်းကသာ လိုက်ဘို့လိုပါတယ်။ ကျေးဇူးရှင် ဆရာတော်ကြီး ကလဲ မင်းတို့ အရှည်မလိုက်ကြနဲ့ အရှည်လိုက်ယင် အမောဆိုက်ပြီး တောမိုက်ကြီးနဲ့တူတဲ့ သံသရာထဲ တဝဲလယ်လယ်နေရ လိမ့်မယ်လို့ အမိန့်ရှိပါတယ်။

ဒါကြောင့် ဆရာတော်ကြီး၏ တရားကို နှစ်သက်လို့ ဆရာတော်ကြီး ကြည်ညိုကြယင် ဆရာတော်ကြီး ဩဝါဒအတိုင်း လိုက်နာကြ၊ ဆရာတော်ကြီးက တရားအားထုတ်တယ်ဆိုတာ ဝါးနှစ်ခြမ်း မီးထွက်အောင်ပွတ်တဲ့သူနဲ့ တူတယ်။ မနေမနား ပွတ်ယင် မီးထွက်သလို ယောဂီပုဂ္ဂိုလ်များလဲ မနေမနား ကြိုးစားပြီး ဖြစ်ပျက်မြင်အောင်ရှုယင် ဖြစ်ပျက်တာတွေ စိပ်စိပ် လာအောင်ရှုယင် နောင်ဖြစ်ပျက်အစဉ် သံသရာအယာဉ်ကို မှန်းတဲ့ဥာဏ်ဝင်လာအောင်ရှုယင် ဖြစ်ပျက်ဆုံးပြီး နိဗ္ဗာန်သို့ လုံးလုံးကြီး ဆိုက်ရောက်တော့တာပါဘဲဟု မိန့်တော်မူပါ တယ်။

ဒီတော့ ပွတ်တာက မီးပွတ်သမားအလုပ်၊ မီးထွက်တာက ဝါးအလုပ်၊ တရားအားထုတ်တာက ယောဂီအလုပ်၊ နိဗ္ဗာန် မြင်တာက တရားအလုပ်ဖြစ်သဖြင့် အားထုတ်ကြည့်ကြပါဟု သာ တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက

ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊
ဖြစ်ချုပ်ဥာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း ဟု
မိန့်ကြားတော်မူပါသည်။

# ၃၀။ ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်း

## (စကားပလ္လင်)

စာရေးသူ အကျွန်ုပ်သည် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော်ကြီး၏ တရားကို ကြားနာရဘူးပါသည်၊ (၁၉၆၅)ခုနှစ်လောက်က ရန်ကုန်မြို့ (၂၄)လမ်း၊ ဇူဗ္ဗာသယစာပုံနှိပ်တိုက်ရှင် ဦးသောင်းနှင့်အတူ တရားနာယူခဲ့ရပါသည်၊ ဦးသောင်းသည် ကျွန်ုပ်အား ကျေးဇူးများသော ဓမ္မမိတ်ဆွေကြီးတယောက် ဖြစ်ပါသည်၊ အကြောင်းကား တော်လှန်ရေးအစိုးရ တက်ပြီး တနှစ်လောက်အကြာမှာ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် ငွေရေး ကြေးရေး ကြပ်တီးသည်ဆိုပြီး အမှုထမ်းအသီးသီးတို့အား လျှော့ပစ်ရာတွင် ကျွန်ုပ်လဲ တယောက်အပါအဝင်ဖြစ်၍ မလွဲသာ လွဲသာ ထွက်ခဲ့ရပါသည်၊ ထိုအခါ မိမိမှာ လုမမယ်

ကလေး ငါးယောက်ရှိ၍ စားသောက်ရေးမချောင်လယ်သဖြင့် အစားအသောက် အနေအထိုင် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရပါ သည်။

ထိုအကြောင်းကို ဦးသောင်း ကောင်းကောင်းသိသဖြင့် ကျွန်ုပ်ရှိရာ အိမ်သို့လာ၍ သူ၏ စာပုံနှိပ်တိုက်မှာ စာပြင်ဆရာ အယ်ဒီတာ လာ၍လုပ်ပါရန် တောင်းတောင်းပန်ပန်နှင့် သူ၏ အလုပ်တိုက်မှာ အလုပ်သမားမလိုဘဲ၊ သက်သက်ကြည့်ရှုသည့် သဘောဖြင့် အလုပ်ပေးခဲ့ပါသည်၊ ကျွန်ုပ်လဲ အလွန်တရာပင် ကျေးဇူးတင်၍ မကြာခင်သွားပြီး အလုပ်ဝင်ပါသည်၊ ထို့ အပြင် ကျွန်ုပ်ရေးသားသော "ပရိတ်ကြီး ပါဠိမြန်မာပြန်" ကျမ်းစာကို လက်ရှိ တော်လှန်ရေးအစိုးရက ဆက်လက်ပြီး ကျောင်းသုံးပြုမပြု၊ သေချာမှုမရှိခင် ကြိုတင်၍ စာအုပ် တသောင်းပင် ဝယ်လိုက်ပါသေးသည်။

မိမိမှာ ၎င်းစာအုပ်အတွက် ငွေလေးထောင် အမြတ်ထွက် ပါသည်၊ ထိုအခါ ငါတော့ ရှင်ပြုနိုင်ပြီဟု ဝမ်းမြောက် ဝမ်း သာနှင့် ငွေလေးထောင်လုံး အကုန်အကျခံကာ သားရှင်ပြု၊ သမီးနားထွင်း အလှူမင်္ဂလာကြီးကို ပေးလိုက်ပါသည်။ သို့ဖြစ် ၍ ဦးသောင်းသည် အကျွန်ုပ်အား ကျေးဇူးများသော ဓမ္မ မိတ်ဆွေကြီးတယောက် ဖြစ်ကြောင်း ရေးသား၍ မှတ်တမ်း တင်ထားရပါသည်။

ထိုအခါက ဦးသောင်းမှာလည်း လည်ပင်းကင်ဆာရောဂါ ဖြစ်နေရှာ၍ "ကုသိုလ်လည်းရ–ဝမ်းလည်းဝ" ဆိုသလို စိတ်

လည်းချမ်းသာအောင်၊ ကုသိုလ်လည်းရအောင် ကြံဆောင်၍ ဟံသာဝတီကမ္မဋ္ဌာန်းတိုက်မှာ ရဟန်းဘောင်ဝင်ကာ တရားအားထုတ်ပြန်ပါသည်။ ကျွန်ုပ်သည် လူခြင်းလဲခင်မင်ပြီး ဆရာတော်ကြီး၏ တရားလည်းနာရအောင် စိတ်မှန်းလျက် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဦးသောင်းရှိရာသို့ သွားသောအခါ အဆင်သင့် ဆရာတော်ကြီး တရားဟောခိုက်နဲ့ ကြုံကြိုက်သဖြင့် အထက်၌ ပြဆိုခဲ့သည့် အတိုင်း ကျေးဇူးရှင် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော်ကြီး၏ ဝိပဿနာတရားကို ကြားနာခဲ့ရပါသည်။

သို့ကြားနာရပြီးသည့် နောက်ပိုင်းတွင် ကျေးဇူးရှင်ဆရာတော်ကြီး ဟောကြားထားသော တရားတို့ကို ပုံနှိပ်ထားသည့် (၁) "နိဗ္ဗာန်ဝင်လမ်း(၇)ရက်စခန်း"စာအုပ်များ၊ (၂)"ကိုယ်တွေ့ ဝိပဿနာ ရှာပုံတရား"စာအုပ်များကို ညမခြား နေ့မကူ အားလပ်သည့်အခါများတွင် ကြည့်ရှုဘတ်ကြား၍ ကိုယ်တိုင်သည်း လက်တွေ့ဖြစ်အောင် ကြိုးစား အားထုတ်နေပါသည်။ ဒီမိအားထုတ်သလို ဟံသာဝတီ ဝိပဿနာရှုနည်းကို အားထုတ်လိုကြသော တိုထိမြို့ရွာများနေ စာဖတ်ပရိသတ်တွေကိုလည်း အားထုတ်သလောက် သဘောပေါက်အောင် ရေးသားတင်ပြလိုသော ဆန္ဒ အပြည့်အဝရှိလှသဖြင့် ဤအသစ်ပြင်ဆင်၍ ရိုက်သော ဆရာတော်ကြီး(၁၀)ပါး၏ "ဝိပဿနာရှုနည်း ညွှန့်ပေါင်းကျမ်း"မှာ ထည့်စုံ ဖြည့်သွင်း၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များမှာ ကနဦး အရေးကြီးတာက ပေဝိပက္ခိယတရား၌ မြတ်စွာဘုရား ဟောကြားထားသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာ ဤငါးဖြာသော တရားတို့ကို လက်ကိုင်ထားဘို့ လိုပါသည်။ ထိုတရား ငါးပါးကို မိမိခန္ဓာကိုယ်၌ အမြဲမပြတ် ကိန်းဝပ်နေအောင် လေ့ကျင့်ထားရပါမည်။ လေ့ကျင့်ထားဘို့ လမ်းကို ကျမ်းဂန်တို့၌ပါသော နည်းများမှ တရားအားထုတ်ရာ၌ လျော်သောနည်းများကို သီးခြားထုတ်၍ ဖော်ပြပါမယ်။

ထိုငါးပါးတို့တွင် သဒ္ဓါတရားဖြစ်ခြင်း၏ အကြောင်းကား—

၁။ ဘဝ အဆက်ဆက်က ထက်မြက်သော သဒ္ဓါဖြစ်ပွါးလာမှုများခြင်း၊

၂။ သူတော်ကောင်း သူတော်မြတ် အပေါင်းတို့နှင့်သာ ပေါင်းသင်းဆက်ဆံခြင်း၊

၃။ သဒ္ဓါတရားရှိသောသူများကို မှီဝဲဆည်းကပ်ခြင်း၊

၄။ သဒ္ဓါကင်းမဲ့သော ပုဂ္ဂိုလ်များကို ရှောင်ကြဉ်ခြင်း၊

၅။ သူတော်ကောင်း သူတော်မြတ်အပေါင်းတို့ ဟောကြားအပ်သောတရားကို ယုံကြည်ခြင်း၊

တို့ဖြစ်ပါတယ်၊ ဤအင်္ဂါများနှင့် ပြည့်စုံလျှင် မဖြစ်သေးသောသဒ္ဓါတရားများဖြစ်ပွားပြီး ဖြစ်ပြီးသောသဒ္ဓါတရားများလဲ ပွားလာပါမည်။ သဒ္ဓါတရားကလည်း လေးပါးရှိသည့်

အနက် ဩကာပွနဆိုတဲ့ ရတနသုံးပါးကံ ကံ၏အကျိုးများကို မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါဖြစ်နေဘို့ လိုပါသည်။

သဒ္ဓါတရားရှိရုံနဲ့လဲ မပြီးသေးပါ လုလ္လဝီရိယ အားထုတ်ဘို့ လိုပါတယ်။ လုလ္လဝီရိယ ဖြစ်ခြင်းအကြောင်းများကတော့—

၁။ ဘဝ အဆက်ဆက်က လုလ္လဝီရိယတရား ဖြစ်ပွားလာမှုများခဲ့ခြင်း၊

၂။ ဝီရိယရှိမှ အစစအရာရာ အောင်မြင်တာကို နားလည်မှုရှိခြင်း၊

၃။ ဝီရိယရှိသောသူများကိုသာ မှီဝဲဆည်းကပ်ခြင်း၊

၄။ ပြင်းရိ ထုံထိုင်းသော သူတို့ကို မပေါင်း မသင်း ရှောင်ကြဉ်ခြင်း၊

၅။ လုပ်ကိုင်သော အမှု၌ လုလ္လဝီရိယရှိရန် အတန်တန် တိုက်တွန်းအားပြု ကြိုးစားမှုရှိခြင်း၊

တို့ဖြစ်ပါတယ်။ ဤအင်္ဂါများနှင့် ပြည့်စုံလျှင် ဝီရိယတရား ဖြစ်ပွားလာပါမည်၊ ဝီရိယကလည်း ရှေးဦးစွာ အားထုတ်မှု အာရမ္ဘဝီရိယ၊ ပြင်းရိတာ ထွက်ခွါသွားအောင် အားထုတ်သော နိက္ကမဝီရိယ၊ တဆင့်ထက်တဆင့် မြင့်သထက်မြင့်အောင် အားထုတ်သော ပရက္ကမ ဝီရိယ ဟူ၍ သုံးမျိုးရှိတယ်။ ထိုသုံးမျိုးစလုံး သိမ်းကြုံးအားထုတ်မှ အောင်မြင်နိုင်တယ်။

ဝီရိယ ရှိပြန်တော့လဲ အမြဲမပြတ်မှတ်နေတဲ့ သတိတရားကလဲ ရှိဦးမှဖြစ်မယ်။ သတိဆိုတာ အရာရာမှာ ပိုတယ်လို့မရှိဘူး၊ လိုလို နေတတ်တယ်။

သတိတရား ဖြစ်ပွားခြင်း၏ အကြောင်းများကတော့—

၁။ ဘယ်အမှုကိစ္စမဆို သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ လုပ်လေ့ရှိခြင်း၊

၂။ သတိတရား မကောင်းသူများနှင့် သတိပေးသူများကိုသာ မှီဝဲခြင်း။

၃။ သတိလွတ်ကင်း နှုံဖျင်းသောသူများကို အပေါင်းအသင်း မလုပ်ခြင်း၊

၄။ သတိကောင်းလျှင် အစစ အရာရာ အောင်မြင်ကြောင်းကို နားလည်ခြင်း၊

၅။ သတိကောင်းအောင် ဖြတ်လတ်အောင် အလေ့အကျင့် ပြုလုပ်ပေးခြင်းတို့ ဖြစ်ပါတယ်။

ဤသတိဖြစ်ကြောင်း အင်္ဂါများနှင့် ပြည့်စုံလျှင် သတိတရား ဖြစ်ပွားလာပါလိမ့်မည်၊ သတိတရားကလဲ (၁) ရှုမှတ်နေသောအခါ အာရုံပြတ်မသွားရအောင် ကပ်ထားရသော ဥပဂ္ဂဟ သတိ၊ (၂) ရှုပွားနေသော သတိလဲ အပြတ်မရှိရဘဲ နဲနဲပေါ်လာသော အာရုံကို များများ ထင်ရှားစွာပေါ်အောင် အားထုတ်ရသော အသမ္မောဟ သတိ၊ (၃) အာရုံကို ဉာဏ်ဖြင့် သုံးသပ်နိုင်ရန် အဖန်ဖန် စောင့်ရှောက်ရသော အာရက္ခ သတိ ဟူ၍ သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးလုံး ဖြစ်ဘို့လဲ လိုပါတယ်။

ဘယ်လောက်ဘဲ သတိရှိပေမဲ့ ဝီရိယနဲ့ သမာဓိ အညီအမျှ ရှိမှ အကျိုးထူး ဝိသေသ ရပါတယ်၊ သမာဓိတရား ဖြစ်ပွါးခြင်း အကြောင်းများကတော့–

(၁) ကိုယ်တွင်းကိုယ်ပ မိမိပိုင်ပစ္စည်းဟူသမျှ စင်ကြယ်ရခြင်း၊

(၂) စက္ခုန္ဒြေစသော ဣန္ဒြေငါးပါး လုံခြုံရခြင်း၊

(၃) ကိုယ်စိတ် နှစ်ဖြာ တည်ကြည်စွာရှိသောသူများကို ပေါင်းသင်းရခြင်း၊

(၄) ကိုယ်စိတ်နှစ်ပါး လှုပ်ရှား မတည်ကြည်သူများကို ရှောင်ရှားရခြင်း၊

(၅) အရာရာ၌ တည်ကြည်စွာ နေ၍ သမာဓိအား ကောင်းအောင် မွေးရခြင်းတို့ ဖြစ်ပါတယ်၊

ဤအင်္ဂါများနှင့် ပြည့်စုံအောင် လေ့ကျင့်ထားပါလျှင် သမာဓိ တရား ဖြစ်ပွားလာပါလိမ့်မယ်၊ သမာဓိကလည်း သမထသမာဓိ ဝိပဿနာ သမာဓိလို့ နှစ်မျိုးရှိတယ်- ဤတရား အားထုတ်ရာမှာ ဝိပဿနာပညာကို ရှေ့သွားပြုသည့် သမာဓိ ရှိဘို့ အရေးကြီးပါတယ်၊ သမာဓိရှိရုံနှင့် မပြီးသေးပါ၊ နိဗ္ဗာန် ရောက်ရန် အရေးပါဆုံး အကြောင်း အနီးဆုံးဖြစ်တဲ့ ပညာ ဟာ အထူးလိုပါတယ်။

ပညာဖြစ်ရန် အကြောင်းများကတော့–

၁။ ဝမ်းတွင်းပဋိသန္ဓေပညာဉာဏ် ရင့်သန်လာခဲ့ခြင်း၊

၂။ မသိသောအရာတို့၌ ပညာရှိထံ နည်းခံမေးမြန်းရခြင်း၊

၃။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာန၌ သန့်ရှင်းမှုကို ပြုရခြင်း၊
၄။ ပညာမရှိသူကို ရှောင်ကြဉ်၍ ပညာရှိသူကို ပေါင်းသင်းရခြင်း၊
၅။ သိမ်မွေ့နက်နဲ ခတ်ခဲသော အရာတို့ကို မကြာမကြာ ဆင်ခြင်ရခြင်းတို့ဖြစ်ပါတယ်။

ဤပညာဖြစ်ကြောင်း အင်္ဂါများနှင့် ပြည့်စုံအောင် အလေ့အကျင့်များ ပါလျှင် ပညာတရား ဖြစ်ပွားလာပါလိမ့်မယ်၊ ပညာကလည်း သုတပညာ၊ အနုဗောဓပညာ၊ ပဋိဝေဓပညာလို့ သုံးမျိုးရှိတယ်၊ ပထမ သူတပါးထံ နည်းခံတဲ့ သုတပညာရအောင်ရှာပြီး ဒုတိယ မဂ်ဖိုလ်အားလျော်သော အနုဗောဓပညာ ဖြစ်လာအောင် လုပ်ရမယ်၊ နောက်ဆုံး ပဋိဝေဓပညာ ဖြစ်လာလျှင် နိဗ္ဗာန်ကို မြင်တော့တာပါဘဲ။

ဒီတော့ "သဒ္ဓာပညာ - သမာဝီရိ စောင်းနှယ်ညှိလော့" ဟူသော ဝိဏောဝါဒကထာ အတိုင်း မလျော့မတင်း စောင်းကြိုးညှင်းသို့ ဖြစ်အောင် သဒ္ဓာနှင့် ပညာ ဝီရိယနှင့် သမာဓိမျှအောင်ညှိပြီး အားထုတ်ရပါတယ်၊ "သဒ္ဓာလွန်လျှင် ဆွံ့တယ်၊ ပညာလွန်လျှင် ကွန့်တယ်၊ ဝီရိယလွန်လျှင်လွင့်တယ်၊ သမာဓိလွန်လျှင် ဖင့်တယ်" သတိကတော့ လွန်တယ်လို့ မရှိ၊ ပိုတယ်သာ ရှိပါတယ်၊ ဒါကြောင့် သတိတရားဆိုတာကတော့ ဟင်းချက်ရာမှာ ဆားကဲ့သို့ ဘယ်ဟင်းချက်ချက် ဆားမပါလျှင်မပြီးပါဘူး၊ ဆားပါမှ အရသာရှိသလို ပိုတယ်လို့မရှိပါ၊ အခါခပ်သိမ်း အလိုရှိအပ်တဲ့တရားဖြစ်ပါတယ်။

ဤတရားငါးပါးနှင့် ပြည့်စုံအောင်ကြိုးစားပြီး အားထုတ်လျှင် လိုရာပန်းတိုင်သို့ ရောက်နိုင်ပါတယ်၊ ဥပမာ မိမိတိုင်းပြည်သို့ တိုင်းတပါးက ရန်သူတွေဝင်မလာအောင် တိုက်ထုတ်မည်ဆိုယင် ရှေးဦးစွာ စစ်ဆင်ပုံ စစ်ဆင်နည်းနားလည်တဲ့ စစ်ဗိုလ်ကြီးလဲရှိရမယ်၊ စားနပ်ရိက္ခာနှင့် လက်နက်ကရိယာနားလည်တဲ့ စစ်ဗိုလ်ကြီးလဲရှိရတယ်၊ ထို့အပြင် ကြည်းတပ်ဗိုလ်၊ ရေတပ်ဗိုလ်၊ လေတပ်ဗိုလ်များလဲ ရှိရတယ်၊ အဲဒီ ဗိုလ်ကြီးငါးပါး ပြည့်ပြည့်စုံစုံ ညီညီမျှမျှ သဘောချင်းတိုက်ဆိုင်ကြမှသာလျှင် ရန်သူများကို တိုက်၍နိုင်သလိုပါဘဲ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာလဲ အဝိဇ္ဇာတဏှာ မာနဒိဋ္ဌိ ဝိစိကိစ္ဆာစသော ရန်သူကိလေသာ တရားဆိုးများ ထိုးဖေါက်မလာနိုင်အောင် မိမိခန္ဓာကိုယ်မှာ ခိုလှုံပြီး မနေနိုင်အောင် မနှိပ်စက်နိုင်အောင် နှင်ထုတ်တိုက်ပစ်ရတဲ့ အလုပ်ဖြစ်ပါတယ်၊ သို့အတွက် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တည်းဟူသော ဗိုလ်တိုက်တဲ့ တရားငါးပါးကို ညီညီ မျှမျှ သဘောချင်းတိုက်ဆိုင်ရအောင် လုပ်ရပါတယ်။

အားထုတ်တဲ့ အခါမှာလည်း လှတိုက်သော လှသမားယောကျ်ားသည် မိမိတိုက်မည့် သစ်သားသစ်တုံးကို မျဉ်းကြောင်းဆဲ့၍မလွဲအောင် မပြတ်မစဲ အမြဲကြည့်၍ ဇွဲသတ္တိဖြင့် မနေမနား ကြိုးစားတိုက်သလို တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် လည်းနှာသီးဖျားကို အာရုံထားပြီး မျက်စိကို အသာမှိတ်လျက် ဝင်သက်လေကို ဝင်သက်မှန်းသိ၊ ထွက်သက်လေကို ထွက်သက်မှန်း သိသိပြီး အပြတ်အလပ်မရှိရအောင် လက်မချိုး၊ ပုတီးမစိပ်၊ မရေ

မတွက်၊ မစဉ်းစား မတွေးတောဘဲ၊ ကမ္မဋ္ဌာန်းအာရုံထဲသာ စိတ်ကို အမြဲကပ်လျက် သတိချပ်ပြီး ထပ်ကာထပ်ကာ မှတ်ရှုရပါတယ်။

ယောဂီများ (၇)ရက် အားထုတ်သောလုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ (၃)ရက်လောက် ပြဆိုခဲ့ပြီးသည့်အတိုင်း သမထအလုပ်ကို ကြိုးစားလိုက်လျှင် အမှန်ပင် သမာဓိရနိုင်ပါတယ်၊ (၃)ရက် သမာဓိထူထောင်ပြီးတဲ့အခါ ဝိပဿနာသို့ ကူးပြောင်းရပါတယ်။

"စိတ္တေန နီယတေလောကော"ဟု ဘုရား ဟောထားသည့်အတိုင်း စိတ်သာလျှင် ရှေ့သွားဖြစ်၍ စိတ်တလုံးနိုင်အောင်ကိုင်ပြီး အားထုတ်နိုင်လျှင် လိုရာစခန်းဖြစ်တဲ့ မအိုရာ မနာရာ မသေရာ နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါတယ်။

ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ အားထုတ်ပြုလုပ်သည့် အာရုံပေါ်၌ စိတ်ကိုနိုင်အောင် ပိုင်အောင်ကိုင်ပြီး ငြိမ်သက်စွာတည်ရှိနေအောင် လုပ်ဆောင်သော အလုပ်ဖြစ်ပါတယ်၊ စိတ်ဆိုတဲ့ နာမ်တရားဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။

သို့အတွက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက—

နာမ်လိမ္မာလျှင်၊ ရုပ်သက်သာမည်။

နာမ်မလိမ္မာလျှင်၊ ရုပ်နာလိမ့်မည်။

နာမ်မအေးလျှင်၊ ရုပ်ချွေးဖြစ်လိမ့်မည်ဟု မိန့်ဆိုပါသည်။

## ၃၁။ ဆရာတော် ဘုရားကြီး၏ ဝိပဿနာရှုနည်း

### တရားတော်

တရားအားမထုတ်မီ ရှေးဦးစွာ ဘုရားရှိခိုးကြ ဘုရားရှိခိုးတာကလဲ (၁) ကိုယ်ဖြင့် ရှိခိုးခြင်း၊ ကာယပဏာမ၊ (၂)နှုတ်ဖြင့် ရှိခိုးခြင်း၊ ဝစီပဏာမ၊ (၃) စိတ်ဖြင့် ရှိခိုးခြင်း မနောပဏာမ၊ (၄) လောကုတ္တရာ တရားအားလျော်သော အကျင့်ပဋိပတ်ဖြင့် ရှိခိုးခြင်း ဓမ္မာနု ဓမ္မပဋိပတ္တိ ပဏာမဟူ၍ လေးမျိုးရှိတယ်။ ထိုလေးမျိုးတို့တွင် နောက်ဆုံး ဓမ္မာနု ဓမ္မပဋိပတ္တိ ပဏာမဟာ ပို၍ လွန်၍ မြတ်တယ်။ အလှူ အတိုး အနဂ္ဃဆိုက်တန်လှသော ပစ္စည်း အမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းထက် ပို၍ လွန်၍ အကျိုးကြီးတယ်လို့ မြတ်စွာဘုရား ဟောကြားထားတာရှိတယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ဘုရားရှိခိုးရတဲ့ အလုပ်ဟာ ရှေးဦးစွာပြုလုပ်ရတဲ့ နံပါတ်(၁) ကိစ္စဘဲ။

ဘုရားရှိခိုးတာဟာ ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်ကင်း၍ လိုရင်းဖြစ်သော နိဗ္ဗာန်ကို အမြန်ရောက်နိုင်ပါ

တယ်။ ထို့အပြင် အပြုသဘောဖြစ်သော ကုသိုလ်ဓာတ်လဲ မပြတ်ဖြစ်၍ အဖျက်သဘောဖြစ်သော အကုသိုလ် ဓာတ်ကိုလဲ ပယ်သတ်နိုင်သဖြင့် လိုအပ်သော အကျိုးကို ဖွံ့ဖြိုးနိုင်ပါတယ်။ အချို့က တရားအားထုတ်တဲ့အခါ ဘုရားရှိမခိုးရဘူးလို့ ပြော ကြတယ်။ ဒါက တရား အမှတ်ပြတ်မှာစိုးလို့ ပြောတာပါ၊ ကျမ်းဂန်များမှာ ဘုရားကို အောက်မေ့တဲ့ ဗုဒ္ဓာနုဿတိ၊ နိဗ္ဗာန် ကို အောက်မေ့တဲ့ ဥပသမာနုဿတိတို့သည် တရားအားထုတ် ရာ၌ အလွန်တရာ ကျေးဇူးများသော အနုဿတိ တရားများ ဖြစ်ကြောင်းကိုပင် ပြဆိုထားပါတယ်။

(၂) နံပါတ် ပြုရမဲ့ကိစ္စကတော့ အစမထင် သံသရာတခွင် မှာ၍ ဘဝအဆက်ဆက် ပေါင်းဘက်နေထိုင်ကြသော ပုဂ္ဂိုလ်တို့ အပေါ် မိမိက ပြစ်မှားမိသော ကာယကံမှု၊ ဝစီကံမှု၊ မနော ကံမှု ပြုပြုခဲ့သမျှ အပြစ်တို့ကို သည်းခံကြပါရန် တောင်းပန် လိုက်ကြ၊ ထိုထို ပုဂ္ဂိုလ်တို့က မိမိကို ပြစ်မှားမိလျှင်လဲ သည်းခံ ပါ၏ဟု ဆိုရမယ်။ ဤကဲ့သို့ ပြစ်မှားမိသော အပြစ်တို့ကို တောင်းပန်ရတာကတော့ ပြစ်မှားမိတဲ့ ပုဂ္ဂိုလ်များဟာ အရိ ယာပုဂ္ဂိုလ် ဖြစ်နေယင် "အရိယူပဝါဒ အန္တရာယ်" ထိုက်၍ တရား အားထုတ်လို့ တရားမရနိုင်တော့ဘူး၊ တောင်းပန်မှ ပျောက် တယ်။ အရိယာ ပုဂ္ဂိုလ်မဟုတ်သော်လဲ မိဘ-ဆရာ သမား စတဲ့ ကျေးဇူးရှိသော ပုဂ္ဂိုလ်များ ဖြစ်နေယင်လဲဘဲ အနှောင့်အယှက် တော့ဖြစ်တယ်။ ဒါကြောင့် တောင်းပန်ကန်တော့ရတယ်၊ ဒါမှ ကြေသွားတယ်၊ ကင်းသွားတယ်။

(၃) နံပါတ် ကိစ္စကတော့ မိမိခန္ဓာကိုယ်နှင့် အသက်ကို မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာအား လှူဒါန်းပါ၏ဟု ဆိုပြီး လှူဒါန်းရမယ်၊ လှူဒါန်းရခြင်းအကြောင်းကတော့ တရားအား ထုတ်လို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ ကြောက်မက်ဘွယ်ကောင်းသော အာရုံနဲ့ တွေ့ကြုံလာခဲ့သော် ငါဟာ ငါ့ခန္ဓာကိုယ်နဲ့ ငါ့အသက်ကို ဘုရားနှင့် ဆရာ သမားအား လှူဒါန်းပြီးဘဲ၊ ငါ့ကိုယ် ငါ့အသက်မှ မဟုတ်တော့ဘဲ၊ ဘာ ကြောက်နေစရာရှိသလဲဟု ခန္ဓာကိုယ်နဲ့ အသက်ကို တခြားလွှဲ လိုက်တာဟာ အကြောက်[illegible] သက်သာသွားတယ်၊ ဒါကြောင့် လှူရတယ်။

(၄) နံပါတ် ကိစ္စ ကမ္မဋ္ဌာန်းတရား တောင်းပန်ရမယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ဒါနပြုကြတယ်၊ သီလ ဆောက်တည်ကြတယ်၊ ဘာဝနာ ပွားများကြတယ် ဆိုတာ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို လိုချင်ကြလို့ဘဲ၊ မြတ်စွာ ဘုရားကလဲ "သိဝံပတ္ထေထ ဘိက္ခဝေ သိဝံပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ ဘာဝနံ ဘာဝေတဗ္ဗံ" လို့ ဟောထား တော်မူတယ်။ ဒါနဘဲပြုပြု သီလဘဲ ဆောက်တည် ဆောက် တည်၊ ဘာဝနာဘဲ ပွားများ၊ ပွားများ နိဗ္ဗာန်တရားကို တောင့်တပြီး ပြုလုပ်ကြရမည်တဲ့။

ဒီတော့ ပါဠိလို "ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဒိဇတ္ထာယစ ကမ္မဋ္ဌာနံ ယာစာမိ" (သုံးခေါက်ဆို)

ဘန္တေ၊ အရှင်ဘုရား၊ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာ ဝဋ္ဋ်

ဆင်းရဲအပေါင်းမှ၊ မောစနုတ္တာယစ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ၎င်း။ ဗိဇ္ဇတ္ထာယစ၊ အတိတ်ကပါလာသော ဝိဇ္ဇာမျိုး စေ့ရှိခဲ့သော်၎င်း၊ အကယ်၍ မျိုးစေ့မရှိခဲ့သော် ယခုအားထုတ် အပ်သော ကမ္မဋ္ဌာန်းသည်၊ ဝိဇ္ဇာမျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ၎င်း။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ယာစာမိ၊ တောင်းပန်ပါ၏လို့ ကမ္မ ဋ္ဌာန်းကို တောင်းရမည်။

ဤကဲ့သို့ သုံးကြိမ်တောင်းပန်ရတာကတော့ သူတော်ကောင်း သူမြတ်အပေါင်းတို့၏ ထုံးဟောင်းဓမ္မတာ အလေ့အကျင့်ပါဘဲ၊ မိမိပြုလုပ်တဲ့လုပ်ငန်းကို ရိုသေလေးစားရာလဲကျတယ်၊ဒါကြောင့် မြတ်စွာဘုရားလဲ သတ္တဝါတွေကို သနားလို့ တရားဟောပြီး နိဗ္ဗာန်ပို့ချင်လွန်းလို့ အချိန်ကြာရှည်ရှည် ပါရမီတွေ ဖြည့်ကျင့်ခဲ့ ပေမဲ့၊ နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့ကာလရောက်တော့ အလို အလျောက် တရားမဟောသေးဘဲ သဟမ္ပတိဗြဟ္မာကြီး တောင်း ပန်ခံပြီးမှ ဟောတယ်။

ကမ္မဋ္ဌာန်းယူပြီးနောက် နံပါတ်(၅)ကိစ္စ မေတ္တာပို့ အမျှဝေ ရမယ်၊ အရှင်ဘုရား တပည့်တော်သည် သံသရာတည်းဟူသော ဝဲဩဃဲရေအယဉ်မှ ထွက်မြောက်၍ အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက် မှောက်ပြုပါရခြင်းအကျိုးငှါ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ် သော ကမ္မဋ္ဌာန်းကို စီးဖြန်းပါ၏၊ စီးဖြန်းရသောကုသိုလ်အဘို့ ကို မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့နှင့် ဆရာသမား ဘိုးဘွားတို့အား အမျှပေးဝေပါ၏။

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာတော်စောင့်နတ် စသော နတ်မြတ် နတ်ကောင်းနတ်အပေါင်းတို့အားလည်း အမျှပေးဝေပါ၏၊ ထိုမှတပါး သိကြားဒေဝါ နတ်ပြဟ္မာများနှင့် အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ ဖီလာထုတ်ချင်းအကြွင်းမရှိ သခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏–အမျှပေးဝေပါကုန်၏-အမျှပေးဝေပါကုန်၏။

အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ လိုရာဆန္ဒ ပြည့်ဝကြပါစေဟု မေတ္တာပို့ အမျှပေးဝေရမယ်၊ မေတ္တာပို့တယ်ဆိုတာ မိမိကိုယ်ကို သက်သေအရာ၌ထား၍ ငါသည် ချမ်းသာခြင်းကို အလိုရှိသလို ဆင်းရဲခြင်းကို အလိုမရှိသလို တခြားသော ပုဂ္ဂိုလ်တွေလဲ ချမ်းသာခြင်းကို အလိုရှိ၍ ဆင်းရဲခြင်းကို အလိုမရှိကြကြောင်းနှင့် မိမိစိတ်ထဲမှာ ကောင်းကောင်းစွဲမြဲထင်လာတိုလိုတယ်၊ ဒါမှ မေတ္တာဟာ စူးရှတယ်၊ ထို့အပြင် မိမိကိုယ်တိုင်က သူများကို မေတ္တာပို့မှ သူများပို့တဲ့မေတ္တာကိုလဲ ခံယူနိုင်စွမ်းရှိတယ်။

နောက်ဆုံးနံပါတ် (၅) ကိစ္စဖြစ်တဲ့ မေတ္တာပို့ အမျှဝေကတော့ တရားအားထုတ်ပြီးမှ လုပ်ရင်လဲရပါတယ်၊ တရားအားမထုတ်ခင် လုပ်ရင်လဲရပါတယ်၊တရားအားထုတ်ပြီးမှ လုပ်ရမဲ့ကိစ္စကတော့ သစ္စာဓိဋ္ဌာန်ပြုရန်ပါဘဲ၊ တပည့်တော်သည် မြတ်စွာဘုရား ဟောကြားတဲ့တရားကို မည်၍မည်မျှ ကြာအောင် သက်ဝင်ယုံကြည်စွာဖြင့် အားထုတ်ခဲ့ပါသည်၊ ဟောကြားသည့်တရားသည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းမှန်ပါသည်၊

ဤသို့မှန်ကန်သော သစ္စာစကားကြောင့် မိမိအလိုရှိအပ်သော ဆန္ဒသည် ပြည့်ဝပါစေသတည်းဟုလဲ သစ္စာအဓိဋ္ဌာန် ပြုကြရမယ်၊ တရားအားထုတ်ပြီးမှ ပြုရတဲ့သစ္စာဟာ အလွန်စွမ်းတယ်။

ကဲကဲ တရား အားထုတ်ကြရအောင် ယောဂီယောကျ်ား များကလဲ တင်ပလ္လင်ခွေထိုင်ကြ၊ ယောဂီ မိန်းမများကလဲ မိန်းမထိုင် ထိုင်ကြ၊ ဒူးပေါ်မှာလက်တင်ပြီး မျက်စိကို မှိတ်ထားကြ။

မိမိခန္ဓာကိုယ်တွင် ဆံပင်အစ ခြေဖျားအထိ ရှိရှိသမျှ (၃၂)ကောဋ္ဌာသ အစုအဝေးကြီးဟာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမရယ်လို့သာ သမ္မုတိနယ်မှာ ခေါ်နေကြတယ်၊ အမှန်အစစ် ပရမတ္ထသစ္စာနဲ့ ကြည့်ရင် ရုပ်နှင့်နာမ်သာ ရှိတယ်၊ ထိုနှစ်ပါးတို့တွင် ရုပ်မှာ အမျိုးအစား(၂၈) ပါး ရှိသော်လည်း အမာခံရုပ်ကြီးများမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူ၍ လေးပါးသာ ရှိတယ်။

ထိုလေးပါးတို့တွင် ပထဝီဆိုတဲ့ မြေဓာတ်က မာကြောတဲ့ သဘော နူးညံ့တဲ့သဘောရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘောရှိတယ်၊ တေဇောဆိုတဲ့ မီးဓာတ်က ပူတဲ့သဘော အေးတဲ့သဘောရှိတယ်၊ ဝါယော ဆိုတဲ့ လေဓာတ်က လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့ သဘောရှိတယ်၊ အဲဒီ ရုပ်တရားတွေကလဲ၍ တကိုယ်လုံးမှာ ဘာမှမရှိဘူး၊ ဒီရုပ်တရားတွေကလဲ လောကမှာ ဘာမှ သိတဲ့ တရားတွေမဟုတ်ဘူး။

ဥဒမာ တောင်ပို့တခုရှိတယ်၊ တောင်ပို့ပေါ်မှာ ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်၊ တောင်ပို့ကလဲ ငါ့အပေါ် ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်ဆိုတာ မသိဘူး၊ ပဒေါ်ဖြူမြက်တွေကလဲ ငါဟာ တောင်ပို့ပေါ်မှာ ပေါက်နေရတယ်လို့ မသိဘူး၊ ဘာကြောင့် မသိသလဲဆိုရင် သိတတ်တဲ့ နာမ်တရားမရှိလို့ မသိဘူး၊ ဒီဥပမာလိုဘဲ ဥက္ခောင်းကလဲ ဓာတ်လေးပါး ရုပ်ဘဲ၊ ဆံပင်တွေကလဲ ဓာတ်လေးပါး ရုပ်ဘဲ၊ အချင်းချင်း ဘယ်သိမလဲ ရုပ်တရားချည်းဘဲဟာကိုး။

မြင်လို့သိတယ်၊ကြားလို့သိတယ်၊နံလို့သိတယ်၊စားလို့သိတယ်၊ တွေ့လို့သိတယ်၊ကြံလို့သိတယ်ဆိုတာက နာမ်ဘဲ၊ ဒီတော့ယောဂီတို့တသက်လုံးမှတ်ထားကြ၊ရုပ်သည် ဘာကိုမှမသိ၊နာမ်သာလျှင် သိတယ်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ဘယ်က ဖြစ်လာသလဲ၊ ဘယ်သူဖန်ဆင်းသလဲ၊ အဘယ့်ကြောင့် ဖြစ်နေသလဲ၊ စဉ်းစားကြပါ၊ မိုးပေါ်က ကျလာသလား၊ မဟုတ်ပါဘူး၊ သိကြားဒေဝါ၊ ဗြဟ္မာ၊ ဗိဿနိုး၊ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့လား မဟုတ်ပါဘူး၊ ကံ စိတ် ဥတု အဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်လာတာပါ။

ဤရုပ်တရား နာမ်တရားတွေကို မြတ်စွာဘုရားက မမြဲတဲ့ အနိစ္စတရားတွေ၊ ဆင်းရဲတဲ့ ဒုက္ခတရားတွေ၊ အစိုးမရတဲ့ အနတ္တတရားတွေလို့ ဟောထားတယ်၊ ဘုရားဟောတာ ဘယ်ဟာမှမမှားဘူး၊ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး မှန်တယ်၊ မှန်တာကို ဉာဏ်မှ သိတယ်၊ ထိုဉာဏ်က ဘယ်ကရမလဲ၊

သမာဓိရှိမှ ရမယ်၊ ဒါကြောင့် ဥက္ကောင်းကအစ ခြေဖျားအထိ ရုပ်သာရှိတယ်ဆိုတာ အာရုံပြုကြ။

အာရုံပြုပြီးတော့ ဥက္ကောင်းငယ်ထိပ်နေရာမှာ ဒင်္ဂါးပြားမျှ ကွက်၍ သမာဓိကို ခိုင်မြဲစွာထားလျက် ရှုမှတ်ပါ၊ ရှုမှတ်တော့ ဘာတွေတွေ့မလဲ—

"ကာယဉ္စ ပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ဆိုသည့်အတိုင်း ပထဝီဖောဋ္ဌဗ္ဗနှင့် ကာယပသာဒ တွေ့ရင် နာကျင်ကိုက်ခဲမှုဖြစ်လာမည်။

ထိုနည်းအတူ တေဇောဖေါဋ္ဌဗ္ဗနှင့် ကာယပသာဒ တွေ့လျှင် ပူပူအေးအေး၊ နွေးနွေးရှိန်းရှိန်း ဖြစ်လာမည်၊ ဝါယောဖောဋ္ဌဗ္ဗနှင့် ကာယပသာဒတွေ့ရင် လှုပ်လှုပ်ရွရွ ဒိတ်ဒိတ် ရိပ်ရိပ်ဖြစ်လာမည်၊ဘာကိုဘဲတွေ့တွေ့ ရုပ်တွေဘဲဆိုတာ မှတ်ထားပါ။

အာရုံပြုပြီး ရှုမှတ်ဖန်များလျှင် တကိုယ်လုံး ရုပ်ခဲတ်တွေ ခဏမစဲ တဖွဲဖွဲနဲ့ အမြဲဖြစ်ပျက်၍ ဖောက်ပြန်နေတာ တွေ့လိမ့်မည်။ သမာဓိကောင်းရင် ကောင်းသလို များများတွေ့တတ်သည်။ ယောဂီပုဂ္ဂိုလ်မှာ ငါဘယ်လိုဖြစ်လာသလဲဟု အထင်လွဲအထင်မှားတောင် ဖြစ်တတ်သည်၊ သူ့သဘော သူဆောင်နေသော ရုပ်သဘောတွေဘဲဟု စွဲမြဲစွာ အားထုတ်ပါ၊ မကြာမီ အမြင်မှန်၍ ပထမတွင် ဆင်ခြင်ဉာဏ်ဖြစ်သော သမ္မသနဉာဏ် ထို့နောက်ရုပ်မှန်းသိ၍ ဖြစ်ပျက်ကို သဘောပေါက်သည့် ဥဒယဗ္ဗယဉာဏ် ဖြစ်လာပြီး မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခ၊ အစိုးမရတဲ့ အနတ္တခေါ်တဲ့ လက္ခဏာရေး သုံးပါး ထင်လာတော့တာဘဲဟု မှတ်ကြ။

အဲဒါကြောင့် ပထမ နားလည်ဘို့အချက်က ရုပ်နှင့်နာမ် အမှန်သိဘို့လိုတာဘဲ၊ ရုပ်နှင့်နာမ်ကွဲသွားဘို့ လိုတာဘဲ၊ မြတ်စွာဘုရားကလဲ ရုပ်နှင့်နာမ်ကွဲအောင် ဒီလိုဟောထားပါတယ်။

အနိစ္စာနု ဂတာဘဂ္ဂါ၊ ပုဗ္ဗေနတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိတိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီး ချုပ်ပျက်စီးကြသော ရုပ်နာမ်တရား နှစ်ပါးတို့သည်။ အနိစ္စါနုဂတာ၊ ငြိမ်းလေပြီးသည့် ဆီမီးပမာ သိမ္မိုးရာမရှိသော အဖြစ်သို့ ရောက်ကြရလေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေးမီ အနာဂတ်ကာလစဉ်၌။ ပုဗ္ဗေ၊ လာ၍ဖြစ်ရန် အသစ်တဖန် စီမံလားမှု ရုပ်နာမ်စုသည်။ နတ္ထိ၊ မရှိနှင့်ချေ။ ယေပိ၊ အသစ်တဖန် ဖြစ်ပြန်သော ရုပ်နာမ်တို့သည်လည်း။ နိဗ္ဗတ္တာ၊ ဥပဒ်—ဌီဘင် အစဉ်ခဏ ဖြစ်ပြန်ကြ၍။ တိဋ္ဌန္တိ၊ တည်ကြရကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန် ရုပ်နာမ်တို့သည်လည်း။ အာရဂ္ဂေ၊ သေးငယ်အပ်သွား ပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ အလျင်အလျှား တင်ထားအပ်သော မုံညှင်းစေ့ပမာ ဖြစ်ကြပါကုန်၏တဲ့။

အဲဒီလို ဘုရားဟော မဟာနိဒ္ဒေသလာ ဒေသနာတော်အရ နားလည်ကြဘို့ အားထုတ်တတ်ကြဘို့ သင်ကြားတဲ့ စကားတော်ပါဘဲ၊ ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပြောက်ကြကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည် ဖြစ်ဖြစ်ပြီး မြန်မြန်ကြီး ပျောက်ပျောက်သွားတယ်၊ ဒီတော့ ဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်သလဲ၊ ပျောက်တယ်ဆိုတာ ဘယ်လိုပျောက်သလဲလို့ မေးစရာရှိတယ်၊ ကျမ်းဂန်အရ ပြောကြတာကတော့၊ မျက်စိနဲ့

အဆင်းနဲ့တွေ့တော့ မြင်သိလုံးလေး ပေါ်လာတယ်၊ ပေါ်လာပြီး မြင်သိအသစ်ပြောင်း၊ အဟောင်းပျက်တာဟာ ရုပ်နာမ်ဖြစ်ပျက်ဘဲလို့ ပြောရမှာဘဲ၊ ပြောလို့တော့လွယ်တယ်။ စာကလဲ ဒီလိုဆိုတာဘဲ၊ ထိုနည်းအတူ နားနဲ့ အသံနဲ့တွေ့တော့ ကြားသိလုံးလေး ပေါ်လာတယ်၊ ပေါ်လာပြီး ကြားသိအသစ်ပြောင်း အဟောင်းပျက်၊ စသည်ဖြင့် ရုပ်နာမ် အဖြစ်အပျက်ကို အပြောလွယ်ပြီး ဝိပဿနာရှုနည်းကျတော့ ခက်ခက်နေကြတယ်။

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာတရားဆိုတာ အပြောလွယ်ပြီး အလုပ်ခက်တယ်။ ဥပမာအားဖြင့်ဆိုလျှင် ရေကြည်ငါးကို ဖမ်းတဲ့သူများနဲ့ တူတယ်၊ အလွန်တရာကြည်လို့ သေးသေးမွှားမွှား ကျောက်ခဲ သလဲများတောင် မြင်နိုင်တဲ့ ရေကြည်မှာ ငါးတွေမြင်တော့ အလွယ်တကူနဲ့ ရယူနိုင်မယ်ဆိုပြီး ဆင်းဖမ်းတဲ့အခါ ငါးတွေကိုတော့ ထင်ထင်ရှားရှား အမြင်သာဘဲ၊ ဒါပေမဲ့ လက်ထဲရောက်အောင် ဖမ်းတဲ့အခါကျတော့ မလွယ်ဘူး လွတ်လွတ်သွားတယ်၊ ဒီလိုဘဲ ရုပ်ရှုနည်း နိဿယည်း ကြားနာရတော့ လွယ်ကူမယ်ထင်တယ်၊ တကယ် ရုပ်နာမ်တွေ့မြင်ဘို့ကျတော့ မလွယ်ဘူး။

တွေ့မြင်ကြရအောင် ယထာဘူတ ကျမ်းဂန်နှင့်အလျော် ပြမယ်ဆိုသော် "ကာယဉ္စပဋိစ္စဖောဋ္ဌဗ္ဗေဥ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ဆိုသည့်အတိုင်း မိမိတို့အဇ္ဈတ္တသန္တာန်မှာ အမှန်တွေ့ ကောင်းတဲ့ ကာယပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ်၊ စက္ခုဝိညာဉ် ဖြစ် ပေါ်လာပြီးနောက် လျှင်မြန်စွာ ချုပ်ပျောက် ချုပ်ပျောက်

သွားကြသော ရုပ်နာမ်နှစ်ပါးတို့ဟာ "ဘဂ္ဂါ၊ဖြစ်ပေါ်လာပြီး ချုပ်ပျောက် ပျက်စီးကြသော ရုပ်နာမ်နှစ်ပါး တရားတို့သည် လို့ "ဆိုသည့်အတိုင်း ဝီရိယ သတိ သမာဓိ ပညာတို့နှင့် ပြည့်စုံ နေပါလျှင် ယောဂီတွေဟာ သူများအပြောမဟုတ်ပါဘူး ချုပ်ပျောက်တာ ကိုယ်တိုင်တွေ့နိုင်ကြပါတယ်၊ ကိုယ်တိုင်သိနိုင် ကြပါတယ်။

"သမ္မာပဋိပန္နော နိဗ္ဗာနံသစ္ဆိကရောထိ" ဟူသောဒေသနာ တော်နှင့်အညီ ကျင့်ပါလျှင် နိဗ္ဗာန်ကိုပင်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါတယ်၊ နာကျင်ကိုက်ခဲတဲ့ ဖောဋ္ဌဗ္ဗ ရုပ်မှာလဲ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏဂန္ဓရသဩဇာဟူ၍ခွဲ၍ မရကောင်းတဲ့ အဋ္ဌကလာပ်ရုပ်ရှစ်ခုရှိပါတယ်၊ဒီရုပ်တွေက မျက် တောင်တခတ် လျှပ်တပျက်မှာ ကုဋေပေါင်း (၅၀၀၀)ကျော် ဖြစ်တယ် ပျက်တယ်၊ကာယပသာဒရုပ်ကလဲ သူနဲ့ သဟာဇာတ ဖြစ်တဲ့ ရုပ်တွေနဲ့တွဲပြီး ထိုနည်းအတူဘဲ ကုဋေပေါင်း(၅၀၀၀) ကျော် ဖြစ်တယ်ပျက်တယ်၊ စက္ခုဝိညာဉ်စိတ်နဲ့ သူ၏ ယှဉ်ဖော် ယှဉ်ဖက် တရားတွေကတော့ ကုဋေပေါင်း တသိန်းကျော် ဖြစ် တယ် ပျက်တယ်၊ ဘယ်လောက်လျှင်မြန်သလဲဆိုတာ စဉ်းစား ကြည့်ကြ။

ဤတရားတွေဟာ ကံ၊ စိတ်၊ ဥတု အာဟာရတည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်နေရတဲ့ ရုပ်နာမ်တရားတွေဘဲ၊ပထဝီ လွန်ကဲတဲ့ အရာဝတ္ထုကို ပထဝီလို့ ခေါ်တာဘဲ၊ တေဇော လွန်ကဲတဲ့ အခါ တေဇောလို့ခေါ်တာဘဲ၊ ဝါယောလွန်ကဲတဲ့ အခါ ဝါယောလို့ ခေါ်တာဘဲ၊ နာမ်တရားတွေထဲမှာလဲ လော

ဘာလွှန်ကဲတဲ့ တရားကိုလောဘာ၊ ဒေါသလွှန်ကဲတဲ့တရားကို ဒေါသ၊ မောဟလွှန်ကဲတဲ့ အရားကို မောဟလို့ ခေါ်တာဘဲ၊ အမှန်ကတော့ သဟဇာတ သမ္ပယုတ္တအဖြစ်နဲ့ တခြားတရားတွေ လဲ ပါတာပါဘဲ၊ ဥပမာ ဟင်းချက်တဲ့အခါ ရေလဲပါတယ်၊ ဆီလဲပါတယ်၊ ဆားလဲပါတယ်၊ ကြက်သွန်လဲပါတယ် ငရုပ် သီးလဲပါတယ်၊ အချိုလဲပါတယ်၊ အချဉ်လဲပါတယ်၊ အဆိမ့် လဲပါတယ်၊ ဒါပေမဲ့ မြီးကြည့်တဲ့အခါ အချိုလွန်ကဲလျှင် ချို တယ်၊ အချဉ်လွန်ကဲလျှင် ချဉ်တယ်၊ အငန်လွန်ကဲလျှင် ငန်တယ် လို့ ဆိုသလိုပါဘဲ။

အဲဒီလိုပေါ့ တခုခု ဓါတ်သဘာဝ လွန်ကဲတာတွေတော့ လွန်ကဲတဲ့ဓါတ်အား လျော်စွာ ခေါ်ကြရတာဘဲ၊ တချို့က နာတာ ကျင်တာ တွေ့တယ်၊ တချို့က ပူတာ အေးတာ တွေ့ တယ်၊ တချို့က လှုပ်တာ ရွတာ တွေ့ဘယ်၊ ဘယ်လိုတွေ့တွေ့ ဒီဟာတွေဟာ ရုပ်တရားတွေဘဲလို့ သေသေချာချာ တွေ့ယင် တရားကိုတွေ့တော့တာဘဲ၊ ငယ်ငယ်တုံးကလဲ ဒီတရားတွေ တွေ့ တာပါဘဲ၊ အောင်မယ်လေး ငါ့ခြေနာလိုက်တာ၊ ငါ့ခြေ ကျဉ်လိုက်တာ၊ ငါ့လက်တွေ နာလိုက်ကျဉ်လိုက်တာ နှိပ်ပေး ကြစမ်းပါလို့ မပြောကြဘူးလား၊ ပြောကြပါတယ်။

နာတာကျဉ်တာတော့ အသိသားဘဲ၊ သို့သော် အဝိဇ္ဇာဖုံး နေတော့ ဘယ်လိုသိသလဲ၊ ငါနာတာ ငါကျဉ်တာလို့ဘဲ သိ တယ်၊ ဒီလိုသိတာဟာ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့ ယှဉ်တဲ့ပြီး နာတဲ့ရုပ်ဓါတ် ကျဉ်တဲ့ရုပ်ဓါတ်ကို ငါမှတ်နေတယ်။ ပထဝီ ရုပ်ဓါတ်မှန်းမသိဘူး၊ အဲဒီတော့ အပါယ်ဘုံသားနဲ့ ဘာထူး

သေးသလဲ၊ နာတာကျဉ်တာဟာ ခွေးလဲ သိတာဘဲ၊ နွားလဲ သိတာဘဲ၊ ခွေးကိုရိုက်ကြည့်စမ်းပါ၊ နာရှာလွန်းလို့"ဂိန်ဂိန်"နဲ့ အော်တယ်၊ နောက်တခါ ရိုက်မယ်လို့လုပ်ယင် ရိုက်တောင် မရိုက်ရသေးဘူး ထတောင်ပြေးတယ်၊ ဒါကြောင့် အပါယ်ဘုံ သား တိရစ္ဆာန်များလဲ သိတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ရုပ်ဓါတ်တွေ ဖြစ်ပျက်နေတာဘဲလို့တော့ မသိဘူး။

ဘုရားပွင့်တဲ့ သာသနာတော်ခေတ်အတွင်း အမှန်ကိုအမှန် အတိုင်း သိနိုင်တဲ့ အခွင့်ကောင်းကြီးကြုံကြိုက်ပါလျက် မသိ လိုက်ရဘူးဆိုယင် "အမိုက်နှင့်ပြင် ရှိအံ့းမှာတဲ့လား" ဆိုတဲ့ စကားလိုဖြစ်နေမယ်၊ နာတာကျဉ်တာဟာ လွယ်လွယ်နာတာ ကျဉ်တာမှ မဟုတ်ဘဲ၊ ပထဝီဓါတ်ပြင်းထန်လို့ နာတာပေါ့- အခုအပြင်မှာရှိတဲ့ လက်နဲ့ မာကြောတဲ့လက်နက်နဲ့ ရိုက်ကြည့် စမ်းပါလား၊ ကြပ်ကြပ်မာလေ ကြပ်ကြပ်နာလေဘဲ၊ ဒါဟာ ပထဝီဓါတ်၏ ခိုင်မာတဲ့သဘောဖြစ်တယ်။

အဲဒီလို နာတာသိရင် တို့ယောဂီတွေက ဥာဏ်နဲ့ရှင်းလိုက် ဒီနာတာဟာ အသကာ့းသက်သက် မဟုတ်၊ ပထဝီနဲ့ တွေ့ လို့ ဖြစ်တာဘဲ၊ ဩော်-ပထဝီဓါတ်ရုပ်နဲ့ ကာယပသာဒနဲ့ ထိခိုက်ခြင်းကြောင့် နာမှု ကျင်မှုပေါ်လာတာပါလား၊ နာ မှုန်း ကျင်မှန်းသိတာကတော့ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ဆိုတဲ့ စိတ်ကလေးဘဲ၊ သူဟာ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတာ ဘဲ၊ ဘယ်ကမှလာတာလဲ မဟုတ်ဘူး၊ မိုးပေါ်က သိကြား ပြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်းတာလဲ မဟုတ်ဘူးဟု အမှန်

ယထာဘူတဉာဏ် ပေါ်လာတော့တာဘဲ၊ အဲဒါကို သိအောင်ပြနေတယ်။

ပထဝီဓါတ်ရုပ်ကလေးကို တွေ့ပါလျှက် ရုပ်မှန်း မသိကြ၊ ပထဝီဓါတ်နဲ့ ကာယပသာဒရုပ် တွေ့ထိလို့ နာကျင်သိတဲ့ ကာယ ဝိညာဉ်စိတ်ကလေး ပေါ်လာတာကို တွေ့လျှက် နာမ်မှန်း မသိကြဘူး၊ မသိတော့ ငါထင်တယ်၊ ငါထင်တော့ အပါယ် သံသရာဘေးက မလွတ်သေးဘူးပေါ့။

အဲဒီလို ပထဝီဓါတ်ရုပ်မှန်း တကယ်တွေ့လို့ ဖြစ်ပျက် ဖြစ်ပျက်ကို သိသွားယင် နိဗ္ဗာန်နှင့်နီးပြီမှတ် ဒါကြောင့် သံယုတ် ပါဠိတော်မှာ မြတ်စွာဘုရားက "ပထဝီဓါတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယ ဒိဋ္ဌိံပဇဟတိ၊ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဉပ္ပဇ္ဇတိလို့" ဟောထားတယ်။

ရာဟုလ၊ ချစ်သားရာဟုလာ။ ခေါ၊စင်စစ်။ ပထဝီဓာတုံ၊ ပထဝီဓါတ်ကို။ ဝါ၊ နာတာ ကျင်တာကို၊ အနိစ္စတော၊ မမြဲ ဘူးဟူ၍၊ ဇာနတော၊ ရုပ်ဟူ၍သိသောသူအား။ ပဿတော၊ ရုပ်ဟူ၍ မြင်သောသူအား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏ တဲ့။

ဘယ်လောက်ဟုတ်သလဲ ပထဝီဓါတ်ကလေး တွေ့တာနဲ့၊ တချက်ထဲ သက္ကာယဒိဋ္ဌိနဲ့ အဝိဇ္ဇာနှစ်ရုပ်ကို ပယ်သတ်ပြီး ဝိဇ္ဇာ ဉာဏ်ဓါတ် ဖြစ်ပေါ်လာသတဲ့။ ဖြစ်ပေါ်မှာပေါ့ ပထဝီဓါတ် ကရုပ်၊ ကာယပသာဒကရုပ်၊ ကာယဝိညာဉ်က နာမ်လို့ ရုပ် နာမ်ကွဲသွားတာဘဲ၊ ဒါကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ခေါ်

တယ်။ ဒိဥာဏ်ရယင် သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်အစစ် ဖြစ်တော့တာဘဲ။

ထိုရုပ်နာမ် ဖြစ်ပျက်တွေတော့ ဘာဖြစ်သလဲ၊ ခန္ဓာအာယ နဓါတ်တွေတော့တာဘဲ၊ ဘယ်လိုတွေသလဲဆိုတော့ ပထဝီ ဓါတ်က ရုပ် ကာယပဿာဒက ရုပ်ဆိုတော့ ခန္ဓာအားဖြင့် ရူပက္ခန္ဓာ ဆထေစ်ဘဲ၊ ဘယ်သူက ရူပက္ခန္ဓာ မတွေ့ပါဘူးလို့ပြော နိုင်သေးသလဲ၊ ရုပ်(၂၈)ပါးတွင် အပါအဝင်ဖြစ်နေတာဘဲ၊ ကာယ ဝိညာဉ် နာမ်ကလေးတွေလိုက်တော့ ဝိညာဏက္ခန္ဓာတွေ့ တာဘဲ၊ အဲဒီ ဝိညာဏက္ခန္ဓာက တပါးတည်းဖြစ်တာမဟုတ်ဘူး သူ၏ယှဉ်ဖေါ် ယှဉ်ဖက် အပေါင်းအသင်းနဲ့ ဖြစ်တာ မကွဲပြား ရဘူး။

အဘယ့်ကြောင့် ဆိုသော် အာရုံဝတ္ထုတခုခုကို တွေ့ပြီ ဆိုလျှင် သင်္ခါရက စုပေးတယ်၊ ဝိညာဉ်က သိအောင်လုပ် တယ်၊ သညာက မှတ်သားထားတယ်၊ ဝေဒနာက ခံစားတယ်၊ ဒါကြောင့် ဤလေးခု စုမိမှ ကိစ္စပြီးသည့်အတွက် ကာယဝိညာဉ် စိတ်ကလေးဖြစ်လာယင် ဖဿစသော သင်္ခါရက္ခန္ဓာထိုက်သော တရားတွေကလဲ ပါရတယ်၊ မှတ်သားတဲ့ သညာက္ခန္ဓာထိုက်တဲ့ သညာကလဲ ပါရတယ်၊ခံစားတဲ့ ဝေဒနာက္ခန္ဓာထိုက်တဲ့ ဝေဒနာ ကလဲပါရတယ်၊ ဒီတော့ နာမ် ခန္ဓာလေးပါး ပါသွားတာဘဲ။

ပါသွားတော့ ဆိုခဲ့တဲ့ ရူပက္ခန္ဓာနှင့် ပေါင်းလိုက်တဲ့အခါ ခန္ဓာငါးပါးလုံး ဖြင်မသွားဘူးလား၊ အဲဒါ ခန္ဓာတွေတာပေါ့၊ ခန္ဓာငါးပါးဖြစ် ခန္ဓာငါးပါးပျက် သိတယ်လို့ ဆိုရတယ်။ အာ ယတနလဲ ပထဝီဓါတ်က ဖောဋ္ဌဗ္ဗာယတန ကာယပသာဒက ကာ ယာယတန၊ ကာယဝိညာဉ်က မနာယတန ထိုက်တယ်ဆိုတော့

အာယတနလဲ ပါသွားတာဘဲ၊ ဓာတ်အားဖြင့် ဆိုလျှင် ပထဝီဓာတ်က ဖောဋ္ဌဗ္ဗဓာတ် ကာယပသာဒက ကာယဓာတ်၊ ကာယဝိညာဉ်က ကာယဝိညာဏဓာတ်ဆိုတော့ ဓာတ်လဲပါသွားတာဘဲ၊ ဒါကြောင့် ဘုရားက ခန္ဓာ အာယတန ဓာတ်မသိယင် အပါယ်နဲ့နီးတယ်လို့ ဟောထားတာဖြစ်တယ်။

အဝိဇ္ဇာ တဏှာဒိဋ္ဌိ ပါနေသေးလျှင် ဒါနကို၍လူ့ပြည်က ပြဟ္မာ့ပြည်ထိအောင် ရွှေတွေငွေတွေ ပုံလှူ ပုံလှူ၊ သီလကိုဝါဂွမ်းကဲ့သို့ ဖြူစင်အောင် စောင့်စောင့်၊ သမထကို ဈာန်အဘိညာဉ်ရ၍ မြေလျှိုး မိုးပျံနိုင်အောင် အားထုတ် အားထုတ် ကုသိုလ်ကံ ဈာန်အဘိညာဉ် အရှိန်ကုန်လျှင် အပါယ်ဘုံကျမှာဘဲ။

ဒါဖြင့်လျှင် ဒါနသီလ သမထကား အလကားဘဲလားလို့ မေးယင် အလကားတော့ မဟုတ်ပါဘူး အကျိုးကြီးပါတယ်။ ဒါနက လူ့ပြည် လူမင်း၊ လူမိဖုရား၊ လူသူဌေး၊ လူသူဌေးကတော်တို့၏ စည်းစိမ်တွေ စံစားရပါတယ်၊ နတ်ပြည်မှာလဲ နတ်မင်း၊ နတ်မိဖုရား၊ နတ်သူဌေး၊ နတ်သူဌေးကတော်တို့၏ စည်းစိမ်တွေ ခံစားရပါတယ်။ သီလကလဲ လူ့ပြည် နတ်ပြည်မှာ ကြာကြာ စည်းစိမ်တွေခံစားရအောင် အကျိုးပေးပါတယ်၊ သမထကလဲ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာစည်းစိမ်တွေလူ့ပြည် နတ်ပြည်မှာ မြေလျှိုးမိုးပျံတဲ့ ဈာန်အဘိညာဉ်တန်ခိုး ဣဒ္ဓိပါဒ်တွေ ဖြစ်စေနိုင်တဲ့ အကျိုးတွေ ပေးပါတယ်။ ဒါပေမဲ့ အပါယ်ကျအောင် လယ်ရမဲ့ကိစ္စက မပြီးဘူး။

ဒါကြောင့်မို့လို့ ဒီခန္ဓာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်ကို သိအောင်လုပ်ကြလို့ ဟောရတာ၊ ခန္ဓာအာယတနဓာတ်တွေ

ထဲမှာလဲ အကုန်အပြည့်အစုံသိမှ နိဗ္ဗာန်သို့ရောက်တာမဟုတ်ပါဘူး၊ တစိပ်တဒေသသိရင် ရောက်နိုင်ပါတယ်။ မူလပဏ္ဏာသအဋ္ဌကထာမှာ "သာဝကာဟိ စတုန္နံ ခါတူနံ ဧကဒေသမေဝ၊ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ" လို့ ဆိုထားပါတယ်။ ဘုရားတပည့်သား သာဝကများဟာ ဓာတ်လေးပါးတို့တွင် တပါးပါးကို ပိုင်းခြားအမှန်ကေန်သိလျှင် နိဗ္ဗာန်သို့ ရောက်နိုင်ပါသတဲ့။

ပဋိစ္စသမုပ္ပါဒ်ဆိုတာကတော့ ဒီခန္ဓာ အာယတနဓာတ်တွေအကြောင်း အကျိုးဆက်စပ်ပြီး ဖြစ်နေပုံကို ပြတာပါဘဲ၊ ထင်ရှားအောင် မြန်မာပြန်၍ ပြပါမယ်။

## ပဋိစ္စသမုပ္ပါဒ် မြန်မာပြန်

၁။ အဟုတ်အမှန်ကို ကေန်မမြင် မထင်မလင်း၊ မသိခြင်းဟူသော အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာအမှု ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရအစု ပြင်ပြင်မှုတို့သည် ဖြစ်ပွားကုန်၏။

၂။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအမှု ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့် ဘဝတပါး၌ ဝိညာဉ်တရား ဖြစ်ပွားလာ၏။

၃။ ဘဝသစ်၌ ဝိညာဉ်တဖန် ဖြပ်ပြန်ခြင်း ဟူသောအကြောင်းတရား ထင်ရှားရရှိလာသောကြောင့်၊ရုပ်နာမ် နှစ်ပါးတို့သည် ဖြစ်ပွားလာ၏။

၄။ ရုပ်နာမ်အစု ဖြစ်ပေါ်မှုကြောင့် ဒွါရခြောက်မည် အကြည် ခြောက်ပါးတို့သည် ဖြစ်ပွားလာ၏။

၅။ ဒွါရခြောက်မည် အကြည်ခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့် အာရုံကိုတွေ့မှုအပြား ဖဿခြောက်ပါးသည် ဖြစ်ပွားလာ၏။

၆။ ဖဿခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့် အာရုံခံစားမှု ဝေဒနာစုခြောက်ပါးသည်ဖြစ်ပွားလာ၏။

၇။ ဝေဒနာခြောက်ပါး ထင်ရှား ရှိနေခြင်းကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ တဏှာခြောက်ပါးတို့သည် ဖြစ်ပွားလာ၏။

၈။ တဏှာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့် စွဲလမ်းပြင်းထန်သော ဥပါဒါန်လေးပါးသည် ဖြစ်ပွားလာ၏။

၉။ ဥပါဒါန်လေးပါး ထင်ရှားရှိနေခြင်းကြောင့် ကံဥပပတ် နှစ်ရပ်အပုံ ဘဝအစုံသည် ထင်ရှားဖြစ်ပွားလာ၏။

၁၀။ ကံဥပပတ် နှစ်ရပ်အပုံ ဘဝအစုံ ထင်ရှားရှိခြင်းကြောင့် ပဋိသန္ဓေတည်နေစွဲငြိသည့် ဇာတိတရားသည် ဖြစ်ပွားလာ၏။

၁၁။ ဇာတိတရား ထင်ရှားရှိနေခြင်းကြောင့် အိုခြင်း သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့သည် တခါတည်းပါပြီး ဖြစ်ပွားလာကြကုန်၏။ ဤ

သို့ ချမ်းသာမဖက် ဆင်းရဲသက်သက်သာ ဖြစ်သော တရားအစုတို့သည် အကြောင်းအကျိုးပြု၍ ဖြစ်ပေါ်လာကြကုန်၏။

ဤသည်ကား အားလုံးသောပုဂ္ဂိုလ်များ နားလည်အောင် ပါဠိမဖက် မြန်မာပြန်သက်သက် ဖော်ပြလိုက်ပါတယ်။

ဤသို့ ခန္ဓာအာယတနဓါတ် ပဋိစ္စသမုပ္ပါဒ်တရားစုများကို သိကျွမ်းလိမ္မာမှု ဗုဒ္ဓဘာသာဝင်ဆိုစလောက်သည်၊ ဒါနမှုမျိုး၊ သီလမှုမျိုး၊ သမထဘာဝနာမှုမျိုးစုကား ကမ္ဘာအစဉ်အဆက်မှ ဖြစ်ပျက်လာခဲ့သော ကမ္ဘာ့တန်ဆာတရားစုများ ဖြစ်သည်၊ ငါတို့ဘုရားပွင့်ရာ ကာလသည် အလွန်ကိုလေသာ သောင်းကျန်းသော အသက်တရာတန်းမှာ ပွင့်လာသဖြင့် ထိုကမ္ဘာ့တန်ဆာ တရားစုများပင် တိမ်မြုပ်သောအခါဖြစ်၍ များစွာ ထုတ်ဖော်၍ဟောတော်မူရသည်။

မြတ်စွာဘုရားပွင့်မှ ပေါ်ရှိလာသောတရားစုကား ခန္ဓာအာယတနဓါတ် ပဋိစ္စသမုပ္ပါဒ်တရားစုပေတည်း။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဆိုလျှင် ဘုရားပွင့်မှ သိရှိရသော တရားစုကို အထူးသိကျွမ်းလိမ္မာအောင် အားထုတ်သင့်ပေသည်။

သတ္တဝါတွေဟာ သံသရာလောကကြီးထဲ၌ လူဖြစ်ချည်၊ နတ်ဖြစ်ချည် ဗြဟ္မာဖြစ်ချည်၊ ငရဲကျချည်၊ ခွေး ဝက် ကြက် ငှက်တိရစ္ဆာန်ဖြစ်ချည် စသည်အလီလီဖြင့် တဘဝပြီး တဘဝ ဆက်ခါဆက်ခါ ဘဝအစဉ်မပျက် ဆက်လက်ကျင်လည်နေကြရခြင်းသည် အမှန်တရားကို မသိအောင် ဖုံးလွှမ်းထားသော

အဝိဇ္ဇာနှင့် တွယ်တာစွဲမက်သော တဏှာတို့၏ လက်ချက်ကြောင့်ပင် ဖြစ်သည်။

အဝိဇ္ဇာဟူသောတရားကား အဟုတ်ရှိ၊အမှန်ရှိ၊တကယ်ရှိသော တရားတို့ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်လေအောင် ဖုံးကွယ်သော တရားတည်း၊ တဏှာက ဘဝသံသရာက မထွက်ချင်အောင် ဆွဲငင်တတ်သော တရားတည်း၊ ထိုတရားဆိုးများ ချယ်လှယ်ထားသဖြင့် အဟုတ်အမှန်ရှိသော ရုပ်နာမ်တရားတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တတို့ကို မသိမမြင်ဘဲ၊ အဟုတ်အမှန်မရှိသော သဏ္ဌာန်ပညတ်ကို စွဲ၍ လူကောင် နတ်ကောင် ပြဟ္မာကောင် ငရဲကောင် တိရစ္ဆာန်ကောင် စသည်တို့ကို အဟုတ်ထင်အောင် သိမ်းပိုက်စွဲလမ်းလျက် ခန္ဓာကိုယ်ထဲ၌ အမြဲတမ်းကိန်းအောင်းနေသော သက္ကာယဒိဋ္ဌိကြီး ရှိနေခြင်းဖြစ်သည်။ ဒါကြောင့် သံသရာက မထွက်နိုင်ကြတာ။

ခန္ဓာအာယတနဓါတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို မသိသော အတိဗာလ ပုထုဇဉ်အန္ဓ ပုထုဇဉ်မိုက် မကျွတ်ထိုက်သော ပုဂ္ဂိုလ်မဖြစ်ကြစေနဲ့၊ ခန္ဓာအာယတနဓါတ် သစ္စာပဋိစ္စသမုပ္ပါဒ်တို့ကို အဟုတ်အဟုတ် အမှန်ကေန်သိသော ကျွတ်ထိုက်သည့် ကလျာဏပုထုဇဉ်ဖြစ်အောင် အားထုတ်ကြ၊ ထိုမှတဖန် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာထိ ဖြစ်အောင် အားထုတ်မှ သံသရာဝဲဇလုပ်မှ ထွက်နိုင်ကြမယ်။

သောတာပန်ဖြစ်အောင်ဟာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသော အတိုက်အာယတနခြောက်

ပါးနှင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဟူသော အခံအာယတနခြောက်ပါး၊ မြင်သိ ကြားသိ နံသိ စားသိ တွေ့သိ ကြံသိ ဟူသော အပွင့်ဝိညာဏ ခြောက်ပါးကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ရှုမှတ်ကြ၊ ထိုမှ တက်၍ တက်၍ ထိုရုပ်နာမ်နှစ်ချက်တို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တ အသုဘအားဖြင့် ထပ်ခါထပ်ခါ ရှုမှတ်ကြ၊ ဒါမှသာလျှင် သံသရာဇာတ်သိမ်း၍ ခန္ဓာပြတ်ငြိမ်းပြီး အမတာအမြတ်ကိန်းသို့ ရောက်ကြချမယ်။

ဒီတော့ မြတ်စွာဘုရား သူ့သားရဟုလာကို ဟောခဲ့တဲ့ ဓါတ်လေးပါးကိုဘဲ ဆက်ပြီးပြပါဒုံးမယ်၊ ဓါတ်သိယင် လွယ်ပါတယ်၊ ဓါတ်သိယင် ခန္ဓာ အာယတန သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့လဲ ပါသွားတာပါဘဲ၊ နာတယ် ကျင်တယ်ဆိုတဲ့ ပထဝီဓါတ်ဟာ ငါမဟုတ်ဘူး၊ သတ္တဝါမဟုတ်ဘူး၊ ယောကျ်ား မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး၊ သူ့သဘောသူဆောင်နေတဲ့ ပရမတ္ထ သဘောတရားလေးသာဖြစ်တယ်၊ အကြောင်းကြောင့် အကျိုးတရားလေးပေါ်လာတာဘဲ ဖြစ်တယ်၊ ဖောက်ပြန်တတ်တဲ့ သဘောရှိတယ်၊ မမြဲဘူးလို့ သေသေချာချာ ဉာဏ်ထဲမှာ ထင်လာဘို့ အရေးကြီးပါတယ်။

အချို့ကလဲ ပူတာ အေးတာ တွေ့တယ်၊ တေဇောဓါတ်ပေါ့၊ ရှိန်ရှိန် ရှိန်ရှိန်နဲ့ တွေ့တယ်၊ အပူဓါတ်ပေါ့၊ အေးစက်အေးစက်နဲ့တွေ့တယ်၊ အအေးဓါတ်ပေါ့၊ အားလုံး ဖောဋ္ဌဗ္ဗ တေဇောချည်းဘဲ မှတ်၊ တချို့က လှုပ်လှုပ်ရွရွတွေ့တယ်၊ ဝါယောဓါတ်ပေါ့၊ အဲဒီ တွေ့လာတဲ့ဓါတ်တွေကို ဓါတ်သိယင် ပြီးတာဘဲ၊ "ဓါတ်မသိဘဲ ဟတ္ထိယုန်ထင်သလို" ယောင်ချာ

ချာ လုပ်နေလျှင် အပါယ်ခွင်သွားလိမ့်မယ်၊ ပထဝီဓါတ်ဘဲ တွေ့တွေ့၊ အာပေါဓါတ်ဘဲတွေ့တွေ့၊ တေဇောဓါတ်ဘဲ တွေ့ တွေ့၊ ဝါယောဓါတ်ဘဲတွေ့တွေ့၊ ဓါတ်လေးပါးတို့တွင် တပါး ပါးတွေ့လျှင် နိဗ္ဗာန်နှံ့နီးပြီလို့ မှတ်၊ ဒါကြောင့် ဂါထာမှာ ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျောက် ချုပ်ပျောက် သွားကြသော နာမ်ရုပ်နှစ်ပါးတို့သည်။ အနိစ္စာနုဂထာ၊ ငြိမ်း လေပြီးသော ဆီမီးပမာ သိမ္မီးရာမရှိသောအဖြစ်သို့ ရောက်ကြ လေကုန်၏ လို့ အနက် မြန်မာပြန်ဆိုထားပါတယ်။

ရုပ်နာမ်နှစ်ပါး ခေတ်တရားတို့သည် ဆီမီးမျှားလိုဘဲ၊ ဆီမီး တောက်ကို စေ့စေ့ကြည့်လျှင် တလူလူတရိပ်ရိပ် တောက်နေ သည်ကို မြင်လိမ့်မည်။ မီးအဟောင်းပျက်ပျက်ပြီး မီးအသစ် ထပ်ခါထပ်ခါ တောက်တောက်လာသည်ကို မြင်လိမ့်မည်။ မျက်စိတမှိတ် လျှပ်တပြက်မျှ မကြာဘဲ ပျက်ပျက်သွားတာ မြင် လိမ့်မည်။ ပျက်စီးသွားသော မီး၏အစား နောက်ထပ် တဖန် ပြန်၍ အသစ်ဖြစ်လာသောမီးကိုလည်း မြင်လိမ့်မည်။ ထိုအခါ တစပ်ထည်းတောက်နေသကဲ့သို့ ထင်ရသည်၊ ပျက်စီးသောမီးက လည်း တခြားမသွားဘူး ဤနည်းအတူတူပါဘဲ၊ ရုပ်ခေတ် နာမ် ခေတ်တွေဟာလဲ၊ အဟောင်းပျက် အသစ်ဖြစ်၊ အဟောင်းပျက် အသစ်ဖြစ်နဲ့ တစပ်ထည်းထင်ရသည်၊အမှန်မှာ မီးကဲ့သို့ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်ပျက်၍သာ နေကြသည်၊ မျက်စိတမှိတ် လျှပ်တပျက်မျှ တည်နေခြင်းမရှိ၊ အဖြစ်အပျက် မြန်လို့သာ တစပ်ထည်းထင်ရသည်။ တခြားလဲ ပြောင်းရွှေ့

တာမဟုတ်ဘူး၊ ဒါကိုမြင်အောင် ထင်အောင်ကြည့်နိုင်မှ တရား ကိုမြင်တယ်လို့ ခေါ်ရသည်။

နာကျင်လာတယ်သူ့သဘောနဲ့သူဖြစ်၊ သူ့သဘောနဲ့သူပျက် သွားတာဘဲ၊ စီးထိုင်းလာတယ် သူ့သဘောနဲ့သူဖြစ်၊ သူ့သ ဘောနဲ့သူ ပျက်သွားတာဘဲ၊ ပူအေးလာတယ် သူ့သဘောနဲ့သူ ဖြစ်၊ သူ့သဘောနဲ့သူပျက်သွားတာဘဲ၊ လှုပ်ရှလာတယ် သူ့သ ဘောနဲ့သူဖြစ် သူ့သဘောနဲ့သူ ပျက်သွားတာပါဘဲ၊ ဒါပေမဲ့ လူတွေထင်နေတာက ငယ်ငယ်တုန်းကရုပ်တွေ အခုထိ ရှိနေသေး တယ်လို့ ထင်နေကြတယ်၊ ထင်မှာပေါ့ အဝိဇ္ဇာက အမှန်တရား ကို ဖုံးလွှမ်းထားတာကိုး၊ ဝိဇ္ဇာဉာဏ်နဲ့ကြည့်တော့မှ အမှန်ကို သိတယ်၊ ငယ်ငယ်တုန်းကအတိုင်းရှိနေယင် ဘယ်ကြီးလာမလဲ၊ ဟောင်းနွမ်းလာမလဲ၊ စဉ်းစားကြည့်ယင်တောင် သိနိုင်ပါတယ်။ ဒါကြောင့် ဂါထာမှာ အနာဂတေ၊ မဖြစ်သေးမီ၊ အနာဂတ် ကာလစီဉ်၊ ပုဉ္စော၊ အသစ်ဖြစ်ဘို့ရာ အပုံအစုသည်၊ နတ္ထိ၊ မရှိ ချေတဲ့၊ ဖြစ်ဘို့ရာတနေရာက အစုအပုံလဲ မရှိပါဘူးလို့ ဆိုလို တယ်။

ပစ္စုပ္ပန်ဆဲဆဲသာ ခဏကလေးရှိနေတာပါ၊ ဘယ်ကမှ လာ တာလဲမဟုတ်ဘူး၊ ဘယ်သွားပြီး စုပုံနေတာလဲ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်နည်းအရ သူ့အကြောင်းရှိလို့ သူ့အကျိုးလေး ဖြစ်ပေါ်လာတာပါဘဲတဲ့၊ ဒါဖြင့် တာရှည်ခံသလားဆိုတော့ ယေပိ၊ အကြင်ပစ္စုပ္ပန်ရုပ်နာမ်တို့သည်လည်း၊ တိဋ္ဌန္တိ၊ မျက်စိတ မှိတ် လျှပ်တပြက်မျှ မရှည် ခဏလေးသာ တည်ကြကုန်၏ လို့ဆို တယ်၊ ခဏလေး ဖောက်ပြန်ကုန်ဆုံး ပျက်ပြုံးသွားကြတာဘဲတဲ့

ဥပမာအားဖြင့်ဆိုလျှင် အပ်ဖျားပေါ်မှာတင်ထားသော မုံညင်းစေ့ကဲ့သို့ တင်လို့မရ ခဏတာဖြစ်တယ်လို့ ဆိုလိုတယ်၊ အပ်ကလဲ သေး မုံညင်းစေ့ကလဲ ငယ်တော့ အဘယ်မှာ တာရှည်အောင် တင်လို့ရမလဲ၊ ဒါကြောင့် ဂါထာမှာ၊ အာရဂ္ဂေ၊ သေးငယ်အပ်သွား ပွတ်ဆောက်ဖျား၌၊ သာသပူပမာ အလျှင်အလျား တင်ထားအပ်သော မုံညင်းစေ့ပမာ ဖြစ်ကြရပါကုန်တော့သတည်း။ သာဓု၊ သာဓု၊ သာဓု။

ကဲ သာသနာတော်ကြီးနဲ့ကြုံသဲအခါ ဝိပဿနာတရား ဟော လို့တော့ ပြီးပါပြီ၊ ဝိပဿနာတရား ဝိပဿနာအလုပ်ဟာ တကယ်အဘိုးတန်၍ အကောင်းဆုံးဖြစ်တဲ့ အလုပ်ကြီးနော်၊ လူဖြစ်ကျိုးနပ်အောင် ဘဝကူးကောင်းအောင် ကြိုးစားအားထုတ်ကြ၊ တရားအားထုတ်၊ တရားနာပြီးလျှင် သစ္စာဓိဋ္ဌာန် ဆိုကြပါစို့၊ တရားဟော တရားနာ တရားအားထုတ်ပြီးမှ ဆိုတဲ့ သစ္စာဓိဋ္ဌာန်ဟာ တကယ်စွမ်းပါတယ်။

## သစ္စာဓိဋ္ဌာန်ပြုပုံ

သစ္စာဓိဋ္ဌာန်ပြုတယ်ဆိုတာ (၁) သီလကလဲ ပြုစင်ရတယ်၊ (၂) ဖြောင့်မှန်သောစကားလဲ ဖြစ်ရမယ်၊ (၃) ကိလေသာ မှုမဝင်သည့်ဖြူစင်သောစိတ်ထားလဲရှိရတယ်၊ (၄) ရှေး၌ဖြစ်ပေါ် ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးကိုလဲ အာရုံပြုရတယ်၊ (၅) ဓမ္မအမွှမ်း တရားတော်အစွမ်းကိုသဲ ဆင်ခြင်ရတယ်၊ (၆) ငါဒီလို သစ္စာဆိုသည့်အတိုင်း ဖြစ်မှာဘဲလို့ သစ္စာ၏ စွမ်းပကားကိုလဲ ယုံကြည်အားထားရတယ်၊ (၇)သစ္စာ

ဝါတွေအပေါ် သနားတဲ့ မေတ္တာတရားလဲ ရှိရတယ်၊ ဒီလို အင်္ဂါခုနစ်ပါးတို့နှင့် ပြည့်စုံမှ အစွမ်းထက်တယ်၊ အောင်မြင်တယ်နော် (သဘိရှိကြ)။

ရှေးအခါက သူဌေးသမီး သုဇာတာဆိုတဲ့ အမျိုးသမီးတယောက်ရှိတယ်၊ အခြားတမြွာက သူဌေးသားတယောက်နဲ့ မိဘနှစ်ပါး ပေးစားထားတော့ ရှေးထုံးစံအတိုင်း လင်ယောကျ်ားနေထိုင်ရာရွာသို့ လိုက်ပါပြီး သွားတယ်၊ သုံးနှစ်သုံးမိုးလောက်ကြာတော့ သူ့မိဘနှစ်ပါးထံပြန်ပြီး ကန်တော့ချင်သည့်အတွက် သူ့ယောကျ်ားကို ပြောတယ်၊ "မောင်ရယ် မိဘထံ ပြန်မရောက်တာလဲ သုံးနှစ်လောက်ရှိသွားပြီ၊ မိဘထံ ခဏပြန်၍ မိဘနှစ်ပါးကို ကန်တော့ချင်ပါတယ်"ဟု ပြောတော့ အေးအေး ပြန်တာပေါ့ ငါလိုက်ပို့မယ်ဆိုပြီး လှည်းတစီးနဲ့ စားနပ်ရိက္ခာများတင်ပြီး သွားကြတယ်။

မြို့အနီးအပါးသို့ ရောက်သွားသောအခါ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ ဗြဟ္မဒတ်မင်းက တိုင်းခန်းလှည့်လည်တဲ့အခါနဲ့ ကြုံသွားတော့ သူဌေးသမီး လှည်းနောက်က စီးလိုက်လာတာ မြင်သွားတယ်၊ ထိုအခါ ဗြဟ္မဒတ်မင်းက သုဇာတာ၏ အဆင်းရုပ်ဝါ လှပတာမြင်တော့ တခဏအတွင်း မင်းအချင်းတို့ကိုခေါ်ပြီး လှည်းနောက်က လိုက်လာသော မိန်းမဟာ "သသာမိက အသာမိက" အရှင် လင်ယောကျ်ား ရှိသလား မရှိဘူးလားလို့ အမေးခိုင်းတယ်။

မင်းချင်း ယောကျ်ားတို့က မေးမြန်းတော့ သသာမိက လှည်းမောင်းတဲ့လူဟာ သူ့ယောကျ်ားပါလို့ ပြန်ပြောတယ်၊

မင်းချင်းတွေပြန်၍ သူ့မှာ ယောကျ်ားနဲ့ပါ လှည်းမောင်းသူဟာ သူ့ယောကျ်ားဖြစ်ပါတယ်လို့ ပြောပြတော့ ဘုရင်ဟာ ဒေါသထွက်ပြီး တခါတည်း သူ၏ဥသျှောင်ကိုချွတ်ကာ မလွတ်သာအောင် လှည်းနောက်လိုက်ပြီး ခိုးထုပ်အဖြစ် ဝှက်ထားခိုင်းတယ်၊ အာဏာရလာပလားဆိုယင် ရှေ့နောက်မမြင် ထင်ရာကိုစိုင်း၍ ထင်တိုင်းလုပ်တတ်ကြတယ်။

ဘုရင်၏ ဥသျှောင်ကို မင်းချင်းတွေသွားပြီး လှည်းနောက်မှာ အသာဝှက်ထားလိုက်ကြတယ်၊ ထို့နောက် မကြာခင် ဘုရင်ဥသျှောင်ပျောက်တယ်ဆို၍ ဟိုရှာ ဒီရှာ ရှာချင်ယောင်ဆောင်ကာ လှည်းမောင်းသူကိုသာ တရားခံအဖြစ် လုပ်လိုက်ကြတယ်၊ ဘယ်လောက် မတရားသလဲ စဉ်းစားကြည့်ကြ၊ ထို့နောက် တရားခွင် တင်တယ်ဆိုပြီး သုဿန်ထုတ်၍ သတ်မည့်ဆဲဆဲ၊ သုဇာတာလဲ ပစ္စည်းတွေပစ်ပြီး လင်နောက်လိုက်သွားတယ်၊ဟို သုဿန်ကျတော့ သူဘာတတ်နိုင်သလဲ၊ အတင်းဆွဲလို့လဲမဖြစ် တောင်းပန်လို့လဲမရ ချုံးပွဲချ ငိုရှာတယ်။

နောက်တော့ အကြံရကာ ငါ့မှာ တခြားကိုးကွယ်ရာတော့ မရှိပြီ သစ္စာဓိဋ္ဌာန်ပြုမှဘဲဟု စိတ်ထဲ၌သတိရကာ ကျမမှာ ဤယောကျ်ားဟာ မိဘနှစ်ပါး ပေးစားထားတာလဲ မှန်ပါတယ်၊ လင်မယားဖြစ်သည့်နေ့ကစ၍ တခြား ယောကျ်ားကို စိတ်ထဲကမှ မပြစ်မှားတာ မှန်ပါတယ်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျမ၏ လင်ယောကျ်ားအား ကယ်မသူ ပေါ်ပါစေသတည်းလို့ သစ္စာ ဆိုလိုက်တယ်၊ သူ့သစ္စာဓိဋ္ဌာန်က ဆိုခဲ့သည့်အတိုင်း သီလလဲ ဖြူစင်တယ် မှန်ကန်သော စကားလဲ ဖြစ်

တယ်၊ စိတ်ထားလဲကောင်းတယ်၊ ရတနာသုံးပါးလဲ ကြည်ညိုတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ တရားတော်နဲ့လဲညီတယ်၊ သစ္စာကိုလဲ ယုံကြည် တယ်၊ အားကိုးတယ်၊ သူ့ယောကျ်ားကိုလဲ သနားတယ်ဆို တော့ အင်္ဂါ(၇)ပါး ပြည့်စုံနေတာပေါ့။

ဒီတော့ မတရားတာကို မကြားချင်တဲ့ သိကြားက မနေနိုင် တော့ဘူး၊ တခါထဲ အမြန်ဘဲဆင်းလာတယ်၊ ထိုအခါမှာ သူသတ်သမား မင်းချင်းယောကျ်ားတွေက သုဇာတာ၏ ယောကျ်ားကို လည်ပင်းစဉ်းတီတုံးပေါ်မှာတင်ထား၍ သူသတ် သမားတွေက လည်ပင်းကို ဖြတ်မယ်လို့ ဓါးနဲ့ရွယ်နေစဉ် ရှင် ဘုရင်ကလဲ မိမိကိုယ်တိုင် မြင်ချင်လို့အကြည့် သိကြားမင်းက လှည့်လိုက်တော့ သုဇာတာ၏ယောကျ်ားက ဆင်ပေါ်ရောက် ရှင်ဘုရင် အယုတ်သမားဟာ ခေါင်းပြုတ်ပြီးသွားသတဲ့။

ဒီအခါကျမှ သိကြားမင်းက ကောင်းကင်မှာ ရပ်တည် လျက်"အို....တိုင်းသူပြည်သား လူအများတို့ ငါသည် မကောင်း သူပယ်၍ ကောင်းသူကယ်သော သိကြားမင်းဖြစ်သည်၊ သင်တို့ တိုင်းသူပြည်သားနဲ့ ဤသူတော်ကောင်း ယောကျ်ားကို ဆင်းရဲ အောင် ညှင်းဆဲတဲ့ မင်းယုတ်မာကို သူလုပ်တာ သူခံဆိုတဲ့ သဘောအနေနဲ့ ငါလုပ်လိုက်ပေပြီ၊ ဤသူ့ဇာတာ၏ လင် ယောကျ်ား သူဌေးသားကိုသာ မင်းအဖြစ် တင်မြှောက်ကြ ပေတော့"ဟု ပြောကာ ပြန်သွားတယ်။

အဲဒီအခါကျမှ တိုင်းသူပြည်သား လူအများလည်း သိကြား ပေးတဲ့ ဘုရင်ဆိုပြီး အလွန် ခင်မင် ကြည်ညိုကြတယ်၊ သူဌေး

သွားကလည်း တရားကို အလေးထား၍ အကျင့်ခိုင်းတော့ တတိုင်းလုံး လူတွေ နတ်ပြည်ရောက်ကြတယ်။

ကဲ-ကဲ ဒီသုဇာတတော့ လင်မယားထုံးကို နှလုံးမူ၍ သစ္စာ မိဂ္ဂဇာန်ပြုကြရမယ်။

အကျွန်ုပ်တို့ အားထုတ်ရသော သိက္ခာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတရား ကောင်းဟု ယုံကြည်ပါသည်၊ ဤသို့မှန်ကန်သော သစ္စာစကား ကြောင့် မြန်မာပြည်ကြီး ဝဖြိုးသာယာ၍ ဗုဒ္ဓမြတ်စွာ သာသနာသည် ရောင်ဝါနေသို့ ထွန်းကားလျှက် (၇)ရက်သားသမီး များ ကပ်ကြီးသုံးပါးမှ ကင်းသွားအောင် စောင့်ရှောက် မည့်သူများ ပေါ်ပေါက်ပါစေသား ပေါ်ပေါက်ပါစေသော်။

## ၇၂။ ဘုရားရှိခိုး အမျိုးမျိုးနှင့်
## ရှိခိုးရခြင်းအကျိုး

မြတ်စွာဘုရားသခင် လက်ထက်တော်က၊ နတ်တို့ သနင်း သိကြားမင်းက လျှောက်ထားတယ်၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား" သတ္တဝါများသည် ဘေးရန်အန္တရာယ် အသွယ်သွယ်လွှတ်ကင်း၍ စိုးရိမ်ကြောင့်ကြသော ဗျာပါဒ မရှိခြင်း၊ ချမ်းသာစွာနေထိုင်ခြင်းတို့ကို လိုလားကြပါသည်။ ထိုသို့မနေကြဘဲ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်၊ အန္တရာယ်တွေ ပတ်လည်ဝိုင်းလျက် စိုးရိမ်ကြောင့်ကြ သောကဗျာပါဒတို့နှင့် တွေ့ဆုံနေကြရခြင်းမှာ အဘယ်ကြောင့်ပါနည်းဟု လျှောက်ထားတယ်။

သိလိုရေးကြောင့် မေးခွန်း လျှောက်ထား၊ အို သကြား၊ သတ္တဝါတွေဟာ တဦးကောင်းစားရင် တဦးကမလိုလားခြင်း ဣဿာတရား၊ မိမိစည်းစိမ်ချမ်းသာတို့ကို ဝန်တိုမိစ္ဆာရှိခြင်း၊ မစ္ဆရိယတရား ထိုနှစ်ပါးတို့ကြောင့် ဘေးအန္တရာယ် များကြတယ်ဟု ပြောကြားတော်မူသည်။

ဒါဖြင့်ယင် အဘယ့်ကြောင့် ညှုစူခြင်း ဣဿာ ဝန်တိုခြင်း မစ္ဆရိယတရား ဖြစ်ပွားကြပါသနည်းဟု ပြန်လျှောက်တော့

အချို့သော သတ္တဝါတို့သည် မိမိနှင့် သဘောခြင်း တိုက်ဆိုင်သူတို့ကို ချစ်ခင်လိုလားခြင်း၊ မိမိနှင့် သဘောခြင်းမတူသော ပုဂ္ဂိုလ်တို့ကို မလိုမုန်းထားခြင်းကြောင့် ဣဿာ မစ္ဆရိယတရား ဖြစ်ပွားကြတယ်ဟု ဖြေကြားတော်မူသည်။

ဒါဖြင့်ရင် အဘယ်ကြောင့် အချို့သော သူတို့ အပေါ် ချစ်ခင်လိုလားခြင်း၊ အချို့သောသူတို့အပေါ် မလိုမုန်းထားခြင်းဖြစ်ပွားကြပါသနည်းဟု လျှောက်ထားတော့ "သဗ္ဗေ ပုဂ္ဂလာနာနာဇ္ဈာသယာ" ဆိုသည့်အတိုင်း သတ္တဝါတွေဟာ အလိုဆန္ဒအမျိုးမျိုးရှိကြတယ်၊ အချို့ကား လောဘကြီးကြတယ်၊ အချို့ကား ဒေါသကြီးကြတယ်၊ အချို့ကားမောဟကြီးကြတယ်၊ အချို့ကား မာနကြီးကြတယ်၊ အချို့ကား အယူသီးကြတယ်၊ ဒါကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်ကြတာဘဲလို့ ဖြေကြားတော်မူတယ်။

ဒါဖြင့်ရင် အဘယ်ကြောင့် အလိုဆန္ဒ မတူကြပါသနည်းဟု လျှောက်ထားတော့ တွေးတောကြံစည်ခြင်း ဝိတက် နှလုံးသွင်းခြင်း မနသိကာရ ဆုံးဖြတ်ခြင်း အဓိမောက္ခ၊ မတူကြလို့ ဖြစ်တယ်ဟု ဖြေကြားတော်မူပါသည်။

ဒါဖြင့်ရင် အဘယ့်ကြောင့် ကြံစည်တွေးတော၊ နှလုံးသဘော၊ ဆုံးဖြတ်ခြင်းမတူကြပါသနည်းဟု လျှောက်ထားတော့ သံသရာချဲ့ထွင်တတ်တဲ့ အဝိဇ္ဇာတဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ အန္တရာယ်တရားတွေက ချယ်လှယ် နှိပ်စက် အုပ်စိုးနေလို့ဟု ဖြေတော်မူသည်။

ဒါကြောင့် ဒီတရားတွေပျောက်အောင် မချဲ့ထွင်နိုင်အောင်

မချယ်လှယ်နိုင်အောင် မအုပ်စိုးနိုင်အောင် အန္တရာယ်ကင်းဖြစ်သည့် ရတနာသုံးပါး၊ ဆရာ၊ မိဘ၊ အနန္တော အနန္တ ငါးပါးကို အိပ်ရာဝင် အိပ်ရာထ နေ့စဉ်မှန်မှန် ရှိခိုးကန်တော့ကြရန်လိုပါသည်။ ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော် ရွှေဥဒေါင်းမင်းဘဝတွင် ရှေးရှေးက မြတ်စွာဘုရားများကို ဖူးတွေ့၍ ရှိခိုးပူဇော်ခဲ့သော အလေ့ အကျင့်များကြောင့် အာသေဝန ပစ္စည်း၊ ပကတူပ၊ နိဿယပစ္စည်းတင်ပြီး၊ တိရစ္ဆာန် ဥဒေါင်းဖြစ်တဲ့ အခါတောင် ဘုရားရှိမခိုးဘဲ မနေနိုင်၊ နံနက်အခါတိုင်း သစ်ပင်အိပ်ရာမှထပြီး အရောင်တွေနဲ့ ထွက်ပေါ်လာသောနေမင်းကိုကြည့်ရှု၍ ဦးခေါင်းညွတ်ကာ ရှိခိုးပြီးလျှင် ရှေးရှေးဘုရားရှင်တို့၏ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်တို့ကို အာရုံပြု၍ "ဥဒေတယံ" အခြေခံသော ဂါထာဖြင့် ဦးခေါင်းညွတ်ကာ ရှိခိုးပြန်ပါသည်။

ဤသို့ ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့် မျက်မှောက်ဘဝတွင် မုဆိုးတို့၏ ဘေးရန်အန္တရာယ်မှစ၍ လွတ်ကင်းပြီးစိုးရိမ်ခြင်း၊ ကြောင့်ကျဗျာပါဒမရှိ ပကတိချမ်းသာစွာ နေထိုင်ရပါလို၏လို့ ဆုတောင်းတယ်၊ ဤသို့သော သူတော်ကောင်းတို့၏ ထုံးကို နှလုံးပိုက်၍ ဘုရားရှိခိုးကြ။

ဘုရားရှိခိုးရခြင်း၏ အကျိုးက(၈)ပါးရှိတယ်။

(၁) ဒီဃာယု ပူဇိတော ဟောတိ၊ သွားလေရာ၊ အရပ်ရှစ်မျက်နှာတို့၌ အပူဇော်အချီးမြှောက်ခံယူရခြင်း။

(၂) တိက္ခပညော ဟောတိ၊ သွက်သွက်လက်လက်နဲ့

ထက်မြက်သောဉာဏ်ပညာရှိခြင်း။

(၃) သဗ္ဗေ သတ္တာ နုဝတ္တန္တိ၊ ကိုယ့်အလို လိုက်ပြီး၊ ကိုယ့်အကျိုးကိုသာ လုပ်ကိုင် ပေးကြသော အခြွေအရံပရိသတ်တို့နှင့် ပြည့်စုံခြင်း။

(၄) အမိတဘောဂလဒ္ဓါ၊ မရေတွက် နိုင်သော စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း။

(၅) ဝဏ္ဏဝန္တော ဟောတိ၊ ဘဝတိုင်း ဘဝတိုင်း အဆင်းရုပ်ရေချောမောလှပခြင်း။

(၆) ပဋိကန္တော ဟောတိ၊ ကိုယ်တွင်မကာ စိတ်ပါ လှပသည့်အတွက် သူတပါးတို့က နှစ်သက်ပြီး အကျိုးစီးပွားလိုလားခြင်း။

(၇) အမိတ္တာနံ ပိယော ဟောတိ၊ အလျှင်က ရန်သူပင်ဖြစ်စေ၊ မိမိနှင့် ရင်ဆိုင် တွေ့ကြုံလာ ပါက ချစ်ချစ်ခင်ခင် စုံစုံမက်မက် လေးစား လာရခြင်း။

(၈) ယသော အဗ္ဘုဂ္ဂတော ဟောတိ၊ ကောင်းမြတ် သော သတင်းကျော်စောပြန့်နှံ့ခြင်း။

ဤသို့ အကျိုးတရား(၈)ပါးတို့ကို ဆုမတောင်းဘဲ ပြည့်စုံ ပါသည်ဟု ထေရအပဒါန်ပါဠိတော်မှာလာပါသည်။ ယုံယုံ ကြည်ကြည်နှင့် ဘုရား၊ တရား။ သံဃာ၊ ဆရာ၊ မိဘတို့အား အမှူးထား၍ မိမိတို့ထက် အသက်သိက္ခာ၊ ဂုဏ်ဝါကြီးမြင့် သောသူတို့အား လေးစားရိုသေပြီး နေ့စဉ်မသေ့ ရှိခိုးပူဇော်၍ နေထိုင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## ၁။ အနုဿတိ ငါးပါး ဘုရားရှိခိုး

၁။ ဗုဒ္ဓေါမေ၊ သီသေတိဋ္ဌတု၊
ဓမ္မော မေ သီသေတိဋ္ဌတု၊
သံဃောမေ၊ သီသေတိဋ္ဌတု၊
မာတာပိတရောမေ၊ သီသေတိဋ္ဌတု၊
အာစရိယောမေ၊ သီသေတိဋ္ဌတု၊ တံအာဒရေန
နမာမဟံ။

(၁) ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို တတ်အပ်
ထင်ထင် သိမြင်တော်မူသော ဘုရားရှင်ကိုယ်တော်
မြတ်သည်။ မေ၊ တပည့်တော်၏။ သီသေ၊ဦးကွောင်း
ရတနာမြတ်အင်္ဂါ၌။ တိဋ္ဌတု၊ သနားပို၍တည်းခို
ရှင်ပျော်တည်နေတော်မူပါဘုရား။
(၂) ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်
ပရိယတ်ဆယ်ပါးသော တရားတော် မြတ်သည်။
မေ၊ တပည့်တော်၏။ သီသေ၊ဦးကွောင်းရတနာမြတ်
အင်္ဂါ၌။ တိဋ္ဌတု၊ သနားပို၍ တည်းခိုရှင်ပျော်တည်
နေတော်မူပါဘုရား။

(၃) သံဃော၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်ရှစ်တန် အရိယာမြတ် သံဃာနှင့် သမ္မုတိဝင် သံဃာတော် အရှင်မြတ်များသည်။ မေ၊ တပည့်တော်၏။ သီသေ၊ ဥက္ကောင်းရတနာမြတ်အင်္ဂါ၌။ တိဋ္ဌတု၊ သနားပို၍ တည်းခိုရှင်ပျော်တည်နေတော်မူပါဘုရား။

(၄) မာတာပိတရော၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်မြတ်ဖျား ထိုနှစ်ပါးသည်။ မေ၊ တပည့်တော်၏။ သီသေ၊ ဥက္ကောင်းရတနာမြတ်အင်္ဂါ၌။ တိဋ္ဌတု၊ သနားပို၍ တည်းခိုရှင်ပျော် တည်နေတော်မူပါဘုရား။

(၅) အာစရိယော၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်ပညာ ထိုနှစ်ဖြာကို ကောင်းစွာသင်ကြား ဆရာများသည်။ မေ၊ တပည့်တော်၏။ သီသေ၊ ဥက္ကောင်းရတနာမြတ်အင်္ဂါ၌။ တိဋ္ဌတု၊ သနားပို၍ တည်းခိုရှင်ပျော် တည်နေတော်မူပါဘုရား။

တံ၊ ထိုအနန္တဂိုဏ်းဝင် ကျေးဇူးရှင်ငါးပါးကို။ အဟံ၊ တပည့်တော်သည်။ အာဒရေန၊ ရိုသေလေးစားဂါရဝတရားဖြင့်။ နမာမိ၊ ဦးနှိမ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

## ၈။ အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး

(၁) မာရံဂဇံ၊ ယက္ခံ ဃောရံ၊ စိဉ္စမာဏဉ္စ၊ သစ္စကံ။
နာဂံဗြဟ္မံ၊ ဇိနောဇေတိ၊ ဒေတုမေဇယမင်္ဂလံ။

ယောဇိနော-အကြင်မြတ်စွာဘုရားသည်။ မာရံ၊ ရတနာရွှေစင်၊ မြတ်ပလ္လင်ကို လိုချင်သောအား၊ လုချင်ငြား၍၊ ထောင်လွှားမာန်ပြင်း မာရ်နတ်မင်းကိုရှင်း၊ ဂဇံ၊ နာဠာဂီရိ မည်ရှိ ကျော်ထင် မင်းစီးဆင်ကိုရှင်း၊ ယက္ခံ၊ အာဠာဝက အမည်ရှိသည့် ယက္ခစွယ်ပြူး နတ်ဘီလူးကိုရှင်း။ ဃောရံ၊ အင်္ဂုလိမာလ နာမကျော်ဟီး ခိုးသူကြီးကိုရှင်း။ စိဉ္စမာဏဉ္စ၊ သီတင်းတော်ပုတ် လာဘ်ကြီးယုတ်အောင် မဟုတ်မဟတ် လုပ်ဇာတ်စွဲလာ၊ စိဉ္စမာနတ် မိန်းမယုတ်ကိုရှင်း။ သစ္စကံ၊ ဝါဒတထောင် နှုတ်ရဆောင်၍ မာန်ထောင်ကြွားမိုက် သစ္စက ပုရိဗိုက်ကိုရှင်း။ နာဂံ၊ အခိုးအလျှံ လွှန်ပြင်းထန်သည့် နန္ဒောပနန္ဒ နာမည်သင်း နဂါးမင်းကိုရှင်း။ ဗကဉ္စ၊ မှားယွင်း ဖောက်ပြန် မိစ္ဆာဉာဏ်ဖြင့် အမှန်ယူသီး ဗကဗြဟ္မာကြီးကိုရှင်း။ ဇေတိ၊ ခန္တိမေတ္တာ၊ သစ္စာတရားလက်ကိုင်ထား၍ ထင်ရှား မသွေ အောင်မြင်တော်မူလေပြီ။ သောဇိနော၊ ရှစ်ပါးရန်သူ အောင်မြင်တော်မူသော ထိုမြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာကို။ ဒေတု၊ ပေးသွားတော်မူပါ့ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။

## ဃ။ ခုနစ်နေ့ ဘုရားရှိခိုး

(၁) ဩက္ကန္တော၊ ဂုရုဝါရသ္မိံ၊ သုက္ကဝါရေဝိဇာယတိ၊
နိက္ခန္တော စန္ဒဝါရသ္မိံ၊ သမ္ဗုဒ္ဓေ ဗုဓဝါရကေ။

(၂) သောရိ ဝါရေဓမ္မစက္ကံ၊ အင်္ဂဝါရေတု နိဗ္ဗုတော၊
သုရေတေဇော ဣမေသတ္တ၊ အဟံ ဝန္ဒာမိသဗ္ဗဒါ။

ဂုရုဝါရသ္မိံ၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ခုနစ်ခု၊ ဥတု ဂိမှ ဝါဆိုလပြည့် ကြာသပတေးနေ့၌။ ဩက္ကန္တော၊ ကြည်သာနှစ်ခြိုက် ဝမ်းကြာ တိုက်၌၊ ကိန်းဆိုက်သန္ဓေ တည်နေတော်မူ၍။ သုက္ကဝါရေ၊ ခြောက်ဆယ့်ရှစ်ခုနစ်၊ ဥတုဂိမှ၊ ကဆုန်လပြည့် သောကြာနေ့၌။ ဝိဇာယတိ၊ ဆယ်လစေ့သော်၊ မယ်တော်ဝမ်းမှ ချမ်းမြသာရှင် ဖွားမြင်တော်မူ၏။

စန္ဒဝါရသ္မိံ၊ ကိုးဆယ့်ခုနစ်ခု ဥတုဂိမှ ဝါဆိုလပြည့် တနင်းလာနေ့၌။ နိက္ခန္တော၊ မြင်းတော် ကဏ္ဍိကမိတ်ဆန္နနှင့် ကာမခွါလျက် နော်မာဘက်သို့ တောထွက်တော်မူ၏။

ဗုဓဝါရကော၊ တရာ့သုံးခု ဥတုဂိမှ၊ နွေကာလကြုံ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌။ သမ္ဗုဒ္ဓေါ၊ လောကသုံးခွင် ဘုံအပြင်၌၊ ဂုဏ်အင်ကြီးမား၊ ကျော်ထင်ရှားလျက် ဘုရားဖြစ်တော်မူ၏။

သောရိဝါရေ၊ တရာ့သုံးခု ဥတုဂိမှ ဝါဆိုလပြည့်၊ စနေနေ့၌။ ဓမ္မစက္ကံ၊ သဟံပတိ မည်ရှိ ဗြဟ္မာ ဇတောင်းပန်လာ၍ ဒေသနာနက် ဓမ္မစက်ကို ဟောမြွက်တော်မူ၏။

အင်္ဂဝါရေတု၊ တရာ့လေးဆယ် စွန်းဝယ်ရှစ်ခု၊ ဥတုဂိမှာ ဝိသာခါကြုံ ကဆုန်လပြည့် အင်္ဂါနေ့၌။ နိဗ္ဗုတော၊ နှစ်ဆယ်လွန်လေ လေးသင်္ချေနှဲ့ ကုဋေခြောက်ဆယ်၊ ဗိုလ်ဝယ်တသိန်း ထွက်ကိန်းများစွာ ဝေနေယျာကို ကောင်းစွာမချို့ နိဗ္ဗာန်ပို့၍ စံလွန်တော်မူ၏။

သူရေ၊ သာသနာ ငါးထောင် တည်အောင်မရွေ့၊ ဟော၍ပြည့်သော် တနင်္ဂနွေနေ့၌။ တေဇော၊ အလောင်းမြတ်ကို လူနတ်ဗြဟ္မာ၊ မင်းမလ္လာတို့ လောင်အောင် ရှို့လည်း လောင်ဘိုဝေးစွ အံ့ဩကာဖြင့် ကောင်းစွာမပျက် တေဇော ထွက်၍ လောင်တော်မူ၏။

ဣမေသတ္တဝါရေ၊ ဤနေ့ကောင်း ရက်သာ ခုနစ်ဖြာ၌။ ဇာတံ၊ ဖြစ်တော်မူသော ရွှေဘုန်းတော်ရှင် ဘုရားသခင်ကို။ အဟံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ အတ္တခေါ်ဝေါ် တပည့်တော်သည်။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဓါဟုံဖြိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။

## ၄။ ဖြစ်တော်ပေါင်းချုပ် ဘုရားရှိခိုး

အတိုင်းမသိ၊ ကျေးဇူးရှိသည့် မုနိသကျ၊ ဂေါတမကား မဆွေးရှေးခါ၊ သုမေဓာဘဝ၊ တာပသစစ်၊ ရသေ့ဖြစ်၍၊ သုံးခေတ်အရှင်၊ ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ နိယာတာမွှမ်း၊ ဗျာဒိတ်ပန်းကို၊ ဆွတ်လှမ်းပင်ဆင်၊ ယင်သည်ကာစ၊ လေးဝ သင်္ချေ၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာအောင်၊ ပါရမီတိံသ၊ ပဉ္စစာဂါ၊ စရိယာသုံး၊ လောင်းတို့ထုံးကို၊ စုရုံးဖွေရှာ၊ ကျင့်ခြင်းရာဖြင့်၊ မိန့်မှာပိုင်းခြား၊ ဇာတ်တော်များတွင်၊ မခြားမျိုးတူ၊ ပေါင်းယူတွက်လစ်၊ သင်္ချာစစ်မူ၊ လူဖြစ်ဇာတ်မှာ၊ သုံးရာစွန်းကယ်၊ ငါးဆယ်သုံးဖြစ်၊ လျှပ်စစ်ရောင်ဝါ၊ ဗြဟ္မာ ငါးကြိမ်၊ ဝတိံသာဖြား၊ သိကြားနှစ်ဆယ်၊ မိုးဝယ်ထက် နတ်၊ ဇာတ်စုဒ္ဒသ၊ ရုက္ခနတ်ဖြစ်၊ သုံးဆယ်တစ်ကောက်၊ မျောက်ဒွါဒသ၊ ဂူဝဟောက်လေ့၊ ခြင်္သေ့ဆယ်ကာ၊ ဟင်္သာ ကျေးသား၊ နှစ်ပါးတူညီ၊ ကိုးဖြစ်စီပင်၊ သမင်ရှစ်ဟူ၊ ဆင်မူခုနစ်၊ ခိုဖြစ်ခြောက်ခါ၊ နွားမှာပဉ္စ၊ လင်းတငုံးမြင်း၊ ရေမင်းနဂါး၊ ဤလေးပါးဇာတ်၊ လေးဖြစ်စီပေါင်း၊ ဒေါင်း

ခွေးငှက်ဆတ်၊ ဖွတ်နှင့်ရေငါး၊ ဤခြောက်ပါးမှာ သုံးစီသာတည်း။

ကျီးခါကြွက်ကြက်၊ ဂဠုန်ငှက်နှင့်၊ စက္ကဝက်ညှသြ၊ ပေါင်းရောတွက်မှတ်၊ ခုနစ်ဇာတ်မှာ၊ နှစ်စီသာထား၊ ဖါးဒီလုံးငှက်၊ ကျွဲဝက်ခေါက်ရှာ၊ ကိန္နရာတင်ကျီး၊ စာဝတီးငှက်၊ ဆက်ရက်ယုန်လှော်က်၊ သစ်တောက်ငှက်ဟု၊ ဆယ်တစ်ခုမှာ၊ တွက်ခါစာညီ၊ တကြိမ်စီတည့်း ပေါင်းလီသင်္ချာ၊ ငါးရာလေးဆယ်၊ စွန်းကယ်ကြိမ်ရှစ်၊ တို့ရှင်ချစ်လျှင်၊ ဖြစ်သည့်ဘဝ၊ ဟူသမျှကို၊ ဖော်ပြမှတ်သား၊ လောင်းတော်ဖျားကို၊ သုံးပါး ဝန္ဒနာ၊ စေတနာဖြင့်၊ သဒ္ဒါမြတ်နိုး၊ ရှိလျှင်ခိုးသည် ၊ကောင်းကျိုးဟူသမျှ ရစေသော၊ မြတ်ရှင်စော သြကာသ–သြကာသ။

## ၈။ ရှင်ဗုဒ္ဓဃောသဘုရားရှိခိုး

ဗုဒ္ဓံ၊ ဓမ္မဉ္စ၊ သံဃဉ္စ၊ ဝိပသန္နေနစေတသာ၊
ဝန္ဒိတွာ၊ ဝန္ဒနာ၊ မာန၊ ပူဇာသက္ကာရဘာဇနံ။

ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ၊ ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၏တည်ရာ အရိုအသေ အလေးအမြတ်ပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော၊ ဗုဒ္ဓဉ္စ၊ ပစ္စေက၊ ဗုဒ္ဓါရဟန္တာတို့ ထက် လွမ်းတက်ဂုဏ်ကြီး အစုံပြီးအဖြင့် အံ့ချီး ဂုဏ်သကာတ်၊ စုံလင်လတ်၍၊ ဗုဒ္ဓ ခေါ်တတ်၊ သံသမ္မာခြံရုံကာပုဒ်ပြီး၍ သမ္မာ သမ္ဗုဒ္ဓ ဂုဏ်ကြီးဖြင့် ချီးကျူးအပ်သော မြတ်စွာဘုရားကို၎င်း။ ဓမ္မဉ္စ၊ သတ္တသခ်ါရ၊ ဩကာသဟု လောကထက်ပို၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားမြတ်ကို၎င်း။ သံဃဉ္စ၊ဓမ္မော သမ၊ ဩဇနက်လေး အမြိုက်ဆေးကို တိုက်ကျွေးတိုင်းပင် ကြည်လင်ဝမ်းမြောက် သုံးဆောက်တော်မူကြသော အရိယာ ခေါ် သံဃာတော်မြတ်အပေါင်းကို၎င်း။ အဟံ၊ ငါသူတပါး ယောကျ်ား မိန်းမ စသည် စွဲမှတ်၊ ပညတ်သမုတ် အကျွန်ုပ် သည်။ ဝိပ္ပသန္နေန၊ အထူးသဖြင့်ကြည်လင်သော။ စေတနာ၊ သဒ္ဓါဇောကပ်၊ စိတ်စေတနာမြတ်ဖြင့်။ ဝန္ဒိတွာ၊ ဝန္ဒာမိ ရတနာသုံးပါး ကြီးမားလွမ်းခြုံ၊ အလုံးစုံကို ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

# ဆ။ အစိန္တေယျ ဘုရားရှိခိုး

ဝါစာ ဝါစာဝိလာသဂ္ဂ၊ ဝါစာစိန္တေယျသံယုတ္တံ၊
ဝန္ဒေသာရဂ္ဂုဏောပေတံ၊ တေနမှာတူလဝစကာ။

ဝါစာဝါစာဝိလာသဂ္ဂ၊ ဝါစာစိန္တေယျသံယုတ္တံ၊ ပကတိသောစကား အလွန်တင့်တယ်သောစကား မြတ်သောစကား၊ မကြံစည်နိုင်သော စကားနှင့်ပြည့်စုံတော်မူသော သာရဂ္ဂုဏော ပေတံ၊ ကျေးဇူးတော်နှစ်၊ ဂုဏ်တော်စစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ ရိုသေမြတ်နိုးရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ အတူလဝါစကာ၊ အတုမရှိသောစကားနှင့် ပြည့်စုံရသည်၊ အမှိဖြစ်ရပါလို၏ ဘုရား။

ရူပရူပဝိလာသဂ္ဂ၊ ရူပစိန္တေယျသံယုတ္တံ၊
ဝန္ဒေသာရဂုဏော ပေတံ၊ တေနမှာတူလျရူပဝါ။

ရူပရူပဝိလာသဂ္ဂ ရူပစိန္တေယျသံယုတ္တံ၊ ပကတိ အဆင်း အလွန်တင့်တယ်သောအဆင်း၊ မြတ်သောအဆင်း၊ မကြံစည်နိုင်သော အဆင်းနှင့်ပြည့်စုံတော်မူသော။ သာရဂုဏော ပေတံ၊ ကျေးဇူးတော်နှစ် ဂုဏ်တော်စစ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ ရိုသေမြတ်နိုး

ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့် အတုလရူပဝါ၊ အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်။ အမှီ ဖြစ်ရပါလို၏ ဘုရား။

ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏာဝစိန္တေယျသံယုတ္တံ၊
ဝန္ဒေသာဂကောပေတံ၊ တေနမှာတုလဉာဏဝါ။

ဉာဏဉာဏ ဝိလာသဂ္ဂဉာဏာဝစိန္တေယသံယုတ္တံ၊ ပကတိ သောဉာဏ် အလွန်တင့်တယ်သောဉာဏ်၊ မြတ်သောဉာဏ် မကြံစည်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူသော။ သာရဂုဏော ပေတံ၊ ကျေးဇူးတော်နှစ် ဂုဏ်တော်စစ်နှင့် ပြည်စုံတော်မူသော။ မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှု ကြောင့်၊ အတုလ ဉာဏဝါ၊ အတုမရှိသောဉာဏ်နှင့် ပြည့်စုံ သည်။ အမှီ၊ ဖြစ်ရပါလို၏ ဘုရား။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ၊ ဣဒ္ဓ၂ာစိန္တေယျသံယုတ္တံ၊
ဝန္ဒေသာရဂုဏောပေတံ၊ တေနမှာတုလဣဒ္ဓိမာ။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ ဣဒ္ဓ၂ာစိန္တေယျသံယုတ္တံ၊ပကတိသောတန်ခိုး၊ အလွန်တင့်တယ်သောတန်ခိုး၊ မြတ်သောတန်ခိုး၊ မကြံစည် နိုင်သောတန်ခိုးနှင့် ပြည့်စုံတော်မူသော။ သာရဂုဏော ပေတံ၊ ကျေးဇူးတော်နှစ်၊ ဂုဏ်တော်စစ်နှင့် ပြည့်စုံတော်မူသောမြတ်စွာ ဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ရှိသေမြတ်နိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသောကောင်းမှုကြောင့်၊အတုလ ဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်။ အမှီ၊ ဖြစ်ရ ပါလို၏ဘုရား။

# ၃၃။ ရွှေနှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးကြီး

(၁) နမောတေသဗ္ဗဗုဒ္ဓါနံ၊ ဥပ္ပန္နာနံမဟေသိနံ၊
တဏှင်္ကရောမဟာဝီရော၊ မေဓင်္ကရောမဟာယသော။
သရဏင်္ကရောလောကဟိတော၊ ဒီပင်္ကရောဇုတိန္ဓရော။

(၂) ကောဏ္ဍညောဇနပါမောက္ခော၊ မင်္ဂလော ပုရိသာ—
သဘော၊ သုမနော သုမနောဓိရော၊ ရေဝတောရတိ
ဝဍ္ဎနော။

(၃) သောဘိတော ဂုဏသမ္ပန္နော၊ အနောမဒဿီဇနုတ္တမော၊
ပဒုမောလောကပဇ္ဇောတော၊ နာရဒေါ ဝရသာရထိ၊

(၄) ပဒုမုတ္တရော သတ္တသာရော၊ သုမေဓောအပ္ပဋိပုဂ္ဂလော၊
သုဇာတောသဗ္ဗလောကဂ္ဂေါ၊ ပိယဒဿီ နရာသဘော၊

(၅) အတ္ထဒဿီကာရုဏိကော၊ ဓမ္မဒဿီတမောနုဒေါ၊
သိဒ္ဓတ္ထော အသမောလောကေ၊တိဿောစဝဒတံဝရော။

(၆) ဖုဿောစဝရဒေါ ဗုဒ္ဓေါ၊ ဝိပဿီစ အနုပမော၊
သိခီသဗ္ဗဟိတောသတ္ထာ၊ ဝေဿဘူ သုခဒါယကော။

(၇) ကကုသန္ဓော သတ္ထဝါဟော၊ ကောနာဂမနော
ဂုဏာဉ္စယော၊ ကဿပေါသိရိသမ္ပန္နော၊ ဂေါတမောသကျ—
ပုင်္ဂဝေါ။

(၁) မဟာဝီရော၊ ကြီးမား လှလှ ဝီရိယရှိတော်မူသော၊ တဏှာကိုရောစ၊ တဏှာကိုရာ၊ မည်သာထင်ရှား မြတ်စွာဘုရား သည်ဂုဏ်း။ မဟာယသော၊ တပည့် တကာ များစွာ တန်တန် အခြံအရံရှိတော်မူသော။ မေဓင်္ကရောစ၊ မေဓင်္ကရာ မည်သာ ထင်ရှား မြတ်စွာဘုရားသည်ဂုဏ်း။ လောကဟိတော၊ လောက အကျိုး သည်ပိုးရွက်ဆောင်တော်မူသော။ သရဏင်္ကရောစ၊ သရဏင်္ကရာမည်သာထင်ရှားမြတ်စွာဘုရားသည်ဂုဏ်း။ ဇုတိန္ဓရော ကိုယ်ရောင်ဉာဏ်ရောင် တောက်ပြောင်ဝင်းဝင်း အမှောင် ခွင်း၍ ထွန်းလင်းတော်မူသော။ ဒီပင်္ကရောစ၊ ဒီပင်္ကရာ မည် သာထင်ရှားမြတ်စွာဘုရားသည်ဂုဏ်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှားပွင့်တော်မူခဲ့လေပြီ။

(၂) ဇနပါမောက္ခော၊ လူသုံးဦးတို့၏ အကြီးမှူး ပဓာန နာယကဖြစ်တော်မူသော။ ကောဏ္ဍညောစ၊ ကောဏ္ဍညဟူ နာမထင်ရှားမြတ်စွာဘုရားသည်ဂုဏ်း။ ပရိသာသဘော၊ ပရိသတ် တို့၏အလယ် တင့်တယ်မားမတ်၊ ယောကျ်ားမြတ် ဖြစ်တော်မူ သော။ မင်္ဂလောစ၊ မင်္ဂလဟူ နာမထင်ရှား မြတ်စွာဘုရား သည်ဂုဏ်း။ သုမနောစ၊ ရန်သူမိတ်ဆွေ နှစ်ထွေမပြောင်း၊ စိတ်နှလုံးကောင်း ရှိတော်မူသော။ မိရောစ၊ ကြီးကျယ်ခက်ခဲ နက်နဲသော ဉာဏ်နှင့်လည်း ပြည့်စုံတော်မူသော။ သုမနောစ၊ သုမနဟူ နာမထင်ရှား မြတ်စွာဘုရားသည်ဂုဏ်း။ ရတိဝဍ္ဎနော ဝေနေယျများစွာ သတ္တဝါတို့၏ နှလုံးသားကို တိုးပွားစေ တတ်သော။ ရေဝတောစ၊ ရေဝတဟူ နာမထင်ရှား မြတ်စွာ

ဘုရားသည်ရှင်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှား ပွင့်တော်မူခဲ့လေပြီ။

(၃) ဂုဏာသမ္ပန္နော၊ အရဟံ စသား ဂုဏ်တော်များနှင့် ထင်ရှားကုံလုံ ပြည့်စုံတော်မူသော။ သောဘိတောစ၊ သောဘိတဟုနာမထင်ရှားမြတ်စွာဘုရားသည်ရှင်း၊ ဇန္နုတ္တမော၊ လူသုံးဦးတို့ထက် လွှမ်းတက်ဘုန်းဟုန် အုပ်စိုးခြုံလျက် များမြတ်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော။ အနောမဒဿီစ၊ အနောမဿဿီ၊ အမည်ထင်ရှား မြတ်စွာဘုရားသည်ရှင်း။ လောကပဇ္ဇောတော၊ လောကသုံးရပ်၊ နှံ့စပ်ဝင်းပြောင် အလင်းရောင် ပေးတော်မူတတ်သော။ ပဒုမောစ၊ ပဒုမဟုနာမထင်ရှား မြတ်စွာဘုရားသည်ရှင်း။ ဝရသာရထိ၊ သတ္တဝါအများ သောင်းတိုက်သားတို့ကို ရထားမှူးအသွင် ကယ်တင်တော်မူသော၊ နာရဒေါစ၊ နာရဒဟု နာမထင်ရှား မြတ်စွာဘုရားသည်ရှင်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှားပွင့်တော်မူခဲ့လေပြီ။

(၄) သတ္တသာရော၊ လောကုတ်လောကီ နှစ်လီအရာ၊ ဆရာပြုလုပ် စိုးအုပ်သသူ လူလူတကာတို့ထက် မြတ်တော်မူသော၊ ပဒုမုတ္တရောစ၊ ပဒုမုတ္တရ နာမထင်ရှား မြတ်စွာဘုရားသည်ရှင်း။ အပ္ပဋိပုဂ္ဂလော၊ ပြိုင်ဘက်မပြု၊ ခပ်သိမ်းသူ၊ တို့ထက် မြတ်တော်မူသော။ သုမေဓောစ၊ သုမေဓဟု နာမထင်ရှား မြတ်စွာဘုရားသည်ရှင်း၊ သဗ္ဗလောကဂ္ဂေါ၊ သတ္တ

သင်္ခါရဩကာသဟု၊ လောကသုံးရပ် ဘုံသုံးထပ်တို့ထက် မြတ်တော်မူသော။ သုဇာတောစ၊ သုဇာတဟု နာမထင်ရှား မြတ်စွာဘုရားသည်ရှင်း။ နရာသဘော၊ ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့ထက် ဆထက်လွန်ကျူး အထူးမြတ်တော်မူသော။ ပိယဒဿီစ၊ ပိယဒဿီ အမည်ထင်ရှား မြတ်စွာဘုရားသည်ရှင်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှား ပွင့်တော်မူခဲ့လေပြီ။

(၅) ကာရုဏိကော၊ သတ္တဝါအများတို့ကို သားနှင့်အတူ သနားတော်မူသော။ အတ္ထဒဿီစ၊ အတ္ထဒဿီ အမည်ထင်ရှား မြတ်စွာဘုရားသည်ရှင်း။ တမောနုဒေါ၊ ကိုယ်တွင် ကိန်းဝပ် လေးရပ်ပိတ်နှောင် အမိုက်မှောင်ကို ပယ်ဖျောက်တော်မူသော။ ဓမ္မဒဿီစ၊ ဓမ္မဒဿီ အမည်ထင်ရှား မြတ်စွာဘုရားသည်ရှင်း။ လောကေ၊ ။လောက၌။ အသမော၊ ဗြဟ္မာနတ်လူ တုသူမရှိ မိမိတို့ဘုရားချင်းသာ တူတော်မူသော။ သိဒ္ဓတ္ထောစ၊ သိဒ္ဓတ္ထဟု နာမထင်ရှား မြတ်စွာဘုရားသည်ရှင်း။ ဝဒတံဝရော၊ ဗြဟ္မာနတ်လူ မြတ်သူတို့တွင် အမြတ်ဆုံးဘုရင် ဖြစ်တော်မူသော။ တိဿောစ၊ တိဿထင်ရှား မြတ်စွာဘုရားသည်ရှင်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှား ပွင့်တော်မူခဲ့လေပြီ။

(၆) ဝရဒေါ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတရားကို ပေးသနားတော်မူသော။ ဖုဿောစ၊ ဖုဿထင်ရှား မြတ်စွာဘုရားသည်ရှင်း။ အနုပမော၊ နှိုင်းယှဉ်စရာ ဥပမာမရှိ၊

မိမိတို့ဘုရားချင်းသာ နှိုင်းယှဉ်စရာ ဖြစ်တော်မူသော၊ ဝိပဿီ ဗုဒ္ဓေါ စ၊ ဝိပဿီဟု အမည်ထင်ရှား မြတ်စွာဘုရားသည်၎င်း။ သဗ္ဗဟိတော စ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏ ချမ်းသာကိုလည်း ဆောင်တော်မူတတ်သော။ သတ္ထာ စ၊ ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ဆရာတဆူလည်း ဖြစ်တော်မူသော၊ သိခီ စ၊ သိခီထင်ရှား မြတ်စွာဘုရားသည်၎င်း။ သုခဒါယကော၊ သတ္တဝါတို့၏ ချမ်းသာစီးပွားကို ပေးသနားတော်မူသော၊ ဝေဿဘူ စ၊ ဝေဿဘူဟု နာမထင်ရှား မြတ်စွာဘုရားသည်၎င်း။ ဥပနေ္တာ၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှားပွင့်တော်မူခဲ့လေပြီ။

(၇) သတ္တဝါဟော၊ လူသုံးဦးတို့၏ လှည်းမှုးအသွင်လမ်းစဉ်ကိုပြ၊ ကယ်မတော်မူသော။ ကကုသန္ဓော၊ ကကုသန္ဓနာမ ထင်ရှား မြတ်စွာဘုရားသည်၎င်း။ ဂုဏာဋ္ဌယော၊ ဤ၍ဤမျှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တဂုဏ်နှင့် ပြည့်စုံတော်မူသော။ ကောနာဂမနော စ၊ ကောနာဂမန၊ နာမထင်ရှား မြတ်စွာဘုရားသည်၎င်း။ သိရိသမ္ပန္နော၊ ဘုန်းကျက်သရေ အထွေထွေဖြင့် လိုလေမရှိ အကုန်ပြည့်တော်မူသော။ ကဿပေါ စ၊ ကဿပဟု နာမထင်ရှား မြတ်စွာဘုရားသည်၎င်း။ သကျပုင်္ဂဝေါ၊ လောကသနင်းမင်းတို့ ထွတ်ဖျား သာကီဝင်မင်းသားတို့၏ ရွေသွားအစစ် ဖြစ်တော်မူသော။ ဂေါတမော စ၊ ဂေါတမဟု နာမထင်ရှား မြတ်စွာဘုရားသည်၎င်း။ ဥပ္ပန္နော၊ ဇမ္ဗူတလွှား လူအများတွင် ထင်ရှားပွင့်တော်မူခဲ့လေပြီ။

ဥပ္ပန္နာနံ။ အသီးသီး အဖြာဖြာ ကမ္ဘာ့ ကမ္ဘာ၌ ပွင့်တော်မူကြကုန်သော၊ မဟေသီနံ၊သီလက္ခန္ဓာစသည်ကျေးဇူးဂုဏ်အထူးကိုလည်း ဆည်းပူး ရှာမှီးတော် မူကြကုန်သော။ သဗ္ဗဗုဒ္ဓါနံ၊ သစ္စာလေးတန်၊ တရားမှန်ကို ကေန်သိပြား အလုံးစုံသော ဘုရားရှင်တို့အား။ မေ၊ သူ ငါတပါး ယောကျာ်း မိန်းမ စသည်စွဲမှတ် ခေါ်ပညတ်ကို ပရမတ်အမှန် စိစစ်ပြန်လျှင် ရုပ်နာမ်ဖြစ်ချုပ် အကျွန်ုပ်၏။နမော၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္တု ဖြစ်ပါစေသတည်း။

( မှာထားချက်။ ။(၁)နံပါတ် ဂါထာတွင် သူတပါး အတွက် ရှိခိုးစေလျှင် နမောတေ သဗ္ဗဗုဒ္ဓါနံဟုဆို၍ ကိုယ်တိုင် ရှိခိုးလျှင် နာမောမေသဗ္ဗဗုဒ္ဓါနံဟု ပြင်၍ ရွတ်ဆိုပါ။ အနက်မှာလည်း သူတပါးဖြစ်လျှင်၊ မေ၊ အကျွန်ုပ်အစား၊ တေ၊ သင်၏ဟု ပြင်ဖတ်ပါ။ )

## ၃၄။ ဓမ္မသံဝေဂ–လင်္ကာများ

ကမ္ဘာလောကကြီးအတွင်းမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နောက်ဆုံးသက်ဝင်ယုံကြည်သော ပန်းတိုင်သည် ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ရာသံသရာဇာတ်သိမ်း၍ ခပ်သိမ်းသော ရုပ်နာမ်တို့၏ ချုပ်ရာ ငြိမ်းရာ ပြတ်ရာ အစစ်နိဗ္ဗာန်ဖြစ်သည်ကို သိရှိနားလည်ထားဘို့ သင့်လေသည်။

ထိုနိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ လှမ်းကိုင်ချိတက်ရန် အလုပ်မှာ အချုပ်အားဖြင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးသာဖြစ်လေသည်။ ထိုသိက္ခာသုံးပါးကို အချိုးအစားကျနစွာ လုပ်ကိုင်တတ်မှသာလျှင် ရည်သန်သော ပန်းတိုင်သို့ ရောက်နိုင်ကြပေလိမ့်မည်။

နည်းလမ်းမကျ၊ ကမောက္ကမ၊ သူပြော ငါပြော ရောင်ရော၍ လုပ်ကိုင်ပြောဆိုနေကြလျှင် ပြဆိုအပ်သော နိဗ္ဗာန်ပန်းတိုင်သို့ ရောက်နိုင်ရန် မလွယ်ကူကြချေ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ နိဗ္ဗာန်ရောက်ရန် အတွက် အနှောက်အယှက်ဖြစ်ကြသော လောဘ၊ ဒေါသ၊ မောဟ၊

မာန၊ ဒိဋ္ဌိအစရှိသော အယုတ်တရားတို့သည် မဆုတ် မနား တဖွားဖွားဖြစ်ပွားလျက်ရှိကြပေသည်။ ထိုတရားသည်—

(၁) လွန်ကျူးခြင်း—ဝီတိက္ကမ။
(၂) ထကြွခြင်း—ပရိယုဋ္ဌာန။
(၃) ကိန်းအောင်းခြင်း—အနုသယအားဖြင့်ခွဲခြားမည် ဆိုလျှင် အဆင့်သုံးဆင့်ရှိလေသည်။

ထိုသုံးဆင့်သော ကိလေသာ အနှောက် အယှက် တို့ကို ပျောက်ဖျက်နှိမ်နင်းရာ၌ သူ့အဆင့်နှဲ့ သူ့လက်နက်၊ အချက် ကျကျနှိမ်နင်းနိုင်ကြမှသာလျှင် လိုရာပန်းတိုင်သို့ ရောက်နိုင် ကြမည်ဖြစ်ပေသည်။

ဥပမာအားဖြင့်ဆိုလျှင် သစ်ပင်တပင်ကို မျိုးပြုတ်အောင် ထိုးခုတ်ဖျက်စီးမည်ဆိုလျှင် ပထမ အကိုင်းအခက်တို့ကို သုတ် သင်၍ ဒုတိယအရင်းကလှဲပြီး၊ တတိယ အမြစ်ပါနှုတ်ပစ်ရ သကဲ့သို့ ဖြစ်ပေသည်။

ထိုနည်းတူစွာ ပထမဝီတိက္ကမအဆင့်ကို သီလလက်နက်ဖြင့် ဖြိုဖျက်၍ ဒုတိယ ပရိယုဋ္ဌာန်အဆင့်ကို သမာဓိလက်နက်ဖြင့် ဖြိုဖျက်ပြီး တတိယအနုသယအဆင့်ကို ဝိပဿနာ ပညာ လက် နက်ဖြင့် အချက်ကျကျဖြိုဖျက်ရပေမည်။

သို့မှသာ ကိလေသာအမြစ်ပြတ်၍ လိုအပ်သော နိဗ္ဗာန် ခတ်သို့ ဆိုက်ကပ်နိုင်ပေမည်။ သို့မဟုတ်ဘဲ လူကဲ့ရဲ့ လွတ်ရုံ မိရိုးဖလာ အစဉ်အလာမပျက်ရုံ၊ ဂုဏ်ပကာသနမက်ရုံလောက်

သာ စိတ်ကရောက်၍ ဒါန၊ သီလ၊ ဘာဝနာ့မှုကိုပြုနေကြမည် ဆိုပါက လိုအပ်သောပန်းတိုင်သို့ မရောက်ဘဲ သံသရာထဲတဝဲ လည်လည် ကျင်လည်နေကြရပေမည်။

သို့အတွက် တကယ်သံသရာဝဋ်ကြီးကို မုန်းတီးပြီး သံသရာ ဝဋ်မှ ကျွတ်လိုသောဆန္ဒ ဖြစ်ကြစေရန် ရည်သန်ရိုးရင်း နှလုံး သွင်းဖြင့် ရှေးရှေးသော နိုင်ငံကျော် ဆရာတော်ကြီးများ ရေးသားခဲ့ကြသည့် သံဝေဂလင်္ကာများကို အသုဘ လိုက်ပို့ ရာ၌၎င်း၊ ကမ္မဋ္ဌာန်းစီးဖြန်းရာ၌၎င်း၊ တယောက်ထီးတည်း လဲလျောင်းပြီး နေရာ၌၎င်း၊ သံဝေဂယူကြရန် ရည်သန်၍ ထည့်သွင်းဖော်ပြလိုက်ပါသည်။

မြတ်စွာဘုရားလက်ထက်တော်အခါကလည်း ဓမ္မသံဝေဂ ရွတ်ဆို၍၎င်း၊ ရွတ်ဆိုသံကြားရ၍၎င်း၊ တရား၊ ဓမ္မရကြသော ပုဂ္ဂိုလ်များ အများအပြားရှိကြောင်း ကျမ်းဂန်တို့၌ တွေ့ရှိရ ပါသဖြင့် အရကျက်ထား၍ ရွတ်ပွား သရဇ္ဈာယ် ကြပါရန် ခေတာင်းပန်တိုက်တွန်းအပ်ပါသတည်း။

## ထွင့်ခေါင်ဆရာတော်၏ သံဝေဂကဗျာများမှ

### ထုတ်နှုတ်ချက်

(၁) ဒါန၊ သီလာ၊ ဘာဝနာ၊ နှင်သာပြုသင့်သည်။
(၂) ဗျာဓိဇရာ၊ မရဏာ၊ မကြာ နှင်တွေ့မည်။
(၃) ဘယ်နှစ်၊ ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေ့ပြီ။
(၄) ကြီးငယ်မဟူ၊ ကိုယ်ရွယ်တူ၊ ခုမူသေလှုပြီ။
(၅) ဤသည် မယား၊ ဤသည် သား၊ မီးပွားမှန်တော့ သည်။
(၆) ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
(၇) နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင် ပြုသင့်ပြီ။
(၈) တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက် မသင့်ပြီ။
(၉) ဂတိငါးပါး၊ ဆုံလည်နွား၊ သွားရှဲမဆုံးပြီ။
(၁၀) လောကမျက်ရှု၊ သဗ္ဗညု။ ယခုရှိ၏မင်း။
(၁၁) ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
(၁၂) နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။

(၁၃) လူဖြစ်ကျိုးမျှ၊ မစံရ၊ ရှုံးလှလေ၏မင်း။

(၁၄) သီလဝတင်၊ ဆောက်တည်လျှင်၊ သည်တွင်အစမင်း။

(၁၅) သမာဓိက၊ အလယ်ကျ၊ မှတ်ရန္လုံးတွင်း။

(၁၆) ဝိပဿနာ၊ ဥာဏ်ပညာ၊ ရှုကာဆုံကြမင်း။

(၁၇) အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်ထင်အောင် နှလုံးသွင်း။

(၁၈) အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံးမှတ်ကြမင်း။

(၁၉) ဤသို့ထင်မှတ်၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။

(၂၀) မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတနိဗ္ဗာန်ရောဝ၊ ရမည်မှတ်ကြမင်း။

## အပ္ပမာဒ - သံဝေဂလင်္ကာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့။
ကိုယ်ကဏ္ဍပုံ၊ ဖြစ်လိုတုံလည်း။
တဖုံးဆင်ကွဲ၊ သူတနဲဖြင့်။
ဖောက်လွဲတတ်စွါ၊ ဓမ္မတာကို။
ပညာစက္ခု၊ မြှော်ထောက်ရှု၍။
ယခုပင်လျှင်၊ မအိုခင်က။
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော။
ယခုပင်လျှင်၊ မနာခင်က။
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော။
ယခုပင်လျှင်၊ မသေခင်က။
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော။
ရတုချိန်ထောက်၊ သေချိန်ရောက်မှ။
ချုပ်ပျောက်ခန္ဓာ၊ သေအံ့ငှာဟု။
မရဏခွင်း၊ ရှင်သေမင်းနှင့်။
မိတ်သင်းဖွဲ့ကာ၊ ချိန်းချက်ခါဖြင့်။
သေချာရက်က၊ မရှိကြဘူး။
အပ္ပမာဒ၊ နှလုံးဆ၍။
ဗုဒ္ဓစကား၊ လိုက်နာပွားသည်။
တရားလက်မလွှတ်စေနှင့်။

## လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂလင်္ကာ

ဆိုပိန့်မချာ၊ စိမ့်စိမ့်နာလော၊
ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊
ဘုရားသာသနာ၊ ခေတ်အရာဝယ်၊
လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊
အမှိုက်မချေ၊ အလိုက်နေ၍၊
အခြေမကြီး၊ အချီးနှီးလျှင်၊
ရိုးတိုးရောင်တောင်၊ ခုတိုင်အောင်လည်း၊
သန်းခေါင်းလကွယ်၊ တောအုပ်လယ်၌၊
ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးလျက်၊
မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊
အမိုက်အပြား၊ အင်လေးပါးထက်၊
နင်ကားရာထောင်၊ မကမှောင်၏၊
လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊
ကြမ္မာတော်၍၊ ယခုတွေ့လည်း၊
အလေ့မလှ၊ အများနဲ့လျှင်၊
မိုက်မြဲနှင်နှင်၊ မိုက်ခဲ့ရှင်၏၊
မျက်မြင်လောက၊ ဤဘဝကား၊
ဒုက္ခစင်းစင်း ချမ်းသာကင်း၏၊
သေမင်းအစာ၊ နင့်ခန္ဓာကို၊

တဏှာဘီလူး၊ အမှောင်ပူး၍၊
အရှူးပြင်ပြင်၊ နှင့်ကိုထင်၍၊
နှင်နှင့်မဆိုင်၊ နှင်ပိုင်မဟုတ်၊
နှင့်ရုပ်နှင့်နာမ်၊ နှင့်သန္တာန်ကို၊
နှင့်ဉာဏ်မစူး၊ အပျော်မူးလျက်၊
မူးမူးမေ့မေ့၊ မျှားဓလေ့ဖြင့်၊
နေ့ရက်တပုံ၊ လွန်ခဲ့ကုန်ပြီ၊
အာရုံဝတ္ထု၊ မီးတစုကို၊
မှူမှူရရ၊ နှင်အားကျလည်း၊
ဓားပြသေနင်း၊ သူ့တပ်နင်းက၊
မငြင်းဆန်သာ၊ နှင့်ခန္ဓာသည်၊
ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊
ရိုးတီးယားတား၊ သေ၍သွားက၊
တရားမကွယ်၊ အထုတ်ငယ်လျက်၊
အပါယ်စခန်း၊ သွားမြဲလမ်း၌၊
တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊
တညင်ညိုညို၊ ဆင်းရဲပိုလျက်၊
ထိုထိုဘဝ၊ အနန္တတွင်၊
အစမဆုံး၊ အများထုံးတည်း၊
အနှုန်းမပျက်၊ အောင်နရက်ဝယ်၊
တသက်နွယ်နွယ်၊ အမြစ်တွယ်သို့
အပါယ်ထိုထို၊ ဥဒဟိုသည်၊
နှင်လိုလူမိုက်၊ သွားလမ်းတည်း။

## မြဝတီ ဆရာတော်ဘုရားကြီး၏ သံဝေဂလင်္ကာ

စေ့စေ့တွေးရန်၊ အကြောင်းပြန်အံ့၊
ဉာဏ်ဖြင့်အောက်ထက်၊ စာနာတွက်လျှင်၊
နှင့်သက်နှင့်အိမ်၊ နှင့်စည်းစိမ်က၊
မိုးတိမ်လျှပ်နွယ်၊ ပျံသောကျွယ်နှင့်၊
ကြာနှယ်ရေခြောက်၊ သေမီးတောက်သို့၊
ပျောက်ပျက်လွယ်စွာ၊ နှင့်ခန္ဓာကြောင့်၊
နှင့်ဟာနှင့်အိမ်၊ နှင့်စည်းစိမ်နှင့်၊
နှင့်စိန်နှင့်ရွှေ၊ နှင့်ငွေနှင့်လယ်၊
နှင့်ဝယ်ကျွန်နွား၊ နှင့်စပါးနှင့်၊
နှင့်သားသမီး၊ အထင်ကြီးလျက်၊
ပျက်စီးမည့်ရန်၊ နှင့်မကြံဘဲ၊
မြဲမြဲခိုင်တံ့၊ မသေအံ့သို့၊
မဆန့်ကျိုကျ၊ ပေါများလှလည်း၊
မရအားပါး၊ ဥစ္စာပွားအောင်၊
များလေလိုလေ၊ နှင့်စိတ်နေလည်း၊

သေသည့်ကာလ၊ ပစ်ခဲ့ရ၍၊
ပြိတ္တာဘုံခွင်, နင့်ကိုင်၍၊
ရှင်သည့်ကာလ, ဤဘဝမှာ၊
ဒုက္ခရန်ဘေး, များအောင်မွေးသို့၊
မပေးစွန့်ရက်, ညောင်ပင်ထက်ဝယ်၊
ငှက်မယ်ယှတူ, မစ္ဆေထူလည်း၊
အောက်မူငရဲ, နင့်ကိုဆွဲလိမ့်၊
စွန့်ကြဲနိုင်မူ, ချမ်းသာဟူသား၊
နတ်လူနိဗ္ဗာန်, ကေန်မလွဲ၊
နင်ရမြဲဟု, ဆင်းရဲငြိမ်းချမ်း၊
ဤနှစ်လမ်းကို, ခွဲခြားအဟုတ်၊
နင့်ဉာဏ်ထုတ်လော, နင့်ရုပ်နှင့်နာမ်၊
ပျက်မည့်ဟန်ကို, နက်ဖန်သဘက်၊
သိမြင်ခက်၍, ကွေးလက်မဆန့်၊
ခဏခန့်တွင်, ပစ်စွန့်နှစ်ပါး၊
ကံကတ္တားက, ပွားအောင်မခံ၊
အမိန့်ကို, ထရံနှယ်ဘက်၊
ဖောက်၍ထွက်သည့်, ရက်စက်စိမ်းကား၊
မြွေပွေးသားသို့, တခြားဥစ္စာ၊

မတတ်ပါလဲ့, နင့်ခန္ဓာဘဲ၊
နင်စိတ်စွဲ၍, ငရဲတရိစ်၊
ပြိတ္တာဘုံတွင်, နင်လျှင်မကြွာ၊
ရောက်တတ်စွာသည်, နင်ဟာလွတ်အောင်း
ရှောင်လေတည်း။

## ၃၅။ ရှေးသံဝေဂ လင်္ကာကြီးများ

ဇာတိနိမိတ်, လောဘစိတ်နှင့်၊
ပဋိသန္ဓေ, တည်နေကာလ၊
ရက်သတ္တက, စ၍လီလီ၊
ဝမ်းဝယ်မှီသော်, မပြီမသ၊
သွေးသားကျ၍, ခက်မငါးဖြာ၊
ဦးခေါင်းရာနှင့်, လေးဖြာခြေလက်၊
အဖုထွက်၍, နေ့ရက်လကုန်၊
အင်္ဂါစုံ၍, အူတုံအရင်း၊
သား အိမ်တွင်းဝယ်, နင်းကာပြည့်လျက်၊
အိုးဝယ်နှက်သို့, အသက်လှိုင်လှိုင်၊
မရှုနိုင်ဘဲ, ထိုင်ကာကျုံ့ကျုံ့၊
ဦးခေါင်းငုံ့၍, ပုပုကွေးကွေး၊
ညစ်အကြေးနှင့်၊ ရောထွေးဖက်စပ်၊
အချင်းကပ်၍, အစပ်ဟူဟူ၊
ရသာပူကြောင့်, လူဖြစ်ဘို့ရေး၊
အလွန်လေး၏၊ အသွေးအသား၊
နုထွားထွားလည်း၊ ဆားနှဲ့ရောဂါ၊

ချဉ်ငံပါက၊ ပြင်းစွာကြိမ်းစပ်၊
သံပုကပ်သို့၊ ဆပ်ဆပ်တုံနော၊
ဆင်းရဲစွာနှင့်၊ မာတာအမိ၊
ပက်လက်ဖိသော်၊ ကသိကအောင့်၊
ပြားရှုံမှောက်၏၊ ရှေနောက်ဝဲယာ၊
ကုန်းကွပါလည်း၊ ကြင်နာရှုံစိုး၊
ဖိ၍ချိုးသို့၊ ခွေကျိုးမခိုင်၊
မအောင်နိုင်ဘဲ၊ သည်းယိုင်ပျက်ကြွေ၊
စိစိကြေသို့၊ ခံနေရရ၊
ဘဝဝတိုင်း၊ ဂဗ္ဘသေယျ၊
ဤသန္ဓေသည်၊ သခဲ့မျှားစွာ၊
သံသရာ၌၊ သူငါမဆုံး၊
နေရအုန်းအံ့၊ လုံးလုံးမကျွတ်၊
သူ့နယ်ဝင်မှုက၊ မလွတ်သာချေ၊
ဇာတိတွေကြောင့်၊ ဘဝေဘဝ၊
ဖြစ်ပျက်ကြ၍၊ ဘာမျှမမြဲ၊
လွန်ဆင်းရဲသည်၊ ရှောင်လွဲမရချေတကား။
ပဋိသန္ဓေ၊ တည်နေရွှေရွှေ၊
ဖွားချိန်စေ့သော်၊ ပြောင်း၍လေဓါတ်၊
ဝါယောခတ်၍၊ ရဟတ်စကြာ၊
သွက်သွက်ခါသို့၊ ချာချာရစ်ခေါက်၊

ဂျွမ်းထိုးမှောက်သော်, အောက်ယူဇနာ၊
ဂျောက်ကြီးစွာ၌, ကိုင်ကာထိုးချ၊
ပမာဏသို့, ဒုက္ခပြင်းစွာ၊
ဖွားပြန်လာသော်, ထိုခါကာလ၊
ကြောင်းချင်းတကို, မြွက်ဟာထုတ်ခါ၊
မပြောသာဘဲ, နေဝါရောင်ယှက်၊
ချမ်းပူဘက်၌, ပရွက်ချပိုး၊
ခြင်မှက်ထိုးလည်း, ဝိုးဒိုးဝါးဒါး၊
မိမယ်အားကို, စကားသံချို၊
ဘယ်၍ကိုယ်ဟု, မဆိုနိုင်ဘဲ၊
တအဲအဲနှင့်, သဲသဲအော်ကာ၊
ငိုရှိုသာတည်း, ပူဆာပါလှ၊
ဝမ်းခေါင်းလှ၍, အာဟာရငှါ၊
မွတ်သိပ်ရှာလည်း, မာတာမိခင်၊
ကျေးဇူးရှင်အား, သိမြင်စေကြောင်း၊
နို့ချိုကောင်းကို, မတောင်းတတ်ရှာ၊
လူးလွန့်ကာဖြင့်, နေ့ကြာရက်လ၊
ထိုင်ကာထလျက်, ရွရွတွားတွား၊
လေးဘက်သွား၍, စကားပြီသ၊
ရောက်ပြန်ကလည်း, အနိစ္စလက္ခဏာ၊
ဓမ္မတာကြောင့်, ငယ်စွာပုပု၊
နုနုသေးသေး, ဤခလေးကို၊
မွေးကျွေးစိမ့်ငှာ, ဆိုင်းလင့်ပါဟု၊

မာတာပိတ, မိဘနှစ်ပါး၊
ဆွေမျိုးများပါ, တောင်းပန်ပါလည်း၊
တားကာမရ, စာရင်းကျသည်၊
ပုပ္ပုရွရွမို့ မနေကြရပါတကား။

ဒုဗ္ဗလရွယ်, အားအင်ငယ်သော်၊
ကိုယ်ဝယ်မချိ, ဇရာဖိလျှင်၊
ဗျာဓိမရဏ, နှိပ်စက်ကြ၍၊
ရသာခြောက်ပါး, လွန်ပျက်ပြား၏၊
သွားကျိုးဆံဖြူ, နားပါအူလျက်၊
ထိုင်းအူဝေဝေ, သားအရေလည်း၊
မပြေမပြစ်, တွန့်လိမ်ဖြစ်၍၊
ရိုးဆစ်ငေါငေါ, ရှုးပေါပေါနှဲ့၊
အကြောဖိုင်းဖိုင်း, နံပါကိုင်းလျက်၊
နားထိုင်းတဖြာ, နေထိုင်ရာတွင်၊
အစဉ်မဆိုင်း, ထင်တိုင်းမညီ၊
မျက်စေ့သီလျက်, မပြီမသ၊
ခံတွင်းမှုလည်း, စီးကျတံတွေး၊
ညစ်အကြေးကို, မဆေးသုတ်နိုင်၊
စိတ်မခိုင်ဘဲ, အထိုင်အထ၊
အကြွအစောင်း, ဘယ်ညာပြောင်းလဲ၊
ညောင်းညောင်းတုံတုံ, သွားလာတုံလည်း၊
စုံစုံစိစိ, လမ်းမသိဘဲ၊

သတိမရ၊ မေ့တတ်လှ၏၊
ဓမ္မကထာ၊ ဘာဝနာကို၊
ဆိုကာတွတ်တွတ်၊ သဒ္ဒါညွှတ်၍၊
ဘတ်ရွတ်ချင်ချင်၊ စိတ်ကထင်လည်း၊
ဘယ်တွင်အစ၊ ဘယ်မှာချဟု၊
ရှုရှုပိုင်ပိုင်၊ မဆိုနိုင်ခဲ့၊
ကိုယ်တိုင်ညွှတ်ထွား၊ ကျောင်းဘုရားကို၊
သွားအံ့အရောက်၊ တောင်ဝှေးထောက်၍၊
စိတ်နောက်ကိုပါ၊ ကြိုးစားရှာလည်း၊
မျှားစွာဝန်လေး၊ ကြာလျှင်ငေးလျက်၊
အပြေးလိုက်ချင်၊ လျင်မြန်ချင်လည်း၊
ငယ်စဉ်ကလို၊ ရုပ်မပျို၍၊
အိုအိုမင်းမင်း၊ ဘယ့်အခင်းမှ၊
စာရင်းမဝင်၊ ရာမဝင်ဘဲ၊
ကိုယ်တွင်ပေါက်ဖွား၊ သမီးသားကို၊
ခြားနားအောင်ပ၊ မည်နာမလည်း၊
ခေါ်ကာအလွဲ၊ အထင်ကွဲ၏၊
ဆင်းရဲလှစွာ၊ သံသရာဝယ်၊
ဇရာဘဝ၊ အရွယ်ကျတိုင်း၊
ဒုက္ခဖိစီး၊ သေချိန်နီးက၊
ရင့်သီးထိုထို၊ ခန္ဓာကိုယ်သည်၊
အလိုအိုရချေသေး၏တကား။

မရဏကာလ, သေချိန်ကျ၍၊
သေရသောအခါ, ဝိညာဉ်ခွာသော်၊
ဤခန္ဓာရုပ်, အကောင်ပုပ်ကား၊
စက်ဆုပ်ကန့်ကြ, ရှုပါလှ၍၊
ခဏမကြာ, လာလှည့်ပါဟု၊
သပြာငွေကြေး, ပုံ၍ပေးလည်း၊
တံတွေးကိုမျှ, မျိုမကျ၍၊
နေ့ညအမြဲ, လာချင်ခဲ၏၊
မဲမဲကွက်ကွက်, မျက်တွင်းနက်လျက်၊
သုံးရက်မျှသာ, ကာလကြာသော်၊
ကိုယ်မှာပွပွ, ကိုင်းကာကြွလျက်၊
မုခံတွင်း, အရေဆင်း၍၊
မချင်းဝန့်အောင်, ပုတ်နံ့ဟောင်၏၊
လူကောင်တုံးလုံး, ယင်ရုံးရုံးနှင့်၊
အသုံးမကျ, ဘိုးမရတည်း၊
ရှေးကမေတ္တာ, ချစ်လှပါ၍၊
သူငါအစ, ပွေ့ချီမလျှက်၊
ကိုင်ကြစေချင်, အလောင်းစင်ကို၊
တင်ရုံတမ့်, ခေါ်လျှင်တုံ့၏၊
ရှုံ့ရှုံ့မဲ့မဲ့, နောက်သို့လှဲ့၍၊
တကဲ့ကိုပင်, ပျို့အံချင်၏၊
ထို့ပြင်တရက်, မြေမသက်ဘဲ၊
ပက်လက်သိပ်ကာ, တဆိတ်ကြာသော်၊

ရှုံ့စရာပွ, ယိုကာကျလျက်၊
ရွှရွှတွားတွား, ရက်ရှေထားကာ၊
ဖွားဖွားဝေါက်ဝေါက်, ထုတ်ချင်းပေါက်အောင်၊
ပိုးလောက်ဖြူးဖြူး, ကိုယ်လုံးမြူး၍၊
စူးစူးဝါးဝါး, ကုန်အောင်စားပြီး၊
အသားမံသ, ရှာမရသော်၊
အရိုးပေါ်လျက်, နံစော်ညှီညှီ၊
ရိုးတွင်းဆီကြောင့်, စို့နံပေါက်၍၊
ကြောက်လန့်စဖွယ်, အုပ်ခွံငယ်လည်း၊
နက်ကျယ်ဖောက်ကွင်း, သွားဝင်းဝင်းနှင့်၊
မျက်တွင်းနေရာ, ဟောင်းလောင်းဟာလျက်၊
ကျန်ကာရိုးစု သုံးမပြုသည်၊
ကိုယ်ဟုမခေါ်ရချေတကား။
ဤတွင် သံဝေဂ-လင်္ကာများပြီးဆုံးပါသတည်း။

## ၃၆။ စာရေးသူ၏ အတ္တုပ္ပတ္တိအကျဉ်း

ဤစာအုပ်ကို ဝယ်ယူကြည့်ရှုသူ စာဖတ်ပရိတ်သတ်တို့အား အထူးလေးစား၍ ရေးသား တင်ပြလိုသည်မှာ နိုင်ငံကျော် ဆရာတော်ကြီးများ၏ "ဝိပဿနာရှုနည်း ညွှန့်ပေါင်း" ကျမ်း သည် အသက်မွေးဝမ်းကြောင်း စီးပွားရေးတခု အကြောင်း ပြု၍ ရေးသားထုတ်ဝေခြင်း မဟုတ်ပါ။ စာရေးသူ ကျွန်ုပ် ကိုယ်တိုင် ကျမ်းစာတွင် ပါဝင်သော ဆရာတော်ကြီးများ ရေးသားထားသော ကျမ်းစာများကို ဖတ်ရှု၍ ဟောကြား သော တရားတော်များကိုလည်း နာကြားပြီး ကိုယ်တိုင် တရားအားထုတ်၍ တွေ့ကြုံခံစားခဲ့ရသည်များကို သူတပါးတို့ အား သိကြား နားလယ်လိုသော ဆန္ဒကိုပဓာနပြု၍ ရေးသား ထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ပျားပိတုန်းသည် စားသုံးလိုသော ပန်းဝတ် ရည်ကို စုတ်ယူပြီး လိုရာဌာနသို့ ပြန်ကြသလို ယောဂီ သူတော် စင် အပေါင်းတို့သည်လည်း မိမိတို့နှင့် အဆင်သင့်ရာ ကမ္မဋ္ဌာန်း ဆရာထံနည်းခံ၍ အားထုတ်ကြရန် ပန်ကြားအပ် ပါသည်။

ကျွန်ုပ်စာရေးသူ၏ ဖြစ်စဉ် အတ္တုပ္ပတ္တိရာဇဝင်ကို ရေးသား ခဲ့ခြင်းမှာလည်း မိမိကိုယ်ကို ချီးမြှောက်လိုသော အတ္တုက္က သန သဘောဖြင့် ရေးသားခြင်းမဟုတ်ပါ။ မိမိ၏ ဆွေမျိုး

ဥာတကာ မိတ်သဟာ အပေါင်းနှင့်တကွ မိမိရင်နှစ် သားသမီး မြေးမြစ်များ ဖြစ်ကြသော ပုဂ္ဂိုလ်များနှင့် မိမိအား လိုလား ကြသော ကလျာဏ မမြမိတ်ဆွေတို့အား ကောင်းရာ ညွှန် ကြား၍ မကောင်းတာ မြစ်တားပြီး အစဉ်အဆက်များကို ပြခဲ့သောအနေဖြင့် သင်ခန်းစာယူရန် ရည်သန်၍ ရေးသား ထားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ မျိုးရိုးဇာတိမှာ ရှေးအခါက ဒီပဲချင်း ကိုးသန်း အပါအဝင် ယခုအခါ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ရေ ဦးမြို့နှင့် လေးမိုင်ကွာသော နန်းမတော် မိဖုရားခေါင်ကြီး မယ်နု၏ မိဖဘိုးဘွား ဖွားမြင်ရာ ဖလံခုံရွာ ဖြစ်ပါသည်။

ဖလံခုံရွာသည် လွန်ခဲ့သော ခုနှစ်သက္ကရာဇ် (၁၁၀၀) ပြည့် နှစ်က ဟံသာဝတီရောက် မင်းတရားကြီးလက်ထက်တွင် ကသဲ စစ်သည်ပေါင်း နှစ်သောင်းလောက် ချီတက်လာသဖြင့် မင်းမျိုးမင်းနွယ်၊ မိုညှင်းမင်းတရားကြီး၏ အဆက်အနွယ် ဖြစ်သော "ဗလသမန်း" ဘွဲ့ရ ဦးမဲတူ ကြီးကဲအုပ်ချုပ်၍ တိုက် ခိုက်သဖြင့် အနိုင်ရသောကြောင့် အောင်မြေစိုက်ရာ ဒေသ လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဦးမဲတူအား ရွာအုပ်ကြီး ခန့်အပ် ၍ ရွာနာမည်မှာလည်း "ဗလသမန်းကုန်း" အမည် မှည့်ကာ ရွာတည်ရာမှ တဖြေးဖြေး ဖလံခုံရွာဟု တွင်လာခြင်း ဖြစ်ပါ သည်။ ထိုစဉ်က အိမ်ခြေပေါင်း (၇၀၀) လောက် ရှိ၍ ယခု အခါ(၁၅၀)လောက်သာ ရှိပါသည်။

ဖလံခို၏အနီးအပါး မြင်းပေါက်၊ ကံပေါက်၊ နှောကုန်း ပန်းကုန်း၊ မဲအိုးစသော ရွာများရှိ လူအပေါင်းသည် ဗလ သမန်း ဦးမဲတူ ဇနီး ဒေါ်ညက်တို့မှ အစဉ်အဆက် ပေါက်ဖွား လာကြသော ဆွေမျိုးများပင် ဖြစ်ကြပါသည်။ အထူးအားဖြင့် သက္ကရာဇ် (၁၁၈၁) ခုနှစ်တွင် နန်းတက်သော ဖလံနန်းရှင်၊ စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီး မယ်နုသည် ဦးမဲတူ ဒေါ်ညက်တို့၏ သမီးဖြစ်သော သခင်မွန်နှင့် ခင်မွန်း ရွာအုပ်ကြီး ဦးကျင်း၊ ၎င်းမှမွေးဖွားသော ထောင်သင်းမှူး ဦးလှုပ်ဇနီး ဒေါ်ငယ်တို့က မွေးဖွားသူဖြစ်သဖြင့် ဖလံခို အနွယ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် နန်းမတော် မိဖုရားခေါင်ကြီး မယ်နု၏ မောင်တော် ဝမ်းကွဲတော်သူ "မင်းရဲလှ" ဘွဲ့ခံ၊ ပေါင်းတည်ဝန် ဦးစ၏ မြစ်ဖြစ်သော ဦးဘိုးသင့်နှင့် ဇနီး ဒေါ်ဖွဲ့တို့မှ ပေါက်ဖွားသော သားသမီး (၇) ယောက်တို့အနက် (၁၂၇၁) ခု၊ တော်သလင်းလဆန်း (၅) ရက် ကြာသပတေး နေ့တွင် ဖွားမြင်သော ငါးယောက်မြောက် သားတယောက် ဖြစ်ပါသည်။ အသက်(၈)နှစ်အရွယ်တွင် ဖလံခိုရွာအရှေ့ သောတာ ပန်ကျောင်း ဘုန်းတော်ကြီး ဦးသုတနှင့် နောင်တော်ဝမ်းကွဲ တော်သူ အရှင်ဥာဏဝံသတို့ထံ အပ်နှံ၍ သင်ပုန်းကြီး မင်္ဂလသုတ် ဆုံးမစာ၊ ပရိတ်ကြီး၊ ဝေဿန္တရာဇာတ်၊ လောကနီတိ စသော အခြေခံကျမ်းစာများကို သူတကာတို့ထက် ထူးချွန်စွာ (၂)နှစ်လောက်နှင့် တတ်မြောက်ခဲ့လေသည်။

ထို့နောက် နောင်တော် အရှင်ဥာဏဝံသ၊ ရွှေဘိုမြို့ ပုခန်းတိုက် ကျောင်းသို့ ရွှေ့ပြောင်းသွားသဖြင့်လိုက်ပါကာ ပုခန်းဆရာတော် ဦးဒေဝိန္ဒနှင့် နောင်တော်အရှင် ဥာဏဝံသထံမှာ သဒ္ဒါသင်္ဂြိုဟ်၊ မာတိကာ၊ ဓာတုကထာ၊ အဘိဓာန်ဆန်းအလင်္ကာနှင့် ရူပသိဒ္ဓိဋီကာကျော်၊ ပါဠိတော် ငါးကျမ်းတို့ကို သင်ကြား၍ သူတပါးတို့အား ရှင်သာမဏေ အဖြစ်ဖြင့် စာပေ ပို့ချပေးရလေသည်။ ၎င်းတိုက်မှာပင် နေထိုင်စဉ် အစိုးရ ပထမငယ်၊ ပထမလတ်တန်းတို့ကို (၁၆)နှစ် (၁၇)နှစ် အရွယ်ကပင် အောင်မြင်ခဲ့လေသည်။ ပထမကြီးတန်း အောင်မြင်ချန် ရည်သန်၍ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော် ပထမကျော် အဂ္ဂမဟာပဏ္ဍိတ၊ ဦးဥာဏ၊ ပထမစာချ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးပညာတို့ထံ စာပေကျမ်းဂန်တို့ကို ထပ်မံသင်ကြား၍ ရှင်သာမဏေဘဝနှင့်ပင် ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။

ထို့နောက် အသက်(၂၀)သို့ ရောက်သဖြင့် ကျုံမငေးမြို့ စက်သူဌေး ဦးဘစိန်၊ ဒေါ်မှန်လေးတို့က ရဟန်းဒကာ၊ ရဟန်းအမ ခံယူကာ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ဆရာပြု၍ ကျုံမငေးမြို့ ဈေးကျောင်းတိုက်၊ ခဏ္ဍသိမ်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဖြစ်ပြီးနောက် ရန်ကုန်မြို့ သရက်တောတိုက်၊ တောင်ဘီလူး ကျောင်းကြီး၌ နေထိုင်ကာ စေတိယင်္ဂဏ စာပြန်ပွဲတွင် စာသင်တန်း စာချတန်းတို့ကို ပထမဂုဏ်ထူး၊ ဒုတိယဂုဏ်ထူးဖြင့် ဆွတ်ခူး

အောင်မြင်ခဲ့သည်။ ၎င်းကျောင်းတိုက်တွင် စာသင်သား သံဃာတော်များအားလည်း စာပေပို့ချခဲ့သည်။ ရန်ကုန်မြို့ သရက်တောတိုက်နှင့် မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်တွင် နေထိုင်ရင်း အမျိုးသား ပထမကျော်ကိုလည်း အောင်မြင် ခဲ့သည်။

(၈)ဝါအရတွင် ကျိုက်လတ်မြို့ ခတ်တော် ကျောင်း တိုက်ကို မစိုးရိမ်တိုက်သစ်အမည်ဖြင့် စာသင်တိုက်ဖွင့်လှစ်ပြီး လျှင် စာသင်သားပေါင်း (၅၀) ကျော် စာပေ ပို့ချ၍ သာသနာပြုနေစဉ် ကာလပျက်သဖြင့် လူထွက်၍ ကျိုက်လတ် သူ မစိန်လှနှင့် အိမ်ထောင်ကျပြီးမှ အစိုးရ စာချတန်းနှင့် ဂုဏ်ထူးဆောင်ခြောက်ကျမ်းလုံး ပြီးဆုံး အောင်မြင်ခဲ့သည်။ ထို့နောက်တွင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာအဖွဲ့တွင် အယ်ဒီတာ အဖြစ် လုပ်ကိုင်ခဲ့သည်။ ဖဆပလ၊ သန့်ရှင်း၊ တည်မြဲ အကွဲ တွင် သန့်ရှင်းဘက်မှ ဝင်ရောက်ဆောင်ရွက်၍ ရန်ကင်းတိုက် နယ် သန့်ရှင်းအဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌ၊ ဂွတ္တလစ်သန့်ရှင်းအဖွဲ့ တွင် ဥက္ကဋ္ဌ၊ ယှဉ်းပင်းကူညီရေး အဖွဲ့တွင် အတွင်းရေးမှူး၊ သာသနာရေးဆိုင်ရာ ဓမ္မရက္ခိတ အဓိဋ္ဌာန်အဖွဲ့တွင် တခရိုင် လုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ (၁၃၃၂) ခုနှစ် တွင် ဆင်ဖြူတော် စီမံကိန်းဖြင့် အဖမ်းခံရ၍ အင်းစိန် ထောင်တွင် (၆)လနှင့် (၈)ရက် အချုပ်ခံခဲ့ရပါသည်။ ယခုအခါ ဘာသာရေး ကျမ်းစာများ ရေးသား ထုတ်ဝေ နေပါသည်။

## ၃၇။ ဆုတောင်းပတ္ထနာ

ရုပ်နာမ်နှစ်ဝ သင်္ခါရကို ငါဟု သမုတ် အကျွန်ုပ်သည် ဤ "ဝိပဿနာ ရှုနည်းညွှန့်ပေါင်းကျမ်း" ကို ကောင်းစွာ ရှင်လန်းကြိုးပမ်းတကုတ် အားထုတ်တိထွင် စီစဉ်ရေးသား အပ်သော ကုသိုလ်အစု ကောင်းမှု မင်္ဂလာကြောင့် ဘုရား မြတ်စွာ လက်ထက်တော်အခါဝယ် သာသနာဦးစီး အရှင် မဟာကဿပစသော မထေရ်ကြီးတို့ကဲ့သို့ လောကအကျိုး သာသနာ့အကျိုး သည်ပိုးလိုလား မဟာထေရ်ကြီး များတို့ သည်ဒုင်း၊ ပဉ္စမ သံဂါယနာတင် ဘုရင်အဇာတသတ် စသော မင်းသို့ကဲ့သို့ လောကအကျိုး သာသနာ့အကျိုး သည်ပိုး လိုလား မင်းကောင်း မင်းမြတ်များတို့သည်ဒုင်း၊ ငါးမာရ် အောင်မြင် ဘုရားရှင်၏ သုံးနှင့်စကြာ သာသနာကို ကမ္ဘာ အတွင်း ရောင်ဝါလင်းလျက် အနှစ်ငါးထောင် မြင့်ခေါင် ရှည်ကြာ တည်ပါစေခြင်း အကျိုးငှာ ကောင်းစွာ တောက် လျှောက် စောင့်ရှောက်ကူညီကြပါစေသော်။

အကျွန်ုပ်သည်လည်း ကြီးငယ်နှစ်ဖြာ ဘဝသံသရာ၌ အဝိဇ္ဇာ တဏှာမပြတ်ပါသဖြင့် ထပ်ကာယှဉ်မှီ ကျင်လည်ရသော်လည်း ဘဝထိုထိုခန္ဓာကိုယ်၌ တကိုယ်ကောင်းမရှာ အများသတ္တဝါ တို့၏ အကျိုးငှာသာလျှင် အစဉ်လိုလား ဝန်တိုစိတ်မထားဘဲ ခွန်အားစိုက်ထုတ် ပြုလုပ်ရပါလို၏။ အဆုံးဘဝနောင်ကာလ၌ ဓမ္မငါးခိုင် ကိုယ်တိုင်သိမြင်ပြား ပညာဓိက ဘုရားအဖြစ်သို့ စစ်စစ် မုချရောက်ရှိရ၍ များလှဖုံဖုံ အလုံးစုံသော သုံးဘုံတိုက်နေ ဗိုလ်ခြေများစွာ နတ်လူဗြဟ္မာဝေနေယျာတို့ကို သံသရာ ပြင် ကျယ် မြစ်ပင်လယ်တခွင်မှ ကယ်တင်ရပါလို၏။

ရှင်လန်းချမ်းမြေ့ကြပါစေ
ဓမ္မာစရိယ (ဦးတင်မြင့်)